ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ ဂျာနယ်

## နှစ် (၈၀) ပြည့်အထိမ်းအမှတ်


* စာတည်းအဖွဲ့အမှာ ...... ...... ၁
* သဝဏ်လွှာများ ...... ...... ၈
* လေထီးဦးအုန်းမောင်၏ ဘဝနေဝင်ချိန် ...... ...... ၂၁
* ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ နှစ် (၈၀) ပြည့် ...... ...... ၂၅
* အဖိနှိပ်ခံများ စည်းလုံးညီညွတ်ရေး ...... ...... ၃၀
* ပျားရည်ကဲ့သို့အစဉ်ချိုမြိန်တဲ့ ငြိမ်းချမ်းရေး ...... ...... ၃၂
* ဗမာပြည် ပြည်သူတွေရဲ့ဘဝ တိုးတက်ကောင်းမွန်ရေးအတွက် ...... ...... ၃၄
* ပိုမိုအရှိန်မြင့် ကျယ်ပြန့်ကြီးထွားလာနေတဲ့ ပြဿနာများနဲ့ ...... ...... ၃၇
* နတ်ဆင်ကြီး မျက်ရည်မကျတော့ပြီ ...... ...... ၄၀
* ငရဲခန်းမှ ပန်းကလေးများအတွက် အလွမ်းစာတပုဒ် ...... ...... ၄၆
* ဆေးရုံစခန်းနဲ့ တောမြိုင်ခြေလမ်း ...... ...... ၅၁
* အကောင်းအဆိုး ...... ...... ၅၈
* မာ့က်စ်ဝါဒ လေ့လာရေးနဲ့ ၂၁ ရာစု ...... ...... ၆၂
* လင်းလက်တောက်ပနေဆဲ မာ့က်စ်ဝါဒ ...... ...... ၆၅
* အမေရိကန်ရဲ့ဒေါ်လာလက်နက် ...... ...... ၆၈
* သတင်းနဲ့မှတ်ချက် ...... ...... ၇၃


**အမှတ် (၄၂)**

**စက်တင်ဘာ၊ ၂၀၁၉ ခုနှစ်။**

# စာတည်းအဖွဲ့အမှာ

ပြည်သူ့အာဏာဂျာနယ် အမှတ် (၄၂) စက်တင်ဘာ၊ ၂၀၁၉

### ဗကပ နှစ် ၈၀ ပြည့်ချိန် တိုင်းပြည်၏ အခင်းအကျင်း

(၁)

နိဒါန်း

၂၀၁၉ ခု ဩဂုတ်လ ၁၅ ရက်သည် ဗမာပြည်ကွန်မြူနစ်ပါတီ အနှစ် ၈၀ ပြည့်မြောက်သောအချိန် ဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရလက်အောက်က လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေး မျှော်မှန်းချက်များဖြင့် မာ့က်စ်ဝါဒကို သက်ဝင်ယုံကြည်ကြသော တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်တချို့ လျှို့လျှို့ ဝှက်ဝှက် ဖွဲ့စည်းခဲ့သောပါတီ ဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် အနှစ် ၈၀ ပြည့် ဒီနေ့ဒီရက် မနက်စောစောအချိန်မှာပင် ကမ္ဘာ့ သတင်းတခု ဗမာပြည်အတွင်းမှာ ဖြစ်ပေါ်ခဲ့ပါသည်။ မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင် ၃ ဖွဲ့က ပြင်ဦးလွင်၊ နောင်ချိုရှိ အစိုးရစခန်း ၅ ခုကို ရှေ့ဆင့်နောက်ဆင့် ဝင်တိုက်သိမ်းပိုက်လိုက်သည်။ စစ်တပ်ဘက်မှ အရာရှိစစ်သည် ၉ ဦး၊ ရဲက အရာရှိအပါ ၃ ဦး (ပျောက်ဆုံး ၄ ဦး) နှင့် အရပ်သား ၂ ဦး ပေါင်း ၁၄ ဦး ကွယ်လွန်ကျဆုံး၊ ၁၅ ဦး ဒဏ်ရာရပြီး သေနတ် ၁၇ လက်နဲ့ ခဲယမ်းအချို့ သိမ်းယူသွားကြောင်း၊ တံတား ၄ စင်းလည်း အဖျက်ဆီးခံရကြောင်း စစ်တပ်ဘက်မှ ထုတ်ဖော်ဝန်ခံသွားတာ တွေ့လိုက်ရ သည်။ အထိနာသော တိုက်ပွဲတပွဲပင်။ စစ်တပ်အဖို့ နိုင်ငံရေးအရဆုံးရှုံးမှုအကြီးဆုံးကတော့ ဒီတိုက်ပွဲ တွင် ပြည်သူ့ထောက်ခံမှု မရရှိခြင်း ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေ ချီတက်ဝိုင်းဝန်း နေတာကို မြင်တွေ့နေရပါလျက် အရပ်သားတွေက အစိုးရကို ဘာသတင်းမှ မပေးခြင်းဖြစ်သည်။ ပွဲကြည့်ပရိသတ် လုပ်နေသည်။

၁၉၃၉ ခု ကာလ လူထုက အုပ်စိုးသူနယ်ချဲ့လက်အောက်က လွတ်မြောက်လိုကြသည်။ ဒီနေ့ ပြည်သူတွေက စစ်တပ်ချုပ်ကိုင်ထားတဲ့ ၂၀၀၈ ခြေဥ အစိုးရကို အားပေးအားမြှောက် မလုပ်လို ကြတော့ဘဲ ပုန်ကန်သူတွေကို စေတနာထားပေးလိုက်တာ တွေ့ရသည်။ လက်တွေ့မပါသော

စေတနာရှင်တွေနှင့် ကိုယ့်လွတ်မြောက်ရေး ကိုယ်ရုန်းကန်နေသူတွေကြား ကာယကံမြောက်စည်းခြားပေးလိုက်ခြင်းပင်။

## (၂)
## ပြည်သူနှင့်အစိုးရ

ဘယ်လိုအစိုးရမျိုးမို့ ပြည်သူတွေ မျက်နှာလွှဲလိုက်ကြခြင်းလဲ။ ၂၀၀၈ ခြေဥအောက်က ပေါ်လာသောအစိုးရ၊ စစ်တပ်ကို လုပ်ကိုင်ခွင့်အာဏာတွေ တထွေးကြီး ပေးထားရသောအစိုးရ၊ ငါတို့က မဲပေးရွေးတင်လိုက်ပေမယ့် တို့အတွက် လုပ်မပေး၊ ပြောစကားမတည်သော အစိုးရ၊ စစ်တပ်မျက်နှာ ကြည့်လုပ်နေသောအစိုးရ ဆိုသည့် ခံစားချက်မျိုး ပြည်သူမှာ ရှိနေပေပြီ။

ပြည်သူ့ထောက်ခံမှုက တော်လှန်ပုန်ကန်လိုသူများအတွက် အားဆေးတခွက် ဖြစ်နေသည်။ တရားရှိလျှင် ကူသူများသည် ဆိုသည့် အမှန်တရား ဖြစ်သည်။ ခြောက်စားမြှောက်စားနေသူတွေအတွက်တော့ နားမလည်စရာ ဖြစ်နေပေမည်။

အခြေခိုင်နေသော တိုင်းရင်းသားအဖွဲ့အစည်းတွေကိစ္စ ဇာမချဲ့တော့ပါ။ **AA** နှင့် **TNLA** တို့ကိုပဲ ရွေးထုတ်ကြည့်ပါမည်။

ဗမာပြည်မှာ တိုင်းရင်းသားတွေများသော်လည်း မိုးပေါ်က ကျလာကြတာမဟုတ်။ သူ့သမိုင်းနောက်ခံနဲ့သူ ရှိခဲ့ကြသူများ ဖြစ်ကြသည်။ ရခိုင်၏ သမိုင်းနောက်ခံပြန်ကြည့်လျှင် သမိုင်းဖြစ်ထွန်းမှု ရှည်ကြာသော၊ ယဉ်ကျေးမှုမြင့်သော၊ အင်အားတောင့်တင်းသော ကိုယ့်မင်းကိုယ့်ချင်း နိုင်ငံတခု ဖြစ်ခဲ့သည်။ ဒီလိုနိုင်ငံမျိုးက ဒီနေ့ခေတ်တွင် အောက်တန်းနောက်တန်းကျသော ပြည်နယ်တခု ဖြစ်နေရသည်ကို ရခိုင်ပြည်သူတွေ အသည်းနာကြသည်။ ဒီအချိန် ရခိုင်အမျိုးသားတပ်တတပ် ပေါ်ပေါက်လာသည်ဆိုတော့ အားတက်ကြသည်။ အားပေးထောက်ခံကြသည်။ ကြီးထွားလာရခြင်း ကိစ္စမှာ ဒါက ပဓာနကျသည်။ နောက်တခုက စစ်အစိုးရအဆက်ဆက်က ပိပြားနေအောင် ဖိနှိပ်ခံရလွန်း၍ မွန်းကျပ်နေကြစဉ် ထွက်လမ်းရှာနေချိန် တိုက်ဆိုင်မိခြင်း ဖြစ်သည်။ယခု ပြည်တွင်းပြည်ပ အခြေအနေများကြောင့် ပေါ်လာသော အခွင့်သာချက်ကို **AA** က ဖမ်းဆုပ်ကိုင်မိလိုက်ချေပြီ။ သတိပြုမိစေချင်သည့် အချက်တချက်က ရခိုင်ပြည်သူတွေသည် ဖက်ဆစ်တော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး ကာလများနှင့် စစ်အစိုးရအဆက်ဆက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ အလံအောက်မှ လက်နက်ကိုင်စွဲ တော်လှန်ခဲ့သည့် တိုက်ပွဲအစဉ်အလာရှိသူများ ဖြစ်ကြသည်ဆိုသောအချက် ဖြစ်သည်။

**TNLA** ကတော့ ရှည်ကြာသော တော်လှန်ရေးသမိုင်းရှိခဲ့ဖူးသည်။ **PSLO, PSLA** ပေါ်ခဲ့သည်။ ကျွန်တော်တို့ပါတီ၏ ရင်းနှီးသော မဟာမိတ်များ ဖြစ်ခဲ့ဖူးသည်။ ပလောင်လူမျိုးတို့သည် လက်နက်ကိုင်နည်းရော ဥပဒေတွင်းနည်းပါ အသုံးချ လုံးပန်းခဲ့ဖူးသော်လည်း ခရီးမပေါက်ခဲ့။ လွန်ခဲ့သော ၅ နှစ်ခန့်ကမှ လွတ်လမ်းကိုရှာပြီး မဟာမိတ် **KIA** ဆီတွင် စစ်ပညာ သင်ယူခဲ့သည်။ အလှည့်အပြောင်း အကွေ့အချိုးတခုက ၂၀၁၄ နိုဝင်ဘာ ၁၉ တွင် ပေါ်ပေါက်ခဲ့သည်။ ဤအချိန်သည် **KIO** နှင့် ဗိုလ်သိန်းစိန်အစိုးရတို့ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးနေချိန် ဖြစ်သည်။

လိုင်ဇာအရှေ့ဘက် **KIA** စစ်ရေးပြကွင်းတွင် လက်နက်မဲ့ စစ်ရေးလေ့ကျင့်နေသော ဗိုလ်လောင်းတွေကို အခွင့်ကောင်း ချောင်းနေသော ဗိုလ်မင်းအောင်လှိုင်တပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် ဗိုလ်လောင်း ၂၃ ဦး ကျဆုံးသွားခဲ့သည်။ ထိုအထဲတွင်**TNLA** ၁၁ ဦး၊ **AA** ၈ ဦး၊**CNF** ၂ ဦး၊**ABSDF** ၂ ဦး ကျဆုံးခဲ့ပြီး စုစုပေါင်း ၁၅ ဦး ဒဏ်ရာရခဲ့သည်။ ဤအဖြစ်ဆိုးကို တအာင်း (ပလောင်) လူမျိုးများ နာကြည်းခံခက် ဖြစ်ကြ၏။ **TNLA** တပ်ဖွဲ့တွင်းသို့ တအာင်းလူငယ်လူရွယ် အမျိုးသား၊ အမျိုးသမီးများ ခြေစုံပစ်ဝင်ခဲ့ကြရာ နေ့ချင်းညချင်း ထောင်ချီ၍ ကြီးထွားလာခဲ့သည်။ ချေမှုန်းမရသော အင်အားစုတရပ် ဖြစ်လာသည်။ အဖိနှိပ်ခံ တိုင်းရင်းသားများ၏ အမျိုးသားရေးစိတ်ဓာတ်ကို ချိုးနှိမ်ချင်ကြသော စစ်အုပ်စု၏ အရှုံးထွက်မှုပင်။ နောက်တခါ ဖမ်းမိသော **TNLA**

ဆေးဝန်ထမ်းအမျိုးသမီးရဲဘော်၅ ဦးကို အဓမ္မပြုကျင့် သတ်ဖြတ်ပစ်သော ကိစ္စက TNLA တပ်ဖွဲ့ဝင်များကို တော်လှန်ရေးထဲတွင် စွဲမြဲသွားစေပေတော့မည်။

ပြောလိုသည်မှာ စစ်အုပ်စုအနေနှင့် လူမျိုးကြီးစိတ်ဝင်ပြီး အင်အားသုံး သတ်ဖြတ်ဖိနှိပ်လိုက်ရင် ငြိမ်ကျသွားမယ် ထင်ခဲ့ကြတာ မဟာအမှား ဖြစ်သည်။ နောက်ထပ်လည်း AA လို TNLA လို တပ်ဖွဲ့များ ပေါ်ပေါက်လာနိုင်သေးသည်ဟု သတိပေးချင်သည်။ ဒီဖြစ်စဉ်အတိုင်းသွားနေလို့ကဖြင့် စစ်အုပ်စုအတွက် လုံခြုံသောနေရာ ရှိတော့မည်မဟုတ်။

ဒါကို သင်ခန်းစာမယူဘဲ သတင်းမှန်အဖွဲ့ခေါင်းဆောင်ဆိုသူ ဗိုလ်ချုပ်က ထပြီးစိန်ခေါ်သံကြားလိုက်ရတော့ အများက ပြုံးမိကြမှာပါ။ သူတို့က သီရိလင်္ကာ တမဲလ်ကျားသူပုန်တွေ ချေမှုန်းခံရတဲ့ပွဲကို အားကျနေလောက်သည်။ အဲဒီတုန်းက ဦးစီးသတ်ဖြတ်ခဲ့သူ စစ်ရာဇဝတ်ကောင် ဗိုလ်ချုပ်ကို အခုစစ်ဦးစီးချုပ် ပြန်ခန့်လိုက်တာကိုလည်း သွားရည်ကျမိကြမှာပါ။ ဒါပေမဲ့ ဟိုမှာက ကျားတကောင်တည်းရှိသည်။ ဒီမှာက ကျားတွေ အများကြီး။ နောက် ရေပတ်လည်ဝိုင်းနေသည့် ကျွန်းမဟုတ်။

မြောက်ပိုင်းအဖွဲ့တွေက ပြောဖူးသည်။ ကိုယ့်ခွင်ထဲတွင်နေပြီး တိုက်နေမှာ မဟုတ်ဘူး။ လမ်းတွေပေါ်၊ မြို့တွေပေါ်အထိ တက်တိုက်မယ် ပြောထားတာ အပြောနဲ့အလုပ် ညီသွားပေပြီ။ သတင်းမှန်ဆိုတဲ့အဖွဲ့ သတိထားဖို့ပါ။

## (၃)
## ထူထောင်ကြမည့် နိုင်ငံ့ပုံစံနှင့် မိမိတို့သဘောထား

တိုင်းရင်းသားအရေးသည် မဖြေရှင်းလျှင် မဖြစ်တော့သော ကာလသို့ ရောက်ရှိနေပေပြီ။ စစ်အုပ်စု လုပ်လိုက်၍ တိုင်းပြည်ထဲတွင် ဘယ်ခေတ်နှင့်မှ မတူအောင် တိုင်းရင်းသားတွေရဲ့ လူနည်းစုအမျိုးသားရေးသွေးတွေ ကြွထလာနေသည့်ကာလသို့ ရောက်ရှိနေပေပြီ။ အရှည်မျှော်ကြည့်တတ်သော တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်များက ဗမာပြည်ကို ယူဂိုဆလားဗီးယားလိုဖြစ်မှာ စိုးရိမ်လာကြသည်။ တိုင်းရင်းသားပြည်သူတွေ သွားချင်သောလမ်းကြောင်းချင်းကလည်း မတူကြပေ။ 'ဖက်ဒရယ်' ဆိုတာကိုပင် ကိုယ့်အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့်ကိုယ်။

- ဖက်ဒရယ်လား၊ ကိုယ်ပိုင်အုပ်ချုပ်ရေးလား
- ပြည်ထောင်စုလား၊ တပြည်ထောင်လား
- ကွန်ဖက်ဒရေးရှင်းလား၊ တပြည်ထောင် စနစ် ၂ ခုလား

အသံမျိုးစုံ ထွက်နေသည်။ စစ်သုံးစစ် ရှိနေသရွေ့ တိုင်းရင်းသားများလိုလားသော ပြည်ထောင်စုကို ဖော်ဆောင်နိုင်မည်မဟုတ်ပါ၊ မျက်မှောက်ကာလတွင် စစ်သုံးစစ်တိုက်ဖျက်ရေးကို အဓိကထား လုပ်ဆောင်ရပါမည်၊ ကျွန်ုပ်တို့အနေနှင့်မူ "တန်းတူရေး၊ သွေးစည်းရေး" အခြေခံပေါ်မှ 'ပြည်သူ့ဒီမိုကရေစီသမ္မတနိုင်ငံ' ထူထောင်ရေး ရည်စူးထားသော်လည်း လက်ရှိကာလအတွင်း ဗမာအပါအဝင် တိုင်းရင်းသားအများစုကြီးက ဒီမိုကရေစီနည်းကျရွေးချယ်လိုက်သောပုံစံကိုပင် လက်ခံကျင့်သုံးမည် ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တိုက်ဖျက်ပြီးနောက် ဖြစ်ပေါ်လာမည့် နိုင်ငံရေးအခင်းအကျင်းအရ နိုင်ငံရေးအင်အားစုအားလုံးနှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းပြီး လုပ်ဆောင်သွားမည် ဖြစ်သည်။ ဗမာပြည်သမိုင်းသည် နယ်ချဲ့ဆန့်ကျင် – အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲနှင့်အတူ ခေတ်သစ်အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံအဖြစ် ပေါ်ထွန်းလာခဲ့သည့် သမိုင်းဖြစ်သည်။ တိုင်းပြည်အစိပ်စိပ်အမြွာမြွာကွဲလျှင် ခေတ်သစ်ကိုလိုနီဘဝ ပြန်ရောက်မည်။ ပဒေသရာဇ်အစွဲအလမ်းတွေ၊ ကိုလိုနီအစွဲအလမ်းတွေ ခဝါချပြီး လူမျိုးပေါင်းစုံအတူတကွ ခေတ်မီ

ဖွံ့ဖြိုးတိုးတက်သော၊ အမှီအခိုကင်းသော ပြည်ထောင်စုသမ္မတနိုင်ငံပေါ်ထွန်းဖို့ ရပ်ခံပါသည်။ အမျိုးသားရေးဝါဒမှာလည်း လူတန်းစား လက္ခဏာ ပါရှိကြောင်း မမေ့ဖို့လိုသည်။ ခေနရှင်အမျိုးသားရေးရှော်ဗင်ဝါဒနှင့် လူမျိုးစုံချစ်ကြည်ရေး ပစ္စည်းမဲ့နိုင်ငံတကာဝါဒ မတူပေ။

ဘာသာရေး

ဘာသာရေးဘက်မှာလည်း ကမောက်ကမတွေ ဖြစ်လာသည်။ ဗုဒ္ဓဘာသာဝင်များပင် ဖြစ်လင့်ကစား လူပုဂ္ဂိုလ်ရဟန်းပုဂ္ဂိုလ် တချို့သည် ကိုယ့်အထက်က ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၏ ဆိုဆုံးမသြဝါဒစကားကို မနာခံ ကလန်ကဆန် လုပ်လာကြသည်။ စစ်တပ်၏အထောက်အပံ့ကိုယူပြီး စစ်တပ်အလိုကျ လုပ်ဆောင်ချက်များသာ ဖြစ်သည်ဟု အများက စွပ်စွဲတာ ခံကြရသည်။

တိုင်းပြည်တွင် ဘာသာကြီး ၄ ရပ် ရှိသည့်အနက် ကျန် ၃ ဘာသာကို အကောင်းမမြင် အဆိုးမြင်ခဲ့သည်။ ကျန်ဘာသာဝင်များ အပေါ် နှုတ်ဖြင့် ပြစ်တင်ရှုတ်ချတာ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦ၊ အထွတ်အမြတ်ပစ္စည်း စသည်တို့ကို ကာယကံမြောက် ဖျက်လိုဖျက်ဆီးလုပ်တာ၊ မရှိမသေ လုပ်တာတွေ ရှိလာသည်။ ဒါကို စစ်တပ်က ပံ့ပိုးပေးနေတာကလည်း ပြောင်ပြောင်တင်းတင်းပင်။

လူဦးရေ၏ ၅ ရာခိုင်နှုန်းခန့်ရှိသော **ခရစ်ယာန်** ဘာသာဝင်များ၏ ခေါင်းဆောင် ချားလ်စ်မောင်ဘိုက ဘာသာရေးလွတ်လပ်ခွင့် ထိန်းချုပ်မှု ကြီးထွားလာနေသည့်ကိစ္စအပေါ် သူ့အစာမကြေမှုကို ဖွင့်ထုတ်သည်။ ‘စစ်တပ်နှင့် အစိုးရသည် မိမိတို့ရဲ့ သက်ဆိုင်ရာအခန်း ကဏ္ဍကို လေးစားလိုက်နာကြပါ’ လို့ တောင်းဆိုသည်။ ကချင်ဘာသာရေးခေါင်းဆောင် ခလမ်ဆွမ်ဆန်က ကချင်ပြည်နယ်အတွင်း ခရစ်ယာန်ဘာသာ အဖိနှိပ်ခံနေရတာတွေကို အမေရိကန်သမ္မတဆီသွားပြီး ရင်ဖွင့်အကူအညီတောင်းသည်။ ထိုအထဲတွင် ကချင်ဆရာမ လေး ၂ ဦး ကို အစိုးရစစ်သားတွေက အဓမ္မပြုကျင့်သတ်ဖြတ်သည့်အမှု အခုအထိ ဖော်ထုတ်မပေးကြသည့်ကိစ္စပါသည်။

လူဦးရေ၏ ၄ ရာခိုင်နှုန်းရှိသော **အစ္စလမ်**ဘာသာဝင်တွေဘက်ကလည်း သူတို့၏ တမန်တော်ကို ‘မိုဟာမက်ဟာ အကြမ်း ဖက်သမားပဲ’ ဟု တံဆိပ်ကပ်ခံရသည့်အပေါ် “အစ္စလမ်ဘာသာကို ခုတုံးလုပ်ပြီး အာဏာရဖို့ ကြိုးပမ်းနေသူ တချို့က နိုင်ငံရေးကစား နေပါတယ်” ဟု မီဒီယာမှာ ရင်ဖွင့်ပါသည်။ သူတို့က ‘ရိုဟင်ဂျာ’ လို့ခေါ်ပြီး အစိုးရက ‘ရခိုင်မြောက်ပိုင်းက မွတ်စလင်များ’ ဟုခေါ်သော လူ ၇ သိန်းကျော် မောင်းထုတ်ခံရသည့် အရေးအခင်းကလည်း တကမ္ဘာလုံးကို ကိုင်လှုပ်နေသည့်ကိစ္စ ဖြစ်သည်။

လူဦးရေ၏ ၁.၉ ရာခိုင်နှုန်းရှိသော **ဟိန္ဒူ**များ၏ ဒုက္ခကလည်း မသေးလှ။ သူတို့ကိုလည်း အစွန်းရောက်များက အလွတ်မပေး။ အာဆာအရေးအခင်းတွင် သူတို့လည်း စစ်တပ်က မောင်းထုတ်ခံရသည့်အထဲ ပါသွားသည်။ တဖက်နိုင်ငံတွင်လည်း လူရာအသွင်းမခံရ။ ခု ၄၄၄ ဦးသော ဟိန္ဒူအမျိုးသားများက ပြန်လာဖို့ တန်းစီစောင့်နေသော်လည်း ဘာမှဖြေရှင်းမပေးကြ။ သူတို့အနေနဲ့ ဒီကိစ္စမှာ ထိပ်တိုက် တိုးမှု မလုပ်ခဲ့ရဘဲ ကြားထဲက ထွေးခါးနာနေရခြင်းပင်။

သာသနာရေးဝန်ကြီးဆိုသူ တတ်စွမ်းနိုင်သည်ကတော့ ‘ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအနေနှင့် ဗုဒ္ဓဓမ္မပရဟိတ ဖောင်ဒေးရှင်း ကို ငွေကျပ်သိန်း ၃၀၀ လှူတဲ့ကိစ္စဟာ မဟန က တရားမဝင်ဟု သတ်မှတ်ထားသော အဖွဲ့အစည်းကို လှူဒါန်းခြင်း ဖြစ်၍ နာယက အဖွဲ့၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ရာ ရောက်ပါတယ်’ ဟူ၍မျှသာ။

နိုင်ငံတကာနှင့် ဗမာအစိုးရ

ပါတီနှစ် ၈၀ ပြည့် တိုင်းပြည်၏ အခင်းအကျင်းကို တင်ပြရာတွင် မိမိတို့နိုင်ငံကို ကိုင်လှုပ်နေသည့်၊ နိုင်ငံ့ကံကြမ္မာကို ဖန်တီးပေး သည့် ပြည်တွင်းနှင့်ပြည်ပ အကြောင်းအချက်များအနက်မှ ပြည်ပအကြောင်းအချက်ဖြစ်သည့် နိုင်ငံတကာဆက်ဆံရေးကိုလည်း ဖော်ပြမှ ပြည့်စုံနိုင်ပါမည်။ တချို့က အကာအကွယ်ပေးသည်။ တချို့က အပြစ်အနာအဆာတွေ ဖော်ထုတ်ရှုတ်ချသည်။

ပထဝီနိုင်ငံရေးအရ အချက်အချာကျသည့် နေရာတွင် တည်ရှိနေသော်လည်း ဖရိုဖရဲဖြစ်နေသော ဗမာပြည်ကို နိုင်ငံတော်တော်များများက မျက်စိကျနေသည်။ ဈေးကွက်လို့ သဘောထားကြသည်။ အထိုင်ကျ နိုင်ငံများ ရှိသလို အခုမှ ထိုးဝင်လာကြသော နိုင်ငံများလည်း ရှိသည်။ နောက်ပိုင်း အလုအယက် ဖြစ်လာသည်။ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုးရီးယားတို့၏ လှုပ်ရှားမှုက မြင်သာသည်။ အာဏာရှိသူတွေ အကျပ်တွေ့နေသည့် ကိစ္စများအတွက် ထွက်ပေါက်ရှာပေးမည့် စီမံကိန်းများ ပါလာသည်။ အထူးသဖြင့် ရိုဟင်ဂျာဆိုသည့် ရခိုင်မြောက်ပိုင်း မွတ်စလင်များအရေး၊ တိုက်ပွဲများပေါ်နေသည့်ရခိုင်AA၊ မြောက်ပိုင်းအဖွဲ့ စသည်တို့အတွက် စဉ်းစားချက်များ ပါလာသည်။ သူတို့စီးပွားရေးအကွက်အကွင်းတွေနှင့် သဟဇာတဖြစ်အောင် အကောင်အထည်ဖော်ကြပါလိမ့်မည်။ တွက်ခြေမကိုက်လျှင် ဖုတ်ဖက်ခါပြီး ထွက်သွားကြမှာပါ။ ရေနောက်ထားပစ်ခဲ့သလိုသာ ဖြစ်ပါချိမ့်မည်။ စီးပွားရေးလုပ်ချင်သော နိုင်ငံအများစုက ဗမာအစိုးရကို ဖေးဖေးမမလုပ်ပြီး အကာအကွယ်ပေးသည်။

စစ်ဦးစီးချုပ်ဗိုလ်မင်းအောင်လှိုင်က ရုရှား၊ အိန္ဒိယကို ဆွဲသွင်းလာသည်။ အစ္စရေး၊ ထိုင်းကို အပိုင်ပေါင်းထားသည်။

အစိုးရပိုင်းကလည်း ယာယီထွက်ပေါက်ကြည့်ပြီး ငွေထုပ်ပိုက်လာမည့်သူတွေကို မျှော်နေရမယ့်ဘဝပါ။ သို့သော် အရာအားလုံးသည် တပါးသူအပေါ် ပုံထားရသည့်ဆက်ဆံရေး ဖြစ်နေသည်။ ဤကိစ္စကလည်း တိုင်းပြည်နာရေးအတွက် စိုးရိမ်စရာပါပေ။ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတု၊ မြေသြဇာအပြင် တခြားယိုယွင်းသွားနိုင်စရာတွေ တထွေးကြီးရှိသည်။ ဒါ့ကြောင့် ဆန့်ကျင်ကန့်ကွက်မှုတွေ သပိတ်တွေ ပေါ်ပေါက်နေသည် မဟုတ်ပါလော။

ပြည်ထောင်စုအစိုးရ အထူးသဖြင့် စစ်တပ်အပိုင်းနှင့် ပတ်သက်ပြီး အထိနာအောင် ဖော်ထုတ်တိုက်ခိုက်နေသော အဖွဲ့အစည်းမှာ ကုလသမဂ္ဂဖြစ်သည်။ အဆက်မပြတ် သတိပေးအရေးယူတာတွေ လုပ်သည်။ မကြာခင်က ဖွဲ့စည်းစေလွှတ်ထားသော ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင် **(FFM)**က ထုတ်ပြန်လိုက်သော အစီရင်ခံချက်အရဆိုလျှင် စစ်အာဏာပိုင်တွေအဖို့ ပြေးစရာနေရာ မရှိတော့ချေ။ သူတို့ ဖော်ထုတ်သော အချက်အလက်တွေက တစိတ်တပိုင်းပဲ မှန်သည်ထားဦးတော့ ဗမာပြည်သားတယောက်အဖို့ မျက်နှာဘယ်လိုထားရမှန်းမသိအောင်ပင် မျက်နှာပူကြရချိမ့်မည်။

## (၄)
## ၂၀၀၈ ခြေဥပြင်ရေးကိစ္စ

၂၀၂၀ ခုနှစ် ရွေးကောက်ပွဲကိုရည်စူးပြီး ပွဲဆူပြသံတွေ တောက်လျှောက်ကြားလာရသည်။ ဒီချုပ်ဘက်က ၂၀၀၈ ကို ပြင်မှဖြစ်မယ်ဆိုပြီး တွန်းတွန်းတိုက်တိုက် လုပ်ခဲ့ရာ လွှတ်တော်တွင်း ၄၅ ဦးကော်မတီဖွဲ့လိုက်သည်အထိ ခြေလှမ်း စလှမ်းလိုက်ပါပြီ။

ဒါကို ဘရိတ်အုပ်သည့်အနေနှင့် စစ်တပ်ဘက်က ‘၂၀၀၈ ကြောင့် ဒီချုပ်အစိုးရဆိုပြီး ဖြစ်လာတာ မမေ့နဲ့၊ ကိုယ်စားလှယ်တဦးလျှင် လစာကျပ် ၁၀ သိန်းစီ ရကြတာ ၂၀၀၈ ကျေးဇူးကြောင့်’ ဆိုတဲ့ သဘောမျိုး ပြောလာတာ တွေ့ရသည်။ “ဒီခြေဥကို တိကျစွာလိုက်နာပြီး ဝတ္တရားတွေကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ပါ” လို့လည်း အမိန့်ပေးခိုင်းစေလိုက်ပါသေးသည်။ သူတို့ဘက်ကလည်း သူတို့ထမင်းအိုး ရိုက်အခွဲမခံနိုင်ဘူးဆိုတဲ့ သဘောပါ။

သေနတ်ကိုင်ပြီး ‘ဖြစ်စေသတည်း’ လို့ဖန်ဆင်းလိုက်သည့် ဒီဥပဒေဟာ နိုင်ငံတကာစံနှုန်းနဲ့ တိုင်းတာကြည့်ရင် ဘာမှဘောင်ဝင်သည့် ဥပဒေမဟုတ်။ ဒါကို လူတိုင်း သိပါသည်။ သေနတ်ကြောင့် တိုင်းပြည်လူဦးရေဟာ ၅၁ သန်းကနေ တမုဟုတ်ချင်း ၅၇ သန်းဖြစ်သွားခဲ့ရသည်။ မဲပေးခွင့်ရှိသူ၏ ၉၂.၄၈ ရာခိုင်နှုန်းက ထောက်ခံအတည်ပြုသည်ဆိုပြီး အလိမ်အညာအကြံအဖန်လုပ်ထားကို လက်ခံလိုက်ကြရသည်။ ဒီဥပဒေ၏တန်ခိုးကြောင့် ဘောင်းဘီချွတ် ဦး/ဗိုလ်သိန်းစိန်အစိုးရ တက်လာနိုင်ခဲ့သည်။ ဒါပေမဲ့ ပြည်သူမကြိုက်

တော့ အစိုးသက်တမ်း တပတ်စာ ၅ နှစ်သာ နန်းစံလိုက်နိုင်သည်။ မစားရဝခမန်း ကတိတွေကြောင့် ၂၀၁၅ ခုနှစ်တွင် ပြည်သူကြိုက် ဒီချုပ်အစိုးရ တက်လာသည်။

ပြည်သူတွေ ဘာရလိုက်သလဲ။ ငြိမ်းချမ်းရေးလည်းမရ၊ ထမင်းလည်းမဝ စကားတွေပဲ ရလိုက်သည်။ လက်ပြဲခေတ်ကြီးထဲ ခုန်ဆင်းလိုက်ကြရသည်။ လက်သည်မပေါ် သတ်ချင်သူက ဝင်သတ်တာ ခံနေရသည်။ ပြည်ပထွက် အလုပ်လုပ်ကြရသူ (၅ သန်းမှ ၈ သန်းခန့်) ရှိသွားပါပြီ။ နိုင်ငံတကာကျွန်တွေ ဖြစ်ကုန်ကြရတာပါ။ ပြည်တွင်းနေ အလုပ်လက်မဲ့တွေက နိုင်ငံခြားသားပိုင်ကုမ္ပဏီကျွန် ဖြစ်သူဖြစ်၊ စစ်အုပ်စုနှင့်သူ့အပေါင်းအပါ ခရိုနီကျွန် ဖြစ်သူကဖြစ် – ဖြစ်ကုန်ကြပြန်သည်။ ခြေဥပြင်ရေးကိစ္စ သူတို့ခေါင်းထဲ သိပ်မရောက်ကြ။ ယုံကြည်ကိုးစားမှုတွေ လျော့ပါးကုန်ကြပြီ။ ပြင်နေရုံနဲ့ မပြီးတာတော့ သူတို့သိကြသည်။ ၂၀၀၈ ခြေဥဖျက်သိမ်းရေးကိစ္စ ဦးတည်ကြရပါတော့မည်။

တခါ လွှတ်တော်တွင်းပြင်ရေးကိစ္စသည် ဒီချုပ်၊ စစ်အုပ်စုနှင့် အပေါင်းပါများဆိုသည့် ၂ ဖွဲ့တည်းသာဆိုင်သည် မဟုတ်။ တိုင်းရင်းသားပါတီများလည်း ရှိသေးသည်။ သူတို့ကလည်း ပြီး ပြီးရော သဘောထားကြမှာ မဟုတ်။ ဒါ့ကြောင့် ဒီချုပ်အဖို့ ကိုယ့်အတွက်ပဲ ကိုယ်ပြင်နေလျှင် ဒီလုပ်ငန်းစဉ်ကို ချောချောမွေ့မွေ့ သယ်ဆောင်သွားနိုင်မည် မဟုတ်တာ သေချာပါသည်။

## ၂၀၂၀ ရွေးကောက်ပွဲကိစ္စ

၂၀၀၈ ခြေဥပြင်ရေးနှင့် ၂၀၂၀ ရွေးကောက်ပွဲသည် တဆက်တစပ်တည်း ဖြစ်သည်။

– ၂၀၀၈ အောက်ကလွှတ်တော်မျိုး၊ အစိုးရမျိုးကို ပြည်သူတွေ မစုံမက်ကြတော့ပါ။အော့ကြောလန်နေပါပြီ။ ရေရှည်အနာဂတ်မရှိတော့သော အဖွဲ့အစည်းမျိုးကိုလည်း မိမိတို့ကံကြမ္မာကို ပုံမအပ်ချင်တော့ပါ။ သို့သော် ရွေးကောက်ပွဲကို သပိတ်မှောက်လို့ကလည်း မဖြစ်၊ စစ်အုပ်စုအကြိုက်ပဲ ဖြစ်သွားပေမည်။

ပြည်သူတွေ မည်သူ့ကို မည်သည့်လမ်းကြောင်းကို ရွေးချယ်ကြမည်နည်း။

တိုင်းရင်းသားများကတော့ တချိန်က အားပေးခဲ့သော အာဏာလက်ရှိ ဒီချုပ်ကိုရော စစ်တပ်မဲ ၂၅ ရာခိုင်နှုန်းကိုင်ထားသည့် စစ်တပ်နှင့် ၎င်း၏အဆွယ်အပွားများကိုပါ လက်ခါကြမှာ သေချာသည်။ ဗမာအများစုနေသည့် ပြည်မမဲတွေအတွက်ပဲ ပြိုင်ကြဖို့ရှိသည်။

စစ်အုပ်စုက ဒီချုပ်မဲကွဲအောင် အကွက်ဆင်နေသည်။ စစ်နံ့သင်းနေသည့် ပါတီတွေ တဖွဲ့ပြီးတဖွဲ့ ပေါ်လာသည်။ ဒီချုပ်မဲတွေထဲက နုတ်ယူသွားနိုင်သည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ် (တသီးပုဂ္ဂလ) တွေကို ပြောင်တမျိုး၊ လျှို့ဝှက်၍တဖုံ အားပေးပါလိမ့်မည်။

ဒီချုပ်ကို လူထုထောက်ခံမှု လျော့ကျနေသည့်အပေါ် ညွန့်ပေါင်းအစိုးရတရပ်များ ပေါ်လာနိုင်မလား စဉ်းစားစရာ ဖြစ်လာသည်။ တိုင်းရင်းသားမဲတွေ တိုးလာမည့်အပေါ် တချို့အဖွဲ့များက မဲကစားနိုင်သည်။ မဲရောင်းမဲဝယ်ကိစ္စတွေ ပေါ်လာနိုင်သည်။ မိမိတို့အနေနှင့်မူ ညွန့်ပေါင်းအစိုးရကိစ္စ ပေါ်လာခဲ့သော် စစ် ၃ စစ်ကို တောက်လျှောက်ဆန့်ကျင်ခဲ့သည့် ပြည်သူ့အကျိုးဦးထိပ်ထားမည့် တသီးပုဂ္ဂလများ၊ ပါတီအဖွဲ့အစည်းများ ညွန့်ပေါင်းထဲပါလာလျှင် သူတို့တတ်နိုင်သလောက် ထိန်းကွပ်နိုင်စရာရှိသည်ဟု မှန်းဆကြည့်မိသည်။

တဖက်တွင် စိတ်ကူးမယဉ်မိကြဖို့လည်း လိုသည်။ ၂၀၀၈ ခြေဥရှိနေသရွေ့ တိုင်းပြည်၏ နိုင်ငံရေးသွင်ပြင်ကို ပြောင်းလဲနိုင်မည် မဟုတ်။ ဒါ့ကြောင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်ဦးတည်ချက်သည် ၂၀၀၈ ခြေဥဖျက်သိမ်းရေး ဖြစ်သင့်သည်။ ၎င်းပြင် သတိထားသင့်သည့် အချက်မှာ ရွေးကောက်ပွဲမတိုင်မီနှင့်အပြီးမှာ လူဖမ်းပွဲတွေ ပေါ်လာနိုင်သည့်အချက် ဖြစ်သည်။

## (၅)
## နိဂုံး
## မုန်တိုင်းထန်မည့်နှစ်

မျက်မှောက်ကာလတွင် ရောက်ရှိနေသော တိုင်းပြည်အခြေအနေကို တွက်ကြည့်လျှင် ...

တိုင်းပြည်တွင် အပြောင်းအလဲ အဆုံးအဖြတ်ပေးနိုင်သော အင်အားစုကြီး ၄ ခု ရှိပါသည်။

၁။ ထမင်းမဝ၍ သီလစောင့်နိုင်တော့မည်မဟုတ်သော ပြည်သူများ

၂။ ဘယ်လောက်စားစား မဝနိုင်သော စစ်အုပ်စု

၃။ အတွေးအခေါ်၊ လမ်းစဉ်နှင့်စည်းရုံးရေးပိုင်းမှာ ချွတ်ခြုံကျလာနေသော ဒီချုပ်

၄။ အမျိုးသားရေးစိတ်ဓာတ်တွေ တဖွားဖွားဖြစ်လာနေသည့် တိုင်းရင်းသားများ

၅။ လက်ရှိဗမာပြည်နိုင်ငံရေးအခြေအနေအပေါ် ပို၍၊ ပို၍မခံမရပ်နိုင်ဖြစ်လာနေသော နိုင်ငံရေးအစဉ်အလာရှိသူများ၊ ကျောင်း သားများ၊ အလုပ်သမားများနှင့် အခြားနိုင်ငံသားများဟူ၍ ဖြစ်သည်။

- ထမင်းမဝသော ဒီမိုကရေစီငတ်နေသော ပြည်သူများ လမ်းမပေါ်ထွက်လာပြီး လူထုလှုပ်ရှားမှုအရေးအခင်းများ ဖန်တီးလာနိုင်သည်။
- သယံဇာတတွေ ပြည်သူ့ထံမှ လက်ကုန်နှိုက်ထားသော စစ်အုပ်စုသည် ပယင်းကုန်လျှင် ထပ်နှိုက်စရာ ရှာလာနိုင်သေးသည်။ သို့သော် သူ့အတွင်းပိုင်းကလည်း တသားတည်းမဟုတ်၊ ဖြုတ်၊ ဖယ်၊ ပြောင်း လုပ်နေရတာတွေ အကြိမ်စိပ်လာခဲ့ပြီ။ ကုလသမဂ္ဂနှင့် လူ့အခွင့်အရေးအဖွဲ့တွေ၏ ပစ်မှတ်က စစ်တပ်ဖြစ်နေသည်။ သူကလည်း ဘေးကျပ်နံကျပ်မို့ ထွက်ပေါက်ရှာကို ရှာရတော့မည်။ အကြောင်းပြစရာတွေက မရှား။ သူ့မှာ သေနတ်လည်း ရှိသည်။
- ဒီချုပ်၏ လုပ်ငန်းစဉ် အလုပ်မဖြစ်။ ပိတ်ဆို့တားဆီးတာတွေကို မကျော်လွှားနိုင်၊ ပါတီတွင်းစည်းလုံးညီညွတ်မှု မရှိ၊ ၃ ပိုင်းကွဲပြီး ပွတ်တိုက်မှုတွေရှိကြောင်း ဝန်ခံထားရပြီ။
- တိုင်းရင်းသားများ (အထူးသဖြင့် လက်နက်နှင့် တိုက်နေသူများ) က လက်တွေ့ကျသည်။ ပြောသည့်အတိုင်း လုပ်ပြနိုင်သည်။

အလားအလာနှင့်ပတ်သက်၍ ရှေ့ရေးကို မျှော်တွေးသော် ဘယ်အင်အားစုမှ ဒီအတိုင်းနေ၍ ရတော့မည်မဟုတ်။ ပြည်သူတွေက ကိုင်လှုပ်ပါလိမ့်မည်။ ထို့ကြောင့် လာမည့် ၂၀၂၀ ခုနှစ်သည် မုန်တိုင်းထန်သော နှစ်တနှစ် ဖြစ်နိုင်သည်။

စာတည်းအဖွဲ့
၂၀၁၉ ခုနှစ် စက်တင်ဘာ (၁) ရက်

**COMMUNIST PARTY OF INDIA (MARXIST)**
**Central Committee**

# အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒီ)၏ သဝဏ်လွှာ

အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒီ) ဗဟိုကော်မီတီ
၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ရက်၊

သို့–

ဗဟိုစည်းရုံးရေးကော်မီတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

အိန္ဒိယပြည်ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒီ) ဗဟိုကော်မီတီအနေဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်ခြင်း အနှစ် (၈၀) မြောက် အထိမ်းအမှတ်အတွက် လှိုက်လှဲစွာဂုဏ်ပြုအပ်ပါသည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗြိတိသျှကိုလိုနီဝါဒနှင့် ဂျပန်ကျူးကျော်မှုတို့ကို တွန်းလှန်ရာတွင် သူ့ရဲကောင်းအခန်းမှ ပါဝင်ခဲ့ပါသည်။ လွန်ခဲ့သည့်ဆယ်စုနှစ် ၇ ခုအတွင်း သင်တို့သည် ရက်စက်လှသည့်ဖိနှိပ်မှုများအကြားမှ ဒီမိုကရေစီရေးနှင့်ဆိုရှယ်လစ်ရေးတို့အတွက် ဆက်လက် တိုက်ပွဲဝင်လျက်ရှိသည်။

သင်တို့ပါတီတည်ထောင်မှု အနှစ် (၈၀) မြောက်အထိမ်းအမှတ်မှာ ကမ္ဘာ့သမိုင်း၏ အရေးပါသော ဖြစ်ရပ်တခုဖြစ်ပါသည်။ ယနေ့အခါ စီးပွားရေးနယ်ပယ်တွင် အမေရိကန်က ဖန်တီးပြုလုပ်သော ကုန်သွယ်ရေး စစ်ပွဲများ ပိုမိုသဲသန်လာသည်ကို ကျွန်တော်တို့မြင်တွေ့နေရသလို နိုင်ငံရေးနယ်ပယ်တွင်လည်း အမေရိကန်ဦး ဆောင်သည့် နယ်ချဲ့တပ်ဖွဲ့များသည် ကျူးဘား၊ ဗီနီဇွေးလား၊ အီရန်ကဲ့သို့သော နိုင်ငံများ၌လည်ပင်းညှစ်ပြီး အာဏာပြောင်းလဲဖို့ အကျပ်ကိုင်နေခြင်းကို တွေ့နေရပါသည်။ အာရှအနောက်ပိုင်းမှာ နယ်ချဲ့တို့၏ စစ်ရေး တိုက်ခိုက်မှုကို အလူးအလိမ့်ခံနေကြရပြီး နိုင်ငံအများအပြားမှာတော့ အလုပ်သမားခေါင်းဆောင်သည့် လူထု တွေ လမ်းပေါ်ထွက်ပြီး နယ်ချဲ့သမားတွေကို ဆန္ဒပြနေကြပါသည်။

အုပ်စိုးသူလူတန်းစားများသည် လက်ယာအင်အားစုများကို မြှောက်စားခြင်းဖြင့် သူတို့၏ ဗိုလ်ကျ လွှမ်းမိုးမှု ထိန်းထားရန် ကြိုးစားနေကြပါသည်။ ဤလက်ယာအင်အားစုများသည် ပြည်သူလူထု၏ဒေါသကို အခွင့်ကောင်းယူကာ လူတန်းစားညီညွတ်မှုကို ဖြိုခွဲ၍ လူ့အဖွဲ့အစည်းကို ဘာသာရေးအရ၊ အသားအရောင် အရ၊ လူမျိုးရေးအရ၊ ခွဲခြားပစ်ရန် လုံးပန်းနေကြပါသည်။ ကွန်မြူနစ်များဖြစ်သော မိမိတို့အနေဖြင့် ပြည်သူ

လူထုအတွင်း ညီညွတ်မှုကို တည်ဆောက်ကာ လက်ယာအင်အားစုများက လူတန်းစားတိုက်ပွဲကို ပြင်းထန်အောင် လုပ်ခြင်းဖြင့် စိန်ခေါ်လာခြင်းအား တွန်းလှန်ရန် တာဝန်ရှိနေပါသည်။

အိန္ဒိယနိုင်ငံတွင်ဆိုလျှင် ဘီဂျေပီအစိုးရသည် ပိုမိုသောမဲအသာရမှုဖြင့် အာဏာရလာပြန်ပြီဖြစ်သည်။ တခါမျှ မတွေ့ကြုံရဖူးသော ငွေအသုံးပြုမှု၊ ဘာသာရေးဘက်လိုက်မှုနှင့် အင်မတန်လူမျိုးရေးဆန်၊ အမျိုးသားရေးဆန်သော ဝါဒဖြန့်လှုံ့ဆော်မှုတို့ကြောင့် သူတို့အနိုင်ရရှိသွားခြင်းလည်းဖြစ်ပါသည်။ မိမိတို့ပါတီအနေဖြင့် နိဂုံးချုပ်သုံးသပ်ထားသည်မှာ လက်ယာဂိုဏ်းကို အနိုင်ရဖို့အတွက်ဆိုလျှင် သူတို့ကို လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ယဉ်ကျေးမှုရေးနှင့်သဘောတရားရေး၊ ဘက်ပေါင်းစုံတွင် အနိုင်ရမှသာဖြစ်နိုင်မည်ဟူ၍ ဖြစ်ပါသည်။ ဤသည်အတွက် အားကောင်းသော ကွန်မြူနစ်ပါတီတခုနှင့် လက်ဝဲလှုပ်ရှားမှုတရပ် လိုအပ်ပါသည်။ ကျွန်တော်တို့အနေဖြင့် ဤရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် လုပ်ကိုင်လျက်ရှိပြီး ကျွန်တော်တို့၏လက်ရှိ ရှုံးနိမ့်မှုကို ကျော်လွှားနိုင်မည်ဟုလည်းယုံကြည်မှုရှိပါသည်။

သင်တို့၏ ပါတီတည်ထောင်မှုအနှစ် (၈၀) မြောက်အထိမ်းအမှတ်အတွက် ဂုဏ်ပြုပါကြောင်းထပ်မံ ပြောကြားရင်း သင်တို့နှင့်ညီနောင်သဖွယ်ဆက်ဆံမှုကို အလေးအနက်ထားဖော်ပြလျက် သင်တို့အောင်မြင်မှုရပါစေကြောင်း ဆုတောင်းအပ်ပါသည် ရဲဘော်တို့။

၂၀၁၉ ခုနှစ်။ ဩဂုတ်လ ၁၅ရက်။

C P I

# အိန္ဒိယပြည်ကွန်မြူနစ်ပါတီ၏ သဝဏ်လွှာ

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၅ရက်။

သို့–

ဗဟိုစည်းရုံးရေးကော်မီတီ

ဗမာပြည်ကွန်မြူနစ်ပါတီ

ချစ်လှစွာသောရဲဘော်များခင်ဗျား–

ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်ခြင်းအနှစ် (၈၀) မြောက် အထိမ်းအမှတ်အတွက် သင်တို့ပါတီခေါင်းဆောင်မှု အဖွဲ့နှင့် ပါတီဝင်အားလုံးတို့အား အိန္ဒိယပြည်ကွန်မြူနစ်ပါတီ၏နိုင်ငံတော်ကောင်စီအဖွဲ့ကိုယ်စား ကျွန်တော်က တော်လှန်သောနှုတ်ခွန်းဆက်ခြင်းဖြင့် နှုတ်ခွန်းဆက်သလိုက်ပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏သမိုင်းမှာ စတင်တည်ထောင်ခါစမှစ၍ တိုက်ပွဲနှင့်စွန့်လွှတ်မှုများဖြင့် ပြည့်လျှမ်းနေပါသည်။ ပါတီတည်ထောင်သူနှင့် ပါတီအထွေထွေအတွင်းရေးမှူးရဲဘော်သခင်အောင်ဆန်း၏ ဉာဏ်အမြော်အမြင် ကြီးမားသောခေါင်းဆောင်မှုအောက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ဂျပန်များကို တိုက်ခိုက်ရာတွင် ထွန်းပြောင်သော အခန်းမှပါဝင်ခဲ့ပြီး ပြည်သူလူထုနှင့် ခိုင်မာသောလက်တွဲမှုကို တည်ဆောက်နိုင်ခဲ့သည်။ ကံမကောင်းစွာပင် ဗမာပြည်၏ အုပ်စိုးသူလူတန်းစားများသည် သစ္စာဖောက်ကာ ဗမာပြည်ကွန်မြူနစ်ပါတီကို ရက်စက်စွာ ဖိနှိပ်ခဲ့သည်။

၁၉၄၈ ခုနှစ်မှစတင်၍ ဗမာပြည်ကွန်မြူနစ်ပါတီသည် အုံကြွမှုပေါင်းများစွာကို ဖြတ်သန်းပြီး စစ်တပ်နှင့် အာဏာရှင် အမျိုးမျိုးတို့၏ အုပ်စိုးမှုအမျိုးမျိုးကို ဆက်လက်တိုက်ပွဲဝင်ရန် မြေအောက်သို့တွန်းပို့ခြင်းခံခဲ့ရသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ပါတီကို သိပ္ပံနည်းကျသော မာ့က်စ်ဝါဒ –လီနင်ဝါဒအပေါ်တွင် တည်ဆောက်ပြီး ဗမာပြည်၏ လက်တွေ့အခြေအနေနှင့်ပေါင်းစပ်ကာ တည်ဆောက်နေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရပါသည်။

ခါတိုင်းကဲ့သို့ပင် ကျွန်တော်တို့အနေဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် တသားတည်းရပ်တည်ကြောင်း ကြေညာအပ်ပါသည်။ ဤအခါသမယတွင် ကျွန်တော်တို့သည် သင်တို့နှင့် အပြည့်အဝစည်းလုံးကာ သင်တို့၏ တရားသော တိုက်ပွဲများကို ထောက်ခံသွားမည် ဖြစ်ကြောင်းဖော်ပြလိုပါသည်။

အိန္ဒိယပြည်ကွန်မြူနစ်ပါတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့ အကြားမှ ချစ်ခင်ရင်းနှီးသော ဆက်ဆံမှု အဓွန့်ရှည်ပါစေ။

နွတ်ဆက်ဂုဏ်ပြုလျက်
ပါလပ်ဘ်ဆင်ဂုပ်တား
အတွင်းရေးမှူး
နိုင်ငံတကာရေးရာဌာနတာဝန်ခံ
နိုင်ငံတော်ကောင်စီ

# အိန္ဒိယဆိုရှယ်လစ်ညီညွတ်ရေးဗဟို (ကွန်မြူနစ်) ၏ သဝဏ်လွှာ

အိန္ဒိယဆိုရှယ်လစ်ညီညွတ်ရေးဗဟို (ကွန်မြူနစ်)
ဗဟိုကော်မီတီ

စာညွှန်း- INT/LET/၀၁/၁၉ ရက်စွဲ– ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၀ ရက်

သို့–

တာဝန်ခံ
ပြည်ပဆက်သွယ်ရေးဌာန
ဗမာပြည်ကွန်မြူနစ်ပါတီ

ချစ်ခင်မြတ်နိုးရသောရဲဘော်ခင်ဗျား–

ဗမာပြည်ကွန်မြူနစ်ပါတီတည်ထောင်ခြင်း အနှစ်ရှစ်ဆယ်မြောက်အထိမ်းအမှတ်အတွက် ကျွန်တော်တို့၏ ဂုဏ်ပြုနှုတ်ဆက်မှုကို လက်ခံစေလိုပါသည်။ ရဲဘော်တို့သိတဲ့အတိုင်းပဲ ကျွန်တော်တို့ပါတီကို ၁၉၄၈ ခုနှစ်မှာ ရဲဘော်ရှစ်ဘ်ဒတ်စ်ဂို့ရှ် (Com. Shibdas Ghosh) က မာ့က်စ်၊ အိန်ဂယ်၊ လီနင်၊ စတာလင်နှင့် မော်စီတုန်းတို့၏ သင်ကြားချက်များအား လိုက်နာတည်ထောင်ခဲ့ပါသည်။ ကျွန်တော်တို့ပါတီသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒနှင့် ရဲဘော်ရှစ်ဘ်ဒတ်စ်ဂို့ရှ်၏ အတွေးအခေါ်တို့ကို ကိုင်စွဲထားပါသည်။

လက်ရှိ နယ်ချဲ့စစ်နှင့်ပစ္စည်းမဲ့တော်လှန်ရေးများခေတ်တွင် ခေတ်သစ်ပြန်လည်ပြင်ဆင်ရေးဝါဒလုပ်ရပ်များကြောင့် တချိန်က ဆိုရှယ်လစ်နိုင်ငံများအတွင်း တန်ပြန်တော်လှန်ရေးများဖြစ်ပေါ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်း၊ ကမ္ဘာ့ကွန်မြူနစ် လှုပ်ရှားမှု အားနည်းလာခြင်းတို့ကို အခွင့်ကောင်းယူကာ ကမ္ဘာကြီးတွင် အရင်းရှင်နိုင်ငံတိုင်းမှ အုပ်စိုးသူ လူတန်းစားများက ဖက်ဆစ်ဝါဒကျင့်သုံးမှုကို ပိုမိုလုပ်လာနေပါသည်။ ဤအခြင်းအရာများဖြစ်ပေါ်ရခြင်းမှာ ကွန်မြူနစ်ပါတီခေါင်းဆောင်များနှင့် ကေဒါများအတွင်း သဘောတရားနှင့် ယဉ်ကျေးမှုအရည်အသွေးများ လျော့ကျလာသောကြောင့် ဖြစ်ပါသည်။

ဤအချိန်အခါတွင် လိုအပ်နေသည်ကတော့ သက်ဆိုင်ရာကွန်မြူနစ်ပါတီအားလုံးက နိုင်ငံတကာရှိ နယ်ပယ်ပေါင်းစုံမှာ ပြင်းထန်သောဆိုရှယ်လစ်အတွေးအခေါ်တိုက်ပွဲလေထုရှိနေအောင် လုပ်ကြရန်ပင် ဖြစ်ပါသည်။

စတင်တည်ထောင်သည့် ၁၉၃၉ခုနှစ်၊ သြဂုတ်လ ၁၅ ရက်မှစပြီး ရှုပ်ထွေးကွေ့ကောက်၊ ကြမ်းတမ်းလှသည့် ခရီးကြောင်းကြီးကို ဖြတ်သန်းခဲ့သည့် ရဲဘော်တို့၏ပါတီက အခြားနိုင်ငံများရှိ ကွန်မြူနစ်ပါတီများနှင့် အဆက်အသွယ်များ ထူထောင်ရန်ကြိုးစားသည်ကို တွေ့ရခြင်းမှာ အားတက်စရာကောင်းလှပါသည်။

လာမည့် ၂၀၁၉ ခုနှစ်၊ သြဂုတ်လ ၁၅ ရက်တွင်ကျရောက်မည့် ရဲဘော်တို့ပါတီ၏ အနှစ် (၈၀) မြောက် အထိမ်းအမှတ်ပြုခြင်း အောင်မြင်မှုကြီးရပါစေကြောင်း ဆုတောင်းလိုက်ပါသည်။

ရဲဘော်သဖွယ် –
ကေ ဆရစ်ဒါ (K Sridhar)
နိုင်ငံတကာရေးရာဌာနတာဝန်ခံ
အိန္ဒိယဆိုရှယ်လစ်ညီညွတ်ရေးဗဟို (ကွန်မြူနစ်)

# ဖိလိပိုင်အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၏ သဝဏ်လွှာ

ဖိလိပိုင်အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု
နိုင်ငံတကာကိုယ်စားလှယ်ချုပ်
ဩဂုတ်လ ၁၅၊ ၂၀၁၉ခုနှစ်။

ဗမာပြည်ကွန်မြူနစ်ပါတီသို့ စည်းလုံးမှုသဝဏ်လွှာ

ဖိလိပိုင်ကွန်မြူနစ်ပါတီနှင့်အခြား တော်လှန်ရေးအဖွဲ့အစည်းများအပါအဝင်ဖြစ်သော ဖိလိပိုင်အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု (NDFP) က ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ကျရောက်သော သင်တို့ပါတီ တည်ထောင်မှုအနှစ် (၈၀) မြောက် အခါသမယတွင် အနွေးထွေးဆုံးနှင့်အတက်ကြွဆုံးသော စည်းလုံးမှု သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

သင်တို့၏ ဆယ်စုနှစ်ရှစ်ခုကြာ လုပ်ငန်းများကို သင်တို့ယခုကဲ့သို့ ကျင်းပဂုဏ်ပြုခြင်းမှာ ဗမာပြည် ပစ္စည်းမဲ့လူတန်းစားအနေဖြင့် ဗမာပြည်ပြည်သူများနှင့် အလုပ်သမားလူတန်းစားတို့၏ တိုက်ပွဲများအပေါ် ကိုလိုနီဘဝနှင့်အဖိနှိပ်ခံဘဝတို့တွင် ထင်ရှားပြောင်မြောက်စွာပုံအပ် လုပ်ဆောင်ခြင်း ကိုပြသနေပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးလက်နက်ကိုင်တိုက်ပွဲဝင်ခြင်း၊ ဂျပန်အုပ်စိုးမှုကို ဆန့်ကျင်တိုက်ပွဲဝင်ခြင်း ဂျပန်တွေအပေါ်အောင်ပွဲခံပြီးနောက် ဗြိတိသျှတို့က ကိုလိုနီပြန်လည်ထူထောင်ခြင်းကို ဆန့်ကျင်ခြင်းတို့တွင် အမြှုတေခေါင်းဆောင်မှုအခန်းက ပါဝင်ခဲ့သည်။ သို့သော် ဗမာပြည် လွတ်လပ်ရေး ကြေညာပြီး နှစ်လအကြာမှာပင် တက်လာသောအစိုးရသစ်က နိုင်ငံနှင့်အဝှမ်း ကွန်မြူနစ်များကို နှိမ်နင်းသောကြောင့် လက်နက်ကိုင်တိုက်ပွဲကို ဆက်ဆင်နွှဲခဲ့ရသည်။

ဗမာပြည်ပြည်သူများသည် စစ်အာဏာရှင်များအုပ်စု၏ အဆိုးဝါးဆုံးသောဖက်ဆစ်ဖိနှိပ်မှုကို နှစ်ပေါင်းများစွာ ခံနေကြရသည်။ ဗမာပြည်၏ အရင်းအမြစ်များကို လုယက်ကြသော ထိပ်ပိုင်းလူအချို့နှင့် ပြည်ပအင်အားကြီးများက လူထုကို ဆင်းရဲမွဲတေစေရုံမက ကိုယ့်နိုင်ငံထဲတွင်ပင် လှည့်ပတ်တိမ်းရှောင်ရ၊ အိမ်နီးချင်းနိုင်ငံများသို့ ထွက်တိမ်းရှောင်ရခြင်းများ ဖြစ်ပေါ်စေခဲ့သည်။

ဗမာပြည်တွင် ဒီမိုကရေစီပြန်လည်တည်ဆောက်ခြင်း ဆိုသည်မှာလည်း ပြည်သူလူထုအတွက် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် တရားမျှတမှုကို ရရှိအောင်လုပ်ဆောင်နိုင်ခြင်းမရှိချေ။ ပြည်သူလူထု၏ဆင်းရဲ

မွဲတေမှုအကြောင်းရင်းများနှင့် ဖက်ဆစ်စနစ်တို့ကို တွန်းလှန်ရန်အကြောင်းအချက်များ တည်ရှိမြဲတည်ရှိနေပေသေးသည်။

အလားတူပင် ဖိလိပိုင်နိုင်ငံတွင်လည်း ဖိလိပိုင်ပြည်သူများသည် နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်နှင့် ဗျူရိုကရက်စနစ်တို့ကို ဆန့်ကျင်သည့် တော်လှန်ရေးတိုက်ပွဲများအတွင်းသို့ တက်ကြွစွာပါဝင်လာနေကြပါသည်။ ၁၉၈၆ ခုနှစ်တွင် ဖက်ဆစ်အာဏာရှင်မားကို့စ်ကို ဖြုတ်ချလိုက်ခြင်းနောက်တွင် အထက်လွှာများထဲမှ မားကို့စ်အား ဆန့်ကျင်သူများကသာ အာဏာကို ရယူနိုင်ပြီး ပြည်သူလူထု၏ နေထိုင်စားသောက်မှုနှင့်အခွင့်အရေးတို့မှာမူ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်းစနစ်အောက်ရှိ ဆိုးဝါးလာနေသော စီးပွားရေး အခြေအနေတွင် ပျက်ပြားမြဲပျက်ပြားနေပါသည်။

မျက်မှောက်အခါတွင် ဖိလိပိုင်နိုင်ငံသားများသည် ဖက်ဆစ်ဒူတာတေးအစိုးရကို ရင်ဆိုင်နေကြရသည်။ ဒူတာတေးအစိုးရ၏ ရုပ်သေးလက္ခဏာ၊ အကျင့်ပျက်လာဘ်စားမှုနှင့် ရာဇဝတ်လုပ်ရပ်များမှာ မားကို့စ်၏ နောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့သည့် အခြားသောအလိမ်အညာအစိုးရများထက် ဆိုးကြောင်းရှင်းလင်းသထက် ရှင်းလင်းစွာ ပေါ်ထွက်လာနေပါသည်။

သင်တို့က ပါတီတည်ထောင်မှုအနှစ်ရှစ်ဆယ်မြောက်ကျင်းပနေချိန်တွင် ကျွန်တော်တို့သည် နှစ်နိုင်ငံ ပြည်သူများ၏ အမျိုးသားလွတ်မြောက်ရေးအတွက် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲကိုဆင်နွှဲခြင်းဖြင့် သင်တို့နှင့် သွေးစည်းလှုပ်ရှားနေပါသည်။ ကျွန်တော်တို့ပြည်သူများ လွတ်မြောက်ရေးနှင့်တကယ်စစ်မှန်သော ဒီမိုကရေစီအတွက် ဆက်လက်ချီတက်နိုင်ကြပါစေ။

နိုင်ငံတကာစည်းလုံးမှုအခွန့်ရှည်ပါစေ။
တိုက်ပွဲကိုဆက်လက်သယ်ဆောင်ကြ။

လွှစ္စ ဂျီ ဂျလန်ဒိုနီ (Luis G. Jalandoni)
နိုင်ငံတကာကိုယ်စားလှယ်ချုပ်
ဖိလိပိုင်အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု

**Communist Party of Australia**

**Central Committee**

General Secretary: Andrew Irving
President: Vinnie Molina

74 Buckingham St
Surry Hills NSW 2010 Australia

Ph: +61 2 9699 8844
Fax: +61 2 9699 9833
Email: president@cpa.org.au
Web: www.cpa.org.au

CPA

# ဩစတြေးလျားကွန်မြူနစ်ပါတီ၏

# သဝဏ်လွှာ

ဩစတြေးလျား၊ ဇူလိုင်၊ ၂၀၁၉ ခုနှစ်

သို့–

တာဝန်ခံ

နိုင်ငံတကာဆက်ဆံရေးဌာန

ဗမာပြည်ကွန်မြူနစ်ပါတီ

အကြောင်းအရာ။ ။ အနှစ် (၈၀) ပြည့်မြောက်နေ့အကြောင်းပြန်ကြားခြင်း။

ချစ်လှစွာသောရဲဘော်များခင်ဗျား–

ဗမာပြည်ကွန်မြူနစ်ပါတီတည်ထောင်ခြင်း အနှစ် (၈၀) မြောက်အထိမ်းအမှတ်အတွက် ဩစတြေးလျားကွန်မြူနစ်ပါတီက ညီနောင်သဖွယ် နွေးထွေးစွာနှုတ်ဆက်လိုက်ပါသည်။ အင်မတန်ပြင်းထန်သောအခက်အခဲများ၏ အကြားတွင် လူတန်းစားတိုက်ပွဲကို ရဲရင့်စွာနှင့်သန္နိဋ္ဌာန်ရှိစွာဆင်နွှဲကြခြင်းအတွက် ကျွန်တော်တို့အနေဖြင့် ရဲဘော်တို့အား ချီးကျူး၊ ဂုဏ်ပြုအပ်ပါသည်။

သင်တို့၏ပေးစာတွင် အကျဉ်းချုပ်ဖော်ပြထားသကဲ့သို့ပင် သင်တို့ပါတီကိုတည်ထောင်ခြင်းမှာ ကိုလိုနီနှင့်နယ်ချဲ့စစ်ပွဲ ပြင်းထန်စွာ ပေါက်ကွဲနေသည့် မှန်တိုင်းထန်နေသော ကာလကြီးတွင်ဖြစ်သည်။ ဤသို့သောအချိန်မှာပင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ခုခံစစ်ကို ဆင်နွှဲပြီး လူထုကြီးကိုဦးဆောင်ပြီး ဗြိတိသျှနှင့်ဂျပန်တပ်များကို တိုက်ခဲ့သည်။ သမိုင်းတင်ထိုက်သည့်လုပ်ရပ်ဖြစ်သည်။ ကိုလိုနီအမွေအနှစ်ဟာ လုံးဝပျောက်ကွယ်မသွားသေးကြောင်း ကျွန်တော်တို့ သတိပြုမိပါသည်။ သူတို့သည် သူတို့ရဲ့ကိုလိုနီနိုင်ငံများ၏အာဏာကို ဖောက်ပြန်ရေး သမားများ၏ လက်တွင် လုယက်မှုတွေ၊ ကသောင်းကနင်းဖြစ်မှုတွေ ထားခဲ့ကြပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ အစောပိုင်းကာလများတုန်းက မာ့က်စ်ဝါဒမှုများကိုရှေ့ဆောင်ခဲ့သကဲ့သို့ပင် လက်ရှိ ကိုလိုနီခေတ်အလွန် အရင်းရှင်စနစ်ခေတ်၏ စိန်ခေါ်မှုများကို ကျော်လွှားရာတွင်လည်း ရှေ့ဆောင်မှုပေး လိမ့်မည်ဟု ယုံကြည်ပါသည်။ ကျွန်တော်တို့အနေဖြင့် သင်တို့၏ တိုက်ပွဲများတွင် ရဲဘော်တို့နှင့်တကကြွစွာ သွေးစည်းမည့်အကြောင်း သိစေအပ်ပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။

အလုပ်သမားလူတန်းစား၏နိုင်ငံတကာဝါဒ အဓွန့်ရှည်ပါစေ။

အလုပ်သမားလူတန်းစားသွေးစည်းမှုဖြင့်–

ဗီနီမိုလီနာ

ဥက္ကဋ္ဌ

နိုင်ငံတကာရေးရာဌာန၊ ဩစတြေးလျားနိုင်ငံ

# ဗြိတိန်ကွန်မြူနစ်ပါတီ၏

# သဝဏ်လွှာ

သို့

ဗမာပြည်ကွန်မြူနစ်ပါတီ

ဗဟိုစည်းရုံးရေးကော်မီတီ

၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၂ရက်။

ဗမာပြည်ကွန်မြူနစ်ပါတီတည်ထောင်ခြင်း အနှစ် ၈၀ မြောက်အထိမ်းအမှတ်အတွက် သွေးစည်းညီညွတ်မှု ဂုဏ်ပြု သဝဏ်လွှာ

ရဲဘော်များခင်ဗျား –

ဗြိတိန်ကွန်မြူနစ်ပါတီအနေဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီတည်ထောင်ခြင်း အနှစ် (၈၀) မြောက် အထိမ်းအမှတ်အတွက် သွေးစည်းညီညွတ်မှုဂုဏ်ပြုလွှာပေးပို့အပ်ပါသည်။

ကျွန်တော်တို့နှစ်ပါတီမှာ ဗြိတိသျှကိုလိုနီစနစ်နှင့်နယ်ချဲ့ဝါဒကို ကမ္ဘာပေါ်တွင် အတူလက်တွဲဆန့်ကျင်ခဲ့ကြသော နီးစပ်သည့် ဆက်သွယ်မှုအစဉ်အလာများရှိခဲ့ပါသည်။

သင်တို့၏ပါတီသည် ဗမာနိုင်ငံအားဗြိတိသျှနှင့်ဂျပန်ကိုလိုနီဘဝမှ လွတ်မြောက်အောင်နှင့် ထိုမှတဆင့် ဗမာပြည်ပြည်သူများအား မိမိတို့၏အနာဂတ်ရှေ့ရေး – ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ်တို့သို့ ချီတက်ရန် အခွင့်အရေးများအတွက် တိုက်ပွဲများတွင် အရေးပါသောအခန်းမှ ပါဝင်ခဲ့ပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီမှရဲဘော်များအနေဖြင့် ကိုယ့်ပြည်သူတွေ လွတ်မြောက်မှု အနာဂတ်သို့ ချီတက်ရန် ကြိုးပမ်းရာတွင် စွန့်လွှတ်မှုကြီးများပြုလုပ်ခဲ့ကြကြောင်း ကျွန်တော်တို့နားလည်သိရှိပါသည်။

ရဲဘော်တို့ပါတီတည်ထောင်ခြင်း အနှစ် (၈၀) မြောက်အထိမ်းအမှတ်နေ့တွင် ရဲဘော်တို့အား အလေးပြုအပ်ပါသည်။

ဆိုရှယ်လစ်ဝါဒအစွန့်ရှည်ပါစေ။

ရဲဘော်ရောဘတ်ဂရစ်ဖစ်သ်

R obert Griffiths

အထွေထွေအတွင်းရေးမှူး

DKP
Deutsche Kommunistische Partei

# ဂျာမနီကွန်မြူနစ်ပါတီ၏
# သဝဏ်လွှာ

သို့–
ဗဟိုစည်းရုံးရေးကော်မီတီ
ဗမာပြည်ကွန်မြူနစ်ပါတီ
၂၀၁၉ ခုနှစ်။ ဩဂုတ်လ ၆ ရက်။

ချစ်လှစွာသောရဲဘော်များခင်ဗျား–

သင်တို့ပါတီ၏ အနှစ် (၈၀) မြောက် အခါသမယတွင် ဂျာမနီကွန်မြူနစ်ပါတီနှင့် ဗဟိုကော်မီတီတို့က သင်တို့အား အူလှိုက်သည်းလှိုက်ဂုဏ်ပြုလိုက်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် သင်တို့၏ တရားမဝင်တည်ရှိရခြင်းဟူသော အလွန်ရှုပ်ထွေးသည့် အနေအထားတွင် တိုက်ပွဲကို ဆက်လက်သယ်ဆောင်ရန်နှင့် တိုက်ပွဲကိုဖော်ဆောင်ရန် သန္နိဋ္ဌာန်ချမှတ်ထားမှုတို့ကို အထူးချီးမွမ်းမိကြပါသည်။ သင်တို့ရှင်းပြ သကဲ့သို့ပင် အုပ်စိုးသူလူတန်းစားသည် ဗမာပြည်တွင် ဖိနှိပ်သည့် အစိုးရချန်ထားခဲ့ပြီး ၁၉၄၈ ခုနှစ်တုန်းကလိုပင် လက်ဝဲနိုင်ငံရေး အင်အားစုများကို လွတ်လပ်မှုမပေးဘဲထားသည်။ ကွန်မြူနစ်ပါတီအပေါ်တွင် ပိုဆိုးသည်။ ထို့ကြောင့် ယခုအထိပင်လျှင် သင်တို့အနေဖြင့် မြေအောက်ပါတီအနေအထားဖြင့် အလုပ်သမားလူတန်းစားကို လူတန်းစားတိုက်ပွဲတွင် ဦးဆောင်နေရပေသည်။

ကျွန်တော်တို့တတွေလည်း ဂျာမနီနိုင်ငံတွင် တရားမဝင်ပိတ်ပင်ခံရခြင်းပေါင်း များစွာကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် သင်တို့၏ နေ့စဉ်လုပ်ငန်းများတွင် အဖော်ရှိနေသည်ဟု ယူဆစေချင်ပါသည်။

အလုပ်သမားများနှင့် ၎င်းတို့၏ ကွန်မြူနစ်ပါတီများအကြားမှ နိုင်ငံတကာ့ဝါဒအဓွန့်ရှည်ပါစေ။

ညီနောင်သဖွယ်ဂုဏ်ပြုမှုဖြင့်

ဂန်တာပေါလ်
(နိုင်ငံတကာဆက်ဆံရေးတာဝန်ခံ)

# ကနေဒါ ကွန်မြူနစ်ပါတီ (မာ့က်ဝါဒ – လီနင်ဝါဒ) ၏ သဝဏ်လွှာ

သို့–

ဗဟိုစည်းရုံးရေးကော်မီတီ
ဗမာပြည်ကွန်မြူနစ်ပါတီ
ချစ်လှစွာသော ရဲဘော်များခင်ဗျား –

၁၉၃၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် တည်ထောင်ခဲ့သော ရဲဘော်တို့၏ သူရဲကောင်းပီသသည့် ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်ခြင်း အနှစ် ၈၀ ပြည့်မြောက်သည့် ကျက်သရေမင်္ဂလာ အပေါင်းနှင့်ပြည့်စုံသော ဤအခါသမယတွင် ရဲဘော်တို့နှင့်တကွ ပါတီဝင်တရပ်လုံးနှင့် ပါတီလိုလားသူများအား တော်လှန်သောနှုတ်ဆက်ခြင်းနှင့် ဂုဏ်ပြုအပ်ပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် သူ့သက်တမ်းတလျှောက်တွင် လူထုအား ရှေ့ဆောင်ပြီး ရက်စက်သော ဗြိတိသျှနယ်ချဲ့သမားများကို တိုက်ပွဲဝင်ခြင်း၊ သည့်နောက် ဒုတိယကမ္ဘာစစ်အတွင်းတွင် ရက်စက်ကြမ်းကြုတ်သော ဂျပန်စစ်တပ် ကျူးကျော်ရေးသမားများအား လက်နက်ကိုင်တွန်းလှန်ခြင်း ပြုခဲ့ရသည်။ တဖန် အမေရိကန်နယ်ချဲ့သမားများ ဦးဆောင်ခဲ့သည့် စစ်အေးစစ်ပွဲကာလတွင် ပါတီနှင့်ပြည်သူများမှာ မိမိတို့၏အခွင့်အရေးနှင့် လွတ်လပ်မှုများ ဆုံးရှုံးခဲ့ရပြန်သည်။ ယခင် ဆိုဗီယက်ယူနီယံပြိုကျပြီးနောက် တော်လှန်ရေးကပ်တွင် ပြည်တွင်းပြည်ပ အာဏာရလူစုများအချင်းချင်း အင်မတန် စက်ဆုပ်ဖွယ်ကောင်းအောင် ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်ကြခြင်းကို ပါတီသည် အခက်ခဲဆုံးသော အနေအထားတွင် တိုက်ပွဲဝင်ခဲ့ရပြန်သည်။

ရဲဘော်တို့၏ပါတီက လုပ်ဆောင်နေသော အလုပ်သမားလူတန်းစားနှင့် ပြည်သူများကို စည်းရုံးလှုံ့ဆော်ကာ အင်မတန်ရှုပ်ထွေးလှသည့် ဘင်္ဂလားပင်လယ်အော်နှင့် အင်ဒိုပစိဖိတ်ဒေသတို့တွင် မိမိနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်ခွင့်နှင့် ငြိမ်းချမ်းရေးတို့ ခိုင်မြဲရန်လုပ်ဆောင်နေခြင်းမှာ ပြည်သူလူထု၏ အချက်အချာကျသော အရေးဖြစ်သည့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့်လွတ်လပ်မှုတို့အတွက် အရေးပါလှပေသည်။

ကျွန်ုပ်တို့အနေဖြင့် အမေရိကန်နယ်ချဲ့သမားနှင့် တရုတ်ပြည်တို့၏အားပြိုင်ပွဲတွင် အမေရိကန်၏ အကျိုးစီးပွားအတွက် ဝင်ရှုပ်နေသော ကနေဒါအစိုးရကိုလည်း ဤအခွင့်အရေးကို အသုံးပြုကာ ရှုတ်ချကြောင်း ဖော်ပြအပ်ပါသည်။ ပြည်သူလူထုကို သွေးခွဲရန်၊ ဒီမိုကရေစီ အရေခြုံထားသော စစ်အုပ်စိုးမှုကို ခုခံတိုက်ပွဲဝင်နေကြသည့် ပြည်သူများကို သွေးခွဲရန်နှင့် သတင်းမှားများပေးရန်အတွက် သူတို့သည် ရိုဟင်ဂျာ အရေးအခင်းအတွက် ပြည်ပက ဝင်ရောက်စွက်ဖက်ရန် လှုံ့ဆော်နေသည်။

ဤသို့သောအခါသမယတွင် တရားမဝင် တည်ရှိရခြင်းဆိုသည့် အခက်ခဲဆုံးသော အနေအထားတွင် လုပ်ကိုင်နေကြသော ဗမာပြည်ကွန်မြူနစ်ပါတီအား လုပ်ငန်းတိုင်းတွင် အောင်မြင်မှုရစေရန် ဆန္ဒပြုလိုက်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ၊ သူရဲကောင်းပီသသော ဗမာပြည်ပြည်သူများ၏ နိုင်ငံ့အချုပ်အခြာ၊ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် တိုက်ပွဲတို့တွင် ရဲဘော်တို့နှင့် တသားတည်း ရပ်တည်နေကြောင်း သိစေအပ်ပါသည်။

ဤသူရဲကောင်းပီသသော နှစ်ပေါင်းရှစ်ဆယ်အတွင်း ရဲဘော်တို့ ရရှိခဲ့သောအောင်ပွဲများကို ဂုဏ်ပြုခြင်းနှင့်အတူ ကျဆုံးသွားသောရဲဘော်တို့၏ပါတီဝင်များ၊ ပြည်သူများကိုလည်း အလေးပြုကြောင်းဖော်ပြအပ်ပါသည်။ ရဲဘော်တို့တတွေ သွေး၊ ချွေး ရင်းနှီးကာ ရရှိခဲ့သော သမိုင်းဝင်အောင်မြင်မှုများမှတဆင့် သမိုင်းဝင်အောင်ပွဲကြီး ရရှိကြစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

နွေးထွေးသောတော်လှန်ရေးနှုတ်ဆက်ခြင်းဖြင့် –
ကနေဒါကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ – လီနင်ဝါဒ)
တာဝန်ခံခေါင်းဆောင်
အင်နာဒီကာလို

## ဗမာပြည်ကွန်မြူနစ်ပါတီအတွက် လေထီးဦးအုန်းမောင်၏
## ဘဝနေဝင်ချိန်
## နောက်ဆုံးအကျိုးပြုတာဝန် ထမ်းဆောင်ခြင်း

ကျွန်ုပ်သည် လူမှန်းသိတတ်စ အရွယ်မှ စတင်ကာ တိုင်းပြည်နှင့် ပြည်သူလူထုအကျိုး သယ်ပိုးရန်အတွက် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲ အဆင့်ဆင့်၌ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

တိုင်းပြည်လွတ်လပ်ရေး ရရှိပြီးသည့် အချိန်မှစ၍လည်း အဖိနှိပ်ခံပြည်သူများဘက်မှ အစဉ်တစိုက် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲရန် စတင်ချိန်မှစ၍ မြန်မာပြည်၌ တခုတည်းသော ပစ္စည်းမဲ့အလုပ်သမားလူတန်းစားပါတီ ဖြစ်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ၌ သာမန်ပါတီဝင်အဖြစ်မှ ဗဟိုကော်မတီဝင်ဖြစ်သည်အထိ ပါဝင်၍ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ကျွန်ုပ်သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပါတီဝင်တဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရသည်ကို အထူးပင် အားရကျေနပ်ခဲ့ပါသည်။ ဂုဏ်ယူမဆုံး ဖြစ်ခဲ့ရပါသည်။

လွတ်လပ်ရေးရရှိပြီး မရှေးမနှောင်း ၁၉၄၈ ခုနှစ် မတ်လ ၂၈ရက်နေ့ ဗမာပြည်ကွန်မြူနစ်ပါတီ စတင်၍ တောခိုရသည့်အချိန်တွင် ပါတီနှင့်အတူ တောခိုခဲ့ရပါသည်။ ဤကဲ့သို့ တောခိုခဲ့ကြရခြင်းနှင့် စပ်လျဉ်း၍ အဖြစ်မှန်နှင့် ကင်းကွာစွာ ဗမာပြည်ကွန်မြူစ်ပါတီအပေါ် မတရားစွပ်စွဲ ပုတ်ခတ်မှုများဖြင့် ဆန့်ကျင်ဘက်အင်အားစုများ (ဝါ) ဖိနှိပ်အုပ်ချုပ်သူများနှင့် ယင်းတို့၏ တဖက်သတ် ဝါဒဖြန့် စာနယ်ဇင်းများက ထိုးနှက်တိုက်ခိုက်ခြင်း ခံခဲ့ရပါသည်။

ယင်းကဲ့သို့ ထိုးနှက် တိုက်ခိုက်ခံရခြင်းများကို တုံ့ပြန်ရှင်းလင်းခွင့်များ မရရှိခဲ့သဖြင့် လည်း တဘက်သတ်စွပ်စွဲတိုက်ခိုက်ချက်များသည် အမှန်ဖြစ်ရပ်ဟု အများတကာ ထင်မှတ်မှားလျက် ရှိနေကြပါသည်။

ယင်းစွပ်စွဲတိုက်ခိုက်ချက်များသည် အမှန်မဟုတ်ကြောင်းနှင့် တကယ့်အဖြစ်မှန်များကို နောင် သမိုင်းမှတ်တမ်း ပြုစုကြရာတွင် အထောက်အထားဖြစ်စေရန်နှင့် အမှန်တရားကို ချစ်မြတ်နိုးသူများအတွက် အမှန်တရားကို သိရှိမှတ်သားနိုင်ကြစေရန် ကျွန်ုပ်၏ ဘဝ နေဝင်ချိန်မတိုင်မီ ရေးသားမှတ်တမ်း ပြုထားခဲ့ချင်ပါသည်။

ဤကဲ့သို့ မှတ်တမ်းပြုခဲ့ခြင်းအားဖြင့် ကျွန်ုပ်ချစ်မြတ်နိုးခဲ့သည့် ပါတီကို နောက်ဆုံးအကျိုးပြု တာဝန်ထမ်းဆောင်ခြင်းအဖြစ် ဂုဏ်ယူမိပါသည်။ ပါတီနှင့် ပါတီဝင်တရပ်လုံးနှင့် ပြည်သူလူထုအပေါင်းက နှစ်ထောင်းအားရ ရှိလိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါသည်။

၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုရခြင်းနှင့် စပ်လျဉ်း၍ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်ဖြစ်ခဲ့ဖူးသော ဦးသိန်းဖေမြင့်က ဗမာပြည်ကွန်မြူနစ်ပါတီသည် အိန္ဒိယကွန်မြူနစ်ပါတီ၏ အကြံပြုချက်အရ လက်နက်ကိုင်တော်လှန်ရေးကို လမ်းစဉ်အဖြစ် ချမှတ်ကာ တောခိုသွားကြခြင်း ဖြစ်သည်။ ယင်း

မှတ်တမ်းပြုခဲ့ခြင်းဖြစ်ပါတယ်

(ကျွန်ုပ်ကိုယ်တိုင် ရေးသားရန် ရည်ရွယ်ထားခဲ့သော်လည်း ရေးသားရန် အချိန်မရနိုင်တော့သည့် အတွက် ကျွန်ုပ်၏ ရဲဘော်ဟောင်း တစ်ဦးကို ရေးသားစေခဲ့ပြီး မှတ်တမ်းပြု ထားခဲ့ခြင်းဖြစ်ပါသည်။)



လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို ပါတီ၏ ပေါလစ်ဗျူရို အဖွဲ့ဝင်တဦးဖြစ်သူ ရဲဘော်ဂိုရှယ်က အိန္ဒိယမှ လက်ခံသယ်ယူလာခဲ့ခြင်း ဖြစ်သည်ဟု စာနှင့်ပေနှင့် ရေးသားခြင်း၊ ဟောပြောခြင်းများ ပြုခဲ့သည်။ ဦးသိန်းဖေမြင့်၏ ယင်း ရေးသားပြောကြားချက်များကို အတည်ယူ၍ အုပ်စိုးသူ အစဉ်အဆက်နှင့် ဝါဒဖြန့်စာနယ်ဇင်းများက ပုတ်ခတ်တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။ ဦးသိန်းဖေမြင့်သည် ပါတီ၏ ခေါင်းဆောင်တဦးဖြစ်ခဲ့ခြင်းကြောင့် ၎င်း၏ ပြောကြားချက်များ ရေးသားချက်များကို အမှန်ဟု ယူဆလက်ခံခဲ့ကြခြင်းများ ရှိနိုင်သလို တမင်သက်သက် ပုတ်ခတ် တိုက်ခိုက်ရန်အတွက် ဇွတ်မှိတ်အသုံးချခြင်းလည်း ဖြစ်နိုင်ပါသည်။ ဦးသိန်းဖေမြင့်သည်လည်း ယင်းအပေါ် နိုင်ငံရေးအမြင် သဘောထား မတူညီမှုကြောင့် စည်းရုံးရေးအရ ပါတီမှ ထုတ်ပယ်ခံရခြင်းကို မကျေမနပ်ဖြစ်ကာ ရေးသားပြောဆိုခြင်းလည်း ဖြစ်နိုင်သလို တဦးဦးက ပေးသည့် မမှန်သတင်းကို အမှန်ဟု ယူဆကာ ရိုးသားစွာ ရေးသားပြောဆိုခြင်းလည်း ဖြစ်နိုင်ပါသည်။

တကယ့်အဖြစ်မှန်မှာ အိန္ဒိယကွန်မြူနစ်ပါတီမှ ရဲဘော်ဂိုရှယ်နှင့်အတူ ဗမာပြည်ကွန်မြူနစ်ပါတီအား ပေးလိုက်သည့် စာမှာ ဗမာပြည်သည် ဗြိတိသျှ ကိုလိုနီ နယ်ချဲ့လက်အောက်မှ လွတ်လပ်ရေး ရရှိသည့် အချိန်တွင် ဖဆပလ သည် အာဏာရ လာခဲ့ပြီ။ ဒါကြောင့် ဖဆပလကို လူတန်းစား လက္ခဏာ ဖြတ်ရမည်။ ပါတီတရပ်၏ သေနင်္ဂဗျူဟာကို ချမှတ်ရာ၌ လူတန်းစားလက္ခဏာဖြတ်ရေးသည် အဓိက ကျသည်။ ဒါကြောင့် ဖဆပလ အစိုးရသည် ဓနရှင်လူတန်းစား အစိုးရဖြစ်သည်။ သို့သော် မည်သည့် ဓနရှင်လူတန်းစားဖြစ်သည်ကို ဗမာပြည် ကွန်မြူနစ် ပါတီအနေဖြင့် စဉ်းစားဆုံးဖြတ်ရန် လိုသည်။ ဖဆပလ အစိုးရသည် လက်ဝေခံဓနရှင်(Comprador Bourgeois) အဖြစ် သတ်မှတ်မလား၊ အမျိုးသားဓနရှင် (National Bourgeois) အဖြစ် သတ်မှတ်မလား (ထိုစဉ်အချိန်က ကမ္ဘာနှင့်ချီ၍ ဓနရှင်လူတန်းစားကို ဤကဲ့သို့သော လက္ခဏာ ၂ ရပ်ဖြင့် ခွဲခြားကြပါသည်။) ဒါကို ဗမာပြည်ကွန်မြူနစ်ပါတီအနေဖြင့် မိမိတို့ကိုယ်တိုင် စဉ်းစားဆုံးဖြတ်ပါ။ အကယ်၍ လက်ဝေခံဓနရှင် ဖြစ်တယ်ဟု ဆုံးဖြတ်လျှင် ဖဆပလကို ဆန့်ကျင်တိုက်ခိုက်ပါ။ ဘာကြောင့် ဆိုလက်ဝေခံ ဓနရှင်ဆိုတာ နယ်ချဲ့သမားနှင့် မပြန်တမ်း ပူးပေါင်းသွားခြင်းကြောင့် ဖြစ်တယ်။ အကယ်၍ အမျိုးသားဓနရှင် ဖြစ်တယ်ဟု ဆုံးဖြတ်လျှင် ဖဆပလ နှင့် ပူးပေါင်းဆောင်ရွက်ဖို့ ကြိုးစားပါ။ ဘာကြောင့်ဆို အမျိုးသားဓနရှင်ဆိုတာ နယ်ချဲ့ဆန့်ကျင်တဲ့ လက္ခဏာ ရှိတာကြောင့် ဖြစ်တယ်။ ဒီအချက်ကို ဗဟိုကော်မတီ အစည်းအဝေး၌ စဉ်းစားဆွေးနွေးနေကြသည်မှာ ၂၇ – ၃ – ၄၈ နေ့ ညနေအထိ ဆွေးနွေးမပြီး ဆုံးဖြတ်ချက် မချနိုင်သေးပါ။

ဒီအတောအတွင်း၌ ဝန်ကြီးချုပ် သခင်နု၊ ဗိုလ်လက်ျာတို့က ဗမာပြည်ကွန်မြူနစ်ပါတီ သခင်သန်းထွန်းနှင့် တွေ့ဆုံလိုကြောင်း ဗိုလ်အောင်ကြီးကတဆင့် ဆက်သွယ်ခဲ့ကြောင်း ဗိုလ်အောင်ကြီးရဲ့ ဆောင်းပါးများမှာ ပါခဲ့ပါတယ်။ ဗိုလ်အောင်ကြီးရဲ့ ကောက်ချက်က ကွန်မြူနစ်တွေဟာ တောခိုဖို့ စီစဉ်နေတာကြောင့် တွေ့ဆုံရေးကို အချိန်ဆွဲနေခဲ့တာလို့ စွပ်စွဲထားပါတယ်။ အမှန်မှာ အထက်က ဆိုခဲ့တဲ့ လက်ဝေခံဓနရှင်လား – တိုင်းရင်းသားဓနရှင်လား ဆုံးဖြတ်ချက် မကျသေးတာကြောင့် တွေ့ဆုံရေးကို အချိန်ဆွဲထားတာ ဖြစ်ပါတယ်။

၂၈– ၃– ၄၈ နေ့တွင် ဖဆပလ အစိုးရက တပြည်လုံးမှာ တပြိုင်နက်တည်း ဗမာပြည်ကွန်မြူနစ်ပါတီဝင်များ စတင်ဖမ်းဆီးပါတော့တယ်။ ဒါကိုလည်း ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ တာတေစနေသားစာအုပ်မှာ ဦးကျော်ငြိမ်းက ဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုက တောခိုပြီး လက်နက်ကိုင်တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ။ ကွန်မြူနစ် ပေါလစ်ဗျူရိုထဲမှာ ကျွန်တော့်လူ ရှိတယ်လို့ ပြောလာတာကြောင့် တပြည်လုံးဖမ်းဖို့ သဘောတူလိုက်တယ်လို့ ရေးထားတာ တွေ့ရပါတယ်။ နှစ်ပေါင်း ၅၀ ကြာတဲ့အထိ ဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရို အဖွဲ့ဝင်ထဲက တစုံတယောက်မျှ ဦးကျော်ငြိမ်းရဲ့ လူအဖြစ် မပေါ်ပေါက်ခဲ့ပါဘူး။ ထိုစဉ်က ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းရဲ့ အခြေခံအတွေးအခေါ်ဖြစ်တဲ့ တော်လှန်ရေးသန္ဓေသားကို အမွေးမခံရဘူး၊ ဖျက်ချပစ်ရမယ်ဆိုတဲ့ ယူဆချက်ကြောင့် တပြည်လုံးကို ဖမ်းဆီးစေခဲ့တာ ဖြစ်တယ်။ ဝန်ကြီးချုပ် ဦးနုရဲ့ သဘောတူညီချက်ကို မရ ရတဲ့နည်းနဲ့ ယူခဲ့တာ ဖြစ်တယ်။ (ဒီအကြောင်းကို ဦးသိန်းဖေမြင့် ရေးတဲ့ “ကျော်ငြိမ်း” စာအုပ်မှာ ပါပြီး ဖြစ်ပါတယ်။)

အဲဒီ မတ်လ ၂၈ ရက်နေ့ အဖမ်းအဆီးတွေ ခံရပြီးတဲ့နောက် ပေါလစ်ဗျူရိုတွေ လွတ်သွားကြတယ်။ အဲဒီနေ့မှာပဲ ပေါလစ်ဗျူရို (၃) ဦးဖြစ်တဲ့ သခင်သန်းထွန်း၊ သခင်ဗသိန်းတင်နှင့် ရဲဘော်ဂိုရှယ်တို့ (၃) ဦး အစည်းအဝေး ထိုင်ကြတယ်။ အဲဒီအစည်းအဝေးမှာ ရဲဘော်ဂိုရှယ်က ဖဆပလ အစိုးရက စတင် ရန်စလာပြီ။ ပါတီအနေနဲ့ မြေအောက် (Under Ground) ဆင်းပြီး အလုပ်သမားတွေ စည်းရုံးပြီး သပိတ်တွေ မှောက်စေကာ သပိတ်စုံ သူပုန်ထရမယ်လို့ တင်ပြတယ်။ သခင်သန်းထွန်းနဲ့ သခင်ဗသိန်းတင်က လယ်သမားထုကို စည်းရုံးပြီး တောရပ်ကို အခြေခံတဲ့ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲရမယ်လို့ တင်ပြကြတယ်။ ဒီနေရာမှာ အိန္ဒိယကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို ဂိုရှယ်က လက်ခံပြီး သယ်ဆောင်လာတယ်ဆိုတဲ့ ဦးသိန်းဖေမြင့်ရဲ့ ရေးသားပြောဆိုချက်ဟာ တက်တက်စင်အောင် လွဲမှားခဲ့တာဖြစ်ပါတယ်။ ဒီပေါလစ်ဗျူရို (၃) ဦးရဲ့ အစည်းအဝေးကပဲ ၂ မဲ ၁ မဲနဲ့ တောရပ်ကို အခြေခံလယ်သမားကို စည်းရုံးပြီး လက်နက်ကိုင်တော်လှန်ရေးလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ (ဒီအကြောင်းကို သခင်ဗသိန်းတင်က **Bertil Litner** ကို အတည်ပြုပြောကြားခဲ့ကြောင်း သူ့ရဲ့ **The Rise and Fall of Communist Party of Buma** စာအုပ်ထဲမှာ ရေးသားဖော်ပြထားပါတယ်။)

တောခိုသွားကြရတဲ့ အခါမှာလည်း ရဲဘော်ဂိုရှယ်က ကွန်မြူနစ်ကောင်းတယောက် ပီသစွာ သူက သဘောမတူသော်လည်း အများစုရဲ့ ဆုံးဖြတ်ချက်ကို လိုက်နာပြီး ပါတီနဲ့အတူ ပါသွားခဲ့တယ်။ တောတွင်း ရောက်တဲ့အထိ ပထမပိုင်းမှာ လယ်သမား လက်နက်ကိုင်တော်လှန်ရေး လုပ်တာကို သဘောမတူတဲ့အတွက် တာဝန်မှ ချထားပြီး အရေးယူတာကို ခံခဲ့ရတယ်။ ပေါလစ်ဗျူရို အဖွဲ့ဝင်ဘဝမှ တိုက်နယ်စည်းရုံးရေးမှူး တာဝန်သာ ထမ်းဆောင်ခဲ့ရတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် အိန္ဒိယ ကွန်မြူနစ်ပါတီက လက်နက်ကိုင်တော်လှန်ရေးလုပ်ဖို့ ညွှန်ကြားတာကို ရဲဘော်ဂိုရှယ်က လက်ခံယူလာပြီး ပေါလစ်ဗျူရိုက ဆုံးဖြတ်ပြီး တောခိုခဲ့တယ်ဆိုတဲ့ ဦးသိန်းဖေမြင့်နဲ့တကွ အုပ်စိုးသူအဆက်ဆက်တို့က စွပ်စွဲတိုက်ခိုက်ခဲ့တဲ့ အချက်ဟာ လုံးဝ မမှန်မကန်ပါဘူး။ ဖဆပလ အစိုးရက တပြည်လုံး ကွန်မြူနစ်ပါတီဝင်များကို ဖမ်းဆီးတာကြောင့် ပြန်လည်ခုခံတဲ့ လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲခဲ့ကြရတာ ဖြစ်တဲ့အမှန်တရားကို ကျွန်ုပ်အနေဖြင့် မှတ်တမ်းပြုထားခဲ့ပါသည်။

တောတွင်းရောက်ပြီး (၆) လမျှအကြာမှာ "တော်လှန်ရေး ၆ လ ခရီး"ဆိုတဲ့ မိန့်ခွန်းတခုထဲမှာ ဥက္ကဋ္ဌ သခင်သန်းထွန်းက "ကျွန်တော်တို့ဟာ လက်နက်ကိုင် တော်လှန်ရေး လုပ်ရမယ်ဆိုတာကို သတိမရကြပါဘူး။ ဖဆပလ အစိုးရက အပေါက်ကျဉ်းကလေးထဲက ကန်ထုတ်ပြီး မင်းတို့လက်နက်ကိုင် တော်လှန်ရေး လုပ်ကြတော့လို့ ခိုင်းတာနဲ့ ကျွန်တော်တို့ လက်နက်ကိုင်တော်လှန်ရေး လုပ်ရတော့တာပဲ" လို့ ပြောကြားခဲ့ပါတယ်။

အဲဒီလို ပြည်တွင်းစစ် စတင်ဖြစ်တဲ့အချိန်မှာပဲ ဖဆပလ ဗဟို ဦးစီးညီလာခံမှာ အမှုဆောင်အဖွဲ့က အစီရင်ခံရာမှာ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ကွန်မြူနစ်များ တောခိုသွားကြသည်ဟု ပါရှိရာ ဗဟိုဦးစီးအဖွဲ့ဝင် ပြည်သူ့ရဲဘော်ခေါင်းဆောင် ဗိုလ်အောင်ညွှန့်က ပြင်ဆင်ချက်တင်သွင်းရာမှာ တောခိုသွားကြသည်အစား တောခိုသွားရသည်ဟု ပြင်ဆင်ပေးရန် တင်ပြခဲ့ပါသည်။ သူတို့ဘာသာ တောခိုသွားကြခြင်းမဟုတ်ဘဲ ဖဆပလ အစိုးရက ဖမ်းဆီးခြင်းကြောင့် တောခိုသွားရခြင်းဖြစ်ကြောင်း တင်ပြခြင်း ဖြစ်ပါသည်။

ဤအထောက်အထား သက်သေပြချက်များဖြင့် ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့ရသော ပြည်တွင်းစစ်နှင့် ပတ်သက်၍ အဖြစ်မှန်များကို နောင်လာနောက်သားများနှင့် တိုင်းသူပြည်သားများ၊ သမိုင်းပညာရှင်များအနေဖြင့် အမှန်ကို အတည်ပြုရန်နှင့် အမှားကို ပယ်ဖျက်နိုင်စေရန် ကျွန်ုပ်အနေဖြင့် မှတ်တမ်းပြုစုခဲ့ခြင်း ဖြစ်ပါတယ်။

(ကျွန်ုပ်ကိုယ်တိုင် ရေးသားရန် ရည်ရွယ်ထားခဲ့သော်လည်း ရေးသားရန် အချိန် မရနိုင်တော့သည့်အတွက် ကျွန်ုပ်၏ ရဲဘော်ဟောင်းတဦးကို ရေးသားစေခဲ့၍ မှတ်တမ်းပြုထားခဲ့ခြင်း ဖြစ်ပါသည်။)

အုန်းမောင် (လေထီး)

# ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ နှစ် ၈၀ ပြည့်မြောက်တဲ့ နေ့ ထူးနေ့ မြတ်ကို အထိမ်းအမှတ်ပြုခြင်း

## (၁)
## ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်ပေါက်လာခြင်း

ဗမာပြည်ဟာ ၁၈၂၄၊ ၁၈၅၂နဲ့ ၁၈၈၅ ခုနှစ်တို့မှာ အင်္ဂလိပ်နဲ့ စစ် ၃ ကြိမ်ဖြစ်ပွားကာ စစ်ရှုံးနိမ့်ပြီး တပြည်လုံး အင်္ဂလိပ်ကျွန်ဘ၀ ကျရောက်သွားရတော့တယ်။ ဒါပေမဲ့ အမျိုးသားအသီးသီး ပြည်သူလူထုကြီးဟာ အနိုင်မခံ အရှုံးမပေးဘဲ အင်္ဂလိပ်နယ်ချဲ့သမားကို ရရာလက်နက်ကိုင်စွဲပြီး နည်းမျိုးစုံနဲ့ တိုက်ပွဲ၀င်ခဲ့ကြတယ်။

ဒီလိုနဲ့ ၁၉၃၈–၃၉ မှာ ၁၃၀၀ ပြည့်အရေးတော်ပုံလို့ ဗမာပြည်သမိုင်းမှာ ကျော်ကြားခဲ့တဲ့ တပြည်လုံးက အလုပ်သမား၊ လယ်သမား၊ ကျောင်းသားများ ပါ၀င်တဲ့ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့တယ်။ ဒါပေမဲ့ ဒီကြီးမားကျယ်ပြန့်တဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးဟာ နောက်ဆုံးမှာ ရှုံးနိမ့်သွားရတယ်။

ဒီအချိန်မှာ ရုရှားအောက်တိုဘာတော်လှန်ရေး အောင်ပွဲရဲ့ ရိုက်ခတ်မှုကြောင့် ဗမာပြည်တ၀န်းမှာ မာ့က်စ်လီနင်၀ါဒကို လေ့လာနေတဲ့ တို့ဗမာအစည်းအရုံးအဖွဲ့၀င် လေ့လာရေးအစုများ အနှံ့အပြား ပေါ်ပေါက်နေပြီဖြစ်ပါတယ်။ ဒီအစုတွေက ၁၃၀၀ ပြည့် အရေးတော်ပုံကြီး ရှုံးနိမ့်သွားရခြင်းဟာ မာ့က်စ်လီနင်၀ါဒ တော်လှန်ရေးသဘောတရား လက်နက်တပ်ဆင်ထားတဲ့ ကွန်မြူနစ်ပါတီတရပ်ရဲ့ ခေါင်းဆောင်မှု ကင်းမဲ့နေလို့ဆိုတဲ့ မှန်ကန်တဲ့ နိဂုံးချုပ်ချက်ကို ရရှိလိုက်ကြတယ်။ ဒါဟာ အတွဲ့ဘာ၀အခြေအနေဖြစ်တယ်။

အဲဒီကာလက တိုင်းပြည်ရဲ့ အခြေအနေကို ကြည့်လိုက်ပြန်တော့လည်း အမျိုးသားရေးနဲ့ လူတန်းစားတိုက်ပွဲများ ပြင်းထန်လာနေတဲ့ ရုပ်ဘ၀ အခြေအနေမျိုးဖြစ်တယ်။ အဲဒီရုပ်ဘ၀အခြေအနေနဲ့ အတွဲ့ဘာ၀ အခြေအနေ ၂ ရပ်ပေါင်းစပ်မိပြီး အထက်ဖော်ပြခဲ့တဲ့ မာ့က်စ်၊ လီနင်၀ါဒ လေ့လာရေးအစုများ ပေါင်းစည်းပြီး ၁၉၃၉ ခု၊ ဩဂုတ်လ ၁၅ ရက်နေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီကို သခင်အောင်ဆန်း၊ သခင်လှဖေ၊ သခင်ဗဟိန်း၊ သခင်ဗတင်၊ သခင်စိုး၊ သခင်ဗိုလ်၊ ဒေါက်တာနတ် စသူတို့က စတင်ထူထောင် ခဲ့ကြတယ်။ ဒါကြောင့် ဒီနှစ်ဟာ ပါတီ အနှစ် ၈၀ ပြည့်မြောက်တဲ့ နေ့ထူးနေ့မြတ်ဖြစ်တယ်။

ဒါကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီဟာ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲနဲ့ လူတန်းစားတိုက်ပွဲများ ပြင်းထန်လာနေတဲ့ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားလှုပ်ရှားမှုများအတွင်းမှ ရှေ့တန်းရောက်သူများနဲ့ တိုးတက်သူများဖြစ်တဲ့ မာ့က်စ်၀ါဒီများက သမိုင်းရေး လိုအပ်ချက်အရ ထူထောင်ခဲ့တာဖြစ်တယ်။ တနည်းပြောရရင် သမိုင်းရေး လိုအပ်ချက်အရ ပေါ်ထွက်လာခဲ့တာဖြစ်တယ်။ ပါတီဟာ ပေါ်ပေါက်လာကတည်းက မိမိရဲ့ သမိုင်းပေးတာ၀န်များအဖြစ် လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးဆိုပြီး တာ၀န်ကြီး ၃ ရပ်ကို ချမှတ်ထမ်းဆောင်ခဲ့တယ်။ လွတ်လပ်ရေးကိုလည်း အရယူဆွတ်ခူးနိုင်ခဲ့တယ်။

အခုအခါ ပါတီရဲ့ သက်တမ်းဟာ အနှစ် ၈၀ ပြည့်သွားပြီဖြစ်တယ်။ ဒါကြောင့် ပါတီဟာ ဗမာပြည်မှာ သက်တမ်းအရှည်ကြာဆုံး ၀ါအရင့်ဆုံး အတွေ့အကြုံ အကြွယ်၀ဆုံး ပါတီဖြစ်သလို အခက်အခဲ အကွေ့အကောက် အတက်အဆင်းအမျိုးမျိုးကို ကျော်နင်းဖြတ်သန်း

ခဲ့ရ ဖြတ်သန်းနေရဆဲလည်း ဖြစ်တယ်။ ဒီ ခက်ခဲကွေ့ကောက် ဂုဏ်ရောင်ပြောင်တဲ့ အနှစ် ၈၀ ခရီးကြမ်းကို အကြမ်းဖျင်းအားဖြင့် (၁) ၁၉၃၉ မှ ၁၉၄၅ ခုနှစ်အထိ မြေအောက်ကာလ ပထမပိုင်း (၂) ၁၉၄၅ မှ ၁၉၄၈ ခုနှစ်အထိ ဥပဒေတွင်း တရားဝင်ပါတီအဖြစ် ရပ်တည်ခဲ့တဲ့ ကာလ ဒုတိယပိုင်း (၃) ၁၉၄၈ မှ ယခုအထိ၊ ဒီမိုကရေစီရေးနဲ့ ဆိုရှယ်လစ်ရေး ခရီးစဉ်– တတိယပိုင်းဆိုပြီး ခွဲခြားနိုင်တယ်။ ဒီခရီးစဉ်များကို ကျွန်တော်တို့ ရဲဘော်များ အားလုံး မျိုးဆက်တဆက်ပြီးတဆက် ပခုံးပြောင်းခံယူလာခဲ့ကြတယ်။ ယခုအခါ ပါတီရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေး – ကွန်မြူနစ်လောကကို အကောင်အထည်ဖော်သွားရေးအတွက် အခက်အခဲများကို အန်တုရင်ဆိုင်ရင်း တလှမ်းပြီး တလှမ်း ချီတက်နေကြရတယ်။

## (၂)
## ပါတီကိုယုံကြည်ရမယ်၊ ပြည်သူကိုယုံကြည်ရမယ်

အထက်မှာဖော်ပြခဲ့တဲ့ ပါတီရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးရည်မှန်းချက် ပန်းတိုင်ကို လွတ်လပ်ရေး ရပြီးကတည်းက စတင်အကောင်အထည်ဖော်လာခဲ့ရာ ဒီနေ့အထိဆိုရင် အနှစ် ၇၀ ကျော်သွားခဲ့ပါပြီ။ ဒီလိုခက်ခဲ ရှည်ကြာတဲ့ ခရီးကြမ်းကြီးကိုစိုက်လိုက်မတ်တတ် အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် ကျွန်တော်တို့ဟာ "ပါတီကို ယုံကြည်၊ ပြည်သူကို ယုံကြည်" ဆိုတဲ့ အရင်းခံမူ ၂ ချက်ကို စိုက်ထူရပါလိမ့်မယ်။ အဲဒီအခြေခံ ၂ ချက် မရှိရင် ကျွန်တော်တို့ လျှောက်လှမ်းနေတဲ့ ခရီးကြမ်းရဲ့ တကွေ့ကွေ့မှာ တော်လှန်ရေး ခရီးကနေ လွင့်စင်သွားတာ သို့မဟုတ် သွေဖည်သွားတာ ဖြစ်တတ်ပါတယ်။ ဒါကို ကျွန်တော်တို့ လက်တွေ့က သင်ကြားပေးခဲ့ပါပြီ။

ကျွန်တော်တို့ အခု ဒီခရီးကြမ်းမှာ ပါတီအလံလွှင့်ထူ ချီတက်နေတဲ့ မျိုးဆက်ဟာ ပါတီရဲ့ တတိယမျိုးဆက်ပါ။ ဒီမျိုးဆက်ဟာ ၁၉၈၉ နယ်စပ်အရေးအခင်းလို့ခေါ်တဲ့ လူမျိုးစုလက်နက်ကိုင် အင်အားစုများ ပါတီအောက်ကခွဲထွက်တဲ့ ပြင်းထန်တဲ့ အရေးအခင်းနဲ့ ကြုံတွေ့ခဲ့ရသူတွေပါ။ ပါတီအဖို့လည်း သေရေးရှင်ရေးနဲ့ ရင်ဆိုင်လိုက်ရတာပါ။ အဲဒီ တိုင်းရင်းသားတော်လှန်ရေး အင်အားစု တော်တော်များများဟာ ပါတီရဲ့ ခေါင်းဆောင်မှုအောက်က ခွဲထွက်သွားကြတယ်။ နောက်မကြာခင်မှာ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲမှုနဲ့ အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများ အသွေးအရောင်ပြောင်းလဲသွားတဲ့ ကွန်မြူနစ်အရေးတော်ပုံကြီး ယာယီ ရှုံးနိမ့်မှုနဲ့ကြုံလိုက်ရပြန်တယ်။ ဒါပေမဲ့ ပါတီဟာ မိမိအလံကို ဆက်လွှင့်ပြီး မိမိရည်မှန်းချက် ပန်းတိုင်ဆီကို ဆက်လက်ချီတက်ဖို့ ပြင်ဆင်ခဲ့တယ်။ ဒီအခါ အရင်းရှင် အင်အားစုများက မာ့က်စ်ဝါဒဟာ အနာဂတ်မရှိတော့ဘူး၊ လူသားလူ့အဖွဲ့အစည်းရဲ့ နောက်ဆုံးရည်မှန်းချက်ဟာ လစ်ဘရယ်ဒီမိုကရေစီသာ ဖြစ်သယောင်ယောင် ဝါဒဖြန့်လာကြတယ်။ ဒီလိုပဲ ပါတီနဲ့ တော်လှန်ရေးထဲက လွင့်စင်သွားသူတချို့အပါအဝင် ဖောက်ပြန်တဲ့အင်အားစုများကလည်း ဗမာပြည်ကွန်မြူနစ်ပါတီ ပျက်သုဉ်းသွားသယောင်၊ မာ့က်စ်ဝါဒကို ဂန္ထဝင်ဖြစ်သွားသယောင်၊ ခေတ် မမီတော့သယောင် လေသံပစ်ကာ ဗမာပြည်လူငယ်ထုကို မှိုင်းတိုက်လာတယ်။ ဘယ်လိုပဲ မှိုင်းတိုက်နေနေ ဗမာပြည်လူငယ်ထုဟာ လူသားလူ့အဖွဲ့အစည်းရဲ့ သမိုင်းဦးတည်ချီတက်နေမှုကို မျက်ခြည်မပြတ်ခဲ့ပါဘူး။

ဗမာပြည်ကွန်မြူနစ်ပါတီ အပါအဝင် မာ့က်စ်ဝါဒကို လမ်းညွှန်အဖြစ်ထားတဲ့ နိုင်ငံတကာက အလုပ်သမားပါတီများနဲ့ ကွန်မြူနစ်ပါတီများဟာလည်း မာ့က်စ်ဝါဒကို အလုပ်လမ်းညွှန်အဖြစ်ထားကာ မိမိနိုင်ငံရဲ့ အခိုင်အမာလက်တွေ့နဲ့ ပေါင်းစပ်ကျင့်သုံးသွားရေးကိုသာ ပြဋ္ဌာန်းခဲ့ကြတာဖြစ်ပြီး ကျင့်သုံးမြဲကျင့်သုံးကြပါတယ်။ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမား လူတန်းစားရဲ့ သမိုင်းပေးတာဝန်ကို အကောင်အထည်ဖော်ဖို့ ဆက်လက်လုံးပန်းအားထုတ်မြဲ အားထုတ်နေပါတယ်။ ဘယ်ပါတီကမှ မာက်စ်ဝါဒကို ခေတ်မမီတော့ဘူး ဂန္ထဝင်ဖြစ်သွားပြီဆိုပြီး သမိုင်းထဲမှာ သိမ်းမပစ်လိုက်ပါဘူး။ ဒီနေ့ကာလ အရင်းရှင်နိုင်ငံများမှာ ကွန်မြူနစ်ပါတီ ၁၂၀ ကျော်နဲ့ အာဏာရပါတီအဖြစ် တရုတ်၊ ဗီယက်နမ်၊ ကျူးဘား၊ မြောက်ကိုရီးယားနဲ့ လာအို ၅ နိုင်ငံရှိနေလို့ ကမ္ဘာပေါ်မှာ ကွန်မြူနစ်ပါတီ ၁၃၀ နီးပါးရှိနေပြီး "၂၁ ရာစုဟာ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ပြန်လည်ဖွံ့ဖြိုး တိုးတက်လာတဲ့ ရာစုနှစ်ဖြစ်တယ်"ဆိုတာကို ကမ္ဘာ့အဝန်းအဝိုင်းအတွင်း အသိအမှတ်ပြုသူ များသထက်များလာ နေတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်မှာ မာ့က်စ်ရဲ့ အနှစ် ၂၀၀ ပြည့်အဖြစ် ကောင်းချီးထောမနာပြုတဲ့ အခမ်းအနားများနဲ့ "ကွန်မြူနစ်ပါတီ ကြေညာစာတမ်း" ၁၇၀ နှစ်မြောက် အခမ်းအနားများကို

ကမ္ဘာ့နေရာ အနှံ့အပြားမှာ ပြုလုပ်ခဲ့တယ်။ ဒါဟာ မာ့က်စ်ရဲ့ ဉာဏ်ပညာ ထက်မြက်မှုနဲ့ မာ့က်စ်ဝါဒ ခေတ်မီသက်ဝင် လှုပ်ရှားမြဲဖြစ်တာကို ဖော်ပြနေခြင်းပါပဲ။ ဒ့ါအပြင် ၂၀၁၇ တုန်းကလည်း အောက်တိုဘာ တော်လှန်ရေး ရာပြည့်အခမ်းအနားကို ကမ္ဘာ့ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီများက အကျယ်အပြန့် ကျင်းပခဲ့သေးတယ်။ ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီကလည်း ဗဟိုစည်းရုံးရေး ကော်မတီရဲ့ အာဘော်ဖြစ်တဲ့ "အရေးတော်ပုံ ဂျာနယ်" မှာ အချိန်ကာလအလိုက် အထက်ပါ နေ့ထူးနေ့မြတ်များကို အထိမ်းအမှတ်ပြုတဲ့ စာတမ်းတွေ တင်ပြပြီး မာ့က်စ်ဝါဒ သက်ဝင်လှုပ်ရှားနေမှုများကို ဗမာပြည်မှ မာ့က်စ်ဝါဒ စိတ်ဝင်စားနေတဲ့ မျိုးဆက်သစ်လူငယ်များအား မိတ်ဆက်ပေးခဲ့ပါတယ်။

တကယ်တော့ မာက့်စ်နဲ့ အိန်ဂယ်တို့ကလည်း သူတို့ရဲ့ သဘောတရားကို အလုပ်လမ်းညွှန်အဖြစ် ထားရေးကိုသာ တလျှောက်လုံး ပြောဆိုခဲ့တာပါ။ ဒါကြောင့်လည်း လီနင်ဝါဒတို့၊ မော်စီတုန်းအတွေးအခေါ်တို့ဟာ ခေတ်နဲ့ အခြေအနေရဲ့ တောင်းဆိုမှုအလိုက် လက်တွေ့ အတွင်းမှ ပေါ်လာခဲ့ရတယ်။ ဆက်လက်ပြီး နိုင်ငံတကာ လက်တွေ့များကနေ အလုပ်သမား ပါတီများနဲ့ ကွန်မြူနစ်ပါတီများအတွက် ခေတ်နဲ့ ဆီလျော်ကိုက် ညီမယ့် မာ့က်စ်၊ လီနင်ဝါဒနဲ့ မော်စီတုန်းအတွေးအခေါ်ကို ဆက်ခံတိုးချဲ့ထားတဲ့ တော်လှန်ရေးအတွေးအခေါ် အယူအဆတွေ ပေါ်လာလိမ့်ဦးမယ်လို့လည်း လက်ခံ ယုံကြည်တယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ မာ့က်စ်၊ လီနင်ဝါဒနဲ့ မော်စီတုန်းအတွေးအခေါ်ကို မိမိတို့ရဲ့ လမ်းညွှန်အတွေးအခေါ်အဖြစ် ဆက်လက် ဆုပ်ကိုင်မြဲဆုပ်ကိုင်ကာ မျိုးဆက်တဆက်မှ တဆက်သို့ လက်ဆင့်ကမ်းရင်း ပါတီရဲ့ သမိုင်းပေးတာဝန်များဖြစ်တဲ့ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေး တာဝန်များကို မမိုတ်မသုန် ထမ်းဆောင် အကောင်အထည် ဖော်သွားမှာ ဖြစ်ပါတယ်။ တချိန်တည်းမှာလည်း ဗမာပြည်မှာ မာ့က်စ်ဝါဒ ဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်ဆောင်ရွက်သွားမှာဖြစ်သလို မာ့က်စ်ဝါဒ ဖွံ့ဖြိုးတိုးတက်လာမှုကို တားဆီးပိတ်ဆို့ နှောင့်ယှက်နေသူများကိုလည်း တိုက်ဖျက်သွားမှာ ဖြစ်ပါတယ်။

## (၃)
## သမိုင်းပေးတာဝန်ကို
## ဆက်လက်ကြိုးပမ်းအားထုတ်သွားရေး

ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်ထွက်လာကတည်းက မိမိရဲ့ သမိုင်းပေးတာဝန်ဖြစ်တဲ့ တိုင်းပြည်လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနဲ့ ဆိုရှယ်လစ်ရေးဆိုတဲ့ လုပ်ငန်းတာဝန်များကို စိုက်လိုက်မတ်တတ် ထမ်းဆောင်လာခဲ့ရာ မျက်မှောက်ကာလမှာ တိုင်းပြည်လွတ်လပ်ရေးမှအပ ကျန်တာဝန် ၂ ရပ်ကို အကောင်အထည် မဖော်နိုင်သေးပါဘူး။ ဒီသမိုင်းပေးတာဝန် ၂ ရပ်ကို အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရေစီရေးနဲ့ ဆိုရှယ်လစ်ရေး တာဝန်များကို အဓိကအတားအဆီးဖြစ်တဲ့ စစ်အာဏာရှင်စနစ် (စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီ ယန္တရားဆိုတဲ့ စစ် ၃ စစ်) ကို အကုန်အစင် တိုက်ဖျက်သွားရပါလိမ့်မယ်။ ဒီလိုတိုက်ဖျက်သွားနိုင်ဖို့ဆိုရင် ကျွန်တော်တို့ ပါတီဟာ မိမိပါတီဝင်များရဲ့ ပါတီစိတ်ဓာတ်ကို မြှင့်တင်ပေးရပါလိမ့်မယ်။

ဒီနေရာမှာ ပါတီစိတ်ဓာတ် ဆိုတာဘာလဲ။ ပါတီစိတ်ဓာတ်ဆိုတာ နိုင်ငံရေးပါတီရဲ့ လူတန်းစားလက္ခဏာ သို့မဟုတ် အရေးပါတဲ့ ဂုဏ်သတ္တိတို့ကို ဆိုလိုပါတယ်။ နိုင်ငံရေးပါတီ တခုရဲ့ ပါတီလက္ခဏာဆိုတာ အဲဒီပါတီရဲ့ မွေးရာပါ လူတန်းစားလက္ခဏာရဲ့ အမြင့်ဆုံးနဲ့ အပေါ်လွင်ဆုံး စုစည်းဖော်ပြချက်တို့ကို ဆိုလိုခြင်းဖြစ်တယ်။ မျက်မှောက်ကမ္ဘာကြီးမှာ မတူတဲ့လူတန်းစားတွေဟာ လက္ခဏာမတူတဲ့ နိုင်ငံရေး ပါတီတွေကို ထူထောင်ထားကြတယ်။ ဒါကြောင့် လက္ခဏာမတူတဲ့ ပါတီတွေမှာ မတူတဲ့ စိတ်ဓာတ်တွေ ရှိကြတယ်။ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ လက္ခဏာနဲ့ ဂုဏ်သတ္တိတို့ဟာ ပစ္စည်းမဲ့(အလုပ်သမား)လူတန်းစားကို အခြေခံတာဖြစ်တဲ့အတွက် တခြား အလုပ်သမားလူတန်းစား နိုင်ငံရေးပါတီမဟုတ်တဲ့ ပါတီအားလုံးနဲ့ လက္ခဏာမတူကွဲပြားတယ်။ ဆိုလိုတာက မာ့က်စ်ဝါဒ နိုင်ငံရေးပါတီရဲ့ ပါတီဝင်တွေနဲ့ ဒီအင်အားစုတွေရဲ့ ရှေ့တန်းရောက်မှုနဲ့ ကိုယ်ကျိုးမဖက်မှုတွေက ပါတီရဲ့ ဂုဏ်သတ္တိနဲ့ စိတ်ဓာတ်တို့ကို အပေါ်လွင်ဆုံး စုစည်း ဖော်ပြတယ်။ တိုးတက်မှုနဲ့ ကိုယ်ကျိုးကင်းစင်မှုတို့ဟာ မာ့က်စ်ဝါဒ နိုင်ငံရေး ပါတီရဲ့ လက္ခဏာနဲ့ ဂုဏ်သတ္တိဖြစ်တယ်။ သမိုင်းကို ပြန်လည်ငဲ့ စောင်း ကြည့်လိုက်ရင်လည်း ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပါတီဝင်တွေနဲ့ ပါတီအင်အားစုတွေဟာ အင်္ဂလိပ်ကိုလိုနီ နယ်ချဲ့ဆန့်ကျင်ရေး၊ ဂျပန်ဖက်ဆစ်တိုက်ဖျက်ရေးနဲ့ လွတ်လပ်ရေး ဒီဘက်ခေတ်

လက်ယာဖဆဆိုရှယ်အစိုးရနဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်တိုက်ဖျက်ရေး စစ်မျက်နှာအရပ်ရပ်မှာ ရှေ့ဆုံးတန်းက တက်တက်ကြွကြွ ပါဝင်ခဲ့ကြတာကို အထင်အရှား တွေ့နိုင်ပါတယ်။ ဒါကြောင့် အခုကျွန်တော်တို့ဟာ ပါတီဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းတွင် ဖော်ပြထားသော ပါတီဝင်ဝတ္တရား ၉ ရပ်ကို ပြန်လည် လေ့လာခြင်းအားဖြင့် မိမိတို့ရဲ့ တော်လှန်ရေး တက်ကြွမှုကို ပြန်လည်စစ်ဆေးသင့်ပါတယ်။ ဒါဟာ မိမိတို့ရဲ့ တိုးတက်မှုတွေ တက်ကြွမှုတွေ ကိုယ်ကျိုးစွန့်လွှတ်မှုတွေကို ထိခိုက်သွားစေတဲ့ ချည့်နဲ့သွားစေတဲ့ ပြဿနာတွေအားလုံးနဲ့ တိုက်ပွဲဆင်ခြင်းဖြစ်တယ်ဆိုတာ လေးနက်ကြရပါလိမ့်မယ်။

ဒီနေရာမှာ ကျွန်တော်တို့ ပါတီဟာ ဘာကြောင့်ဒီလို စွန့်လွှတ်တိုက်ပွဲဝင်ခဲ့ကြတာလဲဆိုတာ ဦးစွာရှင်းလင်းသိမြင်ကြဖို့လည်း လိုပါတယ်။ “ကျွန်တော်တို့ပါတီသည် ပါတီရဲ့ အဆင့်နေရာ သက်သက်အတွက် အသက်စွန့်ကြိုးပမ်း တိုက်ခိုက်နေကြခြင်း မဟုတ်။ ကျွန်တော်တို့ ချစ်မြတ်နိုးသော တိုင်းပြည်ကို အရှေ့တောင်အာရှ လူမမာကြီးအဖြစ်မှ ကယ်တင်ကာ ထိုက်ထိုက်တန်တန် ရှိသင့်သော၊ ပြည်သူတို့ ချမ်းသာဝပြောသော အဆင့်နေရာသို့ရောက်အောင် တိုက်နေခြင်းဖြစ်သည်” လို့ ပါတီဗဟိုရဲ့ အစီရင်ခံစာတစောင်မှာ ဖော်ပြခဲ့ပြီး ဖြစ်တယ်။

အဲဒီလို တိုက်ပွဲဝင်ရာမှာ ဘယ်လောက်ကြီးမားတဲ့ အခက်အခဲ အကြွေ့အကောက် အကျပ်အတည်းများနဲ့ ရင်ဆိုင်ရပါစေ တနိုင်ငံလုံးရှိ တိုင်းရင်းသား ပြည်သူများကို အကျယ်ပြန့်ဆုံးစည်းရုံးကာ တိုက်ပွဲဝင်သွားနိုင်ပါက အောင်ပွဲရနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် တိုင်းရင်းသား ပြည်သူလူထုတရပ်လုံးကို စည်းရုံးတိုက်ပွဲဝင်သွားကြရမယ်။ အဲဒီလို စည်းရုံး တိုက်ပွဲဝင်ရာမှာ ပါတီရဲ့ လူတန်းစားလမ်းစဉ်အပေါ် အခြေခံပြီး အကျယ်အပြန့် စည်းရုံးသွားရန် လိုအပ်ပါလိမ့်မယ်။ ဒါမှသာ ရန်သူဟာ အထီးကျန်ဖြစ်ပြီး မိမိတို့တော်လှန်ရေး အင်အားစုဘက်မှာ သာလွန်တဲ့အင်အားကို စုစည်းသွားနိုင်ပါလိမ့်မယ်။

(၄)

စည်းလုံးညီညွတ်ရေးကို

မျက်လုံးအိမ်သဖွယ်ကာကွယ်

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဗမာပြည်ရဲ့ ဒီမိုကရေစီရေးနဲ့ ဆိုရှယ်လစ်ရေး သမိုင်းပေးတာဝန်များကို ကုန်စင်အောင် ထမ်းဆောင်သွားနိုင်ရေး သမိုင်းပေး လိုအပ်ချက်ကြောင့် ပေါ်ပေါက်လာတာ ဖြစ်တယ်။ အထက်တနေရာမှာ တင်ပြခဲ့သလို ပါတီဟာ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားလူပ်ရှားမှုများအတွင်းက ပေါ်ပေါက်လာတာဖြစ်လို့ အမှန်တကယ်ပဲ မတူတဲ့ လူတန်းစား၊ လူ့အလွှာအသီးသီးမှ ဆင်းသက်လာသူများ ပေါင်းစည်းထားတာ ဖြစ်တယ်ဆိုတာ အသိအမှတ်ပြုရပါလိမ့်မယ်။ ဓမ္မတာအတိုင်းပဲ မတူတဲ့လူတန်းစား လူ့အလွှာ အသီးသီးက ဆင်းသက်လာလို့ မတူတဲ့ အတွေးအခေါ် အမြင်အယူအဆတွေလည်း ကပ်ငြိနေမှာ မုချပါပဲ။ ဒါကြောင့် ပါတီဝင်များဟာ “ဗမာပြည် ကွန်မြူနစ်ပါတီ၏ အထွေထွေလုပ်ငန်းစဉ်” “ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်း” တို့ကို အကြိမ်ကြိမ်အဖန်ဖန် ဖတ်ရှုလေ့လာကာ မိမိရဲ့အတွေးအခေါ် လုပ်ဟန်လှုပ်ရှားမှုများ တညီတညာတည်းဖြစ်အောင် ဆက်လက် တည်ဆောက်ကြရပါလိမ့် မယ်။

ဒီနေရာမှာ ပါတီရဲ့ခက်ခဲကြမ်းတမ်းလှတဲ့ အနှစ် ၈၀ ခရီးကို ပါတီအလံတော်အောက်မှာ ကြံ့ကြံ့ခိုင်ခိုင်လိုက်ပါ တိုက်ပွဲဝင်ရင်း ကွယ်လွန်သွားကြပြီဖြစ်တဲ့ ကျွန်တော်တို့ ရှေ့က မျိုးဆက်အသီးသီးမှ အဆင့်ဆင့်ခေါင်းဆောင်များ၊ ပါတီဝင်ကေဒါများ၊ ရဲဘော်များထံက အတုယူ လေ့လာရေးကို တင်ပြလိုပါတယ်။ သူတို့အားလုံးဟာ အမှန်တကယ်ပဲ ကျယ်ပြောလှတဲ့ ဗမာပြည်ဒေသအသီးသီး၊ မတူတဲ့လူမျိုး၊ မတူတဲ့ လူတန်းစား လူ့အလွှာ အသီးသီးက ဆင်းသက်လာပြီး မတူတဲ့ဖြတ်သန်းမှုများအရ မတူတဲ့ တွေးခေါ်စဉ်းစားမှု အမြင်အယူအဆများ ရှိခဲ့ကြမှာ မလွဲပါ။ သူတို့အားလုံးဟာ “ပါတီကို ယုံကြည်၊ ပြည်သူကိုယုံကြည်” ဆိုတဲ့ အရင်းခံမူ ၂ ရပ်ကိုစိုက်ထူရင်း၊ ပါတီရဲ့ စည်းရုံးရေးမူဖြစ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းမှာ ဖော်ပြထားတဲ့ (၁) တဦးချင်းက ပါတီအဖွဲ့အစည်းကို နာခံ (၂) အနည်းစုက အများစုကို နာခံ (၃) အောက်အဖွဲ့အစည်းက အထက်အဖွဲ့အစည်းကို နာခံ (၄) တပါတီလုံးက ပါတီဗဟိုကိုနာခံဆိုတဲ့ “ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှု မူ ၄ ရပ်” ဖြစ်တဲ့ “သံမဏိစည်းကမ်း ၄ ရပ်” ကို ဆုပ်ကိုင်ကာ ပါတီရဲ့ စည်းလုံးညီညွတ်ရေးကို မျက်လုံးအိမ်သဖွယ် စောင့်ထိန်းရင်း ရာသက်ပန် တော်လှန်ရေးသမားဘဝ ခံယူလုပ်ဆောင်သွားခဲ့ကြပါပြီ။

ကျွန်တော်တို့မျိုးဆက်ဟာ ကွယ် လွန်သွားကြပြီဖြစ်တဲ့ အဆက်ဆက်သော ပါတီမျိုးဆက် ခေါင်းဆောင်များ၊ ပါတီဝင် ကေဒါများ၊ ရဲဘော်များကို အတုယူလေ့လာကာ ရှေ့မျိုးဆက်များက လက်ဆင့်ကမ်းခဲ့တဲ့ ပါတီအလံတော်ကို အထွေထွေအတွင်းရေးမှူး ရဲဘော်ထွန်းဆက် ရှေ့ဆောင်တဲ့ ဗဟိုစည်းရုံးရေးကော်မတီရဲ့ ပတ်ပတ်လည်လည် မှာ သိပ်သိပ်သည်းသည်း ဝန်းရံပြီး၊ ပါတီရဲ့ စည်းလုံးညီညွတ်မှုကို မျက်လုံးအိမ်သဖွယ် ကာကွယ်ထိန်းသိမ်းကာ၊ မပြီးဆုံးသေးတဲ့ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေး တာဝန်များ အကောင်အထည် ပေါ်လာသည်အထိ၊ ပါတီအလံတော်ကို ဗမာပြည်တဝန်း လွှင့်ထူနိုင်ရေး စည်းလုံးညီညွတ်စွာ ချီတက်သွားကြပါစို့။

မာ့က်စ်လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် အစွန့်ရှည်ပါစေ။

ဗမာပြည်ကွန်မြူနစ်ပါတီ အစွန့်ရှည်ပါစေ။ ဗမာပြည် ဒီမိုကရေစီရေးနဲ့ ဆိုရှယ်လစ်ရေး အရေးတော်ပုံမုချအောင်ရမယ်။

၁၃ ရက်၊ ဩဂုတ်၊ ၂၀၁၉။
မှတ်ချက် – အပိုင်း (၁) ပါတီပေါ်ပေါက်လာခြင်းကို ဥက္ကဋ္ဌရဲ့ အနှစ် ၅၀ ပါတီနေ့ မိန့်ခွန်းကို မှီငြမ်းပါတယ်။

**ကျွန်တော်တို့ပါတီသည် ပါတီရဲ့ အဆင့်နေရာ သက်သက်အတွက် အသက်စွန့်ကြိုးပမ်း တိုက်ခိုက်နေကြခြင်း မဟုတ်။ ကျွန်တော်တို့ ချစ်မြတ်နိုးသော တိုင်းပြည်ကို အရှေ့တောင်အာရှ လူမမာကြီးအဖြစ်မှ ကယ်တင်ကာ  ထိုက်ထိုက်တန်တန် ရှိသင့်သော၊ ပြည်သူတို့ ချမ်းသာဝပြောသော အဆင့်နေရာသို့ရောက်အောင် တိုက်နေခြင်းဖြစ်သည်**

# အဖိနှိပ်ခံများ စည်းလုံးညီညွတ်ရေး

စစ်အာဏာရှင်စနစ်အောက်မှာ လူမျိုးပေါင်းစုံပြည်သူတရပ်လုံးဟာ အဖိနှိပ်ခံရသူတွေဖြစ်တယ်၊ ဒီအဖိနှိပ်ခံတွေကို ကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ သမဂ္ဂတွေစသည်ဖြင့် အများအပြား ရှိပါတယ်။ ဒီအင်အားစုအားလုံးဟာ ဘ၀အရစစ်အုပ်စုနဲ့ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ စစ်အုပ်စုက ဖိနှိပ်သူ၊ စိုးမိုးသူဖြစ်နေလို့ ပါပဲ၊ စစ်အုပ်စုနဲ့ ဘ၀အရဆန့်ကျင်ဘက်ဖြစ်နေတဲ့ အင်အားစုအားလုံး စစ်အာဏာရှင်စနစ်ကို မလိုလား၊လက်မခံဘဲဆန့်ကျင်ကြပါတယ်။ တော်လှန်တိုက်ခိုက်ကြပါတယ်။ ဒါဟာ ဗမာပြည်ရဲ့ နိုင်ငံရေး ပဋိပက္ခများအနက် အဓိကကျတဲ့ ပဋိပက္ခပဲ ဖြစ်ပါတယ်၊

စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်နေတဲ့ အင်အားစုမှာ တပြည်လုံးလက္ခဏာဆောင်တဲ့ အင်အားစုနဲ့ ဒေသန္တရလက္ခဏာဆောင်တဲ့အင်အားစုဆိုတာရှိနေပါတယ်။ လူမျိုးစုအမည်နဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံရေးအင်အားစုတွေဟာ ဒေသန္တရလက္ခဏာ ဆောင်လေ့ရှိပါတယ်။

ဒ့ါအပြင်တချို့အင်အားစုဟာ ဥပဒေတွင်း အင်အားစုတွေ ဖြစ်ပြီး တချို့အင်အားစုတွေဟာ ဥပဒေပအင်အားစုတွေ ဖြစ်နေပါတယ်။ တချို့က လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲနေပါတယ်။ တချို့က မြေအောက်အင်အားစုတွေ ဖြစ်နေပါတယ်။

အဖိနှိပ်ခံဘ၀တူနေပေမယ့်လက္ခဏာ၊ အခြေအနေ၊ အနေအထား၊ ပြောဆိုတဲ့ ဘာသာစကား၊ ဓလေ့၊ အကျင့်စရိုက်ကွဲပြားတာကြောင့် အမြင်တွေ တထပ်တည်းမကျဘဲ ကွဲပြားတတ်ပါတယ်။ ဒါကြောင့် အဖိနှိပ်ခံအချင်းချင်းမှာလည်း ပဋိပက္ခရှိတတ်ပါတယ်။

အဖိနှိပ်ခံအချင်းချင်း ပဋိပက္ခကို ဖိနှိပ်အုပ်စိုးသူ စစ်အုပ်စုက ချက်ကောင်းယူပြီး အဖိနှိပ်ခံတွေ အကွဲကွဲအပြားပြားဖြစ်အောင် လုပ်ကာ ချေမှုန်းလေ့ရှိတာ အမြဲတမ်းတွေ့နေရတာပါပဲ။

ဥပဒေတွင်းအင်အားစုနဲ့ ဥပဒေပအင်အားစုတွေ မချိတ်ဆက်မိအောင် လုပ်ထားပါတယ်။ လွှတ်တော်တွင်းနဲ့ လွှတ်တော်ပအင်အားစုတွေမချိတ်ဆက်မိအောင်လုပ်ထားပါတယ်။ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးကိစ္စမှာ တကွဲတပြားစီဖြစ်အောင် လုပ်ထားတဲ့အပြင် ကာချုပ်မှူ (၆) ချက်နဲ့ အပစ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းအားလုံး ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်အောင် လုပ်ထားတာ ဖြစ်တယ်။

အပစ်အခတ်ရပ်စဲရေးကို တချို့အဖွဲ့အစည်းတွေနဲ့လုပ်ပြီး ထိန်းထားကာ အပစ်အခတ်ရပ်စဲရေးမလုပ်တဲ့ အဖွဲ့အစည်းတွေကို တခုချင်းကွက်ပြီး ဝိုင်းပတ်ချေမှုန်းတာမျိုးတွေကို စစ်အုပ်စုက လုပ်နေတယ်။ တချို့အဖွဲ့အစည်းတွေဟာ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်းမှာ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ သင်းကွပ်ခံရပြီး လုံးပါးပါးသွားပါတယ်။

ဒါကြောင့် ပြည်သူလူထုဘက်က ရပ်တည်တဲ့ အဖိနှိပ်ခံနေရတဲ့ အင်အားစုအသီးသီးဟာ ကိုယ့်လှုပ်ရှားမှုကို ပြန်လည် စစ်ဆေးသုံးသပ်ပြီး ရှေ့ခရီးကို ပန်းတိုင်အရောက် ဘယ်ခြေလှမ်းနဲ့ လှမ်းမယ်၊ ဟန်ချက်ညီညီ ဘယ်လိုလုပ်ကြမယ်ဆိုတာကို အမြော်အမြင်ရှိရှိ စဉ်းစားဖို့ လိုပါတယ်။

ဒီကနေ့ အဖိနှိပ်ခံအင်အားစုအားလုံးရဲ့ ဦးတည်ပန်းတိုင်ဟာ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ဒီမိုကရေစီအခွင့်အရေးနဲ့ ငြိမ်းချမ်းရေးရရှိရေး၊ တန်းတူရေးနဲ့ စည်းလုံးညီညွတ်စွာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးတို့ဖြစ်ရမှာဖြစ်ပါတယ်။ ဒီအပေါ်မှာ အင်အားစုအသီးသီးဟာ အခြေခံအားဖြင့်တူညီဖို့လိုပါတယ်။

အကြောင်းကတော့ စစ်အာဏာရှင်စနစ်ကို မဖျက်သိမ်းနိုင်ရင် ဒီမိုကရေစီအခွင့်အရေးနဲ့ ငြိမ်းချမ်းရေးမရနိုင်ကြောင်း၊ တန်းတူရေးနဲ့ စည်းလုံးညီညွတ်စွာ ကိုယ့်ကြမ္မာကိုယ်မဖန်တီးနိုင်ကြောင်း၊

စစ်မှန်ကြံ့ခိုင်တဲ့ ပြည်ထောင်စုကို မထူထောင်နိုင်ကြောင်းကို ပြည်တွင်းစစ်နှစ် (၇၀) ကျော် သမိုင်းက သက်သေထူခဲ့ပြီးဖြစ်လို့ပါပဲ၊

တပြည်လုံး အတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေးနဲ့ အားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပေါ်ပေါက်ရေးဟာ ယခု အခြေအနေအရ အလားအလာ မကောင်းပါဘူး။ ဒါကြောင့် စစ်အာဏာရှင်ကို မလိုလားတဲ့အင်အားစုအားလုံးဟာ တပြည်လုံး အတိုင်းအတာအရ အပစ်အခတ်ရပ်စဲရေး။ အားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပေါ်ပေါက်လာအောင် စည်းလုံးညီညွတ်စွာနဲ့ တဆင့်တိုးတောင်းဆိုလှုပ်ရှားသင့်တယ်။ ဒီတောင်းဆိုလှုပ်ရှားမှုဟာ ဥပဒေတွင်းအင်အားစု၊ ဥပဒေပအင်အားစု၊ လွှတ်တော်တွင်းအင်အားစု၊ လွှတ်တော်ပအင်အားစု၊ အပစ်အခတ်ရပ်စဲထားတဲ့ အင်အားစု၊ အပစ်အခတ်မရပ်သေးတဲ့အင်အားစု၊ NCA စာချုပ်လက်မှတ်ထိုးတဲ့အင်အားစု၊ လက်မှတ်မထိုးတဲ့အင်အားစု စတဲ့ အင်အားစုအားလုံး တညီတညွတ်တည်း တောင်းဆိုပါဝင် လှုပ်ရှားနိုင်ပါတယ်။ ဒီလှုပ်ရှားမှုနဲ့ ဒီအင်အားစုတွေဟာ တဦးနဲ့တဦး ချိတ်ဆက်မိတာ၊ တဦးနဲ့တဦး စာနာထောက်ထားတာကို လက်တွေ့ပြတာ ဖြစ်တယ်။ ဒီနည်းနဲ့ အင်အားစုများ တက်ညီလက်ညီနဲ့ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်နိုင်ရမှာ ဖြစ်ပါတယ်။

စစ်အာဏာရှစ်စနစ်ကို ဆန့်ကျင်တဲ့ အင်အားစုအချင်းချင်း ပဋိပက္ခဖြစ်နေတာတွေကို တဦးနဲ့တဦး အပြန်အလှန်လေးလေးစားစား အသိအမှတ်ပြုကြပြီး တန်းတူရည်တူ သဘောထားပြီး စိတ်ရှည်လက်ရှည် ငြိမ်းချမ်းစွာဆွေးနွေးဖြေရှင်းသင့်တယ်။ စည်းရုံးရေးနယ်မြေ အငြင်းပွားမှုဆိုရင် ပူးတွဲကော်မတီတရပ်ဖွဲ့ပြီး အငြင်းပွားနယ်မြေတွေကို ပူးတွဲစည်းရုံးရေးဆင်းတာမျိုး လုပ်ခြင်းဖြင့် စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ပြီး တန်းတူရေးကို လက်တွေ့ကျင့်သုံးတာ ဖြစ်ပါလိမ့်မယ်၊

အကြောင်းအမျိုးမျိုးကြောင့် ကွဲထွက်သွားတဲ့ အဖွဲ့အစည်းတွေဆိုရင်လည်း တဦးကိုတဦး ထိပ်တိုက်ရင်ဆိုင်တာကို ရှောင်ရှားကာ တဦးကိုတဦး လေးလေးစားစား အပြန်အလှန် အသိအမှတ်ပြုပြီး တန်းတူရည်တူလက်တွဲကာ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးကိုဦးတည်ရမှာဖြစ်တယ်။

စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တဲ့ အင်အားစုတွေ ညီညွတ်ရေးတပ်ပေါင်းစုတရပ် တည်ဆောက်သင့်ပါတယ်။ ဒီညီညွတ်ရေးတပ်ပေါင်းစုမှာ ဒီမိုကရေစီထွန်းကားစေရမယ်။ တန်းတူရည်တူရှိရမယ်။ ကိုယ့်ဘာသာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်လည်းရှိ၊ အားလုံးနဲ့ စည်းလုံးညီညွတ်တဲ့ အခြေအနေလည်းရှိတဲ့ တပ်ပေါင်းစုမျိုး ဖြစ်ရမှာ ဖြစ်ပါတယ်။

ဒီလိုညီညွတ်ရေးတပ်ပေါင်းစုဟာ စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ရာမှာ လူမျိုးပေါင်းစုံပြည်သူလူထုတရပ်လုံး တခဲနက်ပါဝင်လာနိုင်အောင် စည်းရုံးနိုင်စွမ်းရှိပါလိမ့်မယ်။ လူထုအုံကြွမှုဖြစ်ပေါ်ပေါက်ကွဲလာရင်လည်း ဒီတပ်ပေါင်းစုဟာ မှန်ကန်တဲ့ လမ်းကြောင်းနဲ့ လူထုကြီးကို အောင်ပွဲပန်းတိုင်ရောက်အောင် ရှေ့ဆောင်သွားနိုင်ပါလိမ့်မယ်။

**ပြည်သူလူထုဘက်က ရပ်တည်တဲ့ အဖိနှိပ်ခံနေရတဲ့ အင်အားစုအသီးသီးဟာ ကိုယ့်လှုပ်ရှားမှုကို ပြန်လည်စစ်ဆေးသုံးသပ်ပြီး ရှေ့ခရီးကို ပန်းတိုင်အရောက် ဘယ်ခြေလှမ်းနဲ့လှမ်းမယ်၊ ဟန်ချက်ညီညီ ဘယ်လိုလုပ်ကြမယ်ဆိုတာကို အမြော်အမြင်ရှိရှိ စဉ်းစားဖို့ လိုပါတယ်**

# ပျားရည်ကဲ့သို့အစဉ်ချိုမြိန်တဲ့ငြိမ်းချမ်းရေး

“*ငြိမ်းချမ်းရေးသည် ပျားရည်ကဲ့သို့အစဉ်၊ တမာပင် သရက်ပင်၊ ဘာပင်ပဲစွဲစွဲ ချိုမြဲအရသာ မစွန့်သည်သာပင်*” (ဆရာမြို့မငြိမ်း)။

ဗမာပြည်ပြည်သူတွေဟာ သူတို့ရဲ့ အသက်သွေးချွေးတွေ စတေးပြီးရခဲ့တဲ့ လွတ်လပ်ရေးဆိုတာကိုရပြီးကတည်းက ငြိမ်းချမ်းရေးကို နေလို၊ လလို တောင့်တခဲ့ကြတာ အခုဆိုရင် နှစ်ပေါင်း ၇၀ တောင် ကျော်သွားခဲ့ပါပြီ။ ဒါပေမဲ့ အခုအခါမှာတော့ သာမန်လူထုတွေအနေနဲ့ *ငြိမ်းချမ်းရေး* ဆိုတဲ့ အသံကိုကြားရင် ဘယ်သူက ပြောတယ်၊ ဘာရည် ရွယ်ချက်နဲ့ပြောတယ်၊ ဘာအဓိပ္ပာယ်လဲလို့ တွေဝေ စဉ်းစားရတာတွေ ဖြစ်နေပါတယ်။

အထက်က စာသားတွေပါတဲ့ ငြိမ်းချမ်းရေးသီချင်းကို ရေးမိတဲ့ အတွက် ဆရာမြို့မငြိမ်းခမျာ အဲဒီတုန်းက ပြည်ထဲရေး ဝန်ကြီး ဆိုသူက ကြိမ်းမောင်းတာ ခံရတယ်လို့ ကြားရဖူးပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း ငြိမ်းချမ်းရေးကို လိုလားတောင့်တတဲ့ ပြည်သူလူထုကြီးရဲ့ အာသာဆန္ဒကို ထင်ဟပ်မိတဲ့ စာပေအနုပညာရှင်တွေ အမြောက်အမြားဟာလည်း ငြိမ်းချမ်းရေးစကား ဖော်ကျူးမိလို့ပဲ အစိုးရအငြိုငြင်ခံရ၊ ပုဒ်မ (၅) နဲ့ အဖမ်းခံရနဲ့ နိုင်ငံတော်အစိုးရရဲ့ “ဆုံးမခြင်း”အမျိုးမျိုးကိုခံကြရပါတယ်။ ဒီလိုနဲ့ ၅၀ စုနှစ်များ တလျှောက်မှာ ငြိမ်းချမ်းရေးစကားပြောခြင်းဟာ နိုင်ငံတော်အစိုးရကို အာခံခြင်းဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ခဲ့ပါတယ်။

ပြည်တွင်းစစ်ကို အပြုတ်တိုက်ရေးနဲ့ အဆုံးသတ်စေမယ် ဆိုတဲ့ ဖဆပလ အစိုးရနဲ့ သူတို့ ရဲ့ စစ်တပ်တို့ ကောင်းစားတဲ့ ခေတ်မှာ အုပ်စိုးသူ ဖဆပလ အစိုးရကပြောတဲ့ ငြိမ်းချမ်းရေးဆိုတာဟာ ပြည်သူ့ရဲဘော်တဖွဲ့တည်းသာ လက်နက်ချခဲ့တဲ့ “ဒီမိုကရေစီနဲ့ ဖော့ဦးထုပ်နဲ့ လဲတယ်” ဆိုတဲ့ လက်နက်ချခိုင်းတဲ့ ငြိမ်းချမ်းရေးလို့ပဲ အဖြေထွက်ခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ငြိမ်းချမ်းရေးဆိုတဲ့စကားကို အုပ်စိုးသူတွေ၊ အထူးသဖြင့် စစ်အုပ်စုဝင်တွေက နူတ်ဖျားကမချ တွင်တွင် ပြောတာ ဖြစ်လာပါတော့တယ်။ စလိုက်တာက ဗိုလ်နေဝင်းပါ။ ၁၉၆၃ ခုနှစ်မှာ သူလုပ်လိုက်တဲ့ *ငြိမ်းချမ်းရေး*ဆိုတာကြီး ပြီးသွားတဲ့ နောက်မှာ လက်နက်ကိုင်အနည်းအပါး လက်နက်ချတာနဲ့ ဖြတ်လေးဖြတ်တွေ၊ ထိုး စစ်ကြီးတွေဆင်ပြီး အပြုတ်တိုက်တာတွေကို မြင်တွေ့ကြရပါတော့တယ်။ တကယ့်ငြိမ်းချမ်းရေးအတွက် လှုပ်ရှားမိခဲ့သူတွေ မတော့ ထောင်နဲ့ချိပြီး ထောင်တွေထဲ ရောက်ကုန်ပါတယ်။ ဒါတွင်ပဲလားဆိုတော့ မကသေးဘူး လို့ပဲ ဆိုရမှာပါ။ ဗမာပြည်မှာနိုင်ငံရေးမှာ စစ်တပ်က အာဏာသိမ်းတယ် ဆိုတာနဲ့ပဲ ငြိမ်းချမ်းရေးစကားတွေ ဖောင်ဖောင်ကြားရတဲ့ အစဉ်အလာတခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီမှာ ထင်ရှားတဲ့ အဓိပ္ပာယ်တခုကတော့ ပြည်တွင်းစစ်နဲ့ပတ်သက်တဲ့ ကိစ္စ အဝဝကို အရပ်သားအစိုးရတွေမှာ ပြောပိုင်၊ လုပ်ပိုင်ခွင့်မရှိဘူး၊ စစ်အုပ်စုနဲ့ သူတို့ရဲ့ စစ်တပ်မှာသာ ပြောပိုင်၊ လုပ်ပိုင်ခွင့်ရှိတယ်ဆိုတာ ဖြစ်ပါတယ်။ ဒါနဲ့တဆက်တည်း ပြည်တွင်းစစ်နဲ့ အာဏာထိန်း၊ ပြည်တွင်းစစ်နဲ့ ကြီးပွားချမ်းသာတဲ့ စစ်အုပ်စုထိပ်သီးတွေအဖို့ ပြည်တွင်းစစ်ဟာ သူတို့အတွက် အကောင်းဆုံးလက်နက်၊ ဝါဒဖြန့်စရာ၊ ပြည်တွင်းပြည်ပကို လှည့်စားစရာ အဆောင်ပစ္စည်းတခု ဖြစ်လာပါတော့တယ်။

ဖဆပလ အစိုးရကနေ သူတို့ရဲ့ အတိုက်အခံတွေကို တောထဲမောင်းပို့ခဲ့ရာကနေ ပြည်တွင်းစစ်ကြီး စတင်ဖြစ်ပွားခဲ့တာကို ကောင်းကောင်းနားလည် သဘောပေါက်တဲ့ စစ်အုပ်စုဝင် အဆက်ဆက် ဟာ ၆၂ ခုနှစ် သူတို့အာဏာသိမ်းပြီးချိန်ကစပြီး ကျောင်းသားတွေကို တောထဲမောင်းပို့ပြီး အပြတ်ချေမှုန်းတာတွေ လုပ်လာခဲ့ပါတယ်။ ဒီ သဘောထားနဲ့ ဒီလုပ်ရပ်ဟာ ရှစ်လေးလုံးအရေးတော်ပုံ နောက်ပိုင်းမှာ ပိုတောင်ထင်ရှား၊ ပိုတောင်ဆိုးဝါးခဲ့ပါတယ်။

စစ်အုပ်စုအနေနဲ့ သူတို့ကို ခေါင်းမာမာ ဆန့်ကျင်သူတွေဆိုရင် အပြုတ်တိုက်အပြတ်ရှင်းပြီး အခွင့်အရေးနဲ့ ချော့မြူလို့ရမယ့် သူဆိုရင် သံအမတ်ရာထူးကနေ စီးပွားရေး လုပ်ငန်းကြီးတွေအထိ ပေးပြီး သိမ်းသွင်းပါတယ်။

တဖက်မှာ ပြည်တွင်းစစ်နဲ့ပတ်သက်ရင် စစ်အုပ်စုမှာ ကြီးမားတဲ့ ချို့ယွင်းချက်တခုလည်း ရှိနေပါတယ်။ အဲဒါကတော့ ပြည်တွင်းစစ်ကို ဆက်လက်ထိန်းသိမ်း မွေးမြူထားလိုတဲ့ စစ်အုပ်စုရဲ့ အလိုလောဘနဲ့ယှဉ်တဲ့ ဆန္ဒပါ။ ပြည်တွင်းစစ်ကြီး မရှိတော့ရင် သူတို့ အဖို့

လုပ်စားစရာ၊ ကြံဖန်စရာမရှိတော့ဘူးမဟုတ်လား။ ဒီနေရာမှာ တောထဲကို မောင်းပို့တယ်ဆိုတဲ့ သာဓကတခု ထောက်ပြချင်ပါတယ်။ အဲဒါက စစ်တပ် ပထမဆုံးအာဏာသိမ်းတဲ့ ကြားဖြတ်အစိုးရခေတ်မှာ ကျန်းမာရေးမကောင်းလို့ စစ်ကိုင်းတောင်ပေါ်ကို တိတ်တိတ်လာပြီး ဆေးကုနေတဲ့ ဗကပ ခေါင်းဆောင်တဦးဖြစ်တဲ့ ဗိုလ်အာဇာဝကကို စစ်တပ်က ဖမ်းရသွားပါတယ်။ ရဲကိုအသိပေးတာ၊ ဖြတ်သန်းတာ လုံးဝမရှိပါဘူး။ ဒီလိုနဲ့ အဲဒီတုန်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှာ တိုင်းမှူးဖြစ်နေတဲ့ ဗိုလ်အောင်ရွှေက ဗိုလ်နေဝင်းဆီကို ဘာလုပ်ရမလဲလို့ခွင့်ခံပါသတဲ့။ ဗိုလ်အာဇာဝကဟာ ဂျပန်ကိုတော်လှန်တုန်းက မန္တလေးနဲ့ အထက်ဗမာပြည်မှာ နာမည်ကြီးပြီး မန္တလေးသားတွေက ချစ်ခင်သူဖြစ်လို့ ဗိုလ်အောင်ရွှေက လက်လွှတ်စံပယ်မလုပ်ဝံ့တာပါ။ ဒီအခါမှာ ဗိုလ်နေဝင်း ပြန်ဖြေလိုက်တာက “မြေပေါ်မှာ ကွန်မြူနစ်ရှားလို့ တောထဲက သွားခေါ်လာခိုင်းတာ မဟုတ်ဘူး၊ အာဇ္ဇာ့မျက်နှာ ငါမကြည့်ချင်ဘူး”တဲ့။ ဒီလိုအမိန့်မျိုးကို တိတိကျကျလိုက်နာရတဲ့ တိုင်းမှူးလုပ်သူက အဲဒီညမှာပဲ ဗိုလ်အာဇ္ဇာကို မန္တလေးနန်းတွင်း စစ်ထောင်ကနေခေါ်ထုတ်ပြီး ပစ်သတ်လိုက်ပါတယ်။

အခုတော့ ဗမာပြည်မှာ စစ်အုပ်စုနဲ့ သူတို့ရဲ့ခါးပိုက်ဆောင်စစ်တပ်ဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေနဲ့ လုပ်စားနေလိုက်တာ လူအတော်များများ အဆီတောင်ယစ်ကုန်ပါပြီ။ ညောင်နှစ်ပင်စံချိန်ကို ချိုးတဲ့ နှစ်ပေါက်ဆွေးနွေးပွဲရှည်ကြီးတွေ၊ အေဘီစီဒီစာလုံး အတိုကောက်တွေနဲ့ ပြည်ပအထောက်အပံ့တွေ အမြောက်အမြားယူပြီး ဘာမှဖြစ်မလာတဲ့ အစုအစည်းတွေစသဖြင့် ပြောမဆုံးပေါင်၊ တောသုံးထောင် တွေ့နေကြရပါတယ်။ ဒါပေမဲ့ ပြည်တွင်းစစ်မီးကြီးကတော့ တဟုန်းဟုန်း တောက်လောင်နေဆဲပါ။ အမြောက်သံတွေဟာလည်း ဗမာပြည် အနောက်ဖျားကနေ အရှေ့ဖျားအထိ ဟိန်းဟိန်းညံနေဆဲဖြစ်ပါတယ်။

တကယ်အတည် ငြိမ်းချမ်းရေးရပြီဆိုတဲ့ အဖွဲ့အစည်းလို့ တိတိပပပြောစရာပေါ်မလာဘဲ လက်နက်ကိုင်တော်လှန်တဲ့ အဖွဲ့အသစ်တွေနဲ့ တိုက်ပွဲဒေသအသစ်တွေသာ ပေါ်လာနေတာ တွေ့ရပါတယ်။ အခု နောက်ဆုံးပေါ်ထွက်လာတဲ့ စစ်ကြောင်းတွေဟာ ဘယ်သူဌေးရဲ့ စီးပွားရေးခွင်ကို ရှောင်ပေးမယ်၊ ငွေ ဘယ်လောက်ပေးလို့ တောင်းတဲ့ ကိစ္စတွေ ပုပ်လို့ပေါ် ဟုတ်လို့ကျော်လာခဲ့ပါတယ်။ ဒါတွေကို ပြန်စဉ်းစားလိုက်တော့ ဩော် ပြည်တွင်းစစ်နဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုတာတွေဟာ ဗိုလ်ချုပ်တွေအတွက် ဇိမ်ခံပစ္စည်းတွေ ဖြစ်နေပါကလားလို့ နှုတ်က ထွက်သွားပါတယ်။

နှစ်ပေါင်း ၇၀ ကျော်လာပြီဖြစ်တဲ့ ဗမာပြည်က ပြည်တွင်းစစ်ဟာ အစိုးရအဆက်ဆက်နာမည်နဲ့ တိုက်ခဲ့ကြတာဖြစ်ပေမယ့် တိုက်တဲ့ စစ်တပ်ကတော့ တခုတည်းမို့ ဒီစစ်တပ်ဟာ အခုအထိလည်း ၄၈ ခုနှစ် တုန်းကလို လူထုကို အမျိုးမျိုးနှိပ်စက်၊ လုယက်သတ်ဖြတ်တာ၊ အမျိုးသမီးတွေကို အနိုင်ကျင့်တာ၊ ပေါ်တာဆွဲ စစ်သားဆွဲတာစတဲ့ ကြေးစားလူသတ်သမား အစဉ်အလာကိုတော့ ကျင့်သုံးမြဲ ကျင့်သုံးနေတာ တွေ့ရပါတယ်။ ဒီပြည်တွင်းစစ်တလျှောက်မှာ စစ်အုပ်စုရဲ့ လက်စွဲပေါ်လစီ တခုကတော့ လူမျိုးရေး၊ ဘာသာရေးမှိုင်းတွေတိုက်၊ အဓိကရုဏ်းတွေ ဖန်တီးတာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ထိုးစစ်ဆင်ရင် တခြား အမျိုးသား လက်နက်ကိုင်တပ်တွေ (ဥပမာ ကရင်) ကို အသုံးပြုတာ၊ ပြည်တွင်းစစ်ရဲ့ အစောပိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်ရှိရာ ပျဉ်းမနားဒေသတဝိုက်ကို ထိုးစစ်ဆင်တော့ ကချင်တပ်တွေကိုသုံးပြီး လုယက်၊ သတ်ဖြတ်၊ အဓမ္မပြုတာတွေ လုပ်စေခဲ့ပါတယ်။ အလားတူပဲ တရုတ်ဖြူကျူးကျော်မှုကို ပြန်တိုက်ဖို့ လွှတ်လိုက်တဲ့ အစိုးရစစ်တပ်တွေထဲက ဗမာလူမျိုးတပ်တွေက ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်မှာ လုယက်၊ သတ်ဖြတ်၊ မုဒိမ်းကျင့်တာတွေလုပ်လို့ အဲဒီဒေသတွေမှာ ဗမာမုန်းတီးတာတွေ၊ အစိုးရတပ်ကို ပြန်ချတာတွေ ပေါ်ပေါက်ခဲ့ပါတယ်။ အခုလည်းပဲ ဗမာပြည်အနောက်ဘက်ခြမ်းမှာ ရခိုင်– ဗမာ မုန်းတီးရေးတွေ ပေါ်ပေါက်အောင် လုပ်နေပြန်ပါပြီ။ လူမျိုးရေးအာဃာတဆိုတာ သမိုင်းနဲ့၊ ရာစုနှစ်နဲ့ချီပြီး တည်ရှိတတ်တယ်ဆိုတာ စစ်အာဏာရှင်တွေ မသိတာ မဖြစ်နိုင်ပါဘူး၊ သိလျက်နဲ့ လုပ်တာပါ။

တခြားမပြောနဲ့ ဗမာပြည်အရှေ့ဖျားမှာ ငြိမ်းချမ်းရေးသံတွေကို တိတ်ရီကော်ဒါထဲကနေ အထပ်ထပ်လွှင့်ပြနေတာနဲ့ တချိန်တည်းမှာ အနောက်ဖျားမှာတော့ ရှိသမျှ အသစ်ဆန်းဆုံးလက်နက်၊ အကြီးဆုံးအင်အားနဲ့ လူမျိုးရေးမုန်းတီးရေး စကားတွေ အော်ဟစ်ပြီး ရက်ရက်စက်စက် သတ်ဖြတ်နေပါတယ်။ ရာစုနှစ်တခုနီးပါး ကြာရှည်လာတဲ့ ဒီပြည်တွင်းစစ်ကြီးမှာ ထင်ရှားသထက် ထင်ရှားလာတဲ့ အချက်က ဗမာပြည်မှာ ပြည်တွင်းစစ်ကြီး ရပ်စဲစေဖို့အတွက်ဆိုရင် ဒီစစ်ကြီးကို ဖန်တီးတဲ့၊ ထိန်းသိမ်းတိုးချဲ့နေတဲ့ စစ်အုပ်စုကို ဖြိုခွဲပစ်မှသာ ပြည်သူအားလုံး ငြိမ်းချမ်းတဲ့ဘဝကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

# ဗမာပြည် ပြည်သူတွေရဲ့ဘဝ တိုးတက်ကောင်းမွန်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ရေးမှအပ အခြားမရှိ

ပါတီသက် နှစ် (၈၀) ပြည့်တဲ့ အချိန်မှာ ဖြစ်ပေါ်နေတဲ့ ဗမာပြည်ရဲ့ နိုင်ငံရေးအခြေအနေမှာ စစ်အုပ်စုက သူ့ရဲ့ အခွင့်ထူးခံ အကျိုးစီးပွားကို ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ အကာအကွယ်ယူထားမှုမှာ ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါသည်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က (စစ်အုပ်စု၏ ၂၀၀၈ အခြေခံဥပဒေကို လက်ခံကာ) ရွေးကောက်ပွဲဝင်ပြိုင် အနိုင်ရပြီး၂၀၀၈ အခြေခံဥပဒေကို လွှတ်တော်တွင်းမှ ပြင်ဖို့ကြိုးစားနေပါသည်။

တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းအသီးသီးကလည်း အမျိုးသားတန်းတူရေးအတွက် လက်နက်ကိုင်တိုက်ပွဲအပါ နည်းမျိုးစုံနဲ့ ဆက်လက်တိုက်ပွဲဝင်နေကြဆဲ ဖြစ်ပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီမှာ၂၀၀၈ အခြေခံဥပဒေ တိုက်ဖျက်ရေး၊ စစ်သုံးစစ်တိုက်ဖျက်ရေး၊ ပြည်သူ့ဒီမိုကရေစီရေး ဦးတည်ပြီး မြေအောက်ပါတီအဖြစ် ရပ်တည်တိုက်ပွဲဝင်နေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် နှစ် (၈၀) အတွင်း ဗမာပြည် ပြည်သူတွေရဲ့ ဘဝလွတ်မြောက်ရေးအတွက် ဖိနှိပ်အုပ်စိုးသူ အဆက်ဆက်ကို ပြတ်သားစွာဆန့်ကျင် တိုက်ပွဲဝင်ရင်း ဖြတ်သန်းလာခဲ့ခြင်း ဖြစ်ပါသည်။ အင်္ဂလိပ်နယ်ချဲ့၊ ဖက်ဆစ်ဂျပန်နယ်ချဲ့တို့ရဲ့ ကျူးကျော်နယ်ချဲ့ ကိုလိုနီပြုမှုအောက်က ဗမာပြည် ပြည်သူလူထု တရပ်လုံး အပြည့်အဝ လွတ်လပ်ရေးရရှိဖို့ တိုက်ခဲ့သလို၊ လွတ်လပ်ရေး ရပြီးနောက် အာဏာရလာတဲ့ ဗျူရိုကရက်မြေရှင်လူတန်းစားကို ကိုယ်စားပြုတဲ့ ဖဆပလ အစိုးရက ဗမာပြည်ကွန်မြူနစ်ပါတီကို အလစ်အငိုက် တိုက်ခိုက်ချေမှုန်းဖို့ လုပ်ဆောင်လာတဲ့ အခါမှာလည်း ပြတ်သားစွာ ခုခံဆန့်ကျင်တိုက်ပွဲဝင်ခဲ့ပါသည်။

ဒီနောက် ၆၂ မှာ အာဏာသိမ်းပြီး တက်လာတဲ့ စစ်အုပ်စုက စပြီး နဝတ နအဖ ကနေ ဒီနေ့ ဩဇာလွှမ်းမိုးနေဆဲ ဖြစ်တဲ့ စစ်အုပ်စုအဆက်ဆက်ကိုလည်း ဆက်လက်တိုက်ပွဲဝင်နေဆဲ ဖြစ်ပါသည်။

လက်ရှိဗမာပြည်ရဲ့ အခြေခံနိုင်ငံရေးပြဿနာမှာ ဒီမိုကရေစီရေးနဲ့ အမျိုးသားတန်းတူရေး ပြဿနာဖြစ်ပါသည်။

ဒီနိုင်ငံရေးပြဿနာများမှာ လွတ်လပ်ရေးတိုက်ပွဲနှင့်အတူ တပါတည်း ဖြေရှင်းနိုင်ဖို့ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် အမြော်အမြင်ရှိကြတဲ့ နိုင်ငံရေးအင်အားစုများက ကြိုးစားခဲ့ကြပါသည်။ သို့သော် အင်္ဂလိပ်ထံမှ အာဏာလက်လွှဲရယူခဲ့တဲ့ ဗမာပြည် မြေရှင်လူတန်းစားကို ကိုယ်စားပြုသော ဝန်ကြီးချုပ် ဦးနုနှင့်တကွ ဖဆ ဆိုရှယ် အစိုးရက ဗမာလူမျိုးကြီးဝါဒနှင့် မြေရှင်လူတန်းစားရဲ့ အကျိုးစီးပွားကိုသာ အဓိကထား အလုပ်အကျွေး ပြုခဲ့တာကြောင့် ဒီနိုင်ငံရေး ပြဿနာတွေကို မဖြေရှင်းနိုင်ခဲ့ရုံသာမက၊ ဖြေရှင်းဖို့ တောင်းဆိုတိုက်ပွဲဝင်ခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကိုပါ တိုက်ခိုက်ချေမှုန်းဖို့ လုပ်ဆောင်ခဲ့တာကြောင့် ပြည်တွင်းစစ်မီးပါ တောက်လောင်ခဲ့ရခြင်း ဖြစ်ပါသည်။

အမျိုးသားတန်းတူရေးပြဿနာ ဖြေရှင်းရေးအတွက် မရှောင်မလွှဲသာ ဆွေးနွေးရမည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံပါ ပြည်ထောင်စုပြဿနာကို ဦးနုက စတင်ကိုင်တွယ်ဖို့ လုပ်ခဲ့တဲ့ ၁၉၆၂ ခုနှစ်ဆန်းပိုင်းမှာပင် အဲဒီကာလက ကာကွယ်ရေးဦးစီးချုပ် ဖြစ်နေပြီး အာဏာသိမ်းဖို့ ချောင်းနေတဲ့ ဗိုလ်နေဝင်းရဲ့ အာဏာသိမ်းပိုက်မှုကို ခံလိုက်ရပါသည်။ စစ်အစိုးရရဲ့အုပ်ချုပ်မှုအောက် ရောက်သွားတဲ့

ဗမာပြည်ရဲ့ အခြေခံနိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်ရေးမှာ ပိုမိုအလှမ်းဝေးသွားခဲ့တာ ဒီနေ့ထိဖြစ်ပါသည်။ စစ်တပ်က အာဏာသိမ်းပြီး စစ်အုပ်စုကို တစတစ ပိုမိုအားကောင်းအောင် တည်ဆောက်ကာ ဗမာပြည်ကို စစ်အုပ်စုအလိုကျ ဗိုလ်ကျစိုးမိုးအုပ်ချုပ်ခြင်းကို ဗမာပြည်ပြည်သူများ ထိုအချိန်မှစပြီး ဒီနေ့ထိ ခံနေကြရဆဲဖြစ်ပါသည်။ ၁၉၆၂ ကစပြီး စစ်အုပ်စုရဲ့ သဏ္ဍာန် အမျိုးမျိုးပြောင်းပြီး အုပ်ချုပ်တာခံခဲ့ရတဲ့ ဗမာပြည်ပြည်သူလူထုအများစုမှာ ဆင်းရဲမွဲတေလာခဲ့ကြပြီး စစ်အုပ်စုနဲ့ သူ့ရဲ့အပေါင်းပါများ၊ ခရိုနီများကတော့ ချမ်းသာသထက် ပိုမိုချမ်းသာလာခဲ့ကြတာ အားလုံးရဲ့ မျက်စိရှေ့မှာ တွေ့မြင်နေကြရပြီး ဖြစ်ပါသည်။

စစ်အုပ်စုလက်မှာ အာဏာချုပ်ကိုင်ခွင့်ရနေသမျှ မည်သည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ပြည်သူလူထုမှာ ပိုမိုဆင်းရဲလာပြီး စစ်အုပ်စုနဲ့အပေါင်းပါများသာ ချမ်းသာလာမည့် အခြင်းအရာကို ရှောင်လွှဲနိုင်မည်မဟုတ်ကြောင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ နဝတ၊ နအဖ ခေတ်မှစပြီး ဒီနေ့ထိ ဆောင်ရွက်နေသော ဈေးကွက်စီးပွားရေးစနစ် ခေတ်များကို ဖြတ်သန်းခဲ့ကြသော ပြည်သူလူထုတိုင်း သိရှိကြပြီး ဖြစ်ပါသည်။

စစ်အုပ်စုက ဤကဲ့သို့ တည်ဆောက်လာခဲ့သော သူတို့ရဲ့ စီးပွားရေးအဆောက်အဦကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ နိုင်ငံရေးအရ ချုပ်ကိုင်နိုင်ခွင့်မှာ စစ်အုပ်စုရဲ့ လက်ထဲတွင်အမြဲရှိနေဖို့ လိုသည်ဆိုသည့် အချက်ကို သဘောပေါက်သည်။ ဤအချက်မှာ သူတို့အတွက် အရေးအကြီးဆုံးနှင့် အဓိက အကျဆုံး ရည်မှန်းချက်လည်း ဖြစ်ပါသည်။

ဤရည်မှန်းချက်အရပင် စစ်အုပ်စုရဲ့ နိုင်ငံရေးကြွေးကြော်သံ ဖြစ်သော ဒို့တာဝန်အရေးသုံးပါး ပေါ်ထွက်လာခြင်းဖြစ်ပြီး ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလည်း အတင်းအကျပ် တဖက်သတ်ရေးဆွဲပြဋ္ဌာန်း အတည်ပြုလိုက်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဗမာပြည်ရဲ့ လက်ရှိအခြေအနေကို ပြောင်းလဲပစ်နိုင်မှ ဆိုလိုသည်မှာ စစ်အုပ်စုက အာဏာချုပ်ကိုင်ထားတဲ့ အခြေအနေကို ပြောင်းလဲပစ်နိုင်မှသာ ဗမာပြည်မှ အဖိနှိပ်ခံတိုင်းရင်းသား ပြည်သူလူထုအားလုံး လွတ်မြောက်ကာ ချမ်းသာကြွယ်ဝနိုင်ခွင့် ရကြလိမ့်မည်ဟု ဗမာပြည်ကွန်မြူနစ်ပါတီက ယုံကြည်ပြီး စစ်အုပ်စုတိုက်ဖျက်ရေးကို ပြတ်ပြတ်သားသား ဆင်နွှဲခဲ့ခြင်းဖြစ်ပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီကဲ့သို့ပင် စစ်အုပ်စုတိုက်ဖျက်ရေးလုပ်နေကြသော နိုင်ငံရေးအင်အားစုများလည်း အများအပြားတည်ရှိနေပါသည်။ ဤကဲ့သို့ စစ်အုပ်စုတိုက်ဖျက်ရေး ဆောင်ရွက်ကြရာတွင် နည်းလမ်းနှစ်ခု နည်းပရိယာယ်နှစ်သွယ် ထွက်ပေါ်လာပါသည်။

တခုမှာ စစ်အုပ်စုရဲ့ ၂၀၀၈ အခြေခံဥပဒေကို လက်ခံပြီး လွှတ်တော်တွင်းဝင်ကာ၊ လွှတ်တော်တွင်းမှ တစတစပြင်ယူမည့်နည်းဖြစ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားဒီမိုကရေစီပါတီများ၊ တိုင်းရင်းသားလူမျိုးစုပါတီအချို့တို့ လိုက်ပါကျင့်သုံးနေကြပါသည်။ အခုထိ ရလဒ်ကောင်းရရှိဖို့ အလှမ်းဝေးနေသေးတာ တွေ့နေရပါသည်။ ဤနည်းလမ်းမှာ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအောက်ဝင်၍ ၂၀၀၈ အခြေခံဥပဒေအရ ကျမ်းသစ္စာဆိုကာ လွှတ်တော်တွင်းနည်းလမ်းဖြင့် ၂၀၀၈ အခြေခံဥပဒေကို ပြင်မည့်လမ်းကြောင်း ဖြစ်ပါသည်။ ဤနည်းလမ်း (ဝင် – ပြင်) ကို ကျွန်တော်တို့အနေနှင့် အောင်မြင်မည်ဟု မယူဆသော်လည်း စစ်အာဏာရှင်စနစ်နှင့် ခြေဥကို သူတို့ထိထိရောက်ရောက် တိုက်ခိုက်ဖို့ ကြိုးပမ်းအားထုတ်မည်ဆိုလျှင်ကား ထိုအားထုတ်မှုကို ကျွန်တော်တို့ အသိအမှတ်ပြုပါမည်။ သို့သော်လည်း အခြားတဖက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စစ်တပ်ရဲ့ မတော်မတရားမှုများနဲ့ ထော်လော်ကန့်လန့် လုပ်မှုများကို မျက်စိမှိတ် ဖာထေးနေမှုအပေါ် လူအများက စစ်အုပ်စုနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှာ အတူတူပင် ဖြစ်နေပြီလောဟု ယူဆဝေဖန်မှုများ ရှိလာနေပါသည်။

နောက်နည်းလမ်းတခုမှာ လွတ်တော်ပလမ်းကြောင်းဖြစ်ပြီး လူထုတိုက်ပွဲနဲ့ ၂၀၀၈ ဖျက်သိမ်းရေး ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပြည်သူလူထုဘဝလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့တဲ့သမိုင်းမှာ ဒီကာလဟာ အင်အားအချည့်နဲ့ဆုံးနဲ့ အရှုပ်ထွေးဆုံးလည်း ဖြစ်ပါသည်။ စစ်အုပ်စုအဖို့ ရန်သူအများဆုံးလည်း ဖြစ်ပါသည်။

ပါတီဟာ သူ့ရဲ့လူတန်းစားပေါ်လစီဖြစ်တဲ့ အလုပ်သမားအခြေခံ - လယ်သမားမဟာမိတ်ဖွဲ့ - ဓနရှင်ပေါက်စ စည်းရုံး - အမျိုးသားဓနရှင်ကြားထား ဆိုတဲ့မူအရ သူတို့ခံစားနေရသော စစ်အုပ်စုရဲ့ ဖိနှိပ်မှုများကို အတူတူတိုက်ပွဲဝင်ရင်း အင်အားကောင်းလာအောင် စည်းရုံးတည်ဆောက်သွားရမှာပင်ဖြစ်ပါသည်။

သမိုင်းမှာ ဤလူတန်းစားများရဲ့ အခြေခံအကျိုးစီးပွားများ ရရှိရေးအတွက် စည်းရုံးတိုက်ပွဲဝင်ရင်း အောင်မြင်မှုအလီလီ ရရှိခဲ့ဖူးသော အတွေ့အကြုံတွေ ရှိခဲ့ပြီး ဖြစ်ပါသည်။ ယခုလည်း ဤအတွေ့အကြုံများအပေါ် အခြေခံပြီး ဆက်လက်တိုက်ပွဲဝင်သွားရမည်ပင်ဖြစ်ပါသည်။

၁ - ၈ - ၁၉

ဗမာပြည်ကွန်မြူနစ်ပါတီမှာ ၂၀၀၈ အခြေခံဥပဒေ တိုက်ဖျက်ရေး၊ စစ်သုံးစစ်တိုက်ဖျက်ရေး၊ ပြည်သူ့ဒီမိုကရေစီရေး ဦးတည် ပြီး မြေအောက်ပါတီအဖြစ် ရပ်တည်တိုက်ပွဲဝင်နေသည်

# ပိုမိုအရှိန်မြင့် ကျယ်ပြန့်ကြီးထွားလာနေတဲ့ ပြဿနာများနဲ့ ဒီချုပ်ပါတီအစိုးရ

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲဝင်ပြီး ဒီချုပ်ပါတီက လွှတ်တော်ကိုယ်စားလှယ် ၄၀ ကျော်လောက်လွှတ်တော်ထဲ ရောက်ရှိသွားချိန်မှာ ဒီအမြင်နှစ်ရပ်တိုက်ပွဲဟာ ရှိမြဲရှိနေပေမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ပြီးတဲ့နောက် ဒီချုပ်ပါတီက လုံးလုံးလျားလျား အစိုးရဖြစ်လာချိန်မှာတော့ ဒီပဋိပက္ခဟာ ဒီချုပ်ပါတီထဲက အမြင်နှစ်ရပ်တိုက်ပွဲလောက်တင် မဟုတ်တော့ဘဲ နိုင်ငံရေးနယ်ပယ်တခုလုံးမှာ ယခင်ကထက် ပိုမို ကြီးမားကျယ်ပြန့် သည်းသန်လာပါတော့တယ်။

ဒ့ါအပြင် ဒီချုပ်ပါတီဟာ အုပ်စိုးသူအစိုးရဖြစ်လာတော့ အုပ်စိုးသူနဲ့ အုပ်စိုးခံပဋိပက္ခဟာ အမြင်သာဆုံး မြင်ကွင်းနဲ့ မျက်နှာစာ ဖြစ်လာပါတော့တယ်။ ပဋိပက္ခဟာ အမျိုးအစားအရပြောရရင် ၂ မျိုးတွေ့ရပါတယ်။

၁။ ယခင်အုပ်စိုးသူအဆက်ဆက် မဖြေရှင်းနိုင်ခဲ့တဲ့ ပဋိပက္ခဟောင်းတွေကို အထုပ်လိုက်အထည်လိုက် ဆက်ခံရတယ် (ဥပမာ – ပြည်တွင်းစစ်ပြဿနာ – လူမျိုးစု ပြဿနာ – ဆင်းရဲမွဲတေမှု စသဖြင့်)

၂။ အုပ်စိုးသူအစိုးရ ဖြစ်လာတဲ့အခါမှာ နေ့စဉ်လက်တွေ့ ရင်ဆိုင်ဖြေရှင်းရတဲ့ လက်ထက်ပွား နိုင်ငံရေး၊စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ တရားစီရင်ရေးစတဲ့ အထွေထွေအုပ်ချုပ်မှုနဲ့ ယန္တရားဆိုင်ရာပြဿနာတွေကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်လာရတယ်။

ယနေ့ ဒီချုပ်ပါတီအစိုးရ ရင်ဆိုင်မျက်မှောက်ပြုနေရတဲ့ ပဋိပက္ခတွေနဲ့ ပြဿနာတွေဟာ အထက်မှာ ဖော်ပြခဲ့တဲ့ ဇာစ်မြစ်နှစ်ခု ကနေ မြစ်ဖျားခံလာတာပါ။

ရွှေဂုံတိုင်ကြေညာချက်ကို ဘေးပို့ပြီး "ဝင် – ပြင်"ဆုံးဖြတ်ချက်ကျသွားတာဟာ ဒီကနေ့ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေ၊ ပြဿနာတွေရဲ့ တာထွက် ခလုတ်ကို မောင်းဖြုတ်ပေးလိုက်ပါတယ်။ ဒီချုပ်ပါတီတွင်း "ဝင် – ပြင် နဲ့ ပြင် – ဝင်" ဆိုတဲ့ အမြင်နှစ်ရပ်တိုက်ပွဲမှာ ဒေါ်စုအဆုံး အဖြတ်နဲ့ "ဝင် – ပြင်" ဘက်က အရေးသာသွားပါတယ်။ "၂၀၀၈ အခြေခံဥပဒေ" ကို အရှိအတိုင်း အသိအမှတ်ပြုလိုက်ပါတော့တယ်။

"၂၀၀၈ အခြေခံဥပဒေ" ကို ဘယ်လိုကြည့်မြင်သလဲ၊ ဘယ်လို သဘောထားသလဲဆိုတာ ယနေ့ ပြဿနာ အားလုံးနီးပါးရဲ့ အခြေခံ ရေဝေစည်းကြောင်းပါ။

၂၀၀၈ အခြေခံဥပဒေ ပြင်ဆင်ရေးပဲဖြစ်စေ၊ အသစ်ပြန်လည်ရေးဆွဲရေးပဲဖြစ်စေ၊ အကုန်အစင်ဖျက်သိမ်းရေးပဲဖြစ်စေ အားလုံးရဲ့ အထွေထွေဦးတည်ချက်ဟာ တပ်မတော်ကို ကုပ်ခွစီးထားပြီး နိုင်ငံရေး – စီးပွားရေး စတဲ့ နယ်ပယ်ပေါင်းစုံမှာ ထင်သလို ဗိုလ်ကျလွှမ်းမိုး ခြယ်လှယ်နေတဲ့ စစ်အုပ်စုကို အကုန်အစင် ဖယ်ရှားရေး ဖြစ်ပါတယ်။

ဒီအထွေထွေဦးတည်ချက်အောက်မှာ "၂၀၀၈ အခြေခံဥပဒေကို ပြင်ဆင်လို့မရဘူး အကုန်အစင်ဖျက်သိမ်းပစ်ရမယ်ဆိုတဲ့ အမြင်" နဲ့ "၂၀၀၈ အခြေခံဥပဒေကို ဘောင်ထဲကနေ (လွှတ်တော်တွင်းကနေ) ပြင်ဆင်လို့ ရတယ်ဆိုတဲ့ အမြင်" နှစ်ရပ်ရဲ့ တိုက်ပွဲဟာ တစထက်တစပိုပြီး အရှိန်မြင့်မားလာပါတယ်။ ကျယ်ပြန့်ကြီးထွားလာပါတယ်။ ဒီချုပ်ပါတီထဲက ဒီအမြင်နှစ်ရပ်တိုက်ပွဲဟာ ဦးဝင်းတင်ကွယ်လွန်သွားတဲ့အခါ (လွှတ်တော်တွင်းကနေ) ပြင်ဆင်ရေးအမြင်ဘက်က လုံးလုံးလျားလျား အပေါ်စီးရသွားပါတော့တယ်။

အဲဒီဇာစ်မြစ်နှစ်မျိုးကနေ ပေါ်ပေါက်နေတဲ့ ပြဿနာတွေဟာ သီးခြားစီဖြစ်စေ၊ နှစ်မျိုးပေါင်းလျက်ဖြစ်စေ အပြန်ပြန်အလှန်လှန် အဆက်မပြတ် ဂယက်ရိုက်ပြီး ဘူးလေးရာ ဖရုံဆင့်ဆိုသလို ဆင့်ကာထပ်ကာ ဖြစ်ပွားနေပါတယ်။ ဒီချုပ်ပါတီအစိုးရ ကိုင်စွဲထားတဲ့ ပေါ်လစီ သဘောထားကလည်း (သိပ်ကို တဖက်သတ်အလျှော့ပေးလွန်းတဲ့) "အမျိုးသားပြန်လည်သင့်မြတ်ရေး" ဆိုတော့ အမွေခံရတဲ့ ပဋိပက္ခဟောင်းတွေကိုရော – လက်ထက်ပွား ပဋိပက္ခသစ်တွေကိုပါ ဘယ်ပြဿနာကိုမဆို ပြတ်သားစွာ ကိုင်တွယ်နိုင်စွမ်း မရှိတော့ဘဲ ဟိုလိုလိုဒီလိုလိုနဲ့ လှိုင်းကြမ်းလေကြမ်းတွေ အကြားက လှေငယ်လိုပဲ လှော်ရင်း နစ်တော့မယ့်ပုံ ဖြစ်နေပါတယ်။

ဒီလို ပဋိပက္ခဟောင်း – သစ်တွေရဲ့ အပြန်အလှန် မရပ်မနား တွန်းထိုးတိုက်ခိုက်မှုတွေက "အထွေထွေ ဦးတည်ချက် ဖြစ်တဲ့ တပ်မတော်ကို ကုပ်ခွစီးထားပြီး နိုင်ငံရေး – စီးပွားရေး စတဲ့ နယ်ပယ်ပေါင်းစုံမှာ ထင်သလို ဗိုလ်ကျလွှမ်းမိုးခြယ်လှယ်နေတဲ့ စစ်အုပ်စုကို ဖယ်ရှားရေး" ပစ်ကွင်းမြင်ကွင်းကို ကြာလေကြာလေ မှုန်ဝါးသေးကျုံ့လာစေပါတော့တယ်။

တချို့နေရာတွေမှာ ပျောက်ဆုံး သွားတဲ့အထိဖြစ်လာပြီး ဒီချုပ်ပါတီအစိုးရဟာ စစ်အုပ်စုအကျိုးစီးပွားတွေကို ထိန်းသိမ်းအကာအကွယ်ပေးနေပြီး၊ ပြည်သူလူထု အကျိုးစီးပွားကို မျက်ကွယ်ပြုထားတယ် ဆိုတဲ့အထိ ဝေဖန်ဆန်းစစ် သုံးသပ်လာကြရပါတယ်။ အပြီးသတ်နိဂုံး ကောက်ချက်ဆွဲတဲ့ အခါမှာတော့ အချိန်အဆစောနေသေးတာမျိုးလောက်တော့ ပါရှိကောင်း ပါရှိနိုင်ပါတယ်။ ဒါပေမဲ့ ဒီလို သုံးသပ်တာတွေဟာ အချက်အလက်မဲ့၊ ခံစားချက်သက်သက် သုံးသပ်ချက်မျိုးတွေတော့ မဟုတ်ပါဘူး။ ကြောင်းကျိုးဆီလျော်တဲ့ သုံးသပ်ဝေဖန် ဆန်းစစ်ချက်တွေသာ ဖြစ်ပါတယ်။

ဒီချုပ်ပါတီအစိုးရဟာ ICC ဘင်္ဂလီ AA စတဲ့ပြဿနာသစ်တွေမှာ စစ်အုပ်စုကို နိုင်ငံတကာမျက်နှာစာမှာ ဖြောင် ကာကွယ်ပေးနေရတယ်။ စစ်ဘတ်ဂျက်ကိုလည်း မထိပါးရဲဘူး။ စစ်ခရိုနီ စီးပွားရေး အင်ပါယာကိုလည်း မထိပါးရဲဘူး။ စစ်ရာဇဝတ်မှုတွေကိုလည်း မကိုင်တွယ်ရဲဘူး။

အခုမှ အစိုးရသက်တမ်း ကုန်ခါနီး ရွေးကောက်ပွဲနီးမှ ဝင်–ပြင် စလုပ်လာတယ်။ သကြံန်အမြောက်လို အဖျားရှူးသွားရင် စစ်အုပ်စုက ထိုးစစ်ဆင်ပြီး တောင်ကုန်းတက် သိမ်းသွားတာ ခံရမယ့်ပုံပါပဲ။

ဒီအချက်တွေကနေ ဒီချုပ်ပါတီ အစိုးရဟာ စစ်အုပ်စုနဲ့ လုံးလုံးလျားလျား ပေါင်းစည်းသွားပြီလား။ စစ်အုပ်စုနဲ့ တသားတည်း ဖြစ်သွားပြီလားဆိုတဲ့ အကဲဖြတ်မှုဆိုင်ရာ အငြင်းပွားမှုတွေ အထိ တဆင့်တိုး ဖြစ်ပွားလာနေတာကို တွေ့မြင်နေရပါတယ်။

ဒီလို ပဋိပက္ခတွေကို ရင်ဆိုင်လာရတာ အားလုံး တကွဲတပြား ဖြစ်လာရတာတွေရဲ့ မူလအကြောင်းအချက်ဟာ ၂၀၀၈ အခြေခံ ဥပဒေကို အရှိတိုင်းလက်ခံလိုက်တဲ့ အမြင်သဘောထားနဲ့ ဆုံးဖြတ်ချက်တို့ အပေါ်က နေ မြစ်ဖျားခံလာတာမို့ ဒီပဋိပက္ခတွေနဲ့ ပတ်သက်လာရင် အဓိကတာဝန်ရှိသူဟာ ဒီချုပ်ပါတီခေါင်းဆောင်စုနဲ့ အစိုးရကိုယ်တိုင်ပဲ ဖြစ်ပါတယ်။

အထူးသဖြင့် ရွှေဂုံတိုင်ကြေညာချက်ကို ဒီချုပ်ပါတီက စွန့်ပယ်ပြီးတဲ့နောက် (၂၀၀၈ အခြေခံဥပဒေကို လက်ခံအသိ အမှတ်ပြုပြီးတဲ့နောက်) တချိန်က ဒီချုပ်ပါတီကို အူလှိုက်သည်းလှိုက် ဝန်းရံထောက်ခံခဲ့ကြတဲ့သူတွေနဲ့ လက်ရှိဒီချုပ်ပါတီ အစိုးရအကြား ပဋိပက္ခဖြစ်မှုတွေ၊ ဝေဖန်ထိုးနှက်မှုတွေဟာ ပိုပြီး အရှိန်ကောင်းလာသလို အဓိကမြင်တွေ့နေရတဲ့ မျက်နှာစာလို ဖြစ်လာနေပါတယ်။ အချစ်ကြီးခဲ့ကြလို့ အမျက် တွေကြီးကြတာဟာလည်း သဘာဝကျတယ်လို့ဆိုရင် ရနိုင်ကောင်းပါရဲ့။

အစုစပ်ကုမ္ပဏီတခုမှာ ရလာတဲ့ အကျိုးအမြတ်ကို ထည့်ဝင်ထားကြတဲ့ ရှယ်ယာအလိုက် ခွဲဝေကြတယ်ဆိုပေမယ့် အဓိကရှယ်ယာထည့်သူ (lion's share) ပိုင်ဆိုင်သူဟာ ကုမ္ပဏီရဲ့အရေးအရာ အားလုံးကို အဆုံးအဖြတ်ပေးပါတယ်။ သူ့အဆုံး အဖြတ်က အပြီးအပြတ်နဲ့ အတည်ပါပဲ။

၂၀၀၈ အခြေခံဥပဒေရဲ့ ပေးထားချက်အရ အာဏာခွဲဝေမှု ရှယ်ရာအရ ပြောရရင် lion's share ကို ပိုင်ဆိုင်ထားသူကိုင်ထားသူဟာ စစ်အုပ်စုဖြစ်ပါတယ်။ ၂၅ ရာခိုင်နှုန်းဆိုတာဟာ ၇၅ ရာခိုင်နှုန်းရဲ့ အဆုံးအဖြတ်မှန်သမျှကို (စစ်အုပ်စုအကျိုး စီးပွားထိခိုက်တာမှန်ရင်) သွန်လိုသွန် မှောက်လိုမှောက်နိုင်တဲ့ lion's share ဖြစ်ပါတယ်။ ဒါကို မဖျက်သိမ်းနိုင်ဘဲ၊ ဒါကို လက်ရသိမ်းပိုက်မယူနိုင်ဘဲ ဒီမိုကရေစီ သမိုင်းစာမျက်နှာသစ် ဘယ်လိုဖွင့်လှစ်နိုင်ပါ့

မလဲ။ စစ်အုပ်စုဟာ ဒီရှယ်ယာနဲ့ အနိုင်ကစားပြမယ့် ပြကွင်းပြကွက်တခုကို များမကြာမီမှာ အားလုံးမြင်တွေ့တော့မှာပါ။ နိုင်ငံရေး အာဏာဟာ ဘယ်သူ့လက်ထဲမှာလဲ ဘယ်သူ့လက်ဝယ်ပိုင်ဆိုင် ထားသလဲဆိုတာကိုကြည့်ပြီး အဲဒီအာဏာရဲ့ လူတန်းစားလက္ခဏာ နဲ့ လူတန်းစားအကျိုးစီးပွားကို ထင်ထင်ရှားရှားသိနိုင်သလို အဲဒီနိုင်ငံတော်၊ အဲဒီအစိုးရရဲ့ လက္ခဏာကို အကဲဖြတ်နိုင်တာ ဖြစ်ပါတယ်။ ၂၀၀၈ အခြေခံဥပဒေအရ "အာဏာကို တစိတ်တပိုင်းပဲ ရထားသေးတယ်"ဆိုတာ ဒီချုပ်ပါတီအစိုးရအပါအဝင် အင်အားစုအားလုံးက သိမြင်နားလည်နေကြတဲ့အချက်ပဲလေ။ (တကယ်တော့ ဒီချုပ်ပါတီဟာ အာဏာကို နာမည်ပျက်ရုံလောက်သာ ရထားတာပါ။)

၂၀၀၈ အခြေခံဥပဒေ တည်မြဲနေသမျှ ဘယ်အစိုးရပဲတက်တက် ဒီဘဝကမလွတ်မြောက်နိုင်ပါဘူး။ ဒီဘဝက လွတ်မြောက်နိုင်ဖို့ဆိုတာ ၂၀၀၈ အခြေခံဥပဒေကို အကုန်အစင်ဖျက်သိမ်းဖို့နဲ့ စစ်အုပ်စုကို ဖျက်သိမ်းဖို့ပါပဲ။ တခြားလမ်း မရှိပါဘူး။

တချို့နေရာတွေမှာ ပျောက်ဆုံး
သွားတဲ့အထိဖြစ်လာပြီး ဒီချုပ်ပါတီအစိုးရဟာ
စစ်အုပ်စုအကျိုးစီးပွားတွေကို ထိန်းသိမ်း
အကာအကွယ်ပေးနေပြီး၊ ပြည်သူလူထု
အကျိုးစီးပွားကို မျက်ကွယ် ပြုထားတယ်
ဆိုတဲ့အထိ ဝေဖန်ဆန်းစစ်
သုံးသပ်လာကြရပါတယ်

# နတ်ဆင်ကြီး မျက်ရည်မကျတော့ပြီ

(၁)

ဗမာပြည်ကွန်မြူနစ်ပါတီ၏ နှစ် ရှစ်ဆယ်ခရီးတွင် အရှေ့မြောက်စစ်ဒေသ၌ နှစ်နှစ်ဆယ်ခန့်ခရီးကို ဖြတ်သန်းခဲ့ရပါသည်။

(၂)

၁၉၄၉ ခုနှစ် နောက်ပိုင်းတွင် ဝနယ်သို့ တရုတ်ပြည်မှ တိမ်းရှောင်လာကြသော ကူမင်တန်တပ်များ ရောက်ရှိလာခဲ့ကြပါသည်။ ဝဒေသသည် ကူမင်တန်တပ်များက တပ်သားသစ်စုဆောင်းရာ ရေသောက်မြစ်။ ၁၉၅၇–၅၈ ခုနှစ်များ၌ အစိုးရစစ်တပ်များက ကူမင်တန်များကို မောင်းထုတ်နိုင်ခဲ့ပါသည်။ သို့ရာတွင် ၁၉၆၀ ခုနှစ်များတွင်လည်း ကူမင်တန်တပ်အချို့ ဤဒေသ၌ ဆက်လက်လှုပ်ရှားနေဆဲ။ အခြားတဘက်တွင်လည်း ဝဒေသသည် အစိုးရတပ်များက ဖွဲ့ပေးထားသော ကာကွယ်ရေးတပ်ဖွဲ့များ ခြေရှုပ်ရာဒေသ ဖြစ်ပါသည်။ ဝနယ်သည် ကာကွယ်ရေးတပ်ဖွဲ့များအတွက် တပ်သားသစ်စုဆောင်းရာ ရေခံမြေခံ ဖြစ်နေပြန်သည်။ ဝနယ်စော်ဘွားများတွင်လည်း ကိုယ်ပိုင်တပ်များ ရှိကြသည်။ တပ်ဖွဲ့တဖွဲ့လျှင် အင်အား ၄၀၀– ၅၀၀ ခန့်။ ၁၉၆၀ ခုနှစ်များတွင် ကူမင်တန်နှင့် ဗမာအစိုးရကာကွယ်ရေးတပ်ဖွဲ့တို့ကို ဆန့်ကျင်တိုက်ခိုက်သော ဝနယ်ပြောက်ကျားတပ်ဖွဲ့ငယ်များ စတင်ပေါ်ပေါက်လာသည်။ ဤကာလများတွင်လည်း ဝနယ်တွင် ပဒေသရာဇ်စော်ဘွားများ အုပ်ချုပ်မှုအောက်တွင် ရှိနေဆဲ။ စော်ဘွားများသည် ကူမင်တန်တပ်ကြွင်းတပ်ကျန်များနှင့် ပေါင်း၍ ဝနယ်ကို မူးယစ်ဆေးဝါး အမှောင်ထုထဲ နှစ်မြှုပ်အုပ်ချုပ်ထားခဲ့ကြသည်။ အုပ်စုချင်းတိုက်ပွဲများ၊ နယ်မြေလုပွဲများ၊ ပြည်သူလူထုအပေါ် တဗိုလ်တမင်း ဖိနှိပ်ညှဉ်းပန်းမှုများ ရှိနေခဲ့သည်။ ခေါင်းဖြတ်ယဇ်ပူဇော်သည့် ဓလေ့ဆိုးလည်း ကြီးထွားနေဆဲ ဖြစ်သည်။ ဝနယ်လူ့အဖွဲ့အစည်းသည် အရိုင်းခေတ်လို အမဲလိုက်ခြင်း၊ သစ်ဥသစ်ဖုရှာဖွေစားသောက်ခြင်းဘဝမှ တောင်ယာစပါးစိုက်ပျိုးခြင်း၊ ရေသွင်းလယ်ယာစပါးကို စိုက်ပျိုးခြင်းသို့ ဦးတည်ကူးပြောင်းနေသောကာလ။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ဖောက်ပြန်ရေး ရန်သူတပ်များကို တိုက်ခိုက်နှိမ်နင်းပြီး ဝနယ်သို့ ခြေချမိသည်နှင့် ပထမဦးဆုံးလုပ်ရသည့်အလုပ်မှာ ပဒေသရာဇ် စော်ဘွားတို့၏ အုပ်ချုပ်ရေးစနစ်ဆိုးကြီးကို ဖြိုချဖျက်ဆီး ပစ်ရခြင်း ဖြစ်သည်။ (စော်ဘွားများမှာ ပြည်သူလူထုအပေါ် ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံဖြင့် အနိုင်ကျင့်ကာ သွေးစုပ်ရယူထားသော ဥစ္စာနေများနှင့် စည်းစိမ်ယစ်နေကြသူများ ဖြစ်သည်။ နော်ခမ်းဦး (နမ့်ခမ်းဦး) စော်ဘွားဆိုလျှင် အမဲလိုက်ရာ၌ပင် လူသားကို မြင်းလုပ်စီးပြီး အမဲလိုက်တတ်သူ၊ လူထုအပေါ် ရက်ရက်စက်စက် အနိုင်ကျင့်ဗိုလ်ကျတတ်သူ ဖြစ်သည်။) အုပ်စုများ အချင်းချင်း တိုက်ခိုက်နေမှုကို ရပ်တန့်စေပြီး အချင်းချင်း ရန်ဘက်မဖြစ်အောင် စေ့စပ်ညှိနှိုင်းပေးရသည်။ ယဉ်ကျေးမှု နိမ့်ကျနေသော ဝလူ့အဖွဲ့အစည်းကို ယဉ်ကျေးမှု မြှင့်တင်ပေးဖို့ ကြိုးပမ်းအားထုတ်ရသည်။

ခေါင်းဖြတ် နတ်တင်ခြင်း၊ ယဇ်ပူဇော်ခြင်း ဓလေ့ဆိုးကိုမူ ဗမာပြည်ကွန်မြူနစ်ပါတီက ပြင်းထန်သော အမိန့်ကို ထုတ်ပြန်ပြီး တားမြစ်ယူခဲ့ရသည်။ ခေါင်းဖြတ်သတ်ရန်စုဆောင်းထားသော ဝအမျိုးသား ကလေးငယ် လေးရာကျော်ကို ဗမာပြည်ကွန်မြူနစ်ပါတီမှ ကယ်တင်နိုင်ခဲ့သည်။ ဤကလေးများကို ပြည်သူ့တပ်မတော်မှ ပြုစုစောင့်ရှောက်၍ အတတ်ပညာများသင်ကြားပေးသည်။ ကျောင်းထားပေးသည်။ မူးယစ်ဆေးဝါးအမှောင်ထုတွင်း နစ်မြုပ်နေသော ဝလူထုအား ဘိန်းအစားထိုး သီးနှံများ စိုက်ပျိုးလာကြစေရန် စည်းရုံးသိမ်းသွင်းရသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ အနှစ် ၈၀ ခရီးတွင်သော်လည်းကောင်း၊ အရှေ့မြောက်အနှစ် ၂၀ ခရီးတွင်လည်းကောင်း အားကောင်းချက်များ ရှိသလို အားနည်းချက်များလည်း ရှိပေလိမ့်မည်။ သို့ရာတွင် ပါတီသည် ရပ်တည်ချက်အရ မှားယွင်းသော အမှားမျိုး တခါမျှ မရှိခဲ့။ ထိုနည်းအတူ ပြည်သူ့အကျိုးကို ထာဝစဉ် ဦးထိပ်ပန် ထမ်းရွက်ခဲ့သည်ချည်းသာ ဖြစ်သည်။ တပြည်လုံးရှိ ပြည်သူလူထုအကျိုးစီးပွား ဆိုသည့်အထဲတွင် မိမိအခြေစိုက် မှီခိုအားထားရာ ဒေသခံ ပြည်သူလူထုအကျိုးလည်း ပါသည်။ ပါတီသည် ဝနယ်ပြည်သူလူထုအကျိုးစီးပွားအတွက် မိမိထမ်းရွက်သင့်သည့် တာဝန်များကို အစွမ်းကုန် ကြိုးပမ်းအားထုတ်ခဲ့သည်သာ။ ပါတီထမ်းဆောင်ခဲ့သည့် လုပ်ငန်းတာဝန်များထဲတွင် ကျွန်တော်တို့သည်လည်း ပါတီ၏ သွေးသားအဖြစ် ပါဝင်ထမ်းဆောင်းခဲ့ကြပါသည်။ လုပ်ငန်းတာဝန် လည်ပတ်အောင် လှုပ်ရှားစီးဆင်းနေသော ပါတီ၏ နီမောင်းသော သွေးရည်များထဲတွင် ကျွန်တော်တို့သည်လည်း သွေးစက်ကလေးများ အသွင်ဖြင့်...။

ဝနယ်တွင် ကျရောက်ခဲ့သော ကြွက်ကပ်ဘေးကြောင့် ဝနယ်တွင် လူထုအမြောက်အမြား သေကျေပျက်စီးမှု အရှိန်မသေသေးသောအချိန်တခုတွင် ကျွန်တော်သည် ပန်ဆန်းမြို့နယ် အလုပ်အဖွဲ့အနေနှင့် ဝနယ်လူထုကြားထဲသို့ ရောက်ရှိသွားခဲ့လေသည်။

(၃)

ကြွက်ကပ်ဘေးကြောင့် လူထုငတ်ပြတ်နေသည်ကို ပါတီမှ အစွမ်းကုန် အားသွန်ကြိုးပမ်းကယ်ဆယ်ခဲ့ပါသည်။ သို့ရာတွင် အနာက အကင်းမသေသေး။ လူထုတွေ ထမင်း ဝလင်အောင် မစားနိုင်ကြသေး။ သေဆုံးမှု တချို့ ထပ်ဖြစ်လာသည်လည်း ရှိသည်။ ထမင်းဝလင်အောင် စားနိုင်သည့် အခြေအနေသို့ မရောက်သေးသမျှ ငတ်သေသူ နည်းတာနဲ့ များတာပဲ ကွာမည်။ အငတ်ဘေးက ခြိမ်းခြောက်နေပေလိမ့်ဦးမည်။ "လူထုငတ်ပြတ်သေဆုံးတာနဲ့ တပြိုင်နက်ချက်ချင်း ပါတီကို တင်ပြအစီရင်ခံတာမလုပ်ရင် ပြင်းပြင်းထန်ထန် အရေးယူမယ်"ဟု ပါတီက ပြတ်ပြတ်သားသား အမိန့်ထုတ်သည်။ "လူထုငတ်ပြတ်နေတာကို အလေးထားတာမျိုး မရှိရင် ပါတီဝင် ကေဒါကောင်း မဟုတ်ဘူး"ဟု ပြတ်ပြတ်သားသား ဝေဖန်သည်။

ထိုအချိန်တွင် လူထုသည် တနှစ်စာ စပါးအလုံအလောက် မရရှိ။ တချို့ ၃ လစာ၊ တချို့ ၅–၆ လစာ ရှိသူက များသည်။ လူတယောက် တနှစ် ပျမ်းမျှ စပါး ၂၅ ပုံး ရမှ ဝမ်းစာလုံလောက်သည်ဟု ဆိုနိုင်သည်။ မိမိတို့စိုက်ပျိုးရရှိထားသော ဝမ်းစာစပါး စောစောကုန်သူက စောစောငတ်သည်။ နောက်ကျမှ ကုန်သူက နည်းနည်း ခံသာသေးသည်။ ဒီတော့ တောထဲသွား၍ ဝဥ မြောက်ဥ စသည့် သစ်သီးသစ်ဖုများကို ရှာဖွေတူးဖော်စားသောက်ရသည်။ တချို့ အသက်အရွယ်ကြီးသူများနှင့် ကလေးငယ်များ တောထဲမှာ သစ်ဥ သစ်ဖုရှာရင်း ထိုနေရာမှ ပြန်မထနိုင်ဘဲ လဲကျသေဆုံးရလေသည်။

အရှေ့မြောက်စစ်ဒေသ ဌာနချုပ်တွင် နိုင်ငံရေးမှူး ရဲဘော်တင်ရီ (ရဲဘော်နေဝင်း၊ ပါတီဗဟို နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်) က ကျွန်တော့်ကို မကြာခဏ ခေါ်ဆွေးနွေးသည်။ လူထုတွေ စပါး ၂၅ ပုံးရအောင် ကြိုးစားဆောင်ရွက်ဖို့။ ကျွန်တော်တို့လည်း ပြန်လည်အစီရင်ခံရသည်။ လူထုတွင်း ဆင်း၊ လူထုထဲ လှုံ့ဆော်ကာ ဘယ်လောက်ထိ ကြိုးပမ်းခဲ့ပါကြောင်း၊ ဒါပေမဲ့ တနှစ်စာ စပါး ၂၅ ပုံးရဖို့ အတော်အလှမ်းဝေးနေသေးကြောင်း အစီရင်ခံရသည်။ နည်းနာအမျိုးမျိုး ရှာကြံစဉ်းစားကြရသည်။

"လူထုတွေ ပလောပီနံစိုက်ဖို့ လှုံ့ဆော်ဗျာ။ တဖက်နိုင်ငံက ပလောပီနံတွေ ဝယ်မတဲ့၊ ပလောပီနံဆိုတာက စိုက်လို့လည်း မခက်ဘူး။ ပလောပီနံရောင်းရတဲ့ငွေနဲ့ လူထု ရိက္ခာဝယ်ပြီး ဖြည့်စားရင် အခြေအနေ နည်းနည်းတက်လာနိုင်တယ်။"

နိုင်ငံရေးမှူး ညွှန်ကြားချက်အရ ကျွန်တော်တို့သည် ပန်ဆန်းမြို့နယ်လူထုအတွင်း တရွာဝင်တရွာထွက် ပလောပီနံစိုက်ပျိုးရေး၊ လူထုထမင်းမငတ်စေရေးနဲ့ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး လှုံ့ဆော်ကြပါသည်။ သူတို့ဝမ်းရေးအတွက် အစိုက်ခိုင်းတယ် ဆိုတာလည်း နားလည်သဘောပေါက်လာကြသလို၊ တဖက်နိုင်ငံကလည်း ဝယ်ယူမယ်ဆိုတာကြောင့် လူထုတွေ အားတက်သရော ပလောပီနံတွေ စိုက်လိုက်ကြတာ၊ ရွာအဝင် လမ်းဘေးမှာဆို ပလောပီနံ အခင်းတွေချည်း။

အစပိုင်းတုန်းကတော့ တဖက်နိုင်ငံက ပလောပီနံကို အထိုက်အလျောက် ဝယ်ပါသေးသည်။ နောက်ပိုင်း ပလောပီနံတွေ

လူထုက တရစပ် အဆက်မပြတ် တင်ပို့တော့ သူတို့က မဝယ်နိုင်တော့ဟု ဖြတ်ချလိုက်သည်။

အဲဒီနောက်ပိုင်း ကျွန်တော် ကာဝိုင်းရွာအသွား ရွာမရောက်ခင် တောင်ပေါ်လမ်းဘေးမှာ ဝအမျိုးသားတစု ပလောပီနံ ကိုက်စားနေကြသည်ကို တွေ့ရသည်။ သူတို့က ပလောပီနံ ကိုက်ဝါးရင်း ကျွန်တော့်ကို နှုတ်ဆက်သည်။ "သူတို့က မဝယ်တော့လည်း ကိုယ့်ဘာသာ ကိုက်စားနေကြရတော့တာပေ့ါဗျာ။ အဆာတော့ ပြေပါတယ်ဗျ။ ဒါပေမဲ့ များများစားရင် တောက်တဲ့သူနဲ့ မူးဝေတဲ့သူနဲ့။ အော့အန်တဲ့သူနဲ့။ လာ–စားလှည့်စမ်းပါဦး"တဲ့။

ကျွန်တော် မျက်နှာပူလိုက်သည်မှာ ပြောစရာမရှိ။

ခေတ်နောက်ကျပြီး ထမင်းဝလင်အောင် မစားနိုင်သော လူ့အဖွဲ့အစည်းတရပ်ကို အခြေခံစီးပွားရေး မြင့်တက်လာရေး၊ လူတိုင်း ထမင်းဝဝလင်လင် စားသုံးနိုင်အောင် လှည့်ပြောင်းရေးဆိုသည်မှာလည်း တော်လှန်ရေးအတွင်းမှ ခက်ခဲကြီးလေးသော တာဝန်တရပ်ပါကလား။

(၄)

အလားတူစွာ ကျွန်တော်စိတ်ထိခိုက်မိသော အဖြစ်အပျက်တခုကို ပြောပြလိုပါသေးသည်။

လှိုင်းထန်နေသော ပင်လယ်ပြင်ကြီးကဲ့သို့ ဝတောင်တန်းများသည်လည်း လှိုင်းထန်နေသော တောင်တန်းပင်လယ်ပြင်ဖြစ်ပါသည်။ ဤတောင်တန်းများထဲမှ တောင်တလုံး၏ ထိပ်ဦးအမြင့်တွင် ကာဝိုင်းရွာ တည်ရှိနေပါသည်။

နမ်ဖတ်ဒိုင်နယ် ကာဝိုင်းရွာကြီး၏ အပေါ်ရွာနှင့် အောက်ရွာအကြား ဒိုင်နယ်ရုံးအနီးတွင် အလွန်ကြီးမားသော ညောင်ပင်ကြီးတပင်ရှိပါသည်။ နတ်ညောင်ပင်ဟု ခေါ်ကြပါသည်။ အမြစ်ပေါင်းများစွာ ညောင်ထောက်ကိုင်းများစွာ ရှိပါသည်။ အမြစ်တွေကလည်း အဖုအထစ်များစွာနှင့် ကြီးမားလှပါသည်။

ဝအမျိုးသား တစုက ကျွန်တော့်ကို နတ်ညောင်ပင်ကြီးဆီကို ခေါ်သွားကြသည်။ "ဒီမှာကြည့် – ဒါ နတ်ဆင်ကြီးပဲ။" ညောင်မြစ်ကြီးတွေကို ပြသကြပါသည်။ ဟုတ်ပ့ါ။ မျက်စိနေရာက မျက်စိ။ နှာမောင်းနေရာက နှာမောင်း။ နားရွက်နေရာက နားရွက်။ ဆင်ဦးခေါင်း ပုံသဏ္ဍာန်ပါပဲ။ သူတို့က နတ်ဆင်ရုပ်ကို ပြသလိုခြင်းက အဓိက မဟုတ်။ "အခု ဒီနတ်ဆင်ကြီး မျက်ရည်တွေ ကျနေတယ်။ ခင်ဗျား မြင်ရဲ့လား။ ကျွန်တော်တို့ လူထုတွေ ထမင်းငတ်နေလို့ နတ်ဆင်ကြီး မျက်ရည်ကျရတာ။ ကျွန်တော်တို့လည်း မျက်ရည်ကျရတာပဲ။ ခင်ဗျားရော မကျဘူးလား။ ကျွန်တော်တို့ ထမင်းဝတဲ့အချိန် နတ်ဆင်ကြီး ငိုမနေတော့ဘဲ ပြုံးလာလိမ့်မယ်။ ခင်ဗျား နတ်ဆင်ကြီး ပြုံးလာအောင် လုပ်ပေးနိုင်မလား"တဲ့။ ကျွန်တော် စိတ်ထိခိုက်လွန်း၍ မျက်ရည်များ ဝဲလာပါသည်။ ဟုတ်ကဲ့။ ကျွန်တော်တို့ နတ်ဆင်ကြီး ပြုံးလာအောင် စွမ်းဆောင်ဖို့ မုချ ကြိုးပမ်းပါမည်။

နိုင်ငံရေးမှူး ရဲဘော်တင်ရီကလည်း တနှစ်စာ ဝမ်းစာစပါး ၂၅ ပုံး မရသေးလျှင်လည်း သတ္တုများ ရှာဖွေ၍ ရောင်းနိုင်လျှင် လူထုရိက္ခာကို ဖြည့်ပေးနိုင်လိမ့်မည်ဟု စဉ်းစားကြံဆပြန်သည်။ ကျွန်တော် ပန်ဆန်းမြို့နယ် ဒိုင်နယ် ၅ ခုစလုံး ပြဲပြဲစင်အောင် လှည့်လည်သွားလာ၍ သတ္တုရှာပုံတော်ဖွင့်ရပြန်သည်။ တောင်ပေါ်တောလမ်းတွေတလျှောက် အရှုးကြီးတယောက်လို ကျောက်ခဲမြင်သမျှ ကောက်ကိုင်လေ့လာသည်အထိ လုပ်ပါသည်။ ဘယ်နေရာ ဘာသတ္တုရှိသည်ကို သိလာရသည်။ နမ်ဖတ်ဒိုင်နယ် ပန်ဝါရွာ၏ အရှေ့ဘက်တွင် ရှားပါးသော ဘေရီယမ်သတ္တုကျောက် ရှိသည်။ တိန့်အောဒိုင်နယ် တောင်ကြောတခုလုံးမှာ သံမဏိကောင်းရဖို့ အရည်အချင်းပြည့်မီသော သံကျောက်တွေ ရှိသည်။ တဖက်နိုင်ငံကလည်း ဂြိုဟ်တုမှ ဓာတ်ပုံတွေအရ ဒါကို သိသည်။ ယုန်တင့်ဒိုင်နယ် ယုန်တင့်ရွာအနီး တောင်ကုန်းတခုမှာ ငွေသတ္တုတွေ ရှိသည်။ တခြား ထူးခြားသော သတ္တုထွက်သည့်နေရာတွေ ရှိပါသည်။ ပြဿနာက ဒါတွေကို ဘယ်သူက အကုန်အကျခံပြီး လာရောက်တူးဖော်မလဲ။ ဘယ်သူက ဝယ်မလဲ။ ဒါတွေအတွက် တဖက်နိုင်ငံကုမ္ပဏီများနဲ့ ဆက်သွယ်ကြည့်သည်။ သူတို့ စိတ်ဝင်စားသော်လည်း တူးဖော်သည့်လုပ်ငန်း မလုပ်လိုကြသေးပါ။

နိုင်ငံရေးမှူးရဲဘော်တင်ရီက စပါးအထွက်တိုးအောင် ဓာတ်မြေဩဇာ ဝယ်ယူနိုင်အောင် ကြိုးစားဖို့။ သဘာဝမြေဩဇာနဲ့

နွားချေးကျွဲချေးများ အသုံးပြုဖို့ ကြံဆပြန်သည်။ သိပ္ပံနည်းကျ စိုက်ပျိုးရေး။ ခေတ်နောက်ကျလွန်းသော ဝနယ်ဒေသတွင် သိပ္ပံနည်းကျ စိုက်ပျိုးရေးကို ကျွန်တော်တို့ အာပေါက်အောင် ဟောပြောလှုံ့ဆော်ခဲ့သော်လည်း အရာမထင်လာခဲ့ပါ။ ဝနယ် ပြည်သူလူထုထုမှာ ဝတ်တလှည့် ပြတ်တလှည့်နှင့် ခက်ခဲကြမ်းတမ်းသော ရက်၊ လ၊ နှစ်တို့ကို ကျော်ဖြတ်ခဲ့ရပါသည်။

သည်လိုနှင့် ကျွန်တော်တို့ပါတီမှာ တော်လှန်ရေးဆင်နွဲရာတွင် နိုင်ငံတကာ့အနေအထားနှင့် မိမိအနေအထားအရ ကိုယ့်ဒူးကိုယ်ချွန်စိတ်ဓာတ်ကို ခိုင်ခိုင်မာမာ မစိုက်ထူလျှင် မဖြစ်တော့သည့်အချိန်ကာလသို့ ရောက်ရှိလာပါသည်။ ပါတီဥက္ကဋ္ဌကိုယ်တိုင် ပြောင်းဆန်နှင့်ရောသည့် ထမင်းကို စားနေရပါပြီ။ သည်တွင် ရဲဘော်တင်ရီက ကျွန်တော့်ကို ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ကြံစည်အားထုတ်ပြီး လူထုထမင်းဝဖို့ ဖြစ်တဲ့နည်းနဲ့ ကြိုးပမ်းပေတော့–ဟု ညွှန်ကြားလာပါသည်။ လူထုထမင်းဝမှ ကျွန်တော်တို့လည်း ထမင်းဝမည်မဟုတ်ပါလား။

(၅)

သိပ္ပံနည်းကျ စိုက်ပျိုးရေးတို့ ဘာတို့ လှုံ့ဆော်မနေနိုင်တော့။ လူထု အချိန်တိုအတွင်း ထမင်းဝမှ ဖြစ်တော့မည်။ ကျွန်တော်တို့ လူထုနှင့် တိုင်ပင်ဆွေးနွေးပြီး ကြံဆရသည်။

ဝတောင်ပေါ်မှာက လယ်မရှိ တောင်ယာသာ ရှိသည်။ တောင်ယာနေရာတွေက အများကြီးရှိသည်။ နေရာတခုကို နှစ်တိုင်း ထပ်တလဲလဲ စိုက်နေသည်လည်း မဟုတ်ပါ။ တောတွေကို မီးတိုက်ပြီး တောင်ယာလုပ်သဖြင့် မြေသြဇာလည်း မညံ့လှပါ။ တချို့တောင်ယာတွေဟာ ငါးနှစ်ခြောက်နှစ်ကြာမှ တခါ ပြန်လုပ်ရတာ ဖြစ်ပါသည်။ လုပ်အားနှင့် ကြိုးစားမှုလိုပါမည်။ မျိုးစေ့လိုပါမည်။

ကျွန်တော်တို့ မြို့နယ်တခုလုံး ဒိုင်နယ်အားလုံး ရွာတိုင်းစေ့ သို့ လှည့်လည်စည်းရုံးဖို့ လမ်းညွှန်ချက်ချလိုက်ပါသည်။

– တောင်ယာကျယ်ကျယ်ခုတ်
– မျိုးစေ့များများထုတ်
– ပေါင်းနာနာ နုတ်
– ခါးချိုးအလုပ်လုပ်
– သန္နိဋ္ဌာန်ချ နောက်မဆုတ်နဲ့

ဟူ၍ ဖြစ်ပါသည်။

ဒီလို လှုံ့ဆော်လိုက်တော့ မျိုးစေ့များများထုတ်ဖို့ရာ လူထုမှာ မျိုးစေ့များများရှိမှ ဖြစ်မည်။ မြို့နယ်က နှစ်စဉ်ကောက်ခံရရှိသော စပါးများကို မျိုးစပါးအဖြစ် လူထုထံ ပြန်ဝေလိုက်ပါသည်။ တောင်ယာတွေက ကျယ်ကျယ်ခုတ်လို့ရပါသည်။ သီးနှံအထွက်ကောင်းမည့်နေရာကိုပဲ ရွာသူရွာသားတွေ တိုင်ပင်ဆွေးနွေးကြံဆ လုပ်ကိုင်ကြဖို့ ဖြစ်သည်။

လူထုက ခါးချိုးအလုပ်လုပ်နိုင်ဖို့ လူထုက ထမင်းဝနေမှ ဖြစ်မှာပေ့။ လူထု စိုက်ပျိုးချိန် စားသုံးနိုင်ဖို့ စပါးချေးငှားပေးရပါသည်။ ငွေ ချေးငှားပေးရပါသည်။

လူထုရောဂါဘယတွေ ကျရောက်နေလျှင် ဘယ်လိုလုပ် စိုက်ပျိုးရေးကို ကောင်းအောင် လုပ်နိုင်ပါတော့မလဲ။ လူထု ကျန်းမာရေးကို အထောက်အကူ ပေးနိုင်အောင် ပါတီဆေးရုံနှင့် ပါတီဆေးကျောင်းတို့ကို အကူအညီတောင်းခံရသည်။ ပန်ဆန်းဆေးရုံမှ ဆရာမကြီးရဲဘော်ငွေ ဦးစီးသည် ဆေးအဖွဲ့ရဲဘော်တွေ၊ ဇဟိုဆေးကျောင်းမှ ဒေါက်တာလှကျော်ဇော ဦးဆောင်သည့် ဆေးဆရာဝန်တွေက တောင်ကြိုတောင်ကြား ရွာကြိုရွာကြားမကျန် မြင်းလားတွေပေါ် ဆေးသေတ္တာတွေတင်ကာ လှည့်လည် ကုသပေးကြသဖြင့် ကပ်ရောဂါတွေကို ကာကွယ်နိုင်သည့်အခြေအနေရောက်လာကာ လူထု စိုက်ပျိုးရေးဘက်မှာ လုပ်အားထုတ်နိုင်စွမ်းတွေ မြင့်လာသည်။ ရှမ်းအမျိုးသားတွေက မြေပြန့်မှာနေကြပြီး ရေသွင်းစပါး စိုက်ကြပါသည်။ ရေသွင်းစပါး စိုက်ပျိုးသော ရှမ်းလူထုအတွင်းမှာမူ ဆောင်းလယ်စပါး စိုက်ပျိုးရေးကို ၂ သီးစားအဖြစ် ကျွန်တော်တို့ ညွှန်ကြားချက် ထုတ်ရပါသည်။ ဆောင်းလယ်စပါးစိုက်ပျိုးချင်လာအောင် စည်းရုံးဟောပြောရပါသည်။

လူထုကလည်း စိုက်ပျိုးထုတ်လုပ်ရေးကို အားတက်သရော ဆောင်ရွက်ခဲ့ကြသည်။ တောင်ယာကျယ်ကျယ်ခုတ်ကြ တောင်ယာမီးရှို့ကြတာကလည်း ကာဝိုင်းရွာအထိ တောမီးကူးလာ

တော့မလိုဖြစ်သဖြင့် သေနတ်တွေ ပစ်ဖောက်ကြ တောမီးငြိမ်းသတ်ကြတာက တိုက်ပွဲတခုလို ဖြစ်ခဲ့ရသည်။

(၆)

သန္နိဋ္ဌာန်ဖြင့် တိုက်ခဲ့သော သည်တိုက်ပွဲမှာ ကျွန်တော်တို့ ကောင်းစွာအနိုင်ရရှိခဲ့ပါသည်။ ဒါဟာလည်း ကုန်ထုတ်လုပ်ရေး တိုက်ပွဲတခုဟု ဆိုရပါမည်။

အထက်မှာက ကျွန်တော် အကျဉ်းချုံးတင်ပြလိုက်တာပါ။ လွယ်လင့်တကူမဟုတ်ပါ။ ၁ နှစ် ၂ နှစ်မက ကြိုးပမ်းရုန်းကန်ခဲ့ရပါသည်။ ခက်ခက်ခဲခဲ တိုက်ပွဲဝင်ခဲ့ရပါသည်။ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကာ ကြမ်းကြမ်းတမ်းတမ်း ရင်ဆိုင်ခဲ့ရပါသည်။ တဖက်က ရန်သူကို တိုက်ရင်း အခြားတဖက်က ဝအမျိုးသား လူ့အဖွဲ့အစည်းအတွင်း လူထုစားဝတ်နေရေးကို တဆစ်ချိုး ပြောင်းလဲပေးရေးဆိုသည်မှာ အဘယ်မျှ ခက်ခဲလိမ့်မည်ဆိုသည်ကို မှန်းဆကြည့်နိုင်လိမ့်မည် ထင်ပါသည်။ ပါတီနဲ့ လူထု လက်တွဲတိုက်ခိုက်ခဲ့ရသော ပြင်းထန်ခက်ခဲသည့် တိုက်ပွဲတပွဲဟု ဆိုရပါမည်။

လူထု စပါးအထွက် တက်လာပါသည်။ သို့သော်– အောင်မြင်မှုအသီးအပွင့်ကို ချက်ချင်းအသိအမှတ်မပြုရပါ။ မယုံရဲသေးပါ။

ပထမဆုံး စတင်လက်ခံလာမိတာကတော့ ကာဝိုင်းရွာတွင် အိမ်တိုင်းအိမ်တိုင်းဘေး၌ တဲငယ်ကလေးတွေကိုယ်စီ တွေ့မြင်လာသော အချိန်ရောက်လာမှ ဖြစ်ပါသည်။ "ဒါတွေကဘာတွေလဲဗျ" ဗိုင်နယ်မှူးကို ကျွန်တော်မေးကြည့်မိသည်။

"ဒါက စပါးကျီတွေလေ"

ကျွန်တော် အံ့သြသွားပါသည်။

ကျွန်တော်တို့ ကောက်ယူထားသော စာရင်းအရ လူထုစပါးအထွက်တိုးလာမှန်း သိပါသည်။ ရိက္ခာဖူလုံလာပြီဟု ဆိုနိုင်သည့် အခြေအနေ ရောက်ပြီကို နားလည်ပါသည်။ ဒါပေမဲ့ အိမ်တိုင်း စပါးကျီရှိလာသည့် အခြေအနေဆိုတာကတော့ ထင်မှတ်သည်ထက် ပိုမို ကောင်းမွန်သည့် အခြေအနေလေ။

ဝအမျိုးသားတွေက အရင်ကဆို အိမ်ပေါ်မှာ ကျပ်ခိုးမှိုင်းခံထားတဲ့ ဝါးပိုး ဝါးကျည်တောက်ကြီးတွေနဲ့ စပါးတွေ ဆန်တွေ ထည့်သွင်းသိုလှောင်ထားကြတာပါ။ အခု စပါးကျီတွေတောင် အိမ်တိုင်း ဆောက်လာပြီဆိုတော့ အရမ်းပြောင်းလဲသွားပြီ။ လူတယောက် စပါး ၂၅ တင်း မက ရနေကြပြီ။

အရင်က ဝနယ်မှာ ဝအမျိုးသမီးတွေ လက်ဆုံမောင်းဖြင့် ဆန်ထောင်းကြရသည်။ အခု ကျွန်တော်တို့ လူထုအတွက် စပါးကြိတ်ဆုံတွေ လုပ်ပေးဖို့ ကြံဆလာကြရပြီ။ နောက်ဆုံးတော့ တဖက်နိုင်ငံက စပါးကြိတ်စက်ငယ်လေးတွေဝယ်ယူဖို့ စီစဉ်ပေးလိုက်လို့ တောင်ပေါ်မှာ စပါးကြိတ်စက်တွေ ရောက်လာပြီ။ လူထုမှာ စပါးပေါပေါများများ မရလျှင် ဒါတွေ ဘယ်မှာလိုအပ်မလဲ။ တောင်ပေါ်မှာ စပါးကြိတ်စက်နှင့်မီးစက်များကို ကျွန်တော်တို့ တပ်ဆင်ပေးလိုက်နိုင်ပါသည်။

ပထမ နမ်ဖတ်ဒိုင်နယ်က အောင်သီးအောင်နှံကို စတင်ဆွတ်ခူးနိုင်ခဲ့သည်။ နောက်တော့ ဒီစံနမူနာအတိုင်း တမြို့နယ်လုံး။

ပန်ဆန်းမြို့နယ်ကနေ စစ်ဒေသ ဌာနချုပ်ရုံးသို့အသွား လမ်းဘေးမှာ ဆောင်းလယ်စပါးခင်းတွေ စိမ်းညို့နေတာ မြင်ရတိုင်း ကျွန်တော့်ရင်မှာ ကြည်နူးစိတ်တွေ ဝေလာတတ်သည်။

လူထုစပါး ဖူလုံပြည့်ဝလာသဖြင့် အခွန်ရရှိမှုကလည်း ပိုမိုတိုးတက်များပြားလာသည်။ အထက်ပါတီအဖွဲ့အစည်းသို့ ကျွန်တော်တို့ ထောက်ပံ့နိုင်မှု မြင့်တက်လာသည်။ ပါတီအတွက် ပြည်သူ့တပ်မတော်သားများအတွက် လူထုအခွန်စပါး ငွေကြေးများကို အထက်ဆင့် စစ်ဒေသသို့ ကျွန်တော်တို့ ထောက်ပံ့မှု မြင့်တက်လာသည်။ ပန်ဆန်းမြို့နယ်လူထု၏ အောင်ပွဲဖြစ်သလို ပါတီ၏ အောင်ပွဲလည်း ဖြစ်ပါသည်။

ပါတီဗဟို၏ သဘောတူညီမှုအရ စစ်ဒေသပါတီကော်မတီက ပန်ဆန်းမြို့နယ်ကို ပန်ဆန်းအထူးမြို့နယ်ဟု အမည်ပြောင်းကာ မြို့နယ်အဖြစ်မှ ခရိုင်အဆင့်သို့ ပြောင်းလဲသတ်မှတ်ပေးလိုက်သည်။ ကိုယ့်ဒူးကိုယ်ချွန်ရေးနှင့် အထက်သို့အပ်နှံရေးတွင် ကျန်ခရိုင်အားလုံးက အတုယူဖို့ လှုံ့ဆော်လိုက်သည်။

ကျွန်တော်က နမ်ဖတ်ဒိုင်နယ်မှ လူထုကို အစည်းအဝေးလုပ်ကာ "ဗမာပြည်ကွန်မြူနစ်ပါတီက နတ်ဆင်ကြီးကို ပြိုးရယ်စေလိုက်ပါပြီ" ဟု ဟောပြောလိုက်ပါသည်။ ဝနယ်လူထုနှင့်အတူ အောင်သီးအောင်ပွဲကို ကျွန်တော်တို့ စားသုံးနိုင်ခဲ့ပါသည်။

ဤထုတ်လုပ်ရေးတိုက်ပွဲ၏ အောင်မြင်မှုအနေနှင့် ကျွန်တော် သီးသန့်ရရှိလိုက်သော ဆုလာဘ်တခု ရှိပါသေးသည်။ ဝအမျိုးသားတို့ ခွဲထွက်ပုန်ကန်ကြသည့်အခါ ကျွန်တော်သည် ကျွန်တော်တာဝန်ယူခဲ့ဖူးသော ပန်းဆန်းမြို့နယ်ရုံးမှာပင် အကျဉ်းချထားခြင်း ခံရပါသည်။ ကျွန်တော့်ကို လွှတ်ပေးဖို့ အာဏာပိုင်များထံ လာရောက်တောင်းဆိုကြသောသူများမှာ ဆောင်းလယ်စိုက်ပျိုးရေးကြောင့် ချောင်လည်ဖူလုံလာကြကာ ကျွန်တော့်အား ခင်မင်သံယောဇဉ်ဖြစ်နေကြသည့် ပန်ဆန်းမြို့နယ် ဝမ်နားရွာမှ ရှမ်းအမျိုးသားများပင် ဖြစ်ကြပါသည်။

(၇)

(ဝနယ်တွင် ပါတီထမ်းဆောင်ခဲ့သော ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များနှင့် ဝနယ်လူထုအကျိုးပြုလုပ်ငန်းတာဝန်များထဲမှ မိမိပါဝင်ထမ်းဆောင်ခဲ့ရသော လုပ်ငန်းတရပ်ကိုသာ ရေးသားတင်ပြခြင်း ဖြစ်ပါသည်။ ပါတီက ဝနယ်ပြည်သူတွေအတွက် ကောင်းကျိုးဆိုလို့ တစေ့တလေတောင် မပြုခဲ့ဘူးဆိုပါလား။ ဤသို့သော ကိုယ်ကျိုးစီးပွားအတွက် အမှန်တရားကို ဖုံးကွယ်ကာ ပါတီကို ယုတ္တိမဲ့ ထိုးနှက်တိုက်ခိုက်သော ပြောကြားချက်များ ပျက်ပြယ်ပါစေသတည်း။)

တဖက်က ရန်သူကို တိုက်ရင်း အခြားတဖက်က ဝအမျိုးသား လူ့အဖွဲ့အစည်း အတွင်း လူထုစားဝတ်နေရေးကို တဆစ်ချိုး ပြောင်းလဲပေးရေး ဆိုသည်မှာ အဘယ်မျှ ခက်ခဲလိမ့်မည်ဆိုသည်ကို မှန်းဆကြည့်နိုင်လိမ့်မည် ထင်ပါသည်။ ပါတီနဲ့ လူထု လက်တွဲတိုက်ခိုက်ခဲ့ရသော ပြင်းထန်ခက်ခဲသည့် တိုက်ပွဲတပွဲဟု ဆိုရပါမည်။

# "ငရဲခန်းမှ ပန်းကလေးများအတွက် အလွမ်းစာတပုဒ်"

ဖြစ်နိုင်မည်ဆိုလျှင် ... သူတို့နှင့် တဖန် ပြန်ဆုံချင်ပါသေးသည်။ ၁၉၈၀–ခုနှစ်ကပင် ... သူတို့နှင့်ဝေးခဲ့ရသည်၊ နှစ်ပေါင်းလေးဆယ်ပင် ပြည့်ပါတော့မည်။ ရင်ထဲမှာတော့ အမှတ်တရရှိနေဆဲ ...။ ၁၉၇၉–ခုနှစ်က မစည်ကားအပ်သောနေရာဟုခေါ်ဆိုလေ့ရှိသော နာမည်ဆိုးနှင့် ကျော်ကြားသည့် အင်းစိန်ထောင်ငရဲခန်းတွင် ကျွန်တော်တို့ ဆုံခဲ့ကြသည်။ သူတို့ကား ငရဲခန်း၏ ပူပြင်းတောက်လောင်နေသော မီးလျှံထဲတွင် ရဲရင့်ဝင့်ကြွားစွာ ပွင့်ခဲ့ကြသည့် သံမဏိ ပန်းပွင့်ကလေးများပင် ဖြစ်သည်။ ပုပ်အဲ့ညစ်ညမ်းသောလေထုထဲမှာ ယိမ်းထိုးလှုပ်ရှားရင်း ထုံရီ သင်းပျံ့သော ရနံ့ဖြင့် သန့်ရှင်းမွန်မြတ်သော ဂုဏ်သိက္ခာကို မှတ်တိုင်စိုက်ထူခဲ့ကြသည်။ ... ရိုးသားသည်။ တည်ငြိမ်ကြံ့ခိုင်သည်။ ရန်ငါပြတ်သည်။ နည်းပရိယာယ် ရှိသည်။ သူတို့၏ သတ္တိနှင့် အမြော်အမြင်ကို ကျွန်တော်၏ ရင်သပ်ရှုမော အံ့သြမိသည်။ လေးစားမိသည်။ သူတို့အတွေ့ အကြုံတွေထဲမှာ လေ့လာစရာတွေ များစွာရှိ ခဲ့သည်။ သူတို့က ကျွန်တော့်ကို အလင်းရောင်တချို့ပေးရင်း ... လိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။ ရဲဘော်ရဲဘက်သဖွယ် ပွေ့ဖက်ရင်း တတ်နိုင်သမျှ ... အကူအညီတွေ ပေးခဲ့သည်။ ကျွန်တော့်နှလုံးအိမ်တွင် စူးစူးနစ်နစ် ခံစားခဲ့ရသည်။ အခြေအနေ အကြောင်းကြောင်းကြောင့် သူတို့အတွက် အမှတ်တရ စာတပုဒ် ရေးချင်သော်လည်း မရေးဖြစ်ခဲ့ ... ဤသို့ဖြင့် ... ရင်ထဲမှာ အကြွေးတခုလို ခံစားနေခဲ့ရသည်မှာ နှစ်တွေကြာခဲ့ရပါသည်။ အတိတ်သည် ပြန်မလာနိုင်တော့ ။ သို့သော် ရင်ထဲမှာတော့ တရိပ်ရိပ် ပြေးနေဆဲ...

၁၉၇၂ – ခုနှစ်ဆန်း ကျွန်တော်လက်နက်ကိုင် တော်လှန်ရေးဆင်းလာချိန်က တော်လှန်ရေးအခြေအနေက သည်းသန်ပြင်းထန်လွန်းသည်။ မြစ်ဝကျွန်းပေါ်အခြေခံဒေသ လက်လွှတ်လိုက်ရပြီး ပဲခူးရိုးမ ... အနောက်ရိုးမ ရခိုင်ရိုးမ ... တို့တွင်လည်း ရန်သူ၏ စစ်တပ်အင်အား အလုံးအရင်းဖြင့် ပြင်းထန်သောထိုးစစ်ကို ရင်ဆိုင်နေရသည့် ကာလဖြစ်သည်။ ရန်သူက ဖြတ်လေးဖြတ်စစ်ဆင်ရေး လုပ်လာသည်။ မိမိတို့ဘက်မှ ဆုံးရှုံးမှုကြီးမားလှသည်။ အရှင်လတ်လတ်ခေါင်းဖြတ် ... မသေမရှင်ခေါင်းဖြတ် ... သေပြီးသားကိုလည်း ခေါင်းဖြတ် ...ရန်သူဘက်က ပြတ်သည်။ အစာငတ် ရေငတ် အဟာရပြတ် ... သေခြင်းတရားက အနီးကပ်မှာရောက်လာပေမယ့် သံမဏိစိတ်ဓာတ်နဲ့ ...တရံမလပ်...သေနတ်သံတွေကြားမှာ ရှင်သန်ခဲ့ လှုပ်ရှားခဲ့ရသည်။ ပသို့ဆိုစေ ခေါင်းဆောင်များ ကေဒါများ ရဲဘော်များက ခိုင်မာသောယုံကြည်ချက်ဖြင့် အသက်ပေး တိုက်ပွဲဝင်ခဲ့ကြသည်။ ဤကာလမှာပင် ၁၉၇၉ – ခုနှစ်က ပါတီ၏ တာဝန်ပေးချက်အရ မြေအောက်လုပ်ငန်းအတွက် ရန်သူ့ဒေသတွင်းသို့ ခရီးထွက်ခဲ့ရာ ... မမျှော်လင့်ဘဲရဲဘော် တယောက် (ရဲဘော်သန်းမောင်) နှင့်အတူ ရန်သူ့လက်တွင်း ကျရောက်ခဲ့ရသည်။ မိမိအဖို့ လုံးဝမျှော်လင့် မထားသော ဘဝအလှည့်အပြောင်းပင်ဖြစ်သည်။

ဤသို့ဖြင့် ရေကြည်အိုင်...အင်းစိန်ထောင် (၆)တိုက် ... (၅) တိုက်များတွင် နာကျင်ပူလောင် ခါးသီးသော နေ့ရက်များကို ဖြတ်သန်းခဲ့ရသည်။ မိမိ၏ ယုံကြည်ချက်နှင့် အတွေးအခေါ်ကို စမ်းသပ်မှတ်ကျောက်တင်သော နေ့ရက်များဟူ၍သာ မှတ်ယူပါသည်။ နောက်ဆုံး ... ရန်သူက စစ်ကြောရေးလုပ်ခြင်းကို လက်လျှော့ပြီး ၁၇ — ( ၁၊၂)ပုဒ်မဖြင့် တရားရုံးတင်ထောင်ချဖို့ အဆောင် (၁) ကို ပို့ပါသည်။ အခန်းထဲမှာတော့ စိတ်မချမ်းမြေ့ဖွယ် အနိဋ္ဌာရုံမြင်ကွင်းက ဆီးကြိုနေပါသည်။ မိမိအဖို့တော့ အတွေ့အကြုံအသစ် ...။ တန်းစီ၍ထိုင်နေသော လူသစ်များကို တဖြောင်းဖြောင်းနှင့် ရိုက်နှက်နေရင်း ဆဲဆိုဟိန်းဟောက်နေသော အသံများနှင့် မြင်ကွင်းက အကျည်းတန်လှသည်။

“ ဒီမှာ တိုက်ထွက်နှစ်ယောက် လာပို့တာ” ... လိုက်ပို့လာသူက အသံကျယ်ကျယ်ဖြင့် အခန်းလူကြီးကို သတင်းပို့ပြီး ပြန်လှည့်ထွက်သွား သည်နှင့်အခန်းထဲမှ လူငယ်တယောက်က ကျွန်တော်တို့ထံ ချဉ်းကပ်လာပြီး ယဉ်ကျေးသိမ်မွေ့သည့်ဟန်ဖြင့် မိတ်ဆက်လာသည်။

“အစ်ကိုတို့က တိုက်ထွက်တွေဆိုတော့ နိုင်ငံရေးမှုလား ... ကျွန်တော်က အရေးအခင်း ထောင်ကျကျောင်းသားပါ ” ကျွန်တော်က သူ့အမူအရာကို တချက်မျှ အကဲခတ်ကြည့်ရင်းမဆိုင်းမတွ အဖြေပေးလိုက်မိသည်။

“ ဟုတ်...ကျွန်တော်တို့က ဗမာပြည်ကွန်မြူနစ်ပါတီကပါ။ ၁၇ (၁၂) ပုဒ်မနဲ့ စွဲထားတယ်” ကျွန်တော့်စကားဆုံးသည်နှင့် သူက ကပျာကယာ နှုတ်ဆက်ပြီး အခန်းလူကြီးထံသွားတာ တွေ့လိုက်ရသည်။ သူက ဘာပြောလိုက်သည်မသိ ... အခန်းလူကြီးက ချက်ချင်းထလာပြီး အလေးအနက်ထားသည့်ဟန်ဖြင့် ကျွန်တော်တို့ကို နှုတ်ဆက်စကားပြောသည်။

“အစ်ကိုတို့နှစ်ယောက်ကတော့ ပုံစံကိုင်တဲ့အထဲမှာ ပါစရာ မလိုဘူး အေးအေးဆေးဆေးသာ ထိုင်နေပါ။”

ဤသို့ဖြင့် အရေးအခင်းကျောင်းသားဆိုသူ၏ ကျေးဇူးကြောင့် ... သုံးနာရီလောက် အရိုက်ခံ အဆဲခံရမည့်ဒဏ်မှ လွတ်ခဲ့ရသည်။ သို့ရာတွင် ထိုညအဖို့တော့ မေးခွန်းတချို့ကို အဖြေရှာရင်း အတွေးများ...တဝဲလည်လည်ဖြင့် အိပ်မပျော်နိုင် ။ ... အဲ့ဒီကျောင်းသားဆိုသူက ငါတို့ကို ဘာဖြစ်လို့ ကူညီတာလဲ ။ ရိုးရိုးအကျဉ်းသားတွေကြားထဲမှာ ကျောင်းသားဟာ ဘယ်လိုရပ်တည်နေရသလဲ ... အခန်းလူကြီးဆိုတဲ့ လူမိုက်ကြီးက ... ဒီကျောင်းသားအပေါ်မှာတော့ လေးလေးစားစား ဆက်ဆံနေပါလား ... စသည်ဖြင့် ...စသည်ဖြင့်...

ညက အိပ်မရသော်လည်း နံနက်စောစောထ၍ ပတ်ဝန်းကျင် အသစ်ကို အကဲခတ်နေမိသည်။ နံနက်ခင်း၏ နေရောင်ခြည်က အဆောင်ရှေ့ကွင်းပြင်ပေါ်သို့ ဖြာကျနေသည်။ ကွင်းပြင်တခုလုံး လူတွေပြည့်နေသည်။ ကြည့်နေရင်း ရုပ်ရှင်ထဲက ရောမခေတ် ကျေးကျွန်တွေကို မြင်ယောင်လာမိသည်။ အဆောင်ထိပ်ဖက် စင်္ကြံပေါ်မှာ စု၍ထိုင်နေသော ကျောင်းသားတအုပ်ကို လှမ်းတွေ့လိုက်ရသည်။ စုစုပေါင်း (၁၁)ယောက် ... သူတို့က အကျဉ်းသားတွေနဲ့တောင် မတူ... သပ်သပ်ရပ်ရပ် ဝတ်စားထားပြီး စာအုပ်ကိုယ်စီနှင့် စုထိုင်နေကြသည်။

စာမေးပွဲနီးလို့ စာကိုသဲကြီး မဲကြီး ကြိုးစားနေကြတဲ့ပုံမျိုး ... ယမန်နေ့ညနေက အကူအညီပေးခဲ့သော ကျောင်းသားကိုလည်း သူတို့အဖွဲ့ထဲမှာ တွေ့လိုက်သည်။ သူတို့အဖွဲ့ကို လှမ်းကြည့်နေစဉ်မှာပင် နံဘေးက အသံထွက်လာ၍ လှည့်ကြည့်လိုက်မိသည်။

“ ခင်ဗျားတို့ ကွန်မြူနစ်ပါတီကလား...မနေ့က အခန်းထဲမှာ ပြောသံကြားလိုက်တယ်။ ကျွန်တော်တို့လေးယောက်က အမှုတွဲပါ ...ပြည်သူ့အသံကလွှင့်တဲ့ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောရဲ့ မိန့်ခွန်းကို ကူးပြီးဖြန့်လို့ အဖမ်းခံရတာ။ အခု ရုံးတက်နေရတယ်။ စွဲထားတဲ့ပုဒ်မတွေကတော့ အများကြီးပဲ။” ပြောနေရင်းမှာပင် ဇလုံငယ် နှစ်လုံးလှမ်းပေးရင်း ပြောလက်စ စကားကိုဆက်သည်။

“လောလောဆယ် ဒီဇလုံတွေက ခင်ဗျားတို့အတွက် မရှိမဖြစ် လိုအပ်တယ်။ ထမင်းစားဖို့ ရေချိုးဖို့ အသုံးလိုတယ်။ ကျွန်တော်တို့နဲ့ အတူနေ အတူစားကြတာပေ့ါ။ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ အရှိန်နဲ့ ထမင်းစုပြီးဆွဲစားလို့ရတယ်။ တန်းစီစရာမလိုဘူး။ “

ဤသို့ဖြင့် သူတို့အဖွဲ့၏ နွေးထွေးသောကြိုဆိုမှုကိုလက်ခံပြီး အပြန်အလှန် နားလည်မှုရခဲ့သည်။ စားရေးသောက်ရေး နေရေး အစစ အဆင်ပြေသွားသည်။ သူတို့နှင့်အတူနေခဲ့စဉ်က သူတို့ရင်ထဲက ထွက်လာသည့်စကားတခွန်းကိုတော့ ယနေ့တိုင် အမှတ်ရနေပါသည်။

“ ကျွန်တော်တို့ လုပ်ခဲ့တဲ့ အလုပ်က တော်လှန်ရေးအတွက် အသေးအဖွဲလေးပါပဲ။ ဒါပေမဲ့ ပါတီကို အိုးစည်ဗုံမောင်းနဲ့ ကြိုမယ့်အထဲမှာတော့ ကျွန်တော့်တို့ ရှေ့ဆုံးက ဖြစ်ပါလိမ့်မယ်။”

ပသို့ဆိုစေ သူတို့၏ ပွင့်လင်းရိုးသားသော စကားလုံးလေးတွေက ကျွန်တော်တို့အတွက် အား ဖြစ်စေခဲ့သည်။

နေ့လည်ထမင်းစားပြီးချိန်မှာတော့ မလှမ်းမကမ်းရှိ စုထိုင်နေသော ကျောင်းသားအဖွဲ့မှ ကျောင်းသားတယောက် လာပြီးမိတ်ဆက် ပါသည်။ သူက ... ရခိုင်ဖြစ်ပြီး စက်မှုတက္ကသိုလ်က နာမည်က ...“ခိုင်ဇော်”ဟုဆိုသည်။

"အစ်ကိုက ရခိုင်ရိုးမမှာနေခဲ့ဖူးတယ်ဆိုလို့ အဲ့ဒီက အခြေအနေလေး လေ့လာချင်လို့ပါ" သူ့အသံက ရခိုင်သံဝဲနေတာ သတိထားမိသည်။ သူက ရခိုင်ရိုးမလက်နက်ကိုင် တော်လှန်ရေးထဲသို့ ဆင်းသွားသော သူ့အပေါင်းအသင်းများအကြောင်းကို ခရေစေ့တွင်းကျ မေးသည်။ ကျွန်တော်တို့ ဖြတ်သန်းမှုကိုလည်း ပြောသင့်သလောက်ပြောပြဖို့ တောင်းဆိုသည်။ သူက ... ကျွန်တော်တို့ နှစ်ယောက်ကို ပါတီကလူ အစစ်အမှန်ဟုတ် ... မဟုတ် အတည်ပြုချင်ပုံ ရပါသည်။ အပြန်အလှန်ပြောကြရင်း နောက်ဆုံးတော့ ယုံကြည်စိတ်ချသွားပုံရသည်။ သူ့ထံမှ (လက်ရှိထောင်တွင်း အခြေအနေ) အပြည့်အစုံကို သိလိုက်ရသည်။

လက်ရှိကာလတွင် ထောင်အုပ်ချုပ်ရေးကို ထောက်လှမ်းရေးက နေရာတိုင်းမှာ တိုက်ရိုက်ကိုင်ထားသည်။ ယူနီဖောင်း အစိမ်းတွေကို နေရာတကာမှာ တွေ့နေရသည်။ ၇၄ – ၇၅ – ၇၆ အရေးအခင်းများမှ အဖမ်းခံရသည့် နိုင်ငံရေးအကျဉ်းသားများကို သီးသန့်မထားဘဲ ရာဇဝတ်အကျဉ်းသားများနှင့် ရောထားသည်။ နိုင်ငံရေးသမားကို နှိမ်သည့်သဘောပင် ဖြစ်သည်။ တချို့ကို အလုပ်ဆိုက်များထဲတွင် အလုပ်ခိုင်းပြီး တချို့ကိုတော့ ဘာအလုပ်မှ မလုပ်ခိုင်းဘဲထားသည်။ ဆန့်ကျင်သည့် လှုပ်ရှားမှုသတင်း အစအနရသည်နှင့် ချုပ်နှောင်စစ်ဆေးတာ နှိပ်စက်ညှဉ်းပန်းတာမျိုးတွေ လုပ်သည်။ အလုပ်သမား ကျောင်းသား စည်းလုံးညီညွတ်မှုကောင်းသည်။ ဖြစ်နိုင်သည့်နေရာတိုင်းတွင် စုစုစည်းစည်း နေထိုင်ကြသည်။ အဆောင် (၄) တွင်နေသောအစုက လူ (၄၀) ကျော် ရှိသည်။ အာဏာပိုင်တွေကလည်း နိုင်ငံရေးအကျဉ်းသားတွေကို နားလည်မှုဖြင့် အခွင့်အရေးတချို့ပေးထားရသည်။ ရေချိုးရင် တန်းစီစရာမလို ... ထမင်းကို အစုလိုက်ဆွဲယူစားခွင့် စသည့် အခွင့်အရေးမျိုး တွေပေးထားသည်။ အဆောင်(၃) ကတော့ လုံခြုံရေးတင်းကျပ်သည်။ ပါတီ၏ မြေအောက်အမှုနှင့် ဆက်နွယ်သည့် ရဲဘော်များရှိနေသည်။ တဆောင်နှင့်တဆောင် သတင်းအဆက်အသွယ်မပြတ်ရှိနေသည်။ ပသို့ဆိုစေ ... ထောင်တွင်းမှာ တိုးတက်သည့် အလုပ်သမား ကျောင်းသားနှင့် နိုင်ငံရေးအင်အားစုတို့ လှုပ်ရှားမှု စနစ်တကျ ရှင်သန်နေပုံရသည်။

ကျွန်တော်က ... ရရှိလာသော အချက်အလက်များကို အခြေခံ၍ ... ရှေ့ဆက်ရမည့် ခြေလှမ်းများအတွက် အတွေးများ ဆန့်ထုတ်မိသည်။ ... ထောင်တွင်းပါတီ အဖွဲ့အစည်းရှိနေပြီလား ...၊ မရှိသေးရင် ဘယ်လိုစုစည်းမလဲ ...၊ အခြေအနေနှင့်ပတ်သက်ပြီး ဗဟိုကို အစီရင်ခံဖို့ လမ်းကြောင်းတခုရှာရန်...ထောင်ထဲမှာ ပါတီလိုလားထောက်ခံသူ ဘယ်လောက်အတိုင်းအတာ ရှိသလဲ၊ ပါတီပေါ်လစီကို ဘယ်လိုဖြန့်မလဲ...စသည်ဖြင့်...စသည်ဖြင့် အတွေးမျှင်တို့ မပြတ်နိုင်တော့...။

ဤကာလအတွင်း တရားရုံး နှစ်ကြိမ်ထွက်ရသည်။ တရားရုံးက ထောက်လှမ်းရေး၏ အရိပ်အောက်မှာသာ ရှိပါ သည်။ မိမိအနေဖြင့် ရန်သူကို ဖွင့်ချသော စင်မြင့်တခုအဖြစ်သာ သဘောထားပါသည်။ ထုံးစံအတိုင်း တရားသူကြီးဆိုသူက အချိန်မဆွဲဘဲ ... ဖြစ်ကတတ်ဆန်း ... ကပျာကယာ အမိန့်ချပေးလိုက်သည်။ (၅)နှစ်...။

"(၅)နှစ်တဲ့လား ... တန်လိုက်တာ အစ်ကိုရေ ... လက်နက်ကိုင်ပြီး တိုက်လာတဲ့လူက (၅)နှစ် ... ကျွန်တော်တို့ကတော့ ... ဒို့အရေးအော်တာလောက်နဲ့ (၁၀) နှစ် ... (၁၅) နှစ် ကျခံရတယ်။ တန်တယ်ဗျို့ ...။ "ကျောင်းသားတယောက်က ကျွန်တော့်လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ရင်း ပြောလိုက်ခြင်းဖြစ်သည်။ စိတ်လှုပ်ရှားနေပုံလည်း ရသည်။

နောက်နေ့ နံနက် ... အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူလတ်ပိုင်းအရွယ် ကိုလှိုင်းဆိုသူ ရောက်လာသည်။ "ကျွန်တော်က အထပ်သားစက်ရုံက အလုပ်သမားပါ။ ခင်ဗျားတို့အမှု အမိန့်ချပြီး သွားပြီဆိုလို့ လာကြိုတာ ...။ (၄)ဆောင်ကို သွားရမယ်။ ဟိုမှာ ခင်ဗျားတို့အတွက် လိုအပ်မယ့်ဟာတွေ ပြင်ထားတယ်။" လေယူလေသိမ်းက အေးအေးဆေးဆေး ... တည်ကြည်လေးနက်သည့် ဟန်က သူ့မျက်နှာတွင် ပေါ်လွင်နေသည်။ သူ့ကို ဘယ်သူက အကြောင်းကြားလိုက်တာလဲ ...၊ သူ့ကို ဘယ်သူက တာဝန်ပေးလိုက်လို့ လာကြိုတာလဲ။ သူက ပါတီလိုလားသူလား ... စိတ်ထဲမှာ အတွေးများ ဝင်လာသော်လည်း ဘာမှ စောဒကမတက်တော့ဘဲ လိုက်လှဲသောအပြုံးဖြင့်သာ နှုတ်ဆက်တုံ့ပြန်လိုက်ပြီး သူ့အစီအစဉ်အတိုင်း နောက်ကထက်ကြပ်လိုက်ပါသွားခဲ့သည်။

အဆောင်ရောက်တော့ သူက အခြေအနေအရပ်ရပ်ကို ရှင်းပြသည်။ "အခုဒီအဆောင်မှာ စုစည်းနေတဲ့အဖွဲ့မှာ အရေး

အခင်းမှာ ပါခဲ့တဲ့ အလုပ်သမားတွေ ကျောင်းသားတွေနဲ့ အလွှာမျိုးစုံက လူတွေပါတယ်။ အားလုံးက ကိုယ်ပိုင်အသိနိုးကြားမှုနဲ့ လာစုကြတာပဲ။ ရန်သူဆန့်ကျင်ရေး စိတ်ဓာတ်အခြေခံရှိသူတွေပါပဲ။ စုစုစည်းစည်းနေတော့ ရန်သူက မစော်ကားရဲဘူးလေ။ နိုင်ငံရေးရေချိန်ကတော့ အမျိုးမျိုးရှိပါတယ်။ အများစုကတော့ ပါတီအပေါ် သဘောထားမှန်ပါတယ်။ လိုလားထောက်ခံသူတွေလည်းရှိတယ် ။ လေးလေးနက်နက် ယုံကြည်သူတွေလည်းရှိတယ်။ ကျောင်းသားတွေကတော့ လေ့လာဖို့ ပိုပြီးအချိန်ရတယ်။ ပါတီနေ့ ... လက်နက်ကိုင်တော်လှန်ရေးနေ့လို ... ပါတီရဲ့ နေ့ထူးနေ့မြတ်တွေရောက်ရင် အစားအသောက် ဖွယ်ဖွယ်ရာရာတွေ ပြင်ဆင်တာ...ညဘက်မှာ ဝိုင်းဖွဲ့ဆွေးနွေးကြတာမျိုးတွေကို လုပ်ပါတယ် စားရေးသောက်ရေးမှာ...ဘုံရိပ်သာစနစ်ကို လုပ်ပါတယ်။ အပြင်ကပို့လာတဲ့ ထောင်ဝင်စာတွေကို ဘုံမှာစုတယ်။ ထောင်ထဲမှာလည်း ကြိုးစားပြီး နည်းနာမျိုးစုံ ရှာကြတယ်။ ရေနွေးရောင်းတာ...အလုပ်ဆိုက်တွေထဲမှာ လုပ်အားနဲ့ ထွက်လာတဲ့ပစ္စည်းကိုရောင်းပြီး ရန်ပုံငွေရှာ ... ဘုံကို အပ်ပါတယ်။

ခင်ဗျားတို့က လက်နက်ကိုင်တော်လှန်ရေး လက်တွေ့ထဲက လောလောလတ်လတ် ရောက်လာတဲ့ လူတွေဆိုတော့ ပါတီနဲ့ တော်လှန်ရေးရဲ့ လက်ရှိအခြေနေတွေကို ခင်ဗျားတို့ဆီက လေ့လာဖို့ ဆန္ဒပြင်းပြတဲ့လူတွေ ရှိနေတယ်။ ဒါကြောင့် ခင်ဗျားတို့နှစ်ယောက် နေရာခွဲပြီးနေဖို့ စီစဉ်ထားတယ်။ သဘောတူစေချင်တယ်။ ဤသို့ဖြင့် သူတို့၏ဆန္ဒအရ ရဲဘော်သန်းမောင်က အခန်း (၁) ရှိ ကျောင်းသားအဖွဲ့နှင့် အတူသွားနေပြီး ကျွန်တော်က ကိုလှိုင်းတို့ အခန်းမှာပဲ နေပါသည်။

ရက်တချို့ ဖြတ်သန်းပြီးနောက် ပတ်ဝန်းကျင်နှင့် နေသားကျသွားသလို ခံစားမိသည်။ အားသည့်အချိန်တွင် ရေနွေးလည်ရောင်းသည့် အလုပ်ကို လုပ်သည်။ ဖိနပ်ချုပ်အလုပ်ရုံမှာ နေရာချသော်လည်း အလုပ်က မည်မည်ရရမရှိ။ စာဖတ်ချိန် များများရသည်။ “ခင်ဗျား...အဲ့ဒီစာရေးစားပွဲကိုသာ အပိုင်ယူပေတော့ ...အဲ့ဒါ ရဲဘော်ကြီး ဦးသိန်းလွင် ထိုင်ခဲ့တဲ့ခုံပဲ။” အလုပ်သမားရဲဘော်ကြီး ကိုရွှေမင်းက ရင်းရင်းနှီးနှီးဖြင့် ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။ သူပြောသည့် ဦးသိန်းလွင် ဆိုသည်မှာ ဒေးဒရဲ အချုပ်ခန်းကို ဖောက်ထွက်ပြေးရင်း တိုက်ပွဲမှာကျဆုံးသွားခဲ့သော ဗမာပြည် ကွန်မြူနစ်ပါတီ ဒေးဒရဲမြို့နယ်ခေါင်းဆောင်ကို ဆိုလိုခြင်းဖြစ်သည်။

ပြည်သူ့အသံက အသံလွှင့်တာတွေကို နားထောင်ပြီး ဖြန့်ပေးတဲ့လုပ်ငန်းလုပ်ဖို့ သူတို့က ဖိလစ်ရေဒီယိုတလုံး ရှာပေးသည်။ အဲဒီကာလက ... ၇၉ –ပါတီဗဟိုရဲ့ လမ်းစဉ်တွေကို လွှင့်နေတဲ့အချိန်ဖြစ်ပါသည်။ အသံလွှင့်ချက်တွေကိုသာမက သူတို့တင်လာသော ပါတီ တော်လှန်ရေးနဲ့ ပတ်သက်တဲ့ ပြဿနာတွေကို တတ်နိုင်သမျှ ရှင်းပြတာတွေလည်း လုပ်ရသည်။ မေးခွန်းတွေကတော့ မျိုးစုံသည်။ တချို့က ပါတီနေရာတွင် “အမေ” ဟူသော နာမ်စားကို သုံးကြသည်။ အခြေအနေပေးလျှင် နှစ်ဦးချင်း အမြင်ဖလှယ် တာမျိုးတွေကို လုပ်ပါသည်။

အလုပ်သမားရဲဘော် ကိုဝင်းထိန်၏ ရင်ထဲမှ စကားလုံး တချို့ကိုတော့ ယနေ့တိုင် မှတ်မှတ်ရရရှိနေသည်။

“အမှန်အတိုင်းဝန်ခံရရင် ပါတီနဲ့တိုက်ရိုက်ထိတွေ့တာ မရှိခဲ့ဘူး။ လက်နက်ချတွေရေးတဲ့ သခင်သန်းထွန်း နောက်ဆုံးနေ့များလို ရန်သူ့ဝါဒဖြန့်စာအုပ်တွေပဲ ဖတ်ဖူးခဲ့တာ။ ဒါပေမဲ့ အစိုးရရဲ့ ဖိနှိပ်မှုကို ဆန့်ကျင်တိုက်ပွဲဝင်ရင်း ပါတီရဲ့ဂုဏ်ပြောင်တဲ့သမိုင်းနဲ့ ကွန်မြူနစ်တွေရဲ့ စွန့်လွှတ်မှုတွေကို လေးစားလာခဲ့ပြီး ပါတီကို ယုံကြည်လာခဲ့တာ။ လက်နက်ကိုင်တော်လှန်ရေးထဲက အတွေ့အကြုံတွေကို လေးစားတယ် အားကျတယ်၊ လေ့လာချင်တယ်။” သူက အတော် စိတ်အားထက်သန်နေပုံ ရသည်။ ကျွန်တော်ကလည်း ရင်ထဲကရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းပြန်ပြောလိုက်မိသည်။

“လက်နက်ကိုင်တိုက်ပွဲဟာ အလွန်ကြမ်းတမ်းခက်ထန်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ... ရန်သူကို တုံ့ပြန်ဖို့ အနည်းဆုံး မီးကျိုးမောင်းပျက်ဖြစ်ပစေ လက်နက်တော့ ကိုင်ထားနိုင်တယ်။ နိုင်ရင်တိုက် ... မနိုင်ရင် ပြေးလို့ရတယ်။ ပါတီရဲ့ တိုက်ရိုက်ခေါင်းဆောင်မှု ရှိတယ်။ ထောက်ခံအားပေးတဲ့ ပြည်သူလူထုရှိတယ်။ လူထုစည်းရုံးရေး လုပ်လို့ရတယ်။ ပါတီတည်ဆောက်ရေး တပ်တည်ဆောက်ရေး အခြေခံဒေသ တည်ဆောက်ရေးတွေ လုပ်လို့ရတယ်။ ခင်ဗျားတို့လို ထောင်ထဲရောက်လာရတဲ့ ရဲဘော်တွေကတော့ ရန်သူကို ရင်ဆိုင်ဖို့ အသက်တခုပဲ အရင်းအနှီးရှိတယ်။ ခံနိုင်ရည်ရှိမှုဆိုတဲ့ လက်နက်ပဲရှိတယ်။ အခံဘက်ကချည်းပဲ။ ဒီလိုနေရာမှာ

ကျွန်တော့်အဖို့တော့ ခင်ဗျားတို့ဆီမှာ လေ့လာစရာ အတွေ့အကြုံတွေ အများကြီးပဲ။ အထူးသဖြင့်ကတော့ ခင်ဗျားတို့ ပါတီအလံကို မြတ်မြတ်နိုးနိုး ကိုင်ထားတာ တွေ့ရတော့ ကြည်နူးဝမ်းသာစိတ်နဲ့ မျက်ရည်တောင်ကျမိတယ်။''

''ကျွန်တော်တော့ လက်နက်ကိုင်တော်လှန်ရေးကိုပဲ အားသန်တယ်ဗျာ လွတ်ရင် ပါတီကိုသွားမယ်'' သူကအတော် စိတ်အားထက်သန်တက်ကြွနေပုံရသည်။

မမျှော်လင့်ဘဲ မေလ (၂၈) ရက်နေ့မှာ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်လာသဖြင့် ရုတ်တရက်ပြောင်းလဲလာတဲ့ အခြေအနေမှာ ရှေ့လုပ်ငန်းအတွက် လုပ်သင့်တာတွေကို အချိန်လုပြီး အဆောတလျင် လုပ်ရပါသည်။ ပြီးတော့ အချင်းချင်း နွေးထွေးစွာလက်ဆွဲ နှုတ်ဆက်ကြသည်။ တောက်ပတဲ့ မျက်လုံးများနှင့် အပြန်အလှန်စူးစိုက်ကြည့်ရင်း … ရင်ထဲမှထွက်လာသော နှုတ်ဆက်စကားတွေ ပြောကြသည်။ မှာစရာရှိတာတွေ မှာကြသည်။ အနာဂတ်အတွက် သံစဉ်တွေ ညှိကြသည်။ နောက်ဆုံးတော့ … လှောင်အိမ်ထဲက လွှတ်လိုက်တဲ့ ငှက်ကလေးတွေလို … သူတို့ ခွန်အားအပြည့်နဲ့ ပျံထွက်သွားကြသည်။

ကျွန်တော်တို့ကတော့ ၁၅ ရက်နောက်ကျပြီးမှ လွတ်ပါသည်။ စုစုပေါင်း ငါးယောက်…။ ည ၁၂ နာရီခန့် ဖြစ်သဖြင့် ဘယ်သွားမည်မသိ အခက်အခဲ တွေ့နေချိန် … ရေနံချောင်းမှ ကျောင်းသားက သူ့အစ်မအိမ်တွင် အိပ်ဖို့ခေါ်သွားသဖြင့် အဆင်ပြေသွားပါသည်။ နောက်နေ့နံနက်တွင် လွတ်လာသော ကျောင်းသားတယောက်က ကျွန်တော်တို့ကို ထမင်းဖိတ်ကျွေးပါသည်။

နေ့လည်မှာတော့ ကိုလှိုင်းက ထွက်လာတဲ့နေ့မှာ သူနှင့်တွေ့ဖြစ်အောင် လာခဲ့ပါဟု မှာထားခဲ့သဖြင့် ပေးထားသည့် လိပ်စာအတိုင်း သူ့အိမ်ကို သွားပါသည်။ သူက အင်းစိန်ရှိ ချောင်ကျသည့် နေရာလေးကိုခေါ်သွားသည်။ အိမ်ရှေ့ရောက်သည်နှင့် ဝမ်းသာအားရ နှုတ်ဆက် ကြိုဆိုလိုက်သည့်အသံကို ကြားလိုက်ရသည်။

''လာကြဟေ့ …အပေါ်ကို တက်ခဲ့ကြ … ငါက မျှော်နေတာ …မင်းက လွတ်တာ နောက်ကျနေတာကိုးကွ''

အဘချစ်ထွန်းပါလား … ဂုံနီစက်ရုံက အလုပ်သမားကြီး … ထောင်ထဲမှာတုန်းက အဖွဲ့တခုလုံးကို အစစအရာရာဦးဆောင်ပြီး စီစဉ်ဆောင်ရွက် ဦးဆောင်ပေးခဲ့သူ…။ သူက ဗိုလ်သာကျော်တို့နဲ့ ရင်းရင်းနှီးနှီး အနီးကပ်နေတဲ့သူပဲ…။ အိမ်ကလေးက တဲသာသာ … ယိုင်နဲ့လှုပ်ရမ်းနေသည်။ ဝါးထရံက ကျိုးတိုးကျဲတဲနှင့်၊ ခနိမိုး အပေါက်က နေပြောက်လေးများကကြမ်းပြင်ပေါ်ထိုးဆင်းနေသည်။

သူက ခရီးရောက်မဆိုက် သစ်သားသေတ္တာထဲက စာအိတ်ကလေးတခုကို ထုတ်ယူပြီး ကျွန်တော့်ကိုလှမ်းပေးရင်း ပြုံးပြုံးဖြင့် ပြောသည်။

''အဲ့ဒါ … အထဲမှာတုန်းက ဒို့အဖွဲ့ စုထားတဲ့ငွေ။ နည်းနာရှာပြီး အပြင်ကို ထုတ်ထားတာ…၊ ၅၈၀ ကျပ် ၊ မင်းက ခရီးသွားရမှာ ဖြစ်လို့ မင်းကိုပေးလိုက်ဖို့ ဆုံးဖြတ်ပြီး ပေးလိုက်တာပဲ'' လုံးဝ မျှော်လင့်မထားသဖြင့် ရုတ်တရက်မို့… ပြန်ပြောဖို့ စကားလုံး ရှာမရ … တွေခနဲ ဖြစ်သွားမိသည်။

''ဘာမှ စဉ်းစားမနေနဲ့…ငါတို့ တတ်နိုင်တာ လုပ်ပေးတာပဲ …'' စကားဆုံးသည်နှင့် စာအိတ်ကို ကျွန်တော့်လက်ထဲ ထည့်ပေးလိုက်ပါသည်။

''လိုရာခရီးကို ချောချောမောမော ရောက်ပါစေ … ရည်ရွယ်ချက်တွေ အောင်မြင်ပါစေကွယ်…။''

ကျွန်တော့်ရင်ထဲမှာ တလှိုက်လှိုက်နှင့် ဆို့တက်လာပါသည်။ မျက်ရည်စတို့ ရစ်ဝဲလာသည်။ သူ့လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ရင်း နှုတ်ဆက်စကားပြောလိုက်သည်။

''စိတ်ချပါ အဘ''

အနှစ် (၄၀) နီးပါးကြာခဲ့ပြီဖြစ်သော်လည်း … ခံစားမှုတို့က ဟောင်းနွမ်းမသွားခဲ့…။ ရုပ်ပုံလွှာတို့က ရင်ထဲမှာတဖျပ်ဖျပ် လှုပ်ခတ်နေဆဲ ။

အဘချစ်ထွန်း ဆုတောင်းပေးလိုက်သလို … ကျွန်တော် လိုရာခရီးကို ချောချောမောမော ရောက်ခဲ့ပါသည်။ သို့သော် ခရီးကား မဆုံးသေး … ဆက်လျှောက်နေဆဲ…။။

ငရဲခန်းထဲမှာ ရက်– လ တချို့ သူတို့နှင့်အတူတူ ဖြတ်သန်းခဲ့ရသော ဘဝများကို ကျွန်တော် တသက် … မေ့မရနိုင်တော့ပါ။ ရင်ထဲက…လွမ်းပါသည်။ ဖြစ်နိုင်လျှင်မူ…သူတို့နှင့် ပြန်ဆုံချင်ပါသေးသည်။

# ဆေးရုံစခန်းနဲ့ တောပြောင်ခြေလမ်း

သည်တခါတော့ သည်နေရာ သည်ဒေသမှာ ကျွန်တော် သေရတော့မည် ထင်သည်။ အကြောင်းမဲ့ အားငယ်တတ်သူ မဟုတ်သော်လည်း ဤသို့ထင်လောက်စရာ အကြောင်းအချက် ကျွန်တော့်မှာ အခိုင်အမာ ရှိနေပါသည်။ ငှက်ဖျားရောဂါဒဏ်ကို အပြင်းအထန် ခံစားနေရသော်လည်း သောက်စရာ ဆေးအလုံအလောက် မရှိသောကြောင့် ဖြစ်ပါသည်။ နယ်ခံလူများကတော့ ငှက်ဖျားရောဂါနှင့် နှစ်ပေါင်းများစွာ ယဉ်ပါးနေသူများဖြစ်၍ ဆေးမသောက်ရလျှင်လည်း ကိစ္စမရှိ၊ အဖျားတက်လျှင် တက်သည့် ခဏတာလေးမှာ အောင့်ခံ၊ တောင့်ခံလိုက်ရုံပင်။ ပြီးလျှင် လူကောင်းတယောက်ကဲ့သို့ သွားလာလှုပ်ရှား လုပ်ကိုင်နိုင်ကြသည်။ ကျွန်တော်ကတော့ သူတို့လို ခံနိုင်ရည် ရှိမည်မထင်။ ကျွန်တော်သည် ငှက်ဖျားဆေးကို သီတင်းတပတ်ပြည့်အောင် မသောက်လိုက်ရ။ ဆေးကုန်သွားသောကြောင့် ဖြစ်သည်။ ဆေး (ကွီနိုင်) အလုံအလောက် မသောက်ရလျှင် အဖျားပျောက်မည်မထင်။ အဖျားမပျောက်၍ ငှက်ဖျားပိုး ခေါင်းထဲဝင်သွားလျှင် သေသွားနိုင်သည်။ အနည်းဆုံးတော့ ဦးနှောက်ပျက်ပြီး ရူးသွားနိုင်သည်။

ဆေးဝါး မရနိုင်ခြင်းသည် ရန်သူ့ထိုးစစ်ကြောင့် ဖြစ်သည်။ ပါတီသည် မနှစ် မိုးဦးကတည်းက ရန်သူ့ထိုးစစ်ကို အပြင်းအထန် ခုခံနေရသည်။ ရန်သူက ပါတီလှုပ်ရှားရာနယ် မြေတွင်းရှိ ကျေးရွာများကို အချိန်ယူ ခွင့်မပေးဘဲ ချက်ချင်းပြောင်းစေခဲ့သည်။ အသုဘအလောင်းကိုပင် မြေမြှုပ်သင်္ဂြိုဟ်ခွင့် မပေးခဲ့ချေ။ ပါတီကို ရိက္ခာဖြတ်ပြီး၊ ပါတီနယ်မြေထဲသို့ စစ်ကြောင်းများဖြင့် ဝင်မွှေခဲ့သည်။ တိုက်ပွဲပေါင်းများစွာ ဖြစ်ပွားပြီးနောက်တွင် ပါတီက ရန်သူ့ထိုးစစ်၏ အလားအလာကိုတွက်ပြီး၊ နောင်နှစ်မိုးရာသီ ရိက္ခာအတွက် ချောင်ကျသောနေရာများတွင် တောင်ယာများကို နှစ်စဉ်ခုတ်နေကျအတိုင်း မပျက်မကွက် ခုတ်ထားခဲ့သည်။ ပါတီ၏ လူအင်အားအများစုကြီးကို လုံခြုံဘေးကင်းရာ အဝေးတနေရာသို့ ဆုတ်ခွာစေခဲ့သည်။ ပါတီနယ်မြေထဲမှာ ခရိုင်တပ်၊ ခရိုင်ဆေးရုံတပ်ဖွဲ့ဝင် အချို့၊ ခရိုင်ရုံးအဖွဲ့နှင့် တပ်နီ လူငယ်လေးများတို့ ပါဝင်သော လူအင်အား (၅၀) ခန့်ကိုသာ ချန်ထားခဲ့သည်။ မိန်းကလေး တပ်ဖွဲ့ဝင်များ အပါအဝင် အပျို၊ လူပျိုလူအင်အား (၂၀) ခန့်ရှိသော ခရိုင်တပ်ဖွဲ့ဝင်များကို ခရိုင်တပ်မှူးက ဦးစီးပြီး၊ ကျန်လူအင်အား (၃၀) ခန့်ကို ခရိုင်အတွင်းရေးမှူးက ဦးစီးသည်။

ကျွန်တော်က ယခု အသစ်တည်ထားသော ခရိုင်စခန်းမှာ ရှိနေခြင်းဖြစ်သည်။ တကယ်တော့ သည်ဒေသသည် ကျွန်တော် ပထမဦးဆုံး ရောက်ဖူးသော ပါတီနယ်မြေဖြစ်သည်။ ပါတီဌာနချုပ်ရှိရာ အရှေ့မြောက်ဒေသသို့သွားရန် ရည်ရွယ်ခဲ့သော်လည်း မိတ်ဆွေလူမျိုးစုလက်နက်ကိုင် အဖွဲ့တဖွဲ့ထဲမှာ ခေတ္တရောက်နေစဉ်မှာပင် အရှေ့မြောက်ဒေသတပ်များ ပြိုကွဲသွားသောကြောင့် ပါတီ၏ နီးရာ ဤစစ်ဒေသသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ယခုရောက်နေသော နယ်မြေမှတဆင့် တာဝန်ထမ်းဆောင်ရမည့် ပါတီ၏ အခြားနယ်မြေတခုသို့ ကျွန်တော်သွားရမည်ဖြစ်ပါသည်။ ဤနယ်မြေနှင့် ကျွန်တော် တာဝန်ထမ်းဆောင်ရမည့် အခြားနယ်မြေတို့သည် တဆက်တစပ်တည်း မဟုတ်သည့်အပြင် သွားရမည့် ခရီးလမ်းကလည်း အန္တရာယ်များလွန်းသောကြောင့် ဤနေရာမှာ ကျွန်တော် ခေတ္တနေ နေရခြင်းဖြစ်ပါသည်။ ဘယ်လောက်ကြာကြာနေရ မည်ဆိုသည်ကို မသိနိုင်သောကြောင့် ခရိုင်အတွင်းရေးမှူးက ကျွန်တော့်အား ယာယီအားဖြင့် ဝါဒဖြန့်ချိရေးတာဝန် ပေးထားပါသည်။ ထိုတာဝန်အရ ကျွန်တော်က ပါတီစာစောင်များကို ဖယောင်းစက္ကူဖြင့် ကူးယူပုံနှိပ်ရန်နှင့် အခွင့်အခါကြုံလျှင်ကြုံသလို ပါတီရဲဘော်များနှင့် ပါတီနယ်မြေလူထု

အား ခရိုင်အတွင်းရေးမှူးနှင့်အတူ (ကျွန်တော် တတ်သလောက်မှတ်သလောက်) ပညာပေးဟောပြောရန် ဖြစ်သည်။ ပုံနှိပ်လုပ်ငန်းအတွက် အသက်နှစ်ဆယ်ဝန်းကျင်အရွယ် မိန်းကလေးနှစ်ဦးကို ကျွန်တော်၏ ရုံးအဖွဲ့ဝင်များအဖြစ် တာဝန်ပေးထားသည်။ ထိုမိန်းကလေးများကို ကျွန်တော်က ပထမဦးစွာ လက်ရေးလှလှ ရေးတတ်အောင်နှင့် သည့်နောက်တွင် ဖယောင်းစက္ကူပေါ်မှာ စာရေးပြီး ပုံနှိပ်တတ်အောင် သင်ကြားပေးရမည်လည်း ဖြစ်သည်။

အဝေးတနေရာသို့ ပါတီ၏ လူများစုကြီး ဆုတ်ခွာသွားသွားချင်းပင် ခရိုင်အတွင်းရေးမှူးက တပ်စိတ်တစိတ်စာ အင်အားရှိသော တပ်နီလူငယ်လေးများကို ခေါ်ဆောင်ကာ ရေ့တန်းသို့ထွက်သွားသည်။ တကယ်တော့ အဝေးတနေရာသို့ ဆုတ်ခွာသွားမည့် လူအုပ်ကြီး လာရောက်စုဝေးစဉ်က စခန်းရှိ ရိက္ခာအတော်များများ ကုန်သွားခဲ့သောကြောင့် ရေ့တန်းမှာ ရိက္ခာရှာစားရန် ထွက်သွားခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်သည့်တိုင် စခန်းမှာ ကျန်ရစ်သော ရိက္ခာစပါးသည် ကျန်လူ (၂၀) ခန့်အဖို့ တောင်ယာစပါးသစ်ပေါ်ချိန်အထိ စားလောက်မည့်ပုံ မပေါ်ချေ။ ရန်သူ့ထိုးစစ်များကို အကြိမ်ကြိမ် ခုခံခဲ့ရာတွင် ဆားငတ်သော ဒုက္ခကို ဆိုးဆိုးရွားရွား ခံခဲ့ရဖူးသောကြောင့် ဆားကိုတော့ အလုံအလောက် စုဆောင်းသိုလှောင်ထားကြောင်း သိရသည်။

ယခု ခရိုင်စခန်းသစ်နေရာသည် ပါတီ၏ တောင်ယာစခန်း တခုဖြစ်သည်။ ရန်သူ့ထိုးစစ်ကို ခုခံရင်း နောင်နှစ်ရိက္ခာအတွက် ချောင်ကျသော ဤနေရာမှာ ဆောင်းလယ် နတ်တော်၊ ပြာသိုလကတည်းက ခုတ်ထားသော တောင်ယာဖြစ်သည်။ တဖက်ယပ်တဲကလေးများသည် တောင်ယာခုတ်သော ရဲဘော်များ နားနေအိပ်စက်ဖို့ ဆောက်ထားခြင်း ဖြစ်သည်။ ဤတဲများ ဆောက်ထားသော တောရိပ်၏ အဆုံးတွင် တောင်ယာကွက်ကြီးတကွက်ရှိသည်။ သင်္ကြန်လွန်ကတည်းက စပါးထိုး (စူးထိုး၍ စပါးမျိုးစေ့ချခြင်း) ထားဟန်တူပါသည်။ စပါးပင်ကလေးများက တထွာခန့်ပင်ရှိနေပြီ။ ဤနေရာနှင့် အတော်ဝေးဝေး မြေပြန့်များတွင်လည်း တောင်ယာကွက် လေး – ငါးကွက် ရှိသေးသည်ဟု သိရသည်။ ရန်သူ့စစ်ကြောင်းများ ဝင်လာပြီး ဖျက်ဆီးလျှင် အားလုံးကုန်သွားသည့် အဖြစ်သို့ ရောက်မသွားစေရန်ဖြစ်သည်။ လာမည့်နှစ် စပါးပေါ်ချိန်မှစ၍ ရဲဘော်အင်အား (၅၀) ခန့်အတွက် ရိက္ခာလုံလောက်မည် ထင်သည်။ သို့ရာတွင် သည်နှစ်မိုးရာသီမှာ ရိက္ခာပြဿနာ မည်သို့ရှိမည်ကိုတော့ ကျွန်တော် မသိ။

ကျွန်တော် ဖျားစက အသက် (၁၆) နှစ်အရွယ် ရဲဘော်သစ်ကလေးတယောက်နှင့် တဖက်ယပ်တဲလေး တလုံးထဲမှာ အတူနေရသည်။ တဲလေးက တောင်ယာခုတ်သော ရဲဘော်များ အိပ်စက်နားနေရန် ဆောက်ထားသော ယာယီတဲလေးဖြစ်ရာ လူ ၂ ယောက်အတွက် ပူးပူးကပ်ကပ် အိပ်ရရုံလောက်သာ ကျယ်သည်။ ၂ ယောက် ပူးပူးကပ်ကပ် အိပ်ရ၍ ပူလောင်ခြင်းဒဏ်ကို မခံနိုင်သောကြောင့်လားမသိ၊ ရဲဘော်လေးဝင်းနိုင်သည် ဘာမပြော ညာမပြော တဲပေါ်မှ ဆင်းပြီး အနီးအနားရှိ သစ်ပင်ကြီးတပင်၏ ခြေရင်းက သစ်ရွက်ခြောက်ပုံပေါ် သွားသွား အိပ်နေတတ်သည်။ တွေ့သည့် ဆေးတပ်သားရဲဘော်များက တဲပေါ်သို့ ပြန်ခေါ်တင်ပေးရသည်။ နောက်ဆုံး၌ သူ့ကို ကျွန်တော်နှင့် အတူမထားတော့။ သူ့အဖို့ ချောင်ချောင်ချိချိ အိပ်၍ရသော အခြားတဲတလုံးမှာ ထားလိုက်ပုံရသည်။

ကျွန်တော်သည် တယောက်တည်း ရက်အတော်ကြာ လှဲနေရသည်ကို ငြီးငွေ့လွန်းလှသဖြင့် အဖျားမပျောက်သော်လည်း တဲထဲမှ ‘ယီး’ ယိုင်ထွက်ပြီး အခြားရဲဘော်များဆီ သွားလည်သည်။ ဤတွင် ရဲဘော်ဝင်းနိုင်ကို ပြန်တွေ့ရသည်။ သူသည် ကျွန်တော်နှင့် စကားတခွန်းမျှ မပြောဖူးသော်လည်း ကျွန်တော့်ကို မှတ်မိပုံရသည်။ သူ ကျွန်တော့်ကို ကြည့်ရာတွင် သူကြည့်ပုံက ထူးဆန်းနေသည်။ သူ့မျက်လုံးများက ကြောင်တောင်တောင် ဖြစ်နေသည်။ အခြားရဲဘော် တယောက်က ပြောပြမှပင် ခေါင်းထဲသို့ ငှက်ဖျားပိုးဝင်ပြီး စိတ်ဖောက်သွားသည်ဟု သိရသည်။ ဤတွင် ကျွန်တော့်အတွက် ကျွန်တော် စိုးရိမ်သွားမိသည်။ ပါတီနယ်မြေသို့ မရောက်မီက ကျွန်တော်သည် မိတ်ဆွေလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းတခုမှာ တနှစ်ကျော်ကျော် နေခဲ့ရသည်။ ထိုဒေသမှာပင် ကျွန်တော့်မှာ ငှက်ဖျားရောဂါ စတင်ဖြစ်ပွားပြီး အဖွဲ့အစည်း၏ ဆေးရုံမှာ အကြိမ်ကြိမ် တက်ရောက်ကုသခဲ့ရသည်။ ကွီနိုင်နှင့် တက်ထရာဆိုက်ကလင်းဆေးတို့ကို (၆) နာရီလျှင် တကြိမ် (၇) ရက် သောက်ခဲ့ရသည်။ ယခု ကျွန်တော် ငှက်ဖျားဖြစ်ရာတွင် ဆေးကို (၃)၊ (၄) ကြိမ်ခန့်သာ သောက်ခဲ့ရသည်။ ထို့ကြောင့် သီတင်းနှစ်ပတ် ကျော်လာသည့်တိုင် ကျွန်တော့်မှာ အဖျားမပြတ်သေးချေ။ ညစဉ် အချိန်မှန် အဖျားတက်နေပါသည်။ သည်လိုဆိုလျှင်

အဖျားပျောက်တော့မည် မဟုတ်။ ဆေးကိုလည်း ဘယ်တော့မှ ရှာ၍ ရမည်မှန်းမသိ။ ခရိုင်အတွင်းရေးမှူးက ရှေ့တန်းနယ်မြေမှာ ဆေးများ ကို ကြိုစားရှာနေသည်ဟု သိရသည်။ ရန်သူက ကျွန်တော်တို့ကို တင်းတင်းကျပ်ကျပ် ပိတ်ဆို့ထားသည်ဟုလည်း သိရသည်။

ကျွန်တော့်အဖို့ ငှက်ဖျားပျောက်ဆေး အမြန်လိုနေပါ သည်။ ဆေး အချိန်မီမရလျှင် ကျွန်တော်လည်း ရဲဘော်ဝင်းနိုင်လို အဖြစ်မျိုးရောက်ဖို့သာ ရှိသည်။ စခန်းကို ဖြတ်သွားသော စမ်း ချောင်းဘေးတွင် ဇော်ဂျီမုတ်ဆိတ်ဟုခေါ်သော အပင်တမျိုးကို ကျွန် တော်တွေ့သည်။ အရွက်က ဝိုင်းပြီး၊ အချင်း (၁၀) လက္မခန့် ရှိသည်။ အရောင်က ခရမ်းရောင်ရင့်ရင့်ဖြစ်ပြီး၊ ပြောင်ချောနေသည်။ ထို အပင်သည် ငှက်ဖျားရောဂါကို နိုင်သည်ဟု ကျွန်တော်ကြားဖူးသည်။ ရောဂါပျောက်ရန် သေချာသည်လား မသေချာသည်လားတော့ မသိ။ ပျောက်လိုပျောက်ငြား ကျွန်တော်အဖို့ ဤဆေးကိုသာ သောက်ရန် ရှိတော့သည်။ ထိုအပင်၏ ဥကိုတူးပြီး ကျွန်တော်ဝါးစား လိုက်သည်။ နေ့စဉ် စားရန်လည်း ဥများကို အခြောက်လှန်းထား လိုက်သည်။

ကျွန်တော်သည် အဖျားမပျောက်သော်လည်း ရောဂါက ပိုဆိုးလာခြင်းတော့ မရှိပါ။ သို့ရာတွင် ထမင်းစားလိုစိတ်မရှိ။ ဆေး တပ်သားရဲဘော် အချိန်မှန်လာကျွေးသော ထမင်းတပန်းကန်ကို ကုန်အောင်မစားနိုင်။ ငှက်ဖျား ရောဂါသည်သည် နာလန်ထလာ လျှင် ထမင်းကို အလွန်အကျွံ စားတတ်ကြသည်ဖြစ်ရာ ကျွန်တော့် အခြေအနေသည် နာလန်ထသော အခြေအနေမဟုတ်သည် ကတော့ သေချာပါသည်။ အဖျား သည်းသန်လာခြင်း မရှိခြင်း သည်ပင် တော်လှပြီ။ ကွီနိုင်ဆေး မသောက်ရလျှင် သည်အဖျား ဘယ်တော့မှ မပျောက်နိုင်ဟု ကျွန်တော် ထင်သည်။ ဇော်ဂျီမုတ် ဆိတ် ဆေးမြစ်သောက်သော ဒုတိယနေ့ နံနက်တွင် ကျွန်တော့်ကို ဆေးရုံသို့ ပို့သည်။ ရဲဘော်ဝင်းနိုင်ကတော့ စခန်းမှာ ကျန်ရစ်ပါသည်။

စခန်းအနီးရှိတောင်ယာ အလယ်မှဖြတ်သွားပြီး တော အုပ်တခုကို (၁၅) မိနစ်ခန့် ဖြတ်သွားရပါသည်။ တောအုပ်အလွန် တွင် တောင်နှစ်လုံးကြားရှိ လျှိုအတိုင်း (၁၅) မိနစ်ခန့် လျှောက်သွား ရာ ဆေးရုံသို့ ရောက်ပါသည်။ ဆေးရုံဆိုသည်မှာ တကယ်တော့ လူနာ များကို ထားရှိရာ တဲစုတစုသာဖြစ်ပါသည်။ တောင်ခြေရှိတဲသည် ရိက္ခာ (ဆား၊ ငါးပိနှင့်ဆန်) သိုလှောင်ရာနှင့် ထမင်းချက်ရာ နေရာ ဖြစ်သည်။ တောင်စောင်းက မတ်စောက်သည်။ အပေါ်သို့တက်ရန် အတွက် အထစ်များဖြစ်အောင် ပေါက်တူးဖြင့် ပေါက်ထားသည်။ မြေကြီးက မိုးရေဖြင့် စိုစွတ်နေပြီး ချော်နေသည့်အပြင် တောင်စောင်း ကလည်း မတ်နေသဖြင့် အထစ်များ ပေါက်မထားနိုင်လျှင် လူနာ မဆိုထားဘိ လူကောင်းများပင် တက်၍ ရမည်မဟုတ်ချေ။ ပထမဦး ဆုံး တွေ့ရသော တဲသည် လွန်ခဲ့သော တလလောက်က တိုက်ပွဲမှာ ဒဏ်ရာရခဲ့သော တပ်စုမှူးတယောက်အတွက် တဲဖြစ်သည်။ ဒဏ်ရာက ဒူးအထက်ပိုင်းကို ရှပ်ထိသော ဒဏ်ရာဖြစ်သော်လည်း ပင်နီဆီလင်ဆေးကို လုံလောက်အောင်ထိုးမပေးနိုင်သဖြင့် တကိုယ် လုံးသို့ ပိုးလိုက်ကာ အိပ်ရာထဲ လဲနေသူဖြစ်သည်။ သူနှင့် အတူဒဏ်ရာ ရသော အခြားရဲဘော်တယောက်ကမူ ပိုးလိုက်သည့် အနာများ ကြောင့် ရှေ့တန်း စခန်းတခုတွင်ပင် ကျဆုံးသွားခဲ့သည်ဟု သိရသည်။

ထိုတဲ၏ အထက်ကတဲတွင် ကျွန်တော်နေရသည်။ ကျွန် တော့်တဲရှေ့ လမ်းတဖက်က တဲတွင် မီးဖွားပြီး၍ တလပင် မပြည့် သေးသော မုဆိုးမတဦး ရှိသည်။ သူ့အဖြစ်က ဆိုးသည်။ သူအိမ် ထောင်ကျပြီး မကြာမီမှာပင် သူ့ခင်ပွန်းဖြစ်သူက တိုက်ပွဲမှာ ကျသွား ခဲ့ရာ ကိုယ်ဝန်နှင့် ကျန်ရစ်ခဲ့သူဖြစ်သည်။ သူ့တဲသည် အကာမရှိ သော်လည်း အမိုးကို တဲ၏ကြမ်းပြင်ထက် နိမ့်သောနေရာအထိ မိုးထားရာ သူ့ကို ကျွန်တော် မမြင်ရချေ။ တချက်တချက်တွင် ကလေး၏ တအဲ့အဲ့မြည်သံကို ခပ်သဲ့သဲ့ကြားရတတ်သည်။ ထိုသား သည် မိခင်တဲ၏ တဖက်တွင် တဲသုံးလုံးရှိသည်။ တလုံးမှာ ကိုယ်ဝန် ရင့်မာနေသော ဇနီးသည်နှင့် ၎င်းကိုစောင့်ရှောက်နေရင်း တာဝန် ထမ်းဆောင်နေသော (က၊ န) (ကြေးနန်း ဆက်သွယ်ရေး) ရဲဘော် နေသည်။ နောက်တလုံးတွင် မွေးလုမွေးခင်ဖြစ်နေသော ကိုယ်ဝန် သည်နှင့် ၎င်း၏ ခင်ပွန်းဖြစ်သည့် တပ်ခွဲမှူးတို့နေသည်။ တပ်ခွဲမှူးက တောင်ယာများကို တာဝန်ယူထားရသောကြောင့် ညမိုးချုပ်မှ ပြန် လာတတ်သည်။ ကျန် တဲတလုံးတွင် ကျွန်တော့် ရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးထားသော အသက်နှစ်ဆယ်ခန့်အရွယ် မိန်းကလေး နှစ်ယောက် နေသည်။ သူတို့နှစ်ယောက်က ဆေးရုံစခန်းရှိ လူအားလုံး စားဖို့အတွက် ထမင်းချက်ခြင်း၊ ထမင်းပို့ခြင်း၊ လူနာပြုစုခြင်း တာဝန်

များကို ဆောင်ရွက်သည့်အပြင် နေ့လည် နေ့ခင်းများ၌ ကျွန်တော့်ဆီမှာ လက်ရေးလှ လေ့ကျင့်ကြသည်။

ကဆုန်လမကုန်သေးသော်လည်း မိုးက နေ့ရောညပါ အဆက်မပြတ် ရွာနေသည်။ နေရောင်လေး လင်းလက်လာလျှင်လည်း တခဏသာကြာပြီး မိုးမှောင်ကြီးကျလာတတ်သည်။ ညိုမှိုင်းအုံ့ဆိုင်းနေသော ပတ်ဝန်းကျင်တွင် ဘယ်ကို ကြည့်လိုက်ကြည့်လိုက် သစ်ရွက်စိမ်းရောင်ကိုသာ မြင်နေရသည်။ အအေးရောင်ဖြစ်သော အစိမ်းရောင်သည် လူ့စိတ်ကို အေးချမ်းစေသည်ဆိုသော်လည်း ကျွန်တော်တို့နေသော စခန်းတွင်ကား အစိမ်းရောင်သည် ကျွန်တော့်အဖို့ နာကျင်ခံခက်ပါသည်။ အကြောင်းမှာ အစိမ်းရောင်နှင့်တပါတည်း အုံ့ပျမှုန်မှိုင်းခြင်း၊ စွတ်စိုခြင်းနှင့် အေးစိမ့်ခြင်းတို့ကို ကျွန်တော်ခံစားနေရသောကြောင့် ဖြစ်ပါသည်။ အစိမ်းကန္တာရ ဟုပင် ဆိုရမလို ဖြစ်နေပါသည်။ မိုးက မပြတ်ရွာနေသည့်အပြင် တောင်စောင်းသည် စိုစွတ်ကာ ချော်ချွတ်နေသောကြောင့် ချည့်နဲ့နေသော ကျွန်တော့်အဖို့ အခြားတဲများသို့ သွားမလည်နိုင်။ နေ့အခါမှာဆိုလျှင် မိန်းကလေးနှစ်ယောက်သာ ထမင်းပို့ရန်နှင့် လက်ရေးလှလေ့ကျင့်ရန် ကျွန်တော့်တဲဆီ ရောက်သည်။ ပါတီ၏ အထွေထွေလုပ်ငန်းစဉ်နှင့် ပါတီတည်ဆောက်ရေးလမ်းစဉ်စာစောင်တို့ကို အထပ်ထပ်အကြိမ်ကြိမ် ဖတ်ပြီး မှတ်သားဖွယ် အချက်များကို ရဲဘော်များအတွက် ကျွန်တော် မှတ်စုထုတ်နေမိသည် (တဦးချင်းဝါဒ၊ ဆန္ဒစွဲဝါဒ၊ ပါတီ၏ စည်းရုံးရေးစည်းကမ်း (၄) ရပ်၊ ပါတီ၏ ကေဒါပေါ်လစီ၊ ပါတီ လုပ်ဟန် (၃) ရပ်) စသည်တို့။ ကျွန်တော်နေကောင်းလျှင် ထိုမှတ်စုများကို ဖယောင်းစက္ကူဖြင့် မိတ္တူပွားကာ စာအုပ်ငယ်လေးတအုပ် ထုတ်မည်ဟု ကျွန်တော် ရည်ရွယ်ထားသည်။ ကျွန်တော့်ဆီ လာပြီး လက်ရေးလေ့ကျင့်သော မိန်းကလေးနှစ်ယောက်အား မှတ်စုပါ အချက်များကို ဖတ်စေပါသည်။ သူတို့ သိလိုသည်များကို ကျွန်တော် ရှင်းပြသည်။

နေ့အခါတွင် လက်ရေးလေ့ကျင့်ပေးလိုက်၊ နိုင်ငံရေးအကြောင်း ပြောပြလိုက်နှင့် နေရသည်တွင် ကျွန်တော်သည် အဖျားမပျောက်သော်လည်း အနည်းငယ်နေသာထိုင်သာ ရှိသည်ဟု ထင်သည်။ သို့ရာတွင် ညအခါ၌မူ ရေဒီယို နားထောင်အပြီးတွင် ကျွန်တော် အဖျားတက်လေ့ ရှိသည်။ မိန်းကလေးနှစ်ယောက်နှင့် ကိုယ်ဝန်သည် အမျိုးသမီးတို့က ကျွန်တော်၏ ညည်းသံကို ကြားလျှင်၊ "အဖျားတက်ပြီလား ဦးရေ"ဟု လှမ်းမေးတတ်သည်။ တကယ်တော့ လှမ်းမေးသည့် အဓိပ္ပာယ် မသက်ရောက်ဘဲ၊ အားပေးသည့် သဘောသက်ရောက်ပါသည်။ အဖျား၏ ဖိစီးနှိပ်စက်မှုဒဏ်ကို တဲတလုံးထဲမှာ တကိုယ်တည်း အန်တု တွန်းလှန်နေရချိန်မှာ သူတို့၏ အော်မေးသံကြောင့် "ငါတယောက်တည်း မဟုတ်" ဟူသော အသိဝင်လာကာ အားအင်တခု တိုးလာပါသည်။

တဲသည် အကာအရံနှင့် တံခါးများ မရှိသဖြင့် တခါတခါ၌ သားရဲတိရစ္ဆာန်များ၊ တောကြီးမြွေဟောက်ကဲ့သို့သော အဆိပ်ပြင်း မြွေများ၊ စပါးကြီးကဲ့သို့သော မြွေကြီးများ၏ရန်ကို ကျွန်တော် တွေးပူမိသည်။ လူနာဖြစ်နေ၍ ကျွန်တော့်မှာ သေနတ်မရှိ။ ဓားတလက်ပင် မရှိပေ။ တည ညဦးပိုင်း၌ ကျွန်တော့်တဲ မျက်နှာစာရှိ တဲတိုင်ခြေရင်းမှ ကြက်သားအုပ်မတကောင်၏ စူးစူးဝါးဝါး အော်သံကြောင့် ကျွန်တော် လန့်နိုးသည်။ ကျွန်တော့် တဲအောက်မှာ ထိုကြက်သားအုပ်မ အိပ်တတ်ကြောင်း ကျွန်တော်မသိခဲ့။ အော်သံကြောင့် စခန်းတခုလုံး နိုးမည်ထင်သည်။ မီးခွက်ထွန်းပြီး တဲပေါ်မှ ကျွန်တော် လှမ်းကြည့်လိုက်ရာ မြွေကြီးကြီးတကောင်က ကြက်မကို ကိုက်နေကြောင်း တွေ့ရသည်။ "မြွေ၊ မြွေ၊ မြွေ" ဟု ကျွန်တော်လှမ်းအော်လိုက်ရာ က၊ န ရဲဘော်က ထင်းတုံးကြီးတတုံး ကိုင်လျက် ပြေးလာပြီး မြွေကို ပစ်ပေါက်လိုက်သည်။ တပ်ခွဲမှူးက လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာ မြွေကို ရိုက်သတ်လိုက်သည်။ မြွေ၏ လုံးပတ်က လက်ကောက်ဝတ်ခန့်သာ ရှိသော်လည်း အရှည်က (၁၀) ပေခန့်ရှိသည်။ ရွှေဝါရောင်ပေါ်မှာ အစက်အပြောက်များရှိသော ငန်းမြွေဖြစ်သည်။ ဘာကြောင့်မှန်း မသိ၊ ထိုမြွေကို ချက်မစားကြချေ။

နောက် နှစ်ရက် သုံးရက်ခန့် အကြာ သန်းခေါင်ယံ အချိန်၌ ရိက္ခာတဲဆီမှ သေနတ်သံ နှစ်ချက် ဆက်တိုက် ကြားလိုက်ရသည်။ "ဝံမြီးကောက်ဟော့၊ ဒီကောင့်ကို ငါ မနေ့ညကတည်းက ချောင်းနေတာ၊ ခုမှပဲ ရတော့တယ်" ဟု အားရမ်းဝမ်းသာ လှမ်းပြောလိုက်သော တပ်ခွဲမှူး၏ အသံကို ကြားလိုက်ရသည်။ ဝံမြီးကောက်ဟု ခေါ်သော ဝက်ဝံမျိုးသည် အရွယ်အစားက ခွေးလောက်ရှိသည်။ အမြီးရှည်ရှည်က အပေါ်သို့ ကောက်တက်နေသောကြောင့် ဝံမြီးကောက်ဟု

ခေါ်ခြင်း ဖြစ်ဟန်တူပါသည်။ အသားဟင်း မစားရသည်မှာ ကြာပြီဖြစ်သော လူနာများ နောက်နေ့ မနက်တွင် ဝံမြီးကောက်ပြုတ်ဖြင့် ထမင်းစားကောင်းပေလိမ့်မည်။ ယခင်က ရဲဘော်တယောက်လျှင် ထမင်းတနပ်စာ ရိက္ခာအတွက် ဆန်နို့ဆီဘူး တဘူးရခဲ့ သော်လည်း ယခုမူ သုံးယောက်လျှင် နို့ဆီဘူး ၂ ဘူးသာ ရကြတော့သဖြင့်၊ ထမင်းမဝကြချေ။ ကျွန်တော်အပါအဝင် လူနာများကို စားနိုင်သလောက်စားရန် ခွင့်ပြုထားသော်လည်း ကျွန်တော်သည် လာပို့သော ထမင်းပန်ကန်၏ တဝက်မျှလောက်ကိုပင် မနည်း အားတင်းပြီး မျိုချနေရပါသည်။

ကျွန်တော့် ကျန်းမာရေး အခြေအနေသည် မျှော်လင့်ချက်မဲ့သလောက်နီးပါး ဖြစ်နေသည်။ အဖျားမပျောက်ဘဲ တာရှည်နေသည့်အပြင် ထမင်းကိုလည်း မြိန်မြိန်ရှက်ရှက် မစားနိုင်။ ငှက်ဖျားဆေးကို ဘယ်တော့ရမည်မှန်းလည်း မသိနိုင်။ သည်ကြားထဲမှာ ရောဂါပိုပြင်းလာပြီး၊ ခေါင်းထဲ ပိုးဝင်သွားမည်ကို ကျွန်တော် စိုးရိမ်ပါသည်။ စခန်းမှာ (၁၀) ရက်ခန့် ကြာအပြီးတွင် ခရိုင်အတွင်းရေးမှူးဆီက ထူးထူးခြားခြား ကြေးနန်းတစောင် ရောက်လာခဲ့သည်။ ကျွန်တော်နှင့် ရဲဘော်လေးဝင်းနိုင် အပါအဝင် အမျိုးသား/အမျိုးသမီး ရဲဘော်အချို့ကို ရှေ့တန်းသို့ ခေါ်ခြင်း ဖြစ်သည်(အတွင်းရေးမှူးနှင့် ပြန်တွေ့တော့ ကျွန်တော့်ကျန်းမာရေး အခြေအနေကို သူမသိ၍ ခေါ်မိခြင်းဖြစ်ကြောင်း ကျွန်တော့်အား တောင်းပန်စကားဆိုပါသည်။)။ ခရီးက ဘယ်နှရက်ကြာမည်ကို ကျွန်တော်မသိသော်လည်း သာမန်ရွာသားတို့ အရောက်အပေါက်မရှိသော တောနက်ကြီးကို နှစ်ရက်ကြာ ဖြတ်ရမည်ကတော့ သေချာသည်။ ကျွန်တော်သည် ကောင်းစွာ ထမင်းမစားနိုင်သဖြင့် အားအင်ချည့်နဲ့နေသော်လည်း အပြောင်းအလဲအနေနှင့် ခရီးထွက်ရမည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ကာ တက်ကြွနေမိသည်။

ခရီးစထွက်သောနေ့တွင် ရဲဘော်ဝင်းနိုင်က လမ်းတလျှောက်လုံးမှာ ခဏခဏ လှဲအိပ်ပြီး၊ “ကျွန်တော် မလျှောက်နိုင်ဘူးဗျ။ ဒီမှာပဲ အိပ်နေတော့မယ်” ပြောကာ ငိုပါသည်။ ရဲဘော်များက စိတ်ရှည်ရှည်ထားပြီး ချော့ခေါ်ပါသည်။ ညအိပ် စခန်းချရမည့် နေရာသို့ မိုးမချုပ်ခင် ရောက်ဖို့လိုပါသည်။ နွေအခါဆိုလျှင် ညအိပ်ရသည်မှာ ပြဿနာမရှိ။ မြေကြီးပေါ် သစ်ရွက်သစ်ခက်များခင်းပြီး အိပ်လိုက်ရုံပင်။ မိုးအခါမှာတော့ ဝါတာဖရူးဟုခေါ်သော မိုးကာစများနှင့် ပုခက်မရှိလျှင် အိပ်၍ မဖြစ်။ ကျွန်တော်တို့ရဲဘော် အားလုံးနီးပါးတွင် ပုခက်ပါကြသည် မဟုတ်ချေ။ ထို့ကြောင့် အမိုးအကာရှိသော နေရာတွင် စခန်းချရမည်ဖြစ်သည်။ ထို့ပြင် ညနေစာ ထမင်းကိုလည်း ချက်ရဦးမည်။ ရဲဘော်ဝင်းနိုင်ကို ချော့တလှည့် ခြောက်တလှည့်ဖြင့် ခေါ်လာခဲ့ရင်း ညနေ နေဝင်ရီတရောတွင် ပါတီ၏ တောင်ယာတခင်းသို့ ရောက်သည်။ တောင်ယာသည် တောင်ကုန်းများ အကြားက ခပ်ပြေပြေဆင်ခြေလျှော ဖြစ်သည်။ စပါးပင်ကလေးများပင် တထွာကျော်ကျော်၊ တတောင်နီးပါးခန့် ရှိနေပြီး စိမ်းညို့နေကြသည်။ ကျွန်တော်တို့ နှစ်ယောက်ကို တဖက်ယပ် တဲလေးတလုံးထဲမှာ နေရာချပေးသည်။ ခရီးတလျှောက်လုံးမှာ အားခဲ၍ လျှောက်လာခဲ့သော်လည်း တဲပေါ် အရောက်တွင် အားကုန်ခန်းကာ ကျွန်တော်သည် ကြမ်းပြင်ပေါ် လှဲချရမည်ကိုပင် ရောမ အလုပ်ကြီးတခုလို ဝန်လေးနေမိသည်။ ရဲဘော်လေးဝင်းနိုင်လည်း ကျွန်တော့်လိုပင်။ စကားတခွန်းမျှပင် မပြောဘဲ၊ ငုတ်တုတ်ကြီးထိုင်ကာ ရှေ့တူရူသို့ ငေးနေပါသည်။ ကျွန်တော်လည်း စကားမပြောနိုင်ပါ။ တကယ်တော့ လမ်းတလျှောက်လုံးမှာ မညည်းမညူဘဲ ကျွန်တော် လိုက်ပါလာနိုင်ခြင်းသည် ရဲဘော်ဝင်းနိုင်ကြောင့် ခရီးနှောင့်နှေးနေချိန်မှာ ကျွန်တော် နားခွင့်ရသောကြောင့်ဖြစ်သည်။

ဘယ်လောက်ကြာသွားမှန်းပင် မသိ။ မှောင်လုမှောင်ခင်အချိန်၌ မိန်းကလေးနှစ်ယောက်က ကျွန်တော်တို့ဆီ ထမင်းလာပို့သည်။ ထမင်းထည့်ထားသော သံပန်းကန်ပြားတချပ်စီ၏ နှုတ်ခမ်းပေါ်မှာ မျောက်သားကင်မဲမဲ တတုံးစီတင်ထားသည်။ ရဲဘော်ဝင်းနိုင်က သူ့ရှေ့ ထမင်းပန်းကန် ချပေးလိုက်သည်နှင့် အငမ်းမရနှိုက်စားတော့သည်။ ကျွန်တော်က သူ့လိုမဟုတ်။ ထမင်းစားချင်စိတ် မရှိသည့်အပြင် ထမင်းကို လက်နှင့် ယူစားရမည်ကိုပင် အလွန်ပင်ပန်းစရာအလုပ်ကြီးတခုအဖြစ် ဝန်လေးနေသည်။ ထမင်းလာပို့သော မိန်းကလေးရဲဘော်များက အကြိမ်ကြိမ် အားပေးတိုက်တွန်းပြီးမှပင် ထမင်းကို ကျွန်တော် လေးလေးတွဲ့တွဲ့ နှိုက်စားဖြစ်တော့သည်။ သို့ဖြစ်သည့်တိုင် ထမင်းကို ကျွန်တော် ကုန်အောင်မစားနိုင်။ တဝက်လောက်သာ စားနိုင်သည်။ ထမင်းစားပြီးပြီးချင်း ဝါးကြမ်းပြင်ပေါ်သို့ လှဲချလိုက်ရာ မနက်

လင်းမှပင် နိုးတော့သည်။ ရဲဘော်များ ဘယ်အချိန်ကတည်းက ထပြီး ထမင်းတည်သည် မသိ၊ ကျွန်တော်တို့နှစ်ယောက် နိုးသည်နှင့် မျက်နှာသစ်ခိုင်းပြီး ထမင်းကျွေးသည်။ မနက်စာကိုလည်း ထည့်ပေးသမျှ ကျွန်တော် ကုန်အောင် မစားနိုင်။

ထိုနေ့ခရီးတွင် ရဲဘော်ဝင်းနိုင် အသာတကြည် တိတ်ဆိတ်စွာ လိုက်ပါလာခဲ့သည်။ သူ့ကြောင့် ဘာပြဿနာမှ မဖြစ်။ ပြဿနာ လုပ်သူက ကျွန်တော်ဖြစ်သည်။ မွန်းတည့်ချိန်ကျော်ကျော်လောက်တွင် ကျွန်တော် အားပြတ်တော့သည်။ ဘယ်လိုပင် အားခဲခဲ၊ ကျွန်တော် ဆက်မလျှောက်နိုင်။ မြေကြီးပေါ် လှဲချပြီး နားနေရသည်။ ကျွန်တော့် ကျောပိုးအိတ်ကို မိန်းကလေး တပ်ဖွဲ့ဝင် တဦးက သူ့ကျောပိုးအိတ်ပေါ်မှာ ထပ်ပိုးပြီး သယ်ပေးသည်။ စခန်းချမည့် နေရာသို့ ရောက်လုပြီ၊ ကြိုးစားလျှောက်ပါဟု ဝိုင်းအားပေးကြသော်လည်း ကျွန်တော့် အားအင်များကို ညှစ်ထုတ်၍ မရတော့။ (၅) မိနစ်၊ (၁၀) မိနစ်တခါ မြေကြီးပေါ် လှဲချလိုက်ရသည်။ နောက်ဆုံး၌ ကျွန်တော့်ကို စောင့်ခေါ်ရန် ရဲဘော်နှစ်ယောက်အား တာဝန်ပေးခဲ့ပြီး ကျန်ရဲဘော်များ ဆက်လျှောက်သွားကြသည်။ ညစာအတွက် ထမင်းချက်ရန်နှင့် အိပ်စက်နားနေစရာအတွက် မိုးမချုပ်ခင် အချိန်မီ ခင်းကျင်းပြင်ဆင်ရမည် ဖြစ်သည်။ ရဲဘော်များက ကျွန်တော့်အတွက် မညည်းမညူ ဝိုင်းဝန်းဖေးမပေးကြသည်မှာ မှန်သော်လည်း သူတို့ကို ကျွန်တော် အလွန်အားနာနေမိသည်။ ပါတီအတွက် မိမိက ဘာတခုမှ မည်မည်ရရ လုပ်မပေးရသေးခင်မှာ မိမိက ပါတီမှာ ဝန်ထုပ်ဝန်ပိုးဖြစ်နေခြင်းအတွက် မိမိကိုယ်မိမိ အားမလိုအားမရဖြစ်နေမိကာ အဖျားမြန်မြန် ပျောက်ချင်စမ်းဘိသည်။ ဆေးရမှ ပျောက်မည်ဖြစ်ရာ၊ မျှော်လင့်ချက်မဲ့ ရပြန်သည်။

ညနေ (၅) နာရီ ထိုးလောက်မှပင် စခန်းချမည့် နေရာရှိ ချောင်းငယ်လေး၏ တဖက်ကမ်းသို့ ရောက်သည်။ နေ့တာရှည်သော ရာသီဖြစ်၍ ညနေခင်းနေရောင်က လင်း၍ ကောင်းတုန်းပင်။ ချောင်းသည် ပေ (၃၀) ခန့်သာကျယ်ပြီး ရေပြည့်နေချိန်မှာပင် ခါးသာသာလောက်သာ နက်သည်။ ကျွန်တော် ပါတီနယ်မြေသို့ ခြေချမိပြီးစ အချိန်က ဤချောင်းသို့ ရောက်ခဲ့ဖူးသည်။ ထိုချိန်က မိုးမကျသေး၍ ချောင်း၏ နေရာတိုင်းမှာ ရေရှိသည်မဟုတ်ချေ။ ချိုင့်ဖြစ်နေသော နေရာများတွင်သာ ရေရှိသည်။ ညသန်းခေါင်ကျော်ကျော်လောက်တွင် တပ်ခွဲမှူး တယောက်က ရေသောက်ဆင်းလာသော ဆတ်တကောင်ကို ပစ်၍ ရခဲ့သည်။ မဆီမဆိုင် သုဝဏ္ဏသာမ ဇာတ်ထဲက သမင်ပေါင်းငါးရာနှင့်အတူ သုဝဏ္ဏသာမ ရေခပ်ဆင်းရာ မိဂသမ္မဒါမြစ်ကို ကျွန်တော် သတိရမိသဖြင့် ဤချောင်းလေးကို မိဂသမ္မဒါမြစ်ဟု ကျွန်တော် စွဲမှတ်ထားခဲ့သည်။

ယခု ဤချောင်းထဲမှာ ရဲဘော်အချို့ တယောက်ကို တယောက် နောက်ပြောင် ကျီစယ်ကာ ရေကစားနေကြ သည်။ ရန်သူ့ထိုးစစ်ကြောင့် အလွန်ဆင်းရဲကျပ်တည်းသော ကာလမှာပင် ဤရဲဘော်များသည် ညည်းညူခြင်း မရှိဘဲ ကြုံသလို ကျသလို သွားလာနေထိုင်းရင်း မိမိတို့ကိုယ်စီအား ပေးအပ်သော တာဝန်ကို မပျက်မကွက် ထမ်းဆောင်နေကြသူများဖြစ်သည်။ သူတို့ကို ကျွန်တော်အားကျမိသည်။ ကျွန်တော် နေပြန်ကောင်းမှ ဖြစ်မည်။

ချောင်းကမ်းဘေး သစ်ပင်တပင်အောက်တွင် သရက်သီးမှည့် အပုံတပုံနှင့်၊ ဒူးရင်းသီးပုံ တပုံရှိသည်။ ရန်သူ၏ ဖြတ်လေးဖြတ် စစ်ဆင်ရေးကြောင့် လူသူကင်းမဲ့နေသော ဉယျာဉ်တခုထဲမှ ရဲဘော်များ ရှာဖွေကောက်ယူထားသော သစ်သီးများ ဖြစ်သည်။ ရန်သူ၏ စုစည်းရေးစခန်းထဲ ရောက်နေသော ဉယျာဉ်ပိုင်ရှင်က သူပစ်ထားခဲ့ရသည့် သူ့ဉယျာဉ်ထဲက သစ်သီးများ တဖုတ်ဖုတ် ကြွေကျနေသည်ကို တွေးမိကာ ရင်နာလို့ မဆုံးဖြစ်နေပေလိမ့်မည်။

သစ်သီးပုံ နှစ်ပုံနားတွင် သရက်သီးမှည့်တကိုက်နှင့် ဒူးရင်းသီးမှည့် တလုတ်ကို တလှည့်စီ အငမ်းမရ စားနေသော ရဲဘော်ဝင်းနိုင်ကို တွေ့ရသည်။ ဝေထားခဲ့သမျှ ခုမှ အတိုးချပြီး စားနေပုံပင်။ ကျွန်တော်လည်း သူ့နည်းတူပင် ဖြစ်သည်။ သရက်သီးမှည့် (၃) လုံးနှင့် ရဲဘော်ငယ်တယောက် အလျှင်မီအောင် ခွဲပေးသော ဒူးရင်းသီးကြီး ကြီး (၃) လုံးကို ကုန်အောင် စားပစ်လိုက်သည်။ ချောင်းကို ဖြတ်ကူးအပြီးတွင် သစ်ပင်အုပ်တအုပ်အောက် မြေကွက်ကလေးတကွက်မှာ မိန်းကလေး ရဲဘော်များ ဆန်ထောင်း၊ ဆန်ပြာ လုပ်နေသည်ကို တွေ့ရသည်။ အနီးအနားတွင် ကျောက်တောင်နံရံတခု ရှိနေသည်။ ဤနေရာသည် ရိက္ခာစပါးများ ဝှက်ထားရာ လျှို့ဝှက်စခန်း ဖြစ်ဟန်တူပါသည်။ ခပ်စိပ်စိပ်ပေါက်နေသော သစ်ပင်များကြားထဲက

တဲတလုံးထဲမှာ ရဲဘော်ဝင်းနိုင်နှင့် ကျွန်တော့်ကို နေရာချပေးသည်။ ကျွန်တော်တို့ဆီ ထမင်းလာပို့တော့ (သစ်ရိပ်များကြောင့်လားမသိ) မှောင်စပျိုးနေပေပြီ။ ဟင်းအဖြစ် ထမင်းပေါ်မှာ ဒူးရင်းသီး အမြွှာများကို တင်ထားပေးသည်။

ရဲဘော်လေးဝင်းနိုင်နှင့် ကျွန်တော့်ကို အလယ်မှာထားပြီး တဖက်တချက်စီမှာ ရဲဘော်နှစ်ယောက်စီ အိပ်ကြသည်။ ပူးပူးကပ်ကပ်အိပ်ကြရရာ ပူသောကြောင့်လားမသိ၊ အိပ်၍ကောင်းတုန်းမှာ ရဲဘော်ဝင်းနိုင်က စူးစူးဝါးဝါး အော်ငိုလေသည်။ တော်တော်ကြာမှပင် မောပြီး သူအိပ်ပျော်သွားသည်။ မနက်လင်းတော့ မနက်စာအဖြစ် ဒူးရင်းသီးနှင့် ထမင်းစားပြီး ခရိုင်အတွင်းရေးမှူးရှိရာသို့ ကျွန်တော်တို့ ခရီးဆက်ကြသည်။ ယခုခရီးသည် ပါတီ၏ အတွင်းစည်းနယ်မြေ မဟုတ်တော့သောကြောင့် သတိထားရန် ရဲဘော်တယောက်က ကျွန်တော့်အား ကြိုတင် သတိပေးထားသည်။ ဤအတွက်ကြောင့် ထင်သည်။ ရဲဘော်ဝင်းနိုင်ကို ရဲဘော်အချို့နှင့်အတူ စခန်းမှာ ချန်ထားခဲ့သည်။ လမ်းလျှောက်ရာ၌ ကျွန်တော့်ကို သက်ညှာသောအားဖြင့် ရဲဘော်များက မကြာမကြာ ထိုင်နားကြပါသည်။ သို့ရာတွင် သည့်နေ့ခရီးတွင် ကျွန်တော် ကောင်းစွာ လမ်းလျှောက်နိုင်ပါသည်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း အံ့သြမိသည်။ ဒူးရင်းသီး၏ အာဟာရကြောင့် အားပြန်ရှိလာခြင်း ဖြစ်သည်ဟု ထင်သည်။ ဆေးရုံစခန်းမှ ထွက်လာပြီး ပထမညကတည်းက အဖျားမတက်တော့သည်ကိုလည်း ကျွန်တော် သတိရမိလိုက်သည်။ ထိုအချိန်ကစ၍ ရှေ့တန်းနယ်မြေမှာ နေခဲ့ရသော တမိုးတွင်းလုံးလည်း ကျွန်တော် အဖျားမတက်ခဲ့ချေ။ ဆေးမသောက်ရဘဲ နာတာရှည် ငှက်ဖျားရောဂါမှ ကျွန်တော် ထူးဆန်းစွာ နာလန်ထလာခဲ့ခြင်းဖြစ်ပါသည်။ ရန်သူ့စစ်ကြောင်းများ ဝင်မွှေနေသည့် ရှေ့တန်းနယ်မြေမှာ နိုးနိုးကြားကြား ဖျတ်ဖျတ်လတ်လတ် ရှိနေရမည်ဟူသော တော်လှန်ရေးအသိက ကျွန်တော့်မှာ အတွင်းအားအဖြစ် ကိန်းအောင်းနေခြင်းကြောင့်ဟု ထင်ပါသည်။

အဖျား၏ ဖိစီးနှိပ်စက်မှုဒဏ်ကို တဲတလုံးထဲမှာ
တကိုယ်တည်း အန်တု တွန်းလှန်နေရချိန်မှာ သူတို့၏
အော်မေးသံကြောင့် “ငါတယောက်တည်း မဟုတ်”
ဟူသော အသိဝင်လာကာ အားအင်တခု တိုးလာပါသည်

# အကောင်း အဆိုး

နေ့စဉ်သာမန်ဘဝအတွင်း ကိစ္စအမျိုးမျိုးမှာ အကောင်းတွေဆုပ်ကိုင် အဆိုးတွေ ဖယ်ရှားဖို့ ပြောဆိုတာတွေကို အထွေအထူး စောဒကတက်စရာ မရှိပါ။ ဒါပေမဲ့ ကမ္ဘာ့ လက်ရှိအရင်းရှင်စီးပွားရေး ဘဝအတွင်း 'တိုင်းပြည်စီးပွားရေးကြီးထွားမှု'ကို မြှင့်တင်ရင်း ဆင်းရဲချမ်းသာ ကွာဟမှုကို ဖယ်ရှားသွားဖို့ ပြောဆိုတာ မျှော်လင့်ချက် ပေးတာမျိုး၊ လက်ရှိ ဗမာပြည်စီးပွားရေး နိုင်ငံရေးဘဝ အထွေထွေမှာ စစ်အုပ်စုကြီးစိုးမှုအောက် အုပ်စိုးသူများ 'လုပ်ဆောင်နိုင်ခဲ့တဲ့ အောင်မြင်ချက်'တွေကို အသိအမှတ်ပြု ဆုပ်ကိုင်ပြီး 'မလုပ်ဆောင်နိုင်သေးတဲ့ ချို့ယွင်းချက်' များကို သည်းခံ၊ တဖြည်းဖြည်း အချိန်ယူ ဖြေရှင်းသွားဖို့ ချွေးသိပ်တာမျိုးစတာတွေ အပေါ်မှာတော့ စောဒကတက်ရပါလိမ့်မယ်။

ဒီလို တင်ပြချက်တွေကိုကြည့်ရင် အကောင်းဆိုတာ အမြဲလိုလားစရာ ဆောင်စရာဖြစ်ပြီး အဆိုးဆိုတာကတော့ ထာဝရ ပယ်စရာ ရှောင်စရာ ဖြစ်တယ်ဆိုတဲ့ ကောင်းကျိုးဆောင် သီလ အတွေးအခေါ်သက်သက်ကို စွဲဆော်ပြီး လူကြိုက်များအောင်လုပ်တာ တွေ့ရပါမယ်။ အဆိုးတွေကို တဖြည်းဖြည်း ဖယ်ရှားသွားရင်း နောက်ဆုံးမှာ အကောင်းတွေပဲ ကျန်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်မှား ပေးတာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အကောင်းအဆိုး ဘက်ပေါင်းစုံထည့်တွက် သုံးသပ်သယောင် ပုံစံဖမ်းထားပေမယ့် အကောင်းနဲ့အဆိုးဆိုတာတို့ကို အပြန်အလှန်မွေးဖွားမှီခိုနေပြီး အပြန်အလှန် ဆန့်ကျင်နေတဲ့ အရာတွေအဖြစ်မြင်တဲ့ အနုပဋိလောမနည်းကို ပစ်ပယ်ကာ ဒါတွေကို သီးခြားစီ တည်ရှိနေတဲ့ အရာတွေအဖြစ်မြင်တဲ့ တက္ကဗေဒနည်းကို သုံးထားတာကိုလည်း တွေ့ရပါလိမ့်မယ်။

အရာကိစ္စတွေဟာ တသီးတခြား ဖြစ်တည်နေတာ မဟုတ်ဘူး။ ဆက်စပ် – လှုပ်ရှား – တွန်းဆော် – ဆင့်ကဲပြောင်းလဲ – အဟောင်းချုပ်ငြိမ်း အသစ်မွေးဖွားဆိုတဲ့နည်းနဲ့ ဖြစ်ပေါ်တိုးပွားနေတာ ဖြစ်တယ်။ အကောင်းနဲ့အဆိုး၊ အဟောင်းနဲ့အသစ်၊ အဖြစ်နဲ့အပျက်၊ အောင်မြင်မှုနဲ့ရှုံးနိမ့်မှုစတဲ့ ဆန့်ကျင်ဘက် အရာတွေဟာ အနုပဋိလောမကျစွာ ဖြစ်ပေါ်တိုးပွားနေတာ ဖြစ်တယ်။

ဒီနေရာမှာ အဆိုးအကောင်း၊ အဟောင်းအသစ် စတာတွေကို ဘယ်စံနဲ့ တိုင်းမလဲ။ နေရှင်ပေါက်စတွေကတော့ တက္ကဗေဒ စိတ်ဝါဒအရ ဆန္ဒစွဲအရ တိုင်းတာပေလိမ့်မယ်။ သို့ဖြင့် အကောင်းအဆိုး၊ အဟောင်းအသစ် စတာတွေဟာ ပုဂ္ဂလိကအလိုကျ စိတ်ကူးစံသတ်မှတ်ချက်တွေ ဖြစ်လာပါတော့တယ်။

ဒီနေရာမှာ 'အဘိဓမ္မာ၏ဆင်းရဲခြင်း' ကျမ်းမှာ မာ့က်စ်ပြောထားတဲ့ ပရောက်ဒွန်းအပေါ် ဝေဖန်ချက်တချို့ကို သတိရအလေးထားဖို့ လိုမယ်ထင်ပါတယ်။

ပရောက်ဒွန်းအဖို့က "စီးပွားရေး အခြင်းအရာတိုင်းမှာ အကောင်းဘက်နဲ့ အဆိုးဘက်ဆိုပြီး ဘက်နှစ်ဘက် ရှိတာချည်းပဲ၊ သူဟာ ဒီအခြင်းအရာတွေကို ကြည့်ရာမှာ နေရှင်ပေါက်စတယောက်က သမိုင်းအကျော်အမော် ပုဂ္ဂိုလ်တွေအပေါ် ကြည့်ပုံအတိုင်း ကြည့်တယ်။ နပိုလီယံဟာ ပုဂ္ဂိုလ်ကြီးဖြစ်တယ်။ သူဟာ ကောင်းတာတွေ အများကြီး လုပ်ခဲ့သလို ဒုက္ခတွေလည်း အများကြီးပေးခဲ့တယ်လို့ ကြည့်မြင်တာမျိုးပေ့ါ။"

ပရောက်ဒွန်း အတွက်ကတော့ "စီးပွားရေး အခြင်းအရာတိုင်းမှာ အကောင်းဘက်နဲ့ အဆိုးဘက်၊ အားသာချက်များနဲ့ အားနည်းချက်များတို့ဟာ ပဋိပက္ခဘက်များ ဖြစ်တယ်။"

သူ့အတွက် "ပြဿနာကို ဖြေရှင်းနည်းကတော့ အကောင်းဘက်ကို ထိန်းသိမ်းပြီး အဆိုးဘက်ကို ဖယ်ရှားပစ်ဖို့ပဲ။" သူနားလည်တဲ့ "အနုပဋိလောမလက္ခဏာ လှုပ်ရှားမှုဆိုတာ အကောင်းနဲ့အဆိုးတို့ကို အသေကျကျ စည်းခြားပစ်မှုသာ ဖြစ်တယ်။" ဒါပေမဲ့ တကယ်တော့ "အနုပဋိလောမလက္ခဏာ လှုပ်ရှားမှုဆိုတာ ပဋိပက္ခဘက်နှစ်ဘက်တို့ အတူတကွ တည်ရှိနေပြီး အပြန်အလှန် တိုက်ခိုက်ကာ အခြင်းအရာသစ်တခုအတွင်း သက်ဝင်သွားတဲ့ လှုပ်ရှားမှု ဖြစ်

တယ်။'' အဆိုးဘက်ကို ဖယ်ရှင်းပစ်မှတော့ အနုပဋိလောမ လက္ခဏာ လုပ်ရှားမှုက အဆုံးသတ်ဖို့ပဲ ရှိတော့တာပေ့ါ။

ဒီလိုနဲ့ ပရောက်ဒွန်းဟာ ''အခြင်းအရာရဲ့ ဘက်နှစ်ဘက် အကြားမှာ စိတ်လှုပ်ရှား ဗျာများ ဒေါသပွား'' နေရပါတော့တယ်။ မှန်ကန်တဲ့နည်းနာနဲ့ ထွက်ပေါက်ရှာမရဖြစ်ပြီး တခြားအခြင်းအရာ အသစ်တခုထဲကို အတင်းခုန်ထွက်ရပါတော့တယ်။ ''သူဟာ လက်ထဲရောက်လာတဲ့ ပဌမအခြင်းအရာကို ကောက်ကိုင်လိုက်ပြီး ဒါကို ပုံတော်သလို လက္ခဏာသတ်မှတ်ကာ ဒီအခြင်းအရာရဲ့ အဆိုးဘက်တွေကို ဖယ်ရှားဖို့ နည်းတွေ တင်ပြပြါတော့တယ်။'' ဒီလို ဒီလိုနဲ့ ''လက်ဝါးကြီးအုပ်မှုရဲ့ အားနည်းချက်တွေကို အခွန် အကောက်နဲ့ ဖယ်ရှားမယ်၊ အခွန်အကောက်ရဲ့ အားနည်းချက် တွေကို ကုန်သွယ်ရေး ချိန်ခွင်လျှာနဲ့ ဖယ်ရှားမယ်'' စတာမျိုးတွေ တသီတတန်းကြီး ထွက်လာပါတယ်။

ပရောက်ဒွန်းအပေါ် မာ့က်စ်ရဲ့ ဝေဖန်ချက်ထဲက အကောင်းဘက်နဲ့အဆိုးဘက် ခွဲမရနိုင်ပုံကို အလေးထား ကိုးကားရတာဟာ အဆိုးကို မလိုချင်ရင် အကောင်းကိုလည်း မယူနဲ့၊ သို့မဟုတ် အကောင်းကို လိုချင်ရင် အဆိုးကိုပါ ယူရမယ်ဆိုတဲ့ ကောက်ချက် ဆွဲဖို့ မဟုတ်ပါ။ (လက်တွေ့ ကြုံတွေ့နေရတဲ့ သမိုင်းဖြစ်စဉ်ဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာကိစ္စတွေအကြောင်း ပြောတဲ့အခါ ဒီလို ဆန္ဒစွဲ ကောက်ချက်မျိုးက လုံးဝအဓိပ္ပာယ်မဲ့ပါတယ်။ ဒါပေမဲ့ 'ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လက်ခံရလိမ့်မယ်' ဆိုတဲ့ အပြောမျိုး ကိုလည်း ခေါင်းငုံ့လက်ခံရေးသဘော သက်ရောက်သွားစေနိုင်တဲ့ အတွက် မပြောလိုပါ။) အကောင်း အဆိုး၊ အားသာချက် အားနည်း ချက်၊ တိုးတက်မှု ဆုတ်ယုတ်မှုဆိုတာတွေကို ဝင်ငွေထွက်ငွေ စာရင်း ချသလို ချပြီး လိုသလိုဆွဲယူ 'သုံးသပ်' တာတွေကို မှန်မှန်ကန်ကန် တုံ့ပြန်နိုင်စေဖို့ ဖြစ်ပါတယ်။

အထူးသဖြင့် ၂၀ ရာစု အတွင်း ဘက်ပေါင်းစုံ ယိုယွင်း လာတဲ့ အရင်းရှင်စနစ်ကို သွေးစုပ်သူလူတန်းစားက အစဉ်အလာ နည်းတွေနဲ့ ထိန်းသိမ်းဖို့ ခက်ခဲလာတဲ့အဆုံး လက်ယာစွန်း အမျိုးသားရေးဝါဒ၊ ဖက်ဆစ်ဝါဒတို့နဲ့ ထိန်းသိမ်းဖို့ ကြိုးစားလာတဲ့ အခြေအနေမှာ ဓနရှင်ပြုပြင်ရေးဝါဒီတွေကလည်း အရင်းရှင်စနစ်ကို အကောင်းချန် အဆိုးဖယ်တဲ့နည်းနဲ့ထိန်းဖို့ ပိုပြောလာကြပါတယ်။

ဥပမာ ကမ္ဘာ့စီးပွားရေး မျက်နှာစာမှာ ၂၀ ရာစုအတွင်း ပိုမိုထင်ရှားစွာ လွှမ်းမိုးလာတဲ့ ဂလိုဘယ် လက်ဝါးကြီးအုပ် ဘဏ္ဍာ အရင်းစနစ်က အရင်းအနှီး အမြောက်အမြားကို စုစည်းပေးနိုင်လို့ အကြီးစားရင်းနှီးမြှုပ်နှံမှုလုပ်ကာ အကြီးစားဖွံ့ဖြိုးရေး စီမံကိန်းများ (မြို့သစ်၊ စက်မှုဇုံ၊ စက်ရုံ၊ ရေကာတာ၊ အိမ်ရာစတဲ့ စီမံကိန်းများ) အကောင်အထည်ဖော်နိုင်တာတွေကတော့ ကောင်းပါတယ်လို့ပဲ ဆိုကြပါစို့။ ဒါပေမဲ့ ဘဏ္ဍာအဖွဲ့ကြီးတွေဟာ သက်ဆိုင်ရာ ကုမ္ပဏီတွေ ရှယ်ယာ ဈေးတက်စေဖို့၊ ရှယ်ယာဝင်တွေ အမြတ်တိုး စေဖို့အတွက် တချို့လုပ်ငန်းတွေကို ပိတ်ပစ်တာ၊ အလုပ်သမား အရေအတွက် လျှော့ပစ်တာ၊ တခြားနည်းအမျိုးမျိုးနဲ့ ကုန်ကျ စရိတ် ဖြတ်တောက်ပစ်တာတွေ ရှိတယ်။ ဘဏ္ဍာဈေးကွက် ဈေး ကစားတာ၊ စီအီးအိုလို ကပ်ပါးကောင်တွေကို မြေတောင်မြှောက်ပေး တာတွေ ရှိပါတယ် ... အစရှိသဖြင့် ဒီလိုမျိုးကိုတော့ အဆိုးစာရင်းထဲ ထည့်ပြီး ထိန်းချုပ်ရမယ် ဖယ်ရှားရမယ် ဆိုကြပါစို့။ ဖြစ်နိုင်ပ့ါမလား။

မာ့က်စ်က သူ့ခေတ်သူ့အခါ ထွက်ပေါ်စ ဘဏ္ဍာအရင်းနဲ့ ပတ်သက်ပြီး ပြောတဲ့အထဲမှာ အစုရှယ်ယာကုမ္ပဏီကြီးတွေရဲ့ ယန္တရားထဲမှာကို ကပ်ပါးဝါဒရဲ့ဇာစ်မြစ် ကိန်းအောင်းနေကြောင်း၊ ဒီကုမ္ပဏီတွေဟာ ဘဏ္ဍာရေး ရေပေါ်ဆီအလွှာအသစ်ကို အစဉ်မွေး ဖွားပေးနေကြောင်း၊ ကုမ္ပဏီ အကျိုးမြှင့်တင်သူ၊ ဈေးကစား စီမံသူ၊ ဒါရိုက်တာစတဲ့ ပုံစံတွေနဲ့ ကပ်ပါးကောင် အသစ်တွေကို မွေးဖွားပေး နေကြောင်း ပြောထားတာတွေ ရှိပါတယ်။ အကောင်းနဲ့ အဆိုးဟာ အရာဝတ္ထု လှုပ်ရှားမှုဖြစ်စဉ်အတွင်း အပြန်အလှန် မွေးဖွားပေးနေတဲ့ ဘက်များ ဖြစ်ပါတယ်။

အလားတူပါပဲ၊ အရင်းရှင်စီးပွားရေးမှာ လက်ဝါးကြီးအုပ် မှုနဲ့ ယှဉ်ပြိုင်မှုတို့ဟာ တခုကိုတခု အမြဲလည်းပြု ဆန့်လည်းဆန့်ကျင် ရင်း ခွဲမရတဲ့ အရာတွေအဖြစ် အတူတကွ ရှိနေတာပါ၊ ဘယ်အပိုင်း က ကြီးစိုးထားသလဲ၊ ဘယ်ပုံစံသစ်တွေနဲ့ ရှိနေသလဲဆိုတဲ့ ပြဿနာ ပဲ ရှိပါတယ်၊ လက်ဝါးကြီးအုပ် ကြီးစိုးတဲ့ (ငါးကလေးကို ငါးကြီးမျိုတဲ့) ခေတ်မှာ ဘိုးအင်းနဲ့ အဲဘတ်စ် လေယဉ်ထုတ်လုပ်ရေးကုမ္ပဏီကြီး တွေ အကြား ပြိုင်ဆိုင်မှုကို တွေ့နေရတာပဲ မဟုတ်လား။

ထောင်မြင်ရာစွန့် (သို့မဟုတ် နည်းနည်းပေး များများရ) (သို့မဟုတ် အနာခံမှအသာစံရ) ဆိုတဲ့အမြင်ဟာ အရင်းရှင်စနစ်

စီးပွားရေး၊ နိုင်ငံရေးနဲ့ လူမှုဆက်ဆံရေး လုပ်ရှားမှုတွေအတွင်း ရှိနေတဲ့ ဆန့်ကျင်ဘက် အရာနှစ်ရပ်၊ တပေါင်းတစည်းလည်း ဖြစ်နေတဲ့ အရာနှစ်ရပ် ဖြစ်ပါတယ်။ (ဆန့်ကျင်ဘက်များ ပေါင်းစည်းမှု) ဒါပေမဲ့ တိုးတက်မှုဘက်ကို ဖြစ်ပေါ်မလာဘဲ ဖောက်ပြန်ရေးဘက်ကို တိမ်းညွတ်သွားပါတယ်။

" ၂၀၀၈ ခြေဥ အောက်မှာ လက်ရှိအစိုးရ လက်ထက်မှာ ဒီမိုကရေစီ တစုံတရာ ပွင့်လင်းလာတာ ကောင်းပေမယ့် လွတ်လပ်စွာ ရေးသားဖော်ပြခွင့်အပေါ် ထိပါးမှုတွေ များသထက် များလာတာတော့ မကောင်းဘူး" ဆိုတဲ့အမြင်ကိုပဲ ကြည့်ပါ။ ဒါကို အကောင်းဘက် အဆိုးဘက်ခွဲခြားပြီး လိုသလို ဆွဲယူအသုံးချလို့ မဖြစ်ပါ။ ဒါဟာ တပေါင်းတစည်းတည်းလည်း ဖြစ်နေတဲ့ အရာနှစ်ရပ်ပါ။ ဒါကြောင့် ကောင်းတာလေးတွေကို ဆုပ်ကိုင်ထားပြီး အဆိုးဘက်ကို ဖယ်ရှားသွားရေး နည်းလမ်းဟာ မအောင်မြင်နိုင်ပါ။

မျက်မှောက် အခြင်းအရာများကို ဒီလိုအမြင်မျိုးနဲ့ ချဉ်းကပ်ကြည့်မြင်နည်းဟာ မှားပါတယ်။ စစ်အုပ်စု ဒုတိယမျိုးဆက်ဟာ "လမ်းပြမြေပုံ" တခုနဲ့ အချိန်ယူပြင်ဆင်ကာ တိုင်းပြည်မှာ စစ်အုပ်စုအနေနဲ့ အသွင်သစ်တမျိုးနဲ့ ဟန်ရေးပြပြီး ဆက်လက် အုပ်စိုးတာကိုလည်း အသိအမှတ်ပြု "စည်းကမ်းရှိတဲ့ ဒီမိုကရေစီ" ဆိုတာကိုလည်း အသိအမှတ်ပြုတဲ့ ၂၀၀၈ ခြေဥကို ရေးဆွဲပြီး အတင်းအတည်ပြုခဲ့ပါတယ်။

"အရပ်သား" အစိုးရ အဆက်ဆက်များ၊ "လွှတ်တော်" အဆက်ဆက်များမှာ ဒီအသိအမှတ်ပြုမှု နှစ်ရပ်ဟာ အပြန်အလှန် ဆွဲငင် တွန်းကန် လုပ်ရှားပါတယ်၊ ဒီလိုနဲ့ လက်ရှိသမိုင်းကာလ နိုင်ငံရေးအခြင်းအရာတွေ ဖြစ်ပေါ်လာတာပါ။

လက်ရှိ မဲနိုင်အစိုးရလက်ထက်မှာ ဖိနှိပ်ရေးဥပဒေတွေ ရင်းနှီးမြှုပ်နှံသူများ အလိုကျ ဥပဒေတွေကို ထင်ထင်ပေါ်ပေါ် အတည်ပြုနေတယ်။ ထင်ထင်ပေါ်ပေါ် အသုံးချနေတယ်။ နိုင်လွတ်လုံ ဥပဒေမျိုးဟာ ရည်ရွယ်ချက်ကတော့ ကောင်းပါရဲ့ လုပ်ဆောင်ချက်ကတော့ မကောင်းဘူးဆိုတဲ့ ညည်းချင်းတွေ ညည်းနေကြတဲ့ ပရိသတ်ရှေ့မှောက်မှာပဲ ဒီလိုဥပဒေတွေ ထွက်ထွက်လာနေတာပါ။

ဒါတွေဟာ လောလောလတ်လတ် ဖိနှိပ်ရေးအတွက် ရည်ရွယ်တာ ဖြစ်ရုံသာမက ပြင်းသထက် ပြင်းထန်လာတော့မယ့် လူတန်းစား တိုက်ပွဲတွေအတွက် ဖိနှိပ်ရေး လက်နက်တွေအဖြစ် အသင့်ပြင်ထားတာလည်း ဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ လက်ရှိယန္တရားဘောင်အတွင်းမှာ ရထားတာလေးတွေ ဆုပ်ကိုင်ပြီး ဆုံးရှုံးသွားတာတွေကို ပြန်ယူမယ်လို့ကြံရင် စိတ်ကူးယဉ်မှုသာ ဖြစ်ပါတယ်။

ယခု တင်ပြချက်များဟာ ခွဲခြမ်းစိတ်ဖြာမှုအတွင်း အကောင်းဘက်၊ အဆိုးဘက်၊ အားသာချက်၊ အားနည်းချက်စတဲ့ စကားများ သုံးစွဲမှု ပင်ကို – ကို ဆန့်ကျင်နေခြင်း မဟုတ်ပါ။

ရာထူး တာဝန်နေရာတွေမှာ၊ အမျိုးသမီးများ ပါဝင်မှုကို အောင်မြင်ချက်ကြီး၊ ကောင်းမွန်ချက်ကြီးအဖြစ် ပြောဆိုတာမျိုးလို၊ အပေါ်ယံကို အရင်းခံအဖြစ် ထည့်တွက်တဲ့ ကိစ္စတွေကိုလည်း ဒီနေရာမှာ အကျယ်တဝင့် မဆွေးနွေးလိုပါ။

ဒီချုပ်နဲ့ စစ်အုပ်စုအကြား နားလည်မှု ရတာကို အောင်မြင်ချက် (လူထုအတွက်ကတော့ မျော်လင့်မှု ဆုံးရှုံးရချက်)၊ ယုံကြည်မှု အပြည့်အဝ မတည်ဆောက်နိုင်သေးတာကို အားနည်းချက် (လူထုအတွက်ကတော့ အသုံးချနိုင်စရာ အချက်) အဖြစ်သဘောထားတာမျိုး ရပ်တည်ချက် ကွာရင်ကွာသလို အကောင်းအဆိုး စာရင်းမှာ ပြောင်းပြန် ထည့်တွက်တဲ့ ကိစ္စတွေကိုလည်း ဒီမှာ အကျယ်မဆွေးနွေးတော့ပါ။

သဘာဝလောကမှာ ကမ္ဘာကြီး ပူနွေးလာမှုလို အန္တရာယ်တွေနဲ့ ပတ်သက်လို့ သိပ္ပံပညာရှင်တွေက သတိပေး အကြံပေး တင်ပြတိုက်တွန်းတာတွေကို အမြတ်အစွန်း ဦးထိပ်ထားတဲ့ အရင်းရှင်စနစ်က အလေးမထားပါ။ လူတန်းစား လူ့အဖွဲ့အစည်းဆိုင်ရာ သိပ္ပံနည်းကျ ခွဲခြမ်းစိတ်ဖြာချက်ဆိုရင်တော့ ပိုလို့တောင် အားမပေးပါ။ ဒီအခြေအနေမှာ လူမျိုးရေး၊ ကျားမ အရေးစတဲ့ လူမှုအခြင်းအရာတွေကို လူတန်းစားအခြေခံဇာစ်မြစ်နဲ့ ဖြတ်တောက်ကာ အရင်းခံအနှစ်သာရ အခြင်းအရာတွေအဖြစ် ပုံကြီးချဲ့ပြော၊ အရှုးအမူးပြော၊ ဇာတ်နာအောင်ပြောပြီး အာရုံလွှဲတဲ့ လေထုက ကြီးပါတယ်။ ဒါကြောင့် အခြင်းအရာတွေကို အရင်းခံကျကျ၊ သိပ္ပံနည်းကျ၊ အနုပဋိလောမနည်းကျကျ၊ သမိုင်းရုပ်ဝါဒကျကျ ကြည့်မြင်ဖို့ အရေးကြီးပါတယ်။

အဘိဓမ္မာဆင်းရဲခြင်း ကျမ်းထဲမှာပဲ မာ့က်စ်က ဒီလိုပြော ထားတာ ရှိပါတယ်။

“သမိုင်း ရှေ့ကို ရွှေ့လျားတာနဲ့အမျှ ၊ ဒါနဲ့ တပါတည်း ပစ္စည်းမဲ့လူတန်းစားရဲ့ တိုက်ပွဲကလည်း ရှင်းလင်းပြတ်သား လာတာနဲ့အမျှ” ဆိုရှယ်လစ်နဲ့ ကွန်မြူနစ်တွေဟာ စိတ်ကူးယဉ်အဆင့်ကာလကလို “သိပ္ပံပညာကို သူတို့ခေါင်းထဲမှာပဲ ရှာနေဖို့ မလိုတော့ပါ၊ သူတို့ရှေ့မှာ ဖြစ်ပျက်နေတာကို သတိထား ကြည့်မြင်ဖို့နဲ့ ဒါတွေကို အသိရှိရှိ ဖော်ထုတ်တင်ပြဖို့ပဲ လိုပါတော့တယ်။”

“သူတို့ဟာ သိပ္ပံပညာကို ကြိုးစားရှာဖွေကာ စနစ်တွေကိုပဲ ပုံဖော်တည်ဆောက်နေသေးတဲ့ကာလမှာ၊ နောက်ပြီး သူတို့တိုက်ပွဲကလည်း စကာစပဲ ဖြစ်နေသေးတဲ့ ကာလမှာ၊ သူတို့ဟာ ဆင်းရဲမွဲတေမှုကို ဆင်းရဲမွဲတေမှု အဖြစ်မျှသာပဲ မြင်ကြတယ်။ ဒီအရာရဲ့ တခြားဘက်ဖြစ်တဲ့ လူ့အဖွဲ့အစည်းဟောင်းကို ဖြိုဖျက်မယ့် တော်လှန်ရေးကျကျ ဖျက်ဆီးနိုင်စွမ်း ဘက်ကိုတော့ မမြင်ကြသေးပါဘူး။ အဲဒီဘက်ကို မြင်လာတဲ့ နောက်မှာတော့ သမိုင်းလှုပ်ရှားမှုရဲ့ အထွက်ပစ္စည်းတခုဖြစ်ပြီး သမိုင်းလှုပ်ရှားမှုထဲမှာလည်း အသိရှိရှိ ပါဝင်လာတဲ့ သိပ္ပံပညာဟာ ဗလာ သဘောတရားသက်သက် မဟုတ်တော့ဘဲ တော်လှန်ရေး သိပ္ပံပညာ ဖြစ်လာပါတယ်။”

မိမိ နားလည်ချက်ကတော့ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒဟာ သမိုင်းရလဒ်တခုအဖြစ် ထွက်ပေါ်ခဲ့ပြီး ပစ္စည်းမဲ့လူတန်းစား တိုက်ပွဲအတွင်း လမ်းညွှန်အဖြစ် ပါဝင်လာခဲ့ပါတယ်။ သမိုင်းဆက်လက် ရွှေ့လျားတာနဲ့အမျှ ဆိုရှယ်လစ်ဝါဒနဲ့ ပစ္စည်းမဲ့လူတန်းစားတိုက်ပွဲဟာ ပိုမိုကြွယ်ဝ ရှင်းလင်းလာပါတယ်။ ဒါကြောင့် အရင်းရှင်စနစ်ကို ဆိုရှယ်လစ်စနစ်က အစားထိုးမယ့် သမိုင်းလမ်းကြောင်းကို ဘယ်အရာကမျှ လွဲဖယ်ပစ်နိုင်မှာမဟုတ်ပါ။ လက်တွေ့ဖြစ်ရပ်များကို သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒ လမ်းညွှန်ချက်နဲ့ သုံးသပ်ပြီး ပစ္စည်းမဲ့လူတန်းစားတိုက်ပွဲအတွင်း ပါဝင်သွားဖို့သာ လိုပါတယ်

ဒါတွေဟာ လောလောလတ်လတ် ဖိနှိပ်ရေးအတွက် ရည်ရွယ်တာ ဖြစ်ရုံသာမက ပြင်းသထက် ပြင်းထန်လာတော့မယ့် လူတန်းစား တိုက်ပွဲတွေအတွက် ဖိနှိပ်ရေး လက်နက်တွေအဖြစ် အသင့်ပြင်ထားတာလည်း ဖြစ်ပါတယ်။

# မာ့က်စ်ဝါဒ လေ့လာရေးနဲ့ ၂၁ ရာစု

မာ့က်စ်ဝါဒလေ့လာတဲ့အခါ ဘက်သုံးဘက်ကနေ မဖြစ်မနေ လေ့လာလုပ်ဆောင်ဖို့လိုပါတယ်။ ပထမတခုက မာ့က်စ်ဝါဒရဲ့ အခြေခံမူတွေကို ကျကျနနလေ့လာရေး၊ ဒုတိယတခုက မိမိမျက်မှောက်ပြုနေရတဲ့ တိုင်းပြည်ရဲ့စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ပကတိလက်တွေ့နဲ့ တတိယတခုကတော့ အဲဒီသိမြင်လာမှုတွေနဲ့အတူ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ကိုင်ရေးဖြစ်ပါတယ်။

ဒီဘက်သုံးဘက်ဟာ သဘောတရားနဲ့ အခိုင်အမာလက်တွေ့ အပြန်အလှန်ပေါင်းစပ်ဆိုတဲ့ အဖန်တလဲလဲ ဖြစ်စဉ်ထဲက အဓိက အကျဆုံး ဘက်သုံးဘက်လည်း ဖြစ်တယ်။ အမှန်နဲ့အမှား၊ အောင်မြင်မှုနဲ့အရေးနိမ့်မှု၊ ဖြောင့်ဖြူးချောမောလွယ်ကူတာနဲ့ ကွေ့ကောက် ထစ်ငေါ့ ခက်ခဲတာတွေဟာ သဘောတရားနဲ့ အခိုင်အမာလက်တွေ့ အပြန်အလှန်ပေါင်းစပ်တဲ့ ဖြစ်စဉ်ထဲကနေ ဆက်တိုက်ရရှိလာမယ့် မရှောင်မလွှဲနိုင်တဲ့ တိုက်ရိုက်အကျိုးဆက်တွေပဲ ဖြစ်တယ်။

သဘောတရားနဲ့ အခိုင်အမာလက်တွေ့ ပေါင်းစပ်တယ်ဆိုတာ ပါးစပ်က အပြောလွယ်ပေမယ့် တကယ်ကြိုးပမ်းကြတဲ့အခါ "သဘောတရားနဲ့ အခြေခံမူတွေကို အသေဆုပ်ကိုင်ပြီး လေ့နံ့ခေးထစ် ကျင့်သုံးတဲ့ တိမ်းစောင်းမှုနဲ့ အခိုင်အမာ လက်တွေ့ကို အလွန်အကျွံအသားပေးပြီး အခြေခံမူတွေကို လျစ်လျူရှု စွန့်ပယ်မိတဲ့ တိမ်းစောင်းမှု" ဆိုတဲ့ "တိမ်းစောင်းမှု နှစ်မျိုး" ကို တကြိမ်မဟုတ် တကြိမ်၊ တကွေ့မဟုတ် တကွေ့ ဘယ်သူမဆို ကြုံမိ၊ တိုးမိကြမှာပဲ ဖြစ်တယ်။

ဒါကြောင့် လက်တွေ့လုပ်ကြည့်လိုက် အခြေအနေမဟန်ရင် ပြန်ဆုတ် စဉ်းစားထိန်းညှိလိုက် ရှေ့တဆင့် ပြန်တိုးလုပ်ကြည့်ဆိုတဲ့ မြေစမ်းခရမ်းပျိုးသလို၊ ကျောက်တုံးစမ်းပြီး မြစ်ကိုဖြတ်သန်းသလို ဇွဲနပဲကြီးကြီးနဲ့ ကြိုးစားပမ်းစားလုပ်ကြရမှာပါပဲ။

မာ့က်စ်ဝါဒမူတွေကို ရဲဘော်လီနင်တို့၊ ဥက္ကဋ္ဌကြီး မော်စီတုန်းတို့ဟာ သူတို့ ဖြတ်သန်းရတဲ့ သမိုင်းခေတ်ကာလ အနေအထား၊ သူတို့ မျက်မှောက်ပြုထားရတဲ့ တိုင်းပြည်ရဲ့ အခိုင်အမာလက်တွေ့တွေနဲ့ အပြန်အလှန်ပေါင်းစပ်ပြီး ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံနဲ့ တရုတ်ပြည်သစ်တို့ကို ထူထောင်ခဲ့ကြတာပါ။ ဒီလို ထူထောင်ရာမှာ မာ့က်စ်ဝါဒ မူတွေကို လေ့နံ့ခေးထစ်ကျင့်သုံးခဲ့တာ မဟုတ်ပါဘူး။ သူတို့ မျက်မှောက်ပြုနေရတဲ့ ခေတ်ကာလရဲ့ ထူးခြားချက်၊ သူတို့တိုင်းပြည်ရဲ့ အသက်ပါတဲ့ လက်တွေ့တွေနဲ့ ကျွမ်းကျင်လိမ္မာစွာ ပေါင်းစပ်ခဲ့တာပါ။ ဒါကြောင့်လည်း ခမ်းနားကြီးကျယ်တဲ့ အောင်မြင်မှုကြီးတွေကို ရရှိခဲ့တာပါ။ ဒီလို ရရှိခဲ့လို့ သူတို့ဟာ မမှားခဲ့ဘူးလို့ ပြောတာမဟုတ်ပါဘူး။ သူတို့လည်း မှားခဲ့ကြဖူးတာပါပဲ။

ကိုယ့်တိုင်းပြည်ရဲ့ ပကတိလက်တွေ့ကို စူးစမ်းပြီး၊ ကိုယ်ဦးထိပ်ပန်ဆင်ထားတဲ့သဘောတရားနဲ့ ပေါင်းစပ်အကောင်အထည်ဖော်တဲ့ သူတိုင်း အမှားနဲ့ ဘယ်တော့မှ မကင်းလွတ်နိုင်ပါဘူး။

ရဲဘော်လီနင်နဲ့ ဥက္ကဋ္ဌကြီးမော်စီတုန်းတို့ ဦးဆောင် ထူထောင်ခဲ့တဲ့ ဆိုဗီယက်နိုင်ငံတော်ကြီးနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ဆိုတာ မာ့က်စ်နဲ့ အိန်ဂယ်တို့ မြော်မြင်ခဲ့တဲ့ လမ်းကြောင်းအတိုင်း တသဝေမတိမ်း လျှောက်လှမ်းအောင်မြင်ခဲ့ကြတာမျိုး မဟုတ်ပါဘူး။

အခုအခါ မာ့က်စ်ဝါဒဟာ တော်လှန်ရေးအောင်မြင်အောင် ဆင်နွှဲနိုင်တဲ့၊ ဆိုရှယ်လစ်နိုင်ငံတော်ကို တည်ဆောက်နိုင်တဲ့ သာဓကတွေကို အခိုင်အမာ သက်သေပြသခဲ့ရုံတင် မကတော့ဘဲ ဆိုရှယ်လစ်နိုင်ငံတော်ကို လက်တွေ့တည်ဆောက်ရင်း အရေးနိမ့်ရတဲ့ နောက်ပြန်ဆုတ်သွားရတဲ့ ကြီးကျယ်လေးနက်တဲ့ သင်ခန်းစာကြီးကိုလည်း ဆိုဗီယက်ယူနီယံပြိုကွဲမှုနဲ့အရှေ့ဥရောပနိုင်ငံများ ဗရုတ်ဗရက်ဖြစ်မှု လက်တွေ့ဖြစ်ရပ်များကနေ အခိုင်အမာ ရရှိလိုက်

ပြီ ဖြစ်ပါတယ်။ ဒီဖြစ်ရပ်ကြီးတွေဟာ ကြီးကျယ်ပါတယ်။ ဒါကိုကြည့်ပြီး မာ့က်စ်ဝါဒ ကျဆုံးသွားပြီ။ ကွန်မြူနစ်ဝါဒ – ဆိုရှယ်လစ်ဝါဒ ခေတ်ကုန်သွားပြီလို့ ကောက်ချက်ဆွဲမယ်ဆိုရင် အဲဒီလို ကောက်ချက်ဆွဲတဲ့ သူဟာ ညံ့ဖျင်း မိုက်မဲသူသာ ဖြစ်ပါလိမ့်မယ်။ ဒါမှ မဟုတ်လည်း မာ့က်စ်ဝါဒအကြောင်း နကန်းတစ်လုံးမှ နားမလည်သူလည်း ဖြစ်ပါလိမ့်မယ်။ ဒါမှ မဟုတ်ရင်တော့ မာ့က်စ်ဝါဒ၊ ကွန်မြူနစ်ဝါဒတို့နဲ့ ဘယ်လိုမှ မပြေငြိမ်းနိုင်တဲ့ အရင်းရှင်းစနစ်ရဲ့ လစ်ဘရယ်ပါမောက္ခတွေ ပညာရှင်တွေရဲ့ စကားကြီး စကားကျယ် ခြောက်လုံးလှန့်လုံးတွေသာ ဖြစ်လိမ့်မယ်။

တကယ်တော့ ကွန်မြူနစ်ဝါဒဟာ ခေတ်ကုန်သွားတာ မဟုတ်ဘဲ မာ့က်စ်ဝါဒအခြေခံမှုတွေကို မျက်မှောက်ပြုနေရတဲ့ ခေတ်ကာလနိုင်ငံတကာ့အခြေအနေ၊ ကိုယ့်တိုင်းပြည် ကိုယ့်ဝိသေသ လက်တွေ့တွေနဲ့ အပြန်ပြန်အလှန်လှန်ပေါင်းစပ်ပြီး အောင်မြင်မှုသစ်တွေ တိုးပွားမှုအသစ်တွေနဲ့ ဆန်းသစ်လာနေတာ ဖြစ်ပါတယ်။

ဆိုရှယ်လစ်စနစ်လက်တွေ့အကောင်အထည်ဖော်မှုဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှာ၊ လောပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှာ၊ ဒီမိုကရက်တစ် ကိုးရီးယား ပြည်သူ့သမ္မတနိုင်ငံမှာ၊ ကျူးဘားမှာ အညွန့်တလူလူ အောင်မြင်မှု အလံလွှင့်ထူနေဆဲပါ။ တော်လှန်ရေးပဲဖြစ်ဖြစ် ဆိုရှယ်လစ်တည်ဆောက်ရေးပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံ ကိုယ့်အခြေအနေ ကိုယ့်ထူးခြားချက်တို့နဲ့ လိုက်လျောညီထွေအောင်၊ ကိုက်ညီအောင် ဆင်နွှဲတည် ဆောက်ရမှာပါ။ ပုံစံတူကူးယူလို့ ဘယ်လိုမှ မရနိုင်ပါဘူး။ ဒါပေမဲ့ မှီငြမ်းကိုးကားစရာနဲ့ အတွေ့အကြုံမှ သင်ခန်းစာ ရယူဖို့ကတော့ အစဉ်အမြဲ လိုအပ်ပါတယ်။

ဒါကြောင့် ရှေးရှုစူးစမ်းရမယ့် နယ်ပယ်အနေနဲ့ပြောရရင် ဘယ်အချိန်ကာလကထက်မဆို ကြီးမားတဲ့ အတိုင်းအတာနဲ့ တကမ္ဘာလုံး ပိုမိုလွှမ်းခြုံလာတဲ့ အရင်းရှင်စနစ်ဟာ သူ့ရဲ့မွေးရာပါ ပဋိပက္ခတွေ သူဘယ်ပုံ ဘယ်နည်းတွေနဲ့ ထိန်းညှိနေသလဲ။ အစဉ်အလာ အရင်းရှင်နိုင်ငံကြီးတွေနဲ့ အရင်းရှင်လမ်းကြောင်းကို လျှောက်လှမ်းနေတဲ့ နိုင်ငံတွေရဲ့အခြေအနေက ဘယ်လိုလဲ။

တော်လှန်ရေးအောင်မြင်ပြီးတဲ့နောက် အာဏာရ ကွန်မြူနစ်ပါတီတွေက ဦးဆောင်ပြီး တည်ဆောက်နေတဲ့ ဆိုရှယ်လစ်စနစ် လက်တွေ့ တည်ဆောက်မှုတွေထဲက အောင်မြင်မှု၊ စိန်ခေါ်မှုနဲ့ ခေတ်နဲ့အညီထိန်းညှိမှုတွေက ဘာတွေလဲ၊ ဘယ်လိုနည်းတွေနဲ့ ထိန်းညှိနေသလဲ။

တော်လှန်ရေးဆင်နွှဲနေဆဲ ကမ္ဘာတဝန်းက ကွန်မြူနစ်ပါတီ – အလုပ်သမား လယ်သမားပါတီတွေ ရင်ဆိုင်နေရတဲ့ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတွေက ဘာတွေလဲ။

ဒီအခြေအနေတွေကို မပြတ်စူးစမ်းလေ့လာပြီး ကိုယ့်တိုင်းပြည်နဲ့လူထုရဲ့ တော်လှန်ရေးနဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ရေးဆိုတဲ့ နယ်ပယ် ၄ ရပ်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့လေ့လာမှုဟာ အရင်းရှင်စနစ်ရဲ့ ထိန်းညှိမှုတွေကိုရော ဆိုရှယ်လစ်စနစ်လက်တွေ့တည်ဆောက်မှုတွေပါ ဘက်နှစ်ဖက်စလုံးကို မျက်ခြည်မပြတ် တပြိုင်နက်တည်း နှိုင်းယှဉ်ချိန်ထိုးလေ့လာနေရ မှာပါ။

ဒါကြောင့် သူတကာတိုင်းပြည်တွေ သူတို့တိုင်းပြည်နဲ့ ပြည်သူလူထုရဲ့ထူးခြားချက်နဲ့အညီ အကောင်အထည်ဖော်နေတဲ့ လက်တွေ့ဖြစ်စဉ်တွေအပေါ် စူးစမ်းလေ့လာမှုဆိုတဲ့ ပြတင်းတံခါးကို ကျယ်ကျယ်ဖွင့်ထားပြီး အမြဲမပြတ်အကဲခတ်နေလို့ဖို့လိုအပ်ပါတယ်။ သူတို့ဟာ ဝရှိလို့ ဝိလုပ်နေတာဖြစ်တယ်ဆိုတဲ့ အဖြစ်မှန်ကို မေ့ဖျောက်မပစ်မိကြဖို့ သတိထားရမှာပါ။ ဝရှိလို့ ဝိလုပ်နေတယ်ဆိုတာ တော်လှန်ရေးကို အောင်မြင်စွာဆင်နွှဲပြီး ပြည်သူ့ဒီမိုကရေစီအာဏာရှင်စနစ်အောက်မှာ ဆိုရှယ်လစ်စနစ်ကို လက်တွေ့တည်ဆောက်နေတာကို ဆိုလိုတာပါ။

နောက်တစ်ချက်ကတော့ ဒီကနေ့ တော်လှန်ရေးဆင်နွှဲတာပဲဖြစ်ဖြစ် ၊ ဆိုရှယ်လစ်တည်ဆောက်ရေးလုပ်တာပဲဖြစ်ဖြစ် ကမ္ဘာ့အရင်းရှင်စနစ်ကို ဘက်ပေါင်းစုံကနေ အန်တုဖက်ပြိုင် ရင်ဆိုင်ပြီး တော်လှန်နေရတာ၊ တည်ဆောက်နေရတာဖြစ်တယ်ဆိုတဲ့ အချက်ကို မေ့ဖျောက်မပစ်မိကြဖို့နဲ့ လျှော့ပေါ့မပစ်မိကြဖို့ အရေးကြီးပါတယ်။ အဆက်မပြတ်တဲ့ ပြင်းထန်သည်းသန်တဲ့ မုန်တိုင်း လှိုင်းလေတွေ အကြားကနေ ကျားကုတ် ကျားခဲတည်ဆောက်နေကြရတာမျိုး ဖြစ်ပါတယ်။ နိုင်ငံတော်အာဏာသိမ်းပိုက်ရယူ ထားနိုင်တဲ့ ကွန်မြူနစ်ပါတီတွေနဲ့ နိုင်ငံရေးအာဏာ ရရှိရေးကို အားထုတ်လုံးပန်းနေရဆဲ (တော်လှန်ရေး ဆင်နွှဲနေရဆဲ) ကွန်မြူနစ်ပါတီတွေ အကြားမှာ ကြီးမားတဲ့ မတူညီမှုတွေရှိပါတယ်။ ကွဲပြားတဲ့ အားသာချက်တွေကိုယ်စီရှိပါတယ်။ ဒါတွေဟာ တချို့နေရာမှာ ဆန့်ကျင်တဲ့ ဘက်

ကိုတောင် ရောက်သွားတတ်တာမျိုးတွေ ရှိနေပါတယ်။ တွေ့နေရပါတယ်။

နောက်တချက်ကလည်း အရင်းရှင်စနစ်ဟာ သူ့ရဲ့အခြေခံပဋိပက္ခ (ထုတ်လုပ်ရေးလူ့အဖွဲ့အစည်းဆန်မှုနဲ့ အရင်းရှင်စနစ်ရဲ့ ပုဂ္ဂလိကပိုင်ဆိုင်မှုအကြားရှိ အတိုက်အခံဖြစ်မှု) ကို အရင်းရှင်စနစ် ဘောင်ထဲမှာ ပြီးပြတ် ပြေလည်အောင် ဖြေရှင်းသွားနိုင်ကြပြီလား၊ ဖြေရှင်းနိုင်တဲ့နည်းလမ်းတွေ ရှိနေပြီလား။ ၂၁ ရာစုခေတ်ကာလဟာ ဟိုယခင်ကလို အရင်းရှင်စနစ်အဖို့ (ပညာရေး၊ အတတ်ပညာနည်းပညာ၊ အုပ်ချုပ်စီမံမှု ၊ ဘဏ္ဍာငွေကြေး၊ ခေတ်မီဆန်းပြား အစွမ်းထက်တဲ့ လက်နက်တွေ လက်ဝယ်ပိုင်ဆိုင်ရှိနေသည့်တိုင်) အခွင့်မသာတော့ပါဘူး။

ဒ့ါအပြင် အရင်းရှင်စနစ်ရဲ့ ဘယ်လိုမှ ဖယ်ထုတ်လို့ဖြတ်ပစ်လို့ မရတဲ့၊ လူမဆန်ဆုံးဖြစ်တဲ့ ပင်မလက္ခဏာနဲ့ အနှံ့အပြား လက္ခဏာဆောင်တဲ့ သွေးစုပ်မှုတွေ၊ မရပ်မနားပြိုင်ဆိုင်မှုတွေနဲ့ လက်ဝါးကြီးအုပ်မှုတွေ၊ ကာလပိုင်းအလိုက်စီးပွားရေး ကပ်ဆိုက်မှုတွေကို အရင်းရှင်စနစ်က ၂၁ ရာစုမှာ လူသားဆန်လာအောင် သိမ်မွေ့ညင်သာလာအောင် အပြုသဘော ဆောင်လာအောင် ပြုပြင်ပြောင်းလဲလိုက်နိုင်ပြီလား။

ယနေ့ကာလ ဗမာပြည်မှာ မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက် များကို လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့် ပြည့်ဝစွာ မရရှိသေးသော်လည်း တည်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအတွင်းက ကိုယ့်အတွက် အခွင့်အလမ်းကို ဖန်တီးတည်ဆောက်ယူရင် တစုံတရာ အခွင့်အလမ်းကို ရယူနိုင်တဲ့အနေအထားဖြစ်ပါတယ်။ ဒါကို အပြည့်အဝ အသုံးချပြီး အထက်မှာ တင်ပြခဲ့တဲ့ နယ်ပယ်လေးရပ်နဲ့ ဘက်သုံးဘက်လေ့လာရေးကို နိုးကြားတက်ကြွသူများနဲ့ ကျောင်းသားလူငယ်တွေ ကျကျနန လုပ်ကြရပါလိမ့်မယ်။ ဒါဟာ ၂၁ ရာစု မာ့က်စ်ဝါဒ လေ့လာရေးအတွက် အခြေခံလို့ မြင်ပါတယ်။

ဒီနေရာမှာ မာ့က်စ်ဝါဒ လေ့လာရေဆိုတဲ့ ဘက်သုံးဘက်အနက် အသက်လိုဖြစ်နေတဲ့ လက်တွေ့ကိုယ်တိုင်ကိုယ်ကျပါဝင် လုပ်ကိုင်ရေးဆိုတဲ့ အချက် ပျက်ကွက်နေရင်တော့ တက္ကသိုလ်ပရဝုဏ်ထဲက မာ့က်စ်ဝါဒအဖြစ်သာ ဂိတ်ဆုံးနေပါလိမ့်မယ်။ ဒ့ါကြောင့် အလွတ်ဖတ်မှတ် ရွတ်ဆိုငြင်းခုံနေကြတဲ့ ဂျယ်လီသဖွယ်ပျော့ဖတ်ဖတ် အရည်တည်လေ့လာမှု အနေအထားကနေ တိုင်းပြည်နဲ့ လူထုရဲ့ ပကတိလက်တွေ့ဘဝကို ထဲထဲဝင်ဝင် စူးစမ်းပြီး ပေါင်းစပ်တဲ့ ခရစ္စတယ်လို ကြည်လင်တောက်ပပြီး တိကျခိုင်မာတဲ့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်မှုအထိ တဆင့်တိုး လုပ်ဆောင်ကြပါလို့ နှိုးဆော်တိုက်တွန်းပါတယ်။

အရင်းရှင်စနစ်က ပဒေသရာဇ်စနစ်အပေါ် လုံးဝအပြတ်အသတ် အနိုင်ယူခဲ့တာကို ဘယ်သူတွေက တားဆီးကာကွယ်နိုင်ခဲ့ကြလို့လဲ။ ပဒေသရာဇ်စနစ်ဟာ သမိုင်းမှာ ဘယ်တော့မှ နာလန်မထူနိုင်တော့အောင် ရှုံးနိမ့်သွားခဲ့ရပြီ မဟုတ်ပါလား။

အဲဒီလိုပါပဲ သမိုင်းဆိုတဲ့ အချက်အချာ ရှုထောင့်ကနေ ကြည့်လိုက်ရင် ကွန်မြူနစ်ဝါဒနဲ့ဆိုရှယ်လစ်စနစ်က ယနေ့ကာလ အရင်းရှင်စနစ်အပေါ် (အရင်းရှင်စနစ်က ပဒေသရာဇ်စနစ်ကို အနိုင်ယူခဲ့သလို) အနိုင်ယူမှုထက် ပိုမိုကြီးကျယ်ခမ်းနားတဲ့ အောင်ပွဲခံမှုမျိုးနဲ့ မလွဲမသွေ အနိုင်ယူပါလိမ့်ဦးမယ်။

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

# လင်းလက်တောက်ပနေဆဲ မာ့က်စ်ဝါဒ မီးရှူးတန်ဆောင်

စစ်အေးတိုက်ပွဲ အလွန်မှာ နယ်ချဲ့သမားတွေနဲ့ ဓနရှင်ပေါက်စ ပညာတတ်ယောင်ယောင် နယ်ချဲ့အလိုတော်ရိတွေက မာ့က်စ်ဝါဒ ကျဆုံးသွားပြီလို့ လက်ခမောင်းခတ်ကြပါတယ်။ ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ် ဆိုတာတွေဟာ နိုင်ငံရေးအရ အာဏာရှင်စနစ်ဖြစ်သလို စီးပွားရေးအရလည်း တလွဲတချော်တွေလုပ်ပြီး စီးပွားပျက်စေတဲ့စနစ် ဖြစ်တယ်လို့ စိတ်ကြိုက် ဝါဒဖြန့်ကြတယ်။ နောက်ဆုံးတော့ လစ်ဘရယ် အရင်းရှင်စနစ်သာ တခုတည်းသော ရွေးချယ်စရာနဲ့အောင်ပွဲဖြစ်တယ်၊ လူ့အဖွဲ့အစည်းသမိုင်းမှာ လစ်ဘရယ် အရင်းရှင်စနစ်သာ အဆုံးသတ် အောင်ပွဲခံတဲ့ နိုင်ငံရေးနဲ့စီးပွားရေးစနစ် ဖြစ်တယ်လို့ ကြွေးကြော်ပျော်မြူးကြပါတယ်။ လူ့အဖွဲ့အစည်းသမိုင်းက တကယ်ပဲ လစ်ဘရယ် အရင်းရှင်စနစ်မှာ နိဂုံးချုပ်သလား သိရဖို့ သိပ်ကြာကြာ မစောင့်လိုက်ရပါဘူး။

၂၀၀၇–၂၀၀၈ ခုနှစ် စီးပွားပျက်ကပ်ဆိုက်တဲ့အခါ ကပ်သင့်တဲ့ အရင်းရှင်နိုင်ငံကြီးတွေမှာ ကွန်မြူနစ်ကြေညာစာတမ်းနဲ့ အရင်းကျမ်းလို စာအုပ်တွေ အရောင်းသွက်လာတယ်။ ကားလ်မာ့က်စ်ရဲ့နာမည်ကို အရင်းရှင် မီဒီယာတွေကအစ ပလူပျံအောင် ဖော်ပြလာကြတယ်။ လူထုကြားမှာ အထူးသဖြင့် လူငယ်တွေကြားမှာ မာ့က်စ်ပြောခဲ့တာတွေကို အလေးထား လေ့လာဆွေးနွေးမှုတွေ ပြုလာပါတယ်။ အရင်းရှင်စနစ်အပေါ် လူငယ်တွေရဲ့အယုံအကြည်မဲ့မှုလည်း ဆထက်ထမ်းပိုး တိုးပွားလာပါတယ်။

၁၉၉၀ ခု နှစ်များ နှောင်းပိုင်းမှာ ပေါ်ထွက်လာတဲ့ ဂလိုဘယ်လိုက်ဇေးရှင်း (လစ်ဘရယ်အရင်းရှင်စနစ် ကမ္ဘာအ နှံ့ထိတွေ့ပေါင်းစပ်မှု) ဆန့်ကျင်ရေး လှုပ်ရှားမှုတွေမှာလည်း မာ့က်စ်ဝါဒက အောင်လံတလူလူလွင့်ပြီး ပါဝင်ခဲ့ပါတယ်။ ဆိုဗီယက်ယူနီယံ နေဝင်ပြီဆိုပြီး အောင်ပွဲခံဖို့ကြံသူတွေဟာ လစ်ဘရယ်အရင်း ရှင်စနစ် ကမ္ဘာလုံး လွှမ်းခြုံမှု ဆန့်ကျင်ရေး အရဏ်ဦး ရောင်နီအောက်မှာ ယောက်ယက်ခတ်ကုန်ပါတယ်။ မာ့က်စ်ဝါဒ တကျော့ပြန်လာတိုင်း သဘောတရားသက်သက်မဟုတ်၊ လက်တွေ့တိုက်ပွဲတွေပါ တပါတည်း ပေါ်ထွက်လာတတ်ပါတယ်။

ဂလိုဘယ်လိုက်ဇေးရှင်း ဆန့်ကျင်ရေး လှုပ်ရှားမှုတွေပေါ်ထွက်ပြီး နောက်ပိုင်းမှာ လစ်ဘရယ်ဝါဒသစ် (နီယိုလစ်ဘရယ်) နဲ့ ဘဏ္ဍာအရင်းရှင်စနစ် ကပ်ဆိုက်မှုရဲ့နောက်ဆက်တွဲ ဆိုးကျိုးတွေကို ကမ္ဘာအနှံ့မှာ ဆန့်ကျင်တိုက်ပွဲဝင်လာကြတယ်။ သိမ်းပိုက်ရေး လှုပ်ရှားမှုတွေ ပေါ်ထွက်လာတယ်။ ပါရီ၊ လန်ဒန်၊ အေသင် စတာတွေမှာ အဓိကရုဏ်းတွေ ဖြစ်တယ်။ လွှတ်တော်တွင်း လက်ဝဲအစိုးရတွေ ဖွဲ့နိုင်လာတယ်။ ဒါပေမဲ့ ဘာသာရေးနဲ့ အမျိုးသားရေးကို အခြေခံတဲ့ အစွန်းရောက်လက်ယာအုပ်စုတွေလည်း ခေါင်းထောင်လာပါတယ်။ လက်ယာ လူပြိန်းကြိုက်ဝါဒ ရှေ့ထွက်လာပါတယ်။ ကမ္ဘာ့သမိုင်းမှာတော့ ဖက်ဆစ်ဝါဒ ခေါင်းထောင်လာရင် အဲဒီဝါဒကို ရိုက်ချိုးမယ့် ကွန်မြူနစ်ဝါဒလည်း အင်အားကြီးထွားလာတာကို တွေ့ရပါတယ်။ ဒုတိယကမ္ဘာစစ်ကာလ ဖက်ဆစ်ကိုနိုင်တဲ့ ကွန်မြူနစ်သမိုင်းက ပြည်တွင်း၊ ပြည်ပမှာ အစဉ်အလာနဲ့ဂုဏ်ရောင် ပြောင်ခဲ့တာပါ။ လစ်ဘရယ် အချောင်သမားနဲ့ လက်ယာဖက်ဆစ်တွေဟာ ကွန်မြူနစ်ဆို ကြောက်ဒူးတုန်ပါတယ်။

မာ့က်စ်ဝါဒ ကျဆုံးသွားပြီ၊ ခေတ်မမီတော့ဘူးဆိုတဲ့စကားကို လစ်ဘရယ်ဓနရှင်လူတန်းစားနဲ့ နယ်ချဲ့သမားတွေ အကြိမ်ကြိမ် မမောနိုင်၊ မပန်းနိုင် ပြောခဲ့ကြတာပါ။ သူတို့ အဲဒီလို အရှက်မရှိ ထပ်တလဲလဲ ပြောနေကြပေမယ့် ကမ္ဘာတဝန်းက မျိုးဆက်သစ်တွေဟာ ဓနရှင်လောကထဲက ဘဝတိုက်ပွဲတွေ လူတန်းစားတိုက်ပွဲတွေကြားမှာပဲ မာ့က်စ်ဝါဒ မီးရှူးတန်ဆောင်ကို လင်းလက်တောက်ပ မြင်လိုက်ကြရတယ်။

၂၀၀၇ – ၂၀၀၈ ခုနှစ် မှာ အရင်းရှင်စနစ် ကပ်ဆိုက်တဲ့အခါ စီးပွားပျက်ရတဲ့ အကြောင်းအရင်းကို ရှာကြတယ်။ ထွက်ပေါက်နည်းလမ်းတွေရှာကြတယ် အဲဒီမှာ မာ့က်စ်ဝါဒကို ရှာဖွေတွေ့ရှိကြတယ်။ အရင်းရှင်စနစ်ဟာ အကြိမ်ကြိမ် ကပ်ဆိုက်ခဲ့တယ်၊ နောင်လည်း

အခုလို ကပ်ဆိုက်နေဦးမှာ ဆိုတာကို မာ့က်စ်ဝါဒ ကျေးဇူးကြောင့် သိမြင်လာကြပါတယ်။ အရင်းရှင်စနစ်နဲ့ ပတ်သက်လို့ မာ့က်စ်နဲ့ အိန်ဂယ်တို့ ဘာတွေ ပြောခဲ့သလဲ၊ ဘာတွေ ဟောကိန်းထုတ်ခဲ့သလဲ၊ သူတို့ပြောတာတွေ ဘယ်လောက်မှန်သလဲ အားကြိုးမာန်တက် လေ့လာဖို့ ဖြစ်လာကြတယ်။

ဒီတခါမှာ အစဉ်အလာ မာ့က်စ်ဝါဒနဲ့နီးစပ်သူတွေသာ မာ့က်စ်အကြောင်း၊ ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ် စနစ်အကြောင်း ပြောဆိုဆွေးနွေးကြတာ မဟုတ်ပါဘူး။ အရင်းရှင် မီဒီယာတွေနဲ့ ခေတ်ရှင်ပညာတတ်တွေကြားမှာပါ ကျယ်ကျယ်လောင်လောင် ပြောဆိုဆွေးနွေးဖို့ ဖြစ်လာတာပါ။ သမိုင်းနိဂုံးချုပ်ပြီလို့ဆိုခဲ့တဲ့ ဖူကူယားမားတောင် ထွေးပြီးသား ကိုယ့်တံတွေးကိုယ် ပြန်ကောက်ယူမျိုချရတဲ့အဖြစ် ရောက်ပါ တယ်။ မာ့က်စ်ဝါဒ သေပြီ၊ မြေမြှုပ်သင်္ဂြိုဟ်လိုက်ပြီလို့ ဆိုကြသူတွေဟာ ကိုယ်ကျိုးစီးပွား အခြေခံကနေ ပြောကြတာသာ ဖြစ်တယ်၊ မာ့က်စ်ဝါဒကို အသေအချာ နားလည် သဘောမပေါက်ဘဲ ရမ်းသန်းပြီး ဝေဖန်တိုက်ခိုက်ကြတာသာ ဖြစ်တယ် ဆိုတာကို လူတွေ တဖြည်းဖြည်း နားလည် သဘောပေါက်လာပါတယ်။

၂၀၀၇ – ၂၀၀၈ ခုနှစ် အရင်းရှင် စီးပွားရေးစနစ် အကျပ်ဆိုက်မှု အမှောင်တိုက်မှာ မာ့က်စ်ဝါဒ မီးရှူးတန်ဆောင်က အဖိနှိပ်ခံ လုပ်သားပြည်သူတွေ လွတ်မြောက်ရေး ရှေ့ဆောင်လမ်းပြ ပြန်ပါတယ်။

မာ့က်စ်ဝါဒဟာ ကာလတချက်ကြာ အရေးနိမ့်ခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ လုံးဝ ပျောက်ကွယ် ချုပ်ငြိမ်းသွားတာတော့ မဟုတ်ပါဘူး။ ဆိုဗီယက် ယူနီယံပြိုကွဲတာ၊ ဘာလံတံတိုင်း ပြိုလဲတာ စတာတွေနဲ့အတူ အရှေ့ဥရောပ ကွန်မြူနစ်အစိုးရတွေ အာဏာ လက်လွှတ်လိုက်ရတာတွေ ဖြစ်တဲ့အခါ မာ့က်စ်ရဲ့အယူအဆတွေကို နာမည်ဖျက်ဖို့ နယ်ချဲ့သမားတွေ အခွင့်သာခဲ့ပါတယ်။ တဖက်မှာ မာ့က်စ်ဝါဒက တရားသေဝါဒနဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒ ပြဿနာကြီးနှစ်ရပ်ကို ရင်ဆိုင် ဖြေရှင်းရပါတယ်။ ဒါပေမဲ့ မျက်မှောက်ကမ္ဘာမှာ လူငယ်တွေ လေ့လာနေကြတာ မာ့က်စ်ရဲ့ကျမ်းရင်းတွေ ဖြစ်တယ်။ စံတင်မာ့က်စ်ဝါဒနဲ့ မာ့က်စ်ကိုယ်တိုင် ပြောခဲ့တာတွေကို ကျားကုတ်ကျားခဲ လေ့လာနေကြတာ ဖြစ်ပါတယ်။

မျက်မှောက်ကမ္ဘာမှာ မာ့က်စ်ဝါဒ ဆီလျော်ကိုက်ညီနေဆဲ ဖြစ်ရတဲ့ အဓိက အကြောင်းအရင်းက သူ့ နိုင်ငံရေးဘောဂဗေဒ သဘောတရားတင် မကပါဘူး။ ဆိုရှယ်လစ်တော်လှန်ရေး မြော်မြင်မှုတွေကြောင့်လည်း ဖြစ်တယ်။ မာ့က်စ်က အရင်းရှင်စနစ် အလုပ်လုပ်ပုံကို ခွဲခြမ်းစိတ်ဖြာ ပြခဲ့ပါတယ်။ အရင်းရှင်စနစ်ဟာ အချိန်ကြာလာတာနဲ့ အမျှ မညီမျှမှုကို ပိုဖြစ်စေလိမ့်မယ်၊ လူတန်းစားတိုက်ပွဲတွေ ပြင်းထန်လာမယ်။ အလုပ်သမားလူတန်းစား တပ်ဖွဲ့ ကြီးထွားလာမယ်။ အလုပ်အကိုင် ရှားပါးတာ၊ အလုပ်လက်မဲ့ ဖြစ်တာတွေကို ဖြစ်စေလိမ့်မယ်၊ လုပ်ခလစာတွေ တော်တော်နဲ့တိုးရဖို့ မဖြစ်နိုင်တာ၊ ဘဏ္ဍာဘုရင်တွေ လက်ဝါးကြီးအုပ် ကုမ္ပဏီကြီးတွေက အုပ်စိုးလာမှာ၊ ဥစ္စာအာဏာကို ချုပ်ကိုင်ထားတဲ့ လက်တဆုပ်စာ ရေပေါ်ဆီ လူတန်းစားက လူ့အဖွဲ့အစည်း တိုးတက်ဖို့အတွက် အဟန့်အတား ဖြစ်လာမှာ စတာတွေကို ဟောကိန်းထုတ်ခဲ့ပါတယ်။ ဘဏ္ဍာရေး ပဋိပက္ခတွေ (စီးပွားရေးကပ်တွေ) ရဲ့ပြိုကွဲလိုက်၊ စုစည်းလိုက် ဖြစ်တဲ့ သံသရာကို ခန့်မှန်းခဲ့တယ်။ အဲဒီလို ပဋိပက္ခတွေ ဖြစ်တဲ့အခါ လူတန်းစား မညီမျှမှုနဲ့ဆင်းရဲ–ချမ်းသာ ကွာဟမှုက ပိုဆိုးဝါးပြင်းထန်လာပုံကို ခွဲခြမ်းစိတ်ဖြာပြခဲ့ပါတယ်။

လောဘလောင်စာနဲ့မောင်းနှင်တဲ့ အရင်းရှင်စနစ်က သဘာဝ ပတ်ဝန်းကျင်ကို ဖျက်ဆီးတယ်။ လေထု ညစ်ညမ်းတာ၊ တောပြုန်း၊ တောင်ပြုန်းတာတွေ ဖြစ်စေတယ်။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုတွေ ဖြစ်စေတယ်။ အရိပ်နေနေ အခက်ချိုးချိုးလုပ်တဲ့ အရင်းရှင်စနစ်ရဲ့အဲဒီဆိုးကျိုးတွေကို ခံကြရတော့ အဖိနှိပ်ခံ၊ အုပ်စိုးခံ ပြည်သူလူထု အများစုကြီးပါ။ လက်တဆုပ်စာ ခေတ်ရှင်လူတန်းစား ထင်တိုင်းကြဲတဲ့ ‘လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်’ (တကယ်က မလွတ်လပ်ပါဘူး။ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးနဲ့ လက်ဝါးကြီးအုပ် ဈေးကွက်ပါ) ဆိုတာ ကပ်ဆိုက်တဲ့အခါ အခွန်ထမ်း ပြည်သူတွေက အိတ်စိုက်လျော်ပေးရတဲ့စနစ် ဖြစ်ပါတယ်။ ငွေနှင်းပြားက သူဌေးစီးပွားပျက်တာကို ရှိစုမဲ့စု ထုတ်ပေးပြီး၊ အငတ်ခံပြီး ကယ်တင်ပေးရတဲ့ အဖြစ်မျိုးပါ။

ဗမာပြည်လို စစ်ဗျူရိုကရက် ခေတ်ရှင်စနစ် ကျင့်သုံးတဲ့နိုင်ငံမှာ စစ်အုပ်စုနဲ့ အပေါင်းအပါ ခရိုနီတွေကို ကယ်မဖို့ ပြည်သူက ထမင်းလျှော့စား၊ လှည်ရက်လျှော့သောက်၊ လျှပ်စစ်မီး မသုံးဘဲ ဖယောင်းတိုင်သုံးပြီး လုပ်ခလျှော့ယူ ခြိုးခြံချွေတာပေးရတယ်။ အခွန်

အခတွေ တိုးကောက်ပြီး ပြည်သူဆီက လည်မျိုညှစ်ယူထားတဲ့ ပြည်သူ့ငွေတွေက ပြည်သူ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ဖြစ်မလာပါဘူး။

အရင်းရှင်စနစ်ရဲ့သန္ဓေပါ ပဋိပက္ခတွေ ပေါ်ထွက်လာတိုင်း အရင်းရှင်စနစ်ဟာ လူလူချင်း သွေးစုပ်တဲ့စနစ်ဆိုတာ ဖုံးမရဖိမရ ထင်းထင်းကြီး ပေါ်လာပါတယ်။ ဒုက္ခဆင်းရဲ ကြုံလာတိုင်း မာ့က်စ်ဝါဒကို ‘တ’ ကြရတဲ့အဖြစ်ကို ဘယ်သူမှ မငြင်းနိုင်ပါဘူး။ အရင်းရှင်စီးပွားရေးစနစ် အထွန်းကားဆုံး တိုင်းပြည်တွေမှာ ပစ္စည်းမဲ့တော်လှန်ရေးတွေ ပေါ်ထွက်လာမယ်လို့မာ့က်စ်က ခန့်မှန်းခဲ့ပါတယ်။ ဒါပေမဲ့ ရုရှားနဲ့တရုတ်လို အရင်းရှင်စနစ် မဖွံ့ဖြိုးသေးတဲ့ တိုင်းပြည်တွေမှာ တော်လှန်ရေးတွေ ပေါ်ပေါက်တဲ့အခါ မာ့က်စ်ပဲ မှားသလိုလို ဝေဖန်ကြပြန်ပါတယ်။ ဒီနိုင်ငံတွေရဲ့ ဆိုရှယ်လစ်တည်ဆောက်ရေး (ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး) လမ်းကြောင်းက အသစ်တီထွင် စမ်းသပ်ရတာပါ။ အမှားမကင်းနိုင်ပါဘူး။ ဖိနှိပ်သွေးစုပ်မှု ပုံစံတမျိုးမဟုတ် တမျိုးနဲ့ရှိနေတဲ့ တိုင်းပြည်တွေမှာ အဖိနှိပ်ခံဘဝကနေ လွတ်မြောက်ရေးအတွက် မာ့က်စ်ဝါဒက ရှေ့ဆောင်လမ်းပြ ဖြစ်ခဲ့တာပါပဲ။ ခေရှင်နိုင်ငံကြီးတွေမှာ ပစ္စည်းမဲ့တော်လှန်ရေးတွေ ပေါ်ထွက်လာမလား သမိုင်းက အဆုံးအဖြတ် ပေးပါလိမ့်မယ်။ လီနင်ဝါဒ ခေတ်ထလာမှာကို နယ်ချဲ့အရင်းရှင်တွေ သေမတတ်ကြောက်ပါတယ်။

မာ့က်စ်ဝါဒဟာ အတက်၊ အကျ၊ အစုန်၊ အဆန်၊ အကွေ့၊ အကောက်တွေ များစွာကို ဖြတ်သန်းလာခဲ့ပါတယ်။ ဝါဒရေးရာဆုပ်ကိုင်ထားတဲ့ အင်အားစုတွေကြားမှာ မာ့က်စ်ဝါဒက မေးမှိန်ပျောက်ကွယ် မသွားပေမယ့် သမိုင်းဖြစ်ပေါ်တိုးတက်မှုမှာ အကွေ့အကောက် အတက်အဆင်းတွေ များလှပါတယ်။ တရားသေဆုပ်ကိုင်ရေးသမားတွေနဲ့ပြန်လည်ပြင်ဆင်ရေးသမားတွေရဲ့ တိုက်ပွဲတွေကြားမှာလည်း အလူးလူးအလိမ့်လိမ့် ဖြစ်ခဲ့တယ်။ လစ်ဘရယ် နယ်ချဲ့သမားတွေနဲ့ ဖက်ဆစ်တွေရဲ့ ပုံဖျက်ဝါဒဖြန့်မှုဒဏ်ကိုလည်း ပြင်းပြင်းထန်ထန် ခံခဲ့ရပါတယ်။ ပညာရပ်ဆိုင်ရာ လေ့လာမှုတွေမှာတော့ မာ့က်စ်ဝါဒက ကျရာအခန်းကနေ စဉ်ဆက်မပြတ် ပါဝင်ခဲ့တယ်။ မာ့က်စ်ဝါဒဟာ လက်ဝဲအင်အားစုတွေကြားမှာ၊ ပညာရပ်နယ်ပယ်မှာ ခေတ်ကုန်သွားတယ်လို့ မရှိခဲ့ဘူး။ ကမ္ဘာအရပ်ရပ်က လူမျိုးပေါင်းစုံ ပြည်သူတွေကြားမှာတော့ မှိန်တချည် လင်းတလှည့် ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်တုန်းကမှ မီးစာကုန် ဆီခန်း မဖြစ်ခဲ့ပါဘူး။

၂၀၁၇ ခုနှစ်မှာ အရင်းကျမ်း ထုတ်ဝေတာ နှစ် ၁၅၀ ပြည့်တယ်။ ၂၀၁၈ ခုနှစ်က ကွန်မြူနစ်ကြေညာစာတမ်း ထုတ်ဝေတာ အနှစ် ၁၇၀ ပြည့် ဖြစ်သလို ကားလ်မာ့က်စ် မွေးဖွားသန့်စင်တာ နှစ် ၂၀၀ ပြည့် ဖြစ်ပါတယ်။ မာ့က်စ်နဲ့အိန်ဂယ်တို့ ရေးခဲ့၊ ပြောခဲ့တာတွေကို တခုတ်တရ၊ အလေးအမြတ်ပြုပြီး လေ့လာဆွေးနွေးနေကြဆဲ။ ရန်သူတကာ ကြောက်ဒူးတုန်ဆဲ။ ကွန်မြူနစ်တစ္ဆေကြီးဟာလည်း ကမ္ဘာပတ်ပြီး ခြောက်လှန့်နေဆဲပါပဲ။ ခေရှင်လောကကို ကားလ်မာ့က်စ်က ဖွင့်ဆိုရှင်းပြခဲ့တယ်။ ခေရှင်လောကကို ပြောင်းလဲပစ်ဖို့ တိုက်ပွဲဝင်ခဲ့တယ်။ မာ့က်စ်ဝါဒ သဘောတရားအလံကို လွှင့်ထူပြီး ဖိနှိပ်သွေးစုပ်မှုမှန်သမျှ တွန်းလှန်ချိုးဖျက်ဖို့ လက်တွေ့တိုက်ပွဲတွေ ဆင်နွှဲကြရဦးမှာပါ။ သဘောတရားနဲ့လက်တွေ့ မှန်ကန်စွာပေါင်းစပ်ပြီး အရင်းရှင်စနစ်ဆိုးကို ရိုက်ချိုးဖို့က မျက်မှောက်ကမ္ဘာ့ပြည်သူတွေ အလေးထားလုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်တရပ် ဖြစ်ပါတော့တယ်။

ရည်ညွှန်း။

What is Marx 200?

https://marx200.org/en/mediathek/what-marx200

Social movements in Europe and North America since 1989

https://marx200.org/…/social-movements-europe-and-north-ame…

Is Marxism making a political come back? By Debating Europe

https://www.debatingeurope.eu/…/19/marxism-making-comeback/…

Fukuyama’s second thoughts: ‘socialism ought to come back’

# အမေရိကန်ရဲ့ ဒေါ်လာလက်နက်

ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ အမေရိကန်နိုင်ငံဟာ စီးပွားရေးအရ၊ စစ်ရေးအရ အင်အားကြီးထွားလာခဲ့တယ်။ ကမ္ဘာစစ်အပြီးမှာ စစ်ရှုံးသွားတဲ့ အင်အားကြီးနယ်ချဲ့နိုင်ငံတွေဖြစ်တဲ့ ဂျာမနီ၊ အီတလီ၊ ဂျပန်တို့သာမက စစ်နိုင်တဲ့ မဟာမိတ်နိုင်ငံတွေဖြစ်တဲ့ ဗြိတိန်၊ ပြင်သစ်စတဲ့ နယ်ချဲ့နိုင်ငံကြီးတွေလည်း စစ်ဘေးဒဏ်ကြောင့် အဘက်ဘက်က အင်အားချည့်နဲ့ကုန်ကြတယ်။ ဒါ့အပြင် လက်အောက်ခံကိုလိုနီ နိုင်ငံတွေမှာလည်း အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတွေ အရှိန်အဟုန်ပြင်းပြင်းနဲ့ ပေါ်ပေါက်လာနေတာကြောင့် သူတို့အတွက် အခြေအနေတွေက ပိုဆိုးသွားခဲ့တယ်။ တချိန်က အင်အားကြီးနယ်ချဲ့နိုင်ငံတွေဖြစ်ခဲ့တဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ စတဲ့နိုင်ငံတွေဟာ တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် မလွှဲမရှောင်သာ အမေရိကန်နိုင်ငံကို မှီခိုရတော့တယ်။ အမေရိကန်နိုင်ငံကတော့ စီးပွားရေးအရတောင့်တင်းလာတဲ့အပြင် စစ်ရေးဘက်မှာလည်း အစွမ်းထက်တဲ့ အနုမြူဗုံးကို တနိုင်ငံတည်း ပိုင်ဆိုင်ထားတာကြောင့် နယ်ချဲ့နိုင်ငံများရဲ့ ခေါင်းဆောင်ဗိုလ်ကြီး ဖြစ်လာခဲ့တယ်။ ၁၉၄၉ ကျမှ ဆိုဗီယက်ယူနီယံက အနုမြူဗုံးစမ်းသပ်ဖောက်ခွဲနိုင်ခဲ့တာဖြစ်တယ်။

ဒီလို ကမ္ဘာ့နယ်ချဲ့ဗိုလ်ကြီးအဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့နဲ့ အရင်ပုံစံအဟောင်းအတိုင်း နယ်ချဲ့စနစ်နဲ့ အလုပ်မဖြစ်တော့တာကြောင့် ပုံစံသစ်နယ်ချဲ့စနစ်အတွက် ကမ္ဘာ့စနစ်တရပ်ကို ထူထောင်ဖို့ အမေရိကန်နိုင်ငံဟာ စိုင်းပြင်းလုပ်ဆောင်တယ်။ တဘက်မှာလည်း ဒုတိယကမ္ဘာစစ်အတွင်းမှာ အင်အားကြီးထွားလာရုံမက သြဇာပါတက်လာတဲ့ ဆိုဗီယက်ယူနီယံနဲ့ အသစ်ပေါ်ပေါက်လာတဲ့ ဆိုရှယ်လစ်နိုင်ငံများကို ရင်ဆိုင်ဖို့လည်း ပြင်ဆင်ရပါတယ်။

ဒုတိယကမ္ဘာစစ်မပြီးဆုံးခင် ၁၉၄၄ ခုနှစ် ဇူလိုင်လမှာ ကတည်းက နိုင်ငံတကာစီးပွားရေးစနစ်ကို ပြန်လည်ထူထောင်တည်ဆောက်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ မဟာမိတ်အဖွဲ့ဝင်နိုင်ငံ ၄၄ နိုင်ငံဟာ အမေရိကန်နိုင်ငံ ဘရက်တန်ဝုဒ် (Bretton Woods) မှာ တွေ့ဆုံစည်းဝေးခဲ့ကြတယ်။ အရေးကြီးဆုံးဖြတ်ချက်တခုကတော့ အမေရိကန်ဒေါ်လာတန်ဖိုးကို ရွှေနဲ့ချိတ်ဆက်ထားမယ်၊ ကျန်နိုင်ငံအသီးသီးကလည်း မိမိတို့ငွေကြေးကို ရွှေ သို့မဟုတ် ဒေါ်လာနဲ့ တန်ဖိုးသတ်မှတ် အသေချိတ်ဆက်ထားရမယ် ဆိုတာပါပဲ။ ဒါ့အပြင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကမ္ဘာ့ဘဏ် (World Bank) စတဲ့ ငွေကြေးအဆောက်အအုံ ယန္တရားတွေဟာလည်း ဒီအစည်းအဝေးကနေ ပေါ်ထွက်လာကြတာ ဖြစ်ပါတယ်။ ဒီယန္တရားတွေဟာ နယ်ချဲ့နိုင်ငံတွေက ကမ္ဘာကို လွှမ်းမိုးခြယ်လှယ်ရာမှာကော၊ နယ်ချဲ့စနစ်သစ်အတွက်ပါ အရေးပါတဲ့ အခန်းက ပါဝင်လာကြတာ ဖြစ်ပါတယ်။

အနိုင်နိုင်ငံရဲ့ ငွေကြေးတွေဟာ သူတို့တန်ဖိုးတွေကို ဒေါ်လာနဲ့ ချိတ်ဆက်ထားရတာကြောင့် နိုင်ငံတကာမှာ ဒေါ်လာဟာ အရေးပါတဲ့ ငွေကြေးတရပ် ဖြစ်လာခဲ့တယ်။ စစ်အပြီး နိုင်ငံအများအပြားဟာ ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်နိုင်ငံမှ အကူအညီနဲ့ ချေးငွေဒေါ်လာတွေ ရယူကြရတယ်။ ဥရောပမှာ မာရှယ်စီမံကိန်းဆိုပြီး လုပ်ခဲ့တယ်။ ဒီလိုနဲ့ အမေရိကန်ဒေါ်လာဟာ နိုင်ငံတကာငွေကြေး အဆင့်နေရာကို ရရှိလာခဲ့တယ်။

၁၉၇၁ ခုနှစ်မှာ အမေရိကန်သမ္မတနစ်ဆင်က ဒေါ်လာတန်ဖိုးကို ရွှေနဲ့ချိတ်ဆက်ထားတာကို ဖျက်ပစ်ခဲ့တယ်။ ဒါပေမဲ့ အမေရိကန်နိုင်ငံရဲ့စီးပွားရေးအရ စိုးမိုးခြယ်လှယ်ထားနိုင်မှုကြောင့် ဒေါ်လာငွေရဲ့တန်ဖိုးခိုင်မာမှုကို ဆက်ပြီးအာမခံ ပေးထားနိုင်ခဲ့တယ်။ နိုင်ငံတကာဘဏ္ဍာရေးစနစ်ကို အမေရိကန်နိုင်ငံက စိုးမိုးထားနိုင်တာကြောင့် ဒေါ်လာရဲ့ အခန်းဟာလည်း ဆက်ပြီးခိုင်မာအားကောင်းနေခဲ့တယ်။

ယခုအချိန်အထိ နိုင်ငံတကာကုန်သွယ်မှုမှာ ဒေါ်လာကို ကြားခံငွေကြေးအဖြစ် အဓိကသုံးကြတယ်။ ကမ္ဘာ့ကုန်သွယ်မှု

စုစုပေါင်းရဲ့ ၈၅% ဟာ ဒေါ်လာငွေနဲ့ ဖြစ်တယ်။ နိုင်ငံအားလုံးရဲ့ နိုင်ငံခြားအရန်ငွေကြေးဆိုလည်း ဒေါ်လာကို အဓိကထားကြတယ်။ ၂၀၁၈ ခုနှစ်မှာ တကမ္ဘာလုံးနိုင်ငံခြားအရန်ငွေစုစုပေါင်းရဲ့ ၆၁.၆၉% ဟာ ဒေါ်လာ ဖြစ်တယ်။ ဒုတိယလိုက်တဲ့ ယူရိုက ၂၀ % ကျော်ကျော် လေးပဲရှိတယ်။ ၁၉၈၀ ခုနှစ်တွေတုန်းက နိုင်ငံခြားအရန်ငွေ စုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၁ ထရီလျံ (၁ ထရီလျံမှာ ၁၀၀၀ ဘီလျံရှိ) ရှိရာကနေ အခုဆိုရင် ၁၀ ထရီလျံကျော်အထိ ရှိလာပြီ ဖြစ်တယ်။ (၂၀၁၇ ဖေဖော်ဝါရီထုတ် အီကော်နော်မစ်စာစောင်) ဒါ့အပြင် နိုင်ငံစုံကော်ပိုရေးရှင်းတွေ၊ ပုဂ္ဂလိက သူကြွယ်ကြီးတွေရဲ့ ငွေကြေးအရင်းအနှီးတွေဟာလည်း အဓိကအားဖြင့် ဒေါ်လာတွေပဲ ဖြစ်တယ်။

ဒါကြောင့်လည်း အမေရိကန်နိုင်ငံအနေနဲ့ ကုန်သွယ်မှုမှာ ကော နိုင်ငံတကာငွေပေးငွေယူရှင်းတမ်းနဲ့ ဘတ်ဂျက်မှာပါ လိုငွေ အကြီးအကျယ်ပြမှုကို နှစ်ပေါင်းရှည်ကြာစွာ ထားနိုင်နေတာ ဖြစ်တယ်။ တဖက်မှာ ရရန်ပိုင်ခွင့် (**assets**) တန်ဖိုးနဲ့ ဂျီဒီပီဖောင်းပွ၊ ကြွေးမြီဟာ ဂျီဒီပီနဲ့ အချိုးကျ မြင့်တက်လာ၊ အမေရိကန်အလုပ်သမားတွေရဲ့ ဝင်ငွေဟာ နှစ်ပေါင်းများစွာ တိုးလာခြင်းမရှိဘဲ ရပ်တန့်နေတာ ဖြစ်တယ်။ အမေရိကန်ဒေါ်လာဟာ နိုင်ငံတကာသုံး ငွေကြေး ဖြစ်နေတာနဲ့အမျှ အမေရိကန်နိုင်ငံရဲ့ အကြွေးဟာလည်း တက်ပြီးရင်း တက်ရင်း ဖြစ်နေတယ်။ အမေရိကန်ဟာ ကမ္ဘာ့အကြီးဆုံး မြီစား နိုင်ငံဖြစ်တယ်။

အခုလို အမေရိကန်ဒေါ်လာက ကမ္ဘာ့ငွေကြေးဈေးကွက်မှာ စိုးမိုးထားနိုင်တာဟာ အမေရိကန်နယ်ချဲ့ရဲ့စီးပွားရေး၊ စစ်ရေးနဲ့ နိုင်ငံရေးပါဝါတွေကြောင့်ပဲ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံဟာ စစ်ရေးဘက်မှာလည်း အခုဆိုရင် တကမ္ဘာလုံးမှာ စစ်စခန်းပေါင်း (၈၀၀) ခန့် ရှိတယ်။ ဒါဟာ နေတိုးစတဲ့ စစ်မဟာမိတ်အဖွဲ့တွေရဲ့ စစ်စခန်းတွေ မပါသေးပါ။ နောက်ပြီး ကမ္ဘာကြီးကိုလည်း ဒေသအလိုက် စစ်ဌာနချုပ်တွေခွဲထားပြီး စိုးမိုးထားတယ်။ ဈေးကလီးယား စစ်ဌာနချုပ်နဲ့ အာကာသစစ်ဌာနချုပ်တောင် ဖွဲ့ထားပါတယ်။ ကမ္ဘာ့သမုဒ္ဒရာအသီးသီးမှာလည်း အမေရိကန် ရေတပ်တွေ လှည့်လည်နေကြတာ ဖြစ်တယ်။

အမေရိကန်နိုင်ငံဟာ စစ်ရေးလို ပါဝါအမာအပြင် ပါဝါအပျော့လို့ဆိုရမယ့် နိုင်ငံရေး၊ ယဉ်ကျေးမှု၊ သတင်းမီဒီယာ၊ ဝါဒဖြန့်ချိရေးစတဲ့ ဘက်မှာလည်း အင်နဲ့အားနဲ့ ဝါယမစိုက် အားထုတ်ပါတယ်။ အနောက်အုပ်စုရဲ့ သတင်းမီဒီယာတွေက ကမ္ဘာကြီးကို အဓိက လွှမ်းမိုးခြယ်လှယ်နေတာ ဖြစ်ပါတယ်။ ရုပ်ရှင်ဂီတစာပေစတဲ့ နယ်ပယ်တွေမှာလည်း သူတို့ပါပဲ။ ကွန်မြူနစ်၊ ဆိုရှယ်လစ်ကို အပုပ်ချတိုက်ခိုက်တာနဲ့ အရင်းရှင်စနစ်က သာလွန်ကောင်းမွန်ကြောင်းတွေကို ဝါဒဖြန့်ကြတယ်။ ဒီအတွက် ငွေကြေးနဲ့အရင်းအမြစ်တွေကိုလည်း သုံးနိုင်ကြတယ်။ နောက်ပိုင်း အရပ်ဘက်အဖွဲ့အစည်းလှုပ်ရှားမှုတွေ ပေါ်လာတော့ အဲဒီဘက်မှာလည်း ခနအင်အားအလုံးအရင်းနဲ့ ဝင်လှုပ်ရှားပါတယ်။ အမေရိကန်အစိုးရတင်မကပါဘူး။ ကော်ပိုရေးရှင်းကြီးတွေအပြင် သူကြွယ်ကြီးတွေကလည်း အရပ်ဘက်အဖွဲ့အစည်းတွေကို ငွေလုံးငွေရင်းနဲ့ထောက်ပံ့တာ၊ ကိုယ်ပိုင်ထူထောင်တာတွေ လုပ်ပါတယ်။ အမေရိကန်ဘီလျံနာသူဌေးကြီးဆိုးရော့စ် ထူထောင်ထားတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေလည်း မနည်းပါဘူး။ သူ့ရဲ့ ပွင့်လင်းလူ့အဖွဲ့အစည်းဆိုတာ နာမည်ကြီးအရပ်ဘက်အဖွဲ့အစည်း ဖြစ်တယ်။

ဆိုရှယ်မီဒီယာတွေ အားကောင်းလာတော့လည်း သူတို့လိုချင်တဲ့ အာဘော်၊ ဦးတည်ချက် စတဲ့ဘက်တွေဆီ ရောက်အောင် ဆိုရှယ်မီဒီယာတွေကနေ တွန်းဆော်ကြတယ်။ ငွေအင်အားနဲ့ နည်းပညာတွေ ကောင်းကောင်း အသုံးချကြတယ်။ ကမ္ဘာမှာ တွင်ကျယ်နေတဲ့ ဆိုရှယ်မီဒီယာကုမ္ပဏီကြီးတွေဟာလည်း အမေရိကန်နိုင်ငံကပါပဲ။ ဥရောပမှာ ဖြစ်ခဲ့တဲ့ အရောင်တော်လှန်ရေး ဆိုတာတွေမှာ ဆိုရှယ်မီဒီယာတွေကို ကောင်းကောင်းအသုံးချခဲ့တယ်လို့ ဆိုပါတယ်။ အခုတော့ ကိုယ့်ရှူးကိုယ်ပတ်လို့ ဆိုရမလားပဲ။ ၂၀၁၆ အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ သမ္မတလောင်းထရမ့် အနိုင်ရအောင် ရုရှားက ဆိုရှယ်မီဒီယာတွေကတဆင့် ဝင်နှောက်ခဲ့တယ်ဆိုပြီး စုံစမ်းစစ်ဆေးမှုတွေလုပ်နေတာ မပြီးနိုင် ဖြစ်နေပါတယ်။

ဒါဟာ ကမ္ဘာ့ဗိုလ်ကြီးအဆင့်နေရာကို အမေရိကန်နိုင်ငံက ဘယ်လိုနည်းတွေသုံးပြီး ရရှိလာတယ်၊ ဘယ်လိုထိန်းသိမ်းနေတယ်ဆိုတာကို အကြမ်းဖျင်း ဖော်ပြတာ ဖြစ်ပါတယ်။ အခြေခံအားဖြင့် အထက်ပါ နည်းလမ်း (၃) သွယ်ကို လက်ကိုင်ထားသုံးပါတယ်။

အဓိကကတော့ စစ်ရေးပါ။ စစ်အင်အား မပါဘဲ ကျန်နည်းသက်သက်နဲ့ ကမ္ဘာကြီးကို မစိုးမိုးနိုင်ပါဘူး။ ဒီဆောင်းပါးမှာတော့ ဒီနည်းလမ်းတွေထဲက ဘဏ္ဍာရေးနည်း (ဝါ) ဒေါ်လာ လက်နက်ကို ဘယ်လိုသုံးသလဲ ဆိုတာကို တင်ပြသွားမှာ ဖြစ်ပါတယ်။

၂၁ ရာစုမှာ အမေရိကန်ရဲ့ စီးပွားရေးအင်ပါယာအတွင်းမှ ခွဲထွက်ဖို့ ကြိုးစားတဲ့နိုင်ငံတနိုင်ငံ ဒါမှမဟုတ် သူ့ဩဇာကို မနာခံတဲ့ နိုင်ငံတနိုင်ငံကို အမေရိကန်က ဘယ်လိုဘဏ္ဍာရေးနည်းလမ်းတွေ သုံးပြီး ချေမှုန်းသလဲဆိုတာ ဗင်နီဇွဲလားနိုင်ငံကို နမူနာထား ဖော်ပြလိုပါတယ်။ ဒီနေရာမှာ ပစ်မှတ်အထားခံရတဲ့ နိုင်ငံရဲ့ ပထဝီအနေအထား၊ စီးပွားရေး – နိုင်ငံရေး – လူမှုရေး အနေအထားစတာတွေဟာလည်း အရေးပါပါတယ်။

ကမ္ဘာပေါ်မှာ အမေရိကန် အရင်းရှင် စနစ်က အဓိကကြီးစိုးခြယ်လှယ်နေနိုင်တာမှာ အမေရိကန်ဒေါ်လာဟာ ဗဟိုအချက်အချာနေရာမှာ ရှိပါတယ်။ ဒီအကြောင်းအထက်မှာ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ ကမ္ဘာ့ကုန်သွယ်မှုနဲ့ နိုင်ငံတကာ အရန်ငွေကြေးဟာ ဒေါ်လာဖြစ်နေတာကြောင့် ဒေါ်လာငွေ ဈေး အတက်အကျဟာ နိုင်ငံအသီးသီးရဲ့ ငွေတန်ဖိုးအပေါ် ဂယက်ရိုက်ပါတယ်။ ဒေါ်လာဈေးတက်ရင် ကျန်ငွေကြေးတွေ ဈေးကျတယ်။ ဒေါ်လာကျရင် ကျန်ငွေတွေ ဈေးတက်ပါတယ်။ အမေရိကန်ဗဟိုဘဏ်ရဲ့ အတိုးနှုန်း အတက်အကျကို နိုင်ငံအသီးသီးက စောင့်ကြည့်နေရတာ ဖြစ်တယ်။ 'အမေရိကန်က နှာချေတာနဲ့ တကမ္ဘာလုံး နာမကျန်းဖြစ်ကုန်ကြတယ်' လို့ ဆိုရိုးရှိတယ် မဟုတ်လား။

ပစ်မှတ်ထားတဲ့ နိုင်ငံရဲ့ ငွေကြေးပြိုလဲအောင် အမေရိကန်နိုင်ငံက အရင်လုပ်ပါတယ်။ အဲဒီနိုင်ငံရဲ့ ငွေတန်ဖိုး ထိုးကျအောင် လုပ်တာ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်ဖို့ ပစ်မှတ်နိုင်ငံပိုင်ဆိုင်တဲ့ အရန်နိုင်ငံခြားငွေ ဒေါ်လာတွေ ခန်းခြောက်သွားအောင် လုပ်ပါတယ်။ ဒေါ်လာတွေ အထွက်များပြီး အဝင်နည်းအောင် ဒါမှမဟုတ် မရှိအောင် လုပ်ပါတယ်။ ဗင်နီဇွဲလားနိုင်ငံကို ကြည့်ပါ။ ဗင်နီဇွဲလားနိုင်ငံမှာ ဒေါ်လာတွေ ရှားပါးသွားအောင် အမေရိကန်က နှစ်ပေါင်းများစွာ လုပ်ဆောင်ခဲ့တာ ဖြစ်တယ်။ ဗင်နီဇွဲလားနိုင်ငံထဲက ဒေါ်လာတွေ ပြည်ပ ထွက်သွားအောင် လုပ်တယ်။ ပြည်ပက ဒေါ်လာတွေ ဗင်နီဇွဲလားထဲ မရောက်အောင် နည်းမျိုးစုံနဲ့ ပိတ်ဆို့ဟန့်တားတယ်။

ဗင်နီဇွဲလားမှာ လုပ်ငန်းလုပ်နေတဲ့ အမေရိကန်ကုမ္ပဏီကြီးတွေကို ဖိအားပေးပြီး သူတို့အမြတ်ငွေဒေါ်လာတွေ အမေရိကန်ကို ပြန်ပို့စေတယ်။ ဒါမှမဟုတ် အခြားနိုင်ငံရှိ သူတို့ရဲ့ကုမ္ပဏီခွဲတွေဆီ ပို့စေပါတယ်။ ဗင်နီဇွဲလားမှာ လုပ်ငန်းမလုပ်တော့ဘဲ ပြန်လည်ထွက်ခွာသွားစေဖို့လည်း လုပ်ပါတယ်။ ချမ်းသာကြွယ်ဝတဲ့ ဗင်နီဇွဲလားနိုင်ငံသားများကို သူတို့ပိုင် ဒေါ်လာတွေ ကိုလံဘီယာနိုင်ငံမှာ ပြောင်းလဲရင်းနှီးမြှုပ်နှံကြဖို့ ဝါဒဖြန့်တိုက်တွန်းတယ်။ အဲဒီလိုလုပ်ဖို့ လွယ်ကူအဆင်ပြေအောင် အွန်လိုင်းပေါ်မှာ ရင်းနှီးမြှုပ်နှံနိုင်တဲ့ ကုမ္ပဏီတခုကို အမေရိကန်က ထောင်ပေးထားတယ်။ ဒီလိုမှ မဟုတ်ရင်လည်း အမေရိကန်နိုင်ငံ မိုင်ယာမီဘဏ်တွေမှာ အဲဒီဒေါ်လာတွေ ပြောင်းအပ်ကြဖို့ တိုက်တွန်းအားပေးတယ်။ ဗင်နီဇွဲလားသူကြွယ်ကြီးတွေကလည်း အမေရိကန်ဇာတ်ညွှန်းအတိုင်း လိုက်ကကြတယ်။ ရှိတဲ့ ဗင်နီဇွဲလားငွေ ဗိုလီဗာနဲ့ မှောင်ခိုဈေးကွက်မှာ ဒေါ်လာတွေ ဝယ်ကြတယ်။ ဒီလိုနဲ့ ဗင်နီဇွဲလားငွေဗိုလီဗာလည်း တန်ဖိုးကျပြီးရင်းကျဖြစ်လာတယ်။

တဖက်မှာ ပြည်တွင်းဒေါ်လာ ခန်းခြောက်သွားအောင် လုပ်သလို နောက်တဖက်မှာလည်း ပြည်တွင်းဒေါ်လာ ဝင်လမ်းတွေကို ပိတ်ဆို့ဟန့်တားတယ်။ ဗင်နီဇွဲလားကို ဒေါ်လာငွေမချေးကြဖို့ အမေရိကန်နဲ့ နိုင်ငံတကာက ဘဏ်ကြီးများကို အမေရိကန်က ဟန့်တားတယ်။ ဗင်နီဇွဲလားနိုင်ငံက တင်ရှိနေတဲ့ အကြွေးတွေ မလျှော်ပစ်ဖို့ တားတယ်။ ဗင်နီဇွဲလားနိုင်ငံက ထုတ်တဲ့ ဒေါ်လာနဲ့ တန်ဖိုးသတ်မှတ်တဲ့ ငွေချေးစာချုပ်တွေ မဝယ်ကြဖို့ တားတယ်။ ဒီလိုနဲ့ ဗင်နီဇွဲလားဟာ ဘဏ်ချေးငွေတွေ မရတော့သလို ငွေချေးစာချုပ်တွေလည်း ရောင်းမထွက် ဖြစ်လာတယ်။

ဗင်နီဇွဲလားနိုင်ငံမှ ရေနံဝယ်ရင် ဝယ်တဲ့နိုင်ငံတွေကို စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေလုပ်မယ်လို့ အမေရိကန်က ရာဇသံပေးတယ်။ ရေနံရောင်းရငွေဟာ ဗင်နီဇွဲလားအတွက် နံပါတ်တစ် ဒေါ်လာငွေရရှိရာလမ်းဖြစ်တယ်။ ဗင်နီဇွဲလား အစိုးရဘဏ္ဍာငွေရဲ့ ၉၅% ဟာ ရေနံရောင်းရငွေအပေါ်မှာ တည်မှီနေတာ ဖြစ်တယ်။ အမေရိကန်ရာဇသံကြောင့် တရုတ်၊ ရုရှားနဲ့ အခြားနိုင်ငံ

အနည်းငယ်ကိုပဲ ဗင်နီဇွဲလားဟာ ရေနံရောင်းနိုင်တော့တယ်။ ၂၀၁၈ မှာ ရေနံဈေးကျလာလို့ အခြေအနေက ပိုဆိုးသွားတယ်။ ဒ့ါအပြင် အရင်အကြွေးတွေအတွက် ပြန်ဆပ်ရမယ့် အတိုးအရင်းတွေနဲ့ အရင်က ထုတ်ရောင်းထားတဲ့ ဒေါ်လာနဲ့သတ်မှတ်ထားတဲ့ ငွေချေးစာချုပ်တွေအတွက် အတိုးတွေကိုတော့ ဒေါ်လာနဲ့ ပြန်ဆပ်ရမှာတွေလည်း ရှိတယ်။ အဲဒါတွေကိုလည်း ဒေါ်လာအစား ရေနံနဲ့ ပေးချေရတာတွေ ဖြစ်လာတယ်။

အမေရိကန်က နောက်ထပ်တဆင့် တက်လိုက်တာကတော့ အမေရိကန်နိုင်ငံမှာ အခြေစိုက်ထားတဲ့ ဗင်နီဇွဲလားနိုင်ငံပိုင် ရေနံဖြန့်ဖြူးရေးကုမ္ပဏီ (CITGO) ကို သိမ်းလိုက်တာပဲ ဖြစ်တယ်။ ပိုဆိုးတာက ကုမ္ပဏီက သိမ်းလို့ရတဲ့ ဒေါ်လာတွေကို အမေရိကန် စိတ်ကြိုက်ရွေးထားတဲ့ ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂွိုင်ဒါကို ထောက်ပံ့ပေးတာပဲ ဖြစ်တယ်။ (CITGO) ကုမ္ပဏီကို သိမ်းရုံတင်မကဘဲ ဗင်နီဇွဲလားနိုင်ငံက အမေရိကန်ဘဏ်တွေမှာ အပ်နှံထားတဲ့ ဒေါ်လာငွေတွေ၊ အရင်းအနှီး စတာတွေ အားလုံးကိုလည်း သိမ်းဆည်းလိုက်တယ်။ အခြားနိုင်ငံတွေကိုလည်း အလားတူလုပ်ဖို့ အမေရိကန်က ဖိအားတွေ တိုးပေးတယ်။

ဒေါ်လာတွေသိမ်းဆည်းရုံနဲ့ မရပ်ဘဲ နိုင်ငံခြားတိုင်းပြည်တွေမှာရှိတဲ့ ဗင်နီဇွဲလားပိုင် ရွှေတွေကိုလည်း သိမ်းဆည်းပြန်ပါတယ်။ ဒါဟာ နိုင်ငံတကာဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်တာပဲ ဖြစ်ပါတယ်။ အမေရိကန်အစိုးရရဲ့ ဖိအားကြောင့် အမေရိကန်မဟာဘဏ်ကြီး (Citigroup) ဟာ သူနဲ့ဗင်နီဇွဲလားနိုင်ငံအကြား သဘောတူစာချုပ်ကို ချိုးဖောက်ပြီး ဗင်နီဇွဲလားပိုင် ရွှေတွေကို ထိန်းချုပ်ထားလိုက်တယ်။ အင်္ဂလန်ဗဟိုဘဏ် (Bank of England) ကလည်း အမေရိကန်ရဲ့ တိုက်တွန်းချက်ကို လိုက်နာပြီး ဗင်နီဇွဲလားက အပ်နှံထားတဲ့ ရွှေတွေကို အေးခဲ (freeze) လိုက်တယ်။ အဘူဒါဘီ (Abu Dhabi) စတဲ့ ကမ္ဘာ့ ရွှေဈေးကွက်တွေမှာလည်း ဗင်နီဇွဲလား ရွှေတွေ အရောင်းအဝယ်မလုပ်ဖို့ တားဆီးပိတ်ပင်တယ်။ ရွှေရောင်းပြီး ဒေါ်လာရနိုင်တာကြောင့် အခုလို ပိတ်ပင်လိုက်တာပါပဲ။

ဒေါ်လာရှားပါးလာပြီး ဗိုလီဗာငွေ တန်ဖိုးကျလာတာကြောင့် ဒေါ်လာနဲ့ဝယ်သွင်းရတဲ့ ကုန်စည်တွေ ဈေးကြီးလာတယ်။ များများလည်းမသွင်းနိုင်လို့ ကုန်ပစ္စည်းတွေ ဈေးကြီးရုံမက ရှားပါးပြတ်လပ်တာတွေ ဖြစ်တယ်။ အခြေခံစားကုန်သောက်ကုန်တွေ၊ ဆေးဝါးတွေ ရှားပါး ပြတ်လပ်ကုန်တယ်။ စက်ရုံအလုပ်ရုံတွေလည်း လိုအပ်တဲ့ ကုန်ကြမ်းတွေ၊ စက်ပစ္စည်းစတာတွေ မတင်သွင်းနိုင်တော့လို့ လုပ်ငန်းချုံ့ပစ်တာ၊ ဒါမှမဟုတ် ပိတ်ပစ်ရတာတွေ ဖြစ်လာတယ်။ အလုပ်လက်မဲ့တွေ များလာတယ်။ တိုင်းပြည်စီးပွားရေးလည်း ကမောက်ကမဖြစ်တယ်။ ကျပ်တည်းမှုဒဏ် မခံနိုင်တော့လို့ အိမ်နီးချင်း နိုင်ငံတွေကို ထွက်ခွာသူတွေ သန်းနဲ့ချီရှိလာတယ်။

တိုင်းပြည်ငွေတန်ဖိုး ထိုးကျပြီး မတည်မငြိမ်ဖြစ်နေပေမယ့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ဆီက ဗင်နီဇွဲလားဟာ ငွေချေးလို့ မရပါဘူး။ ဒီအဖွဲ့ (IMF) ဟာ နိုင်ငံတနိုင်ငံ စီးပွားရေး အကျပ်အတည်းဖြစ်ရင် ငွေချေးငှားကူညီဖို့ ဖွဲ့ထားတာလို့ ဆိုတယ်။ ဒါပေမဲ့ ဒီအဖွဲ့မှာ အမေရိကန်နဲ့သူ့မဟာမိတ်ဥရောပနိုင်ငံတွေက မဲအများစုကို ချုပ်ကိုင်ထားတာမို့ အမေရိကန် သဘောမတူတာမှန်သမျှ ဒီအဖွဲ့က မလုပ်ပါဘူး။ အမေရိကန်နဲ့ အလွမ်းသင့်တဲ့ အာဂျင်တီးနားနိုင်ငံကတော့ မကြာသေးခင်ကပဲ ဒီအဖွဲ့ကြီးဆီက စံချိန်တင်ချေးငွေ ဒေါ်လာ ၅၀ ဘီလျံရခဲ့တာဖြစ်တယ်။

အဲဒီလို တဖက်မှာ ဗင်နီဇွဲလား အစိုးရကို အကျပ်ဆိုက်အောင်လုပ်ပေးပြီး တဖက်မှာတော့ သူတို့လူ အတိုက်အခံခေါင်းဆောင်ဆိုတဲ့ ဂွိုက်ဒါကို ငွေကြေးအကူအညီတွေ ပေးတယ်။ နောက်ပြီး မီဒီယာတွေကလည်း ဗင်နီဇွဲလား အစိုးရ စီမံခန့်ခွဲမှု မကောင်းလို့၊ ခြစားလို့ အခုလို တိုင်းပြည်ကမောက်ကမဖြစ်ရတာလို့ ဝါဒဖြန့်ပါတယ်။ ဒ့ါအပြင် အမေရိကန်အစိုးရအနေနဲ့ စစ်ရေးနည်းလမ်းကိုလည်း ပယ်မထားဘူးဆိုပြီး ခြိမ်းခြောက်ပါတယ်။ ဗင်နီဇွဲလား စစ်တပ်ကိုလည်း အစိုးရကို သစ္စာမခံဘဲ အတိုက်အခံဘက် ကူးပြောင်းဖို့ ပြောင်ရော ခိုးကြောင်ခိုးဝှက်ပါ လုပ်ပါတယ်။ ဒါပေမဲ့ အခုချိန်အထိ ဗင်နီဇွဲလားသမ္မတ မာဒူရိုဟာ ကြံ့ကြံ့ခံရပ်တည်နေနိုင်တုန်း ဖြစ်ပါတယ်။

ဒါဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံ အမေရိကန်က နိုင်ငံငယ်လေးတနိုင်ငံကို ဘဏ္ဍာရေးဒေါ်လာလက်နက်သုံးပြီး ဘယ်လိုအနိုင်ကျင့် ဗိုလ်ကျစိုးမိုးဖို့ ကြိုးစားနေသလဲ

ဆိုတာကို ဖော်ပြလိုက်တာပါ။ အမေရိကန်ဟာ သူ့ရဲ့အခုလို ကမ္ဘာကြီးကို ဗိုလ်ကျစိုးမိုးနေနိုင်တဲ့ အနေ အထားကို ဆက်လက်ထိန်းသိမ်းထားလိုတယ်။ တနည်းအားဖြင့် ဝင်ရိုးတခုတည်းကမ္ဘာစနစ်ကို ထူထောင်ချင်တယ်။ ဒါပေမဲ့ ဒါကို သူ့ နောက်လိုက်နိုင်ငံတချို့ကလွဲလို့ ကမ္ဘာ့နိုင်ငံအများစုက လက်မခံကြပါဘူး။ ဝင်ရိုးအများရှိတဲ့ ကမ္ဘာစနစ်ကိုသာ လိုလားကြပါတယ်။

အမေရိကန်တနိုင်ငံတည်းက ဗိုလ်ကျစိုးမိုးမယ့် ဝင်ရိုးတခု ကမ္ဘာ့စနစ်ကို မိမိတို့အနေဖြင့်လည်း မလိုလားပါ။ ဝင်ရိုးတခု ကမ္ဘာ့စနစ်ကို ကမ္ဘာ့ပြည်သူအားလုံး သွေးစည်းညီညွတ်စွာဖြင့် ဆန့်ကျင်တိုက်ပွဲဝင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

ရည်ညွှန်း –
- Lenin’s Imperialism in the 21st Century (Institute of Political Economy Manila, 2017)
- Financial Imperialism - The Case of Venezuela by Jack Rasmus
Wikipedia

**အမေရိကန်အစိုးရအနေနဲ့**
**စစ်ရေးနည်းလမ်းကိုလည်း**
**ပယ်မထားဘူးဆိုပြီး ခြိမ်းခြောက်ပါတယ်**




## ဘီလျံနာသူကြွယ်များနဲ့ အမေရိကန်နိုင်ငံရေး

၂၀၁၉ ခုနှစ် မတ်လမှာ အမေရိကန်နိုင်ငံက ဘီလျံနာ စုစုပေါင်းဟာ ၆၀၇ ယောက်ရှိတယ်။ အဲဒီအထဲက ၁၄ ယောက် ဟာ ကမ္ဘာ့အချမ်းသာဆုံး ၂၀ စာရင်းထဲ ပါသူတွေ ဖြစ်တယ်။ ပေါ်လစီလေ့လာရေးအဖွဲ့ (Institute for Policy Studies) ရဲ့ ခန့်မှန်းချက်အရ ၂၀၁၇ ခုနှစ်မှာ အမေရိကန် အချမ်းသာဆုံးဘီလျံနာ ၃ ဦး (ဂျက်ဖ်ဘီဇို၊ ဘီလ်ဂိတ်နဲ့ဝါရင်ဘာဖေး) တို့ရဲ့ စုစုပေါင်းကြွယ်ဝမှုဟာ ဒေါ်လာ ၂၄၈.၅ ဘီလျံ ရှိတယ်။ ဒါဟာ အမေရိကန် လူဦးရေစုစုပေါင်း တဝက်ကျော် ပိုင်ဆိုင်တာထက် ပိုများတယ်။ ဖော့ဘ်မဂ္ဂဇင်းအဆိုအရ အခုဆိုရင် သူတို့ (၃) ဦးရဲ့ ပိုင်ဆိုင်မှုဟာ ဒေါ်လာ ၃၅၀.၅ ဘီလျံ ရှိသွားပြီ။ ၂ နှစ် မပြည့်တဲ့အချိန် အတွင်းမှာ ဒေါ်လာ ၁၀၂ ဘီလျံ (၄၁%) တိုးပွားလာတာ ဖြစ်တယ်။ အဲဒီပေါ်လစီလေ့လာရေးအဖွဲ့ရဲ့ မကြာသေးခင်က ထုတ်ပြန်ချက်အရဆိုရင် ချားလ်နဲ့ဒေးဗစ်ကုခ် (ကုခ်လုပ်ငန်း – ရုပ်ကြွင်းလောင်စာအင်ပါယာကြီး)၊ မားစ်သကြားလုံးမိသားစုနဲ့ ဝေါလ်မတ်ကုမ္ပဏီတို့ရဲ့ ပိုင်ဆိုင်မှုဟာ ဒေါ်လာ ၃၄၈.၇ ဘီလျံရှိတယ်။ သူတို့ရဲ့ ကြွယ်ဝမှုဟာ ၁၉၈၂ ထက်စာရင် ရာခိုင်နှုန်း ၆,၀၀၀ တိုးလာတာဖြစ်တယ်။ ကာလတူအတွင်းမှာ အမေရိကန်အလတ်တန်းစား အိမ်ထောင်စုတွေရဲ့ ပိုင်ဆိုင်မှုက ၃% ကျဆင်းခဲ့တယ်။

ဘီလျံနာကြီးတွေ ပိုပြီးချမ်းသာ လာတာနဲ့အမျှ အမေရိကန်နိုင်ငံရေးမှာ သူတို့အကျိုးစီးပွားအတွက် ပိုပြီးရင်းနှီး မြှုပ်နှံလာကြတာကို တွေ့ရတယ်။ မထူးဆန်းဘူးလို့ပဲ ပြောရမှာပါ။ အမေရိကန်သမ္မတဖြစ်သွားတဲ့ သူဌေးကြီးတွေလည်း မနည်းပါဘူး။ လက်ရှိသမ္မတထရမ့်ဟာလည်း ဘီလျံနာကြီးတဦးပါပဲ။

အမေရိကန်နိုင်ငံရေးမဲဆွယ်ပွဲ တွေမှာ သူဌေးကြီးတွေရဲ့ ပမာဏကြီးတဲ့ ငွေတွေက အမြဲတမ်း အရေးပါတဲ့နေရာမှာ ရှိနေခဲ့တာပါ။ နိုင်ငံရေးပြန်ကြားမှု ဗဟိုအဖွဲ့အဆိုအရ အမေရိကန်နိုင်ငံရဲ့ ၀.၀၁% ရှိအချမ်းသာဆုံးတွေရဲ့ နိုင်ငံရေးရန်ပုံငွေလှူဒါန်းမှုဟာ စုစုပေါင်းလှူဒါန်းငွေရဲ့ ၂၉% ရှိလာတယ်။ လွန်ခဲ့တဲ့ ၄ နှစ်ကဆို ၂၁% ပဲရှိတယ်။ ထိပ်တန်းသူကြွယ် ၁၀၀ ရဲ့လှူဒါန်းငွေက ၃၉% ရှိတယ်။ လတ်စ်ဗီးဂတ်စ် ကာစီနို လောင်းကစားရုံဘီလျံနာကြီး ရှဲလ်ဒန်အဒဲလ်ဆန်ဟာ ၂၀၁၈ ခုနှစ်မှာ ရီဘတ်ဘလီကန်တွေကို ဒေါ်လာ ၁၁၃ သန်း လှူခဲ့တယ်။ သူနဲ့အခြားဘီလျံနာ သူဌေးကြီးတွေရဲ့ လှူဒါန်းငွေတွေကြောင့် ၂၀၁၈ ခုနှစ် နှစ်ပတ်လည်ရွေးကောက်ပွဲ မဲဆွယ်အသုံးစရိတ်ဟာ ဒေါ်လာ ၅.၂ ဘီလျံအထိ ထိုးတက်သွားခဲ့တယ်။

အရန်အတားရန်ပုံငွေဘီလျံနာကြီး ရော့ဘတ်မာဆာနဲ့ သမီးရီဘက်ကာ တို့ဟာ ၂၀၁၆ ခုနှစ်မှာ လက်ယာနိုင်ငံရေး နယ်ပယ် မှာ ဒေါ်လာ ၄၉ သန်း သုံးစွဲခဲ့တယ်။ ဘရိတ်ဘတ် (Breitbat News) သတင်းဌာနနဲ့ အဲဒီသတင်း ဌာနရဲ့ ဥက္ကဌဖြစ်သူ စတိဗ်ဘန်နန်တို့ကို ထောက်ပံ့ပေးခဲ့တယ်။ ဘန်နန်ဟာ သမ္မတထရမ့်သက်တမ်း ပထမ ၇ လမှာ အိမ်ဖြူတော်ဗျူဟာမှူးတာဝန် ယူခဲ့သူပါ။ ကိန်းဘရစ်အနာလစ်တီကာ အချက်အလက်ကုမ္ပဏီကိုလည်း ထောက်ပံ့ပေးခဲ့တယ်။ ထရမ့်မဲဆွယ်မှုမှာ အသာစီးရစေအောင် အဲဒီကုမ္ပဏီက ဖေ့စ်ဘွတ်ခ်မှာ အချက်အလက်တွေ မလျော်မကန် အသုံးချခဲ့တာ ဖြစ်တယ်။ ထရမ့်အနိုင်ရပြီးနောက် ထရမ့်ရဲ့ရာထူးလွှဲယူရေးအဖွဲ့မှာ သမီးရီဘက်ကာ ပါဝင်ခဲ့တယ်။ သမ္မတအသစ်စက်စက်ထရမ့်ရဲ့ ပေါ်လစီတွေကို လူထုက ထောက်ခံလာဖို့အတွက် 'မဟာအမေရိကန်ဖြစ်အောင် ပြန်လုပ်ကြပါစို့' ဆိုတဲ့အဖွဲ့တဖွဲ့ကိုလည်း သူက ဖွဲ့ခဲ့တယ်။

ဘီလျံနာတချို့ဟာ ဒီမိုကရက်တွေကိုလည်း ငွေလှူကြပါတယ်။ ဒါပေမဲ့ အလယ်အလတ်သဘောထား ရှိသူတွေကိုပဲ လှူတာဖြစ်တယ်။ တစုံတရာ တိုးတက်တဲ့သဘောထားရှိသူတွေကိုတော့




ရှောင်ပါတယ်။ သူတို့က တိုးတက်တယ်လို့ သတ်မှတ်သူတွေဟာ ချမ်းသာသူတွေကို အခွန်တိုးကောက်မယ် ဆိုတဲ့သူမျိုးတွေကို ပြောတာပါ။ အခုဒီမိုကရက်သမ္မတလောင်းအဖြစ် ဝင်ပြိုင်နေတဲ့ အဲလီဇဘက်ဝါရင်နဲ့ ဘာနီဆန်ဒါးတို့ကိုဆို သူကြွယ်တွေက သဘောမတွေ့ကြပါဘူး။ အရန်အတားရန်ပုံငွေဘီလျံနာကြီး တဦးဖြစ်တဲ့ လီယွန်ကူးပါးမင်းက သူတို့ ၂ ယောက်ကို ပြောင်ပဲထိုးနှက် တိုက်ခိုက်တယ်။ 'အခွန်နှုန်းက မြင့်ပြီးသားပဲ။ ကျွန်တော်တို့ စီးပွားရေးကလည်း ကမ္ဘာမှာ အကောင်းဆုံးပါ။ အရင်းရှင်စနစ်က အလုပ်ဖြစ်ပါတယ်။' လို့ ပြောခဲ့တယ်။

စတားဘတ်ခ်ကုမ္ပဏီရဲ့ ယခင်အမှုဆောင်အရာရှိချုပ် ဘီလျံနာကြီးဟောင်းဝပ်ရှုကတော့ ဝါရင်ရဲ့ အခွန်ကောက်စီမံကိန်းဟာ မိုက်မဲရူးသွပ်လှတယ်လို့ ဆိုခဲ့တယ်။ တကယ်လို့ ဒီမိုကရက်ပါတီက အဲဒီလို လူစားမျိုးတွေကို သမ္မတလောင်းအဖြစ် ရွေးခဲ့မယ်ဆိုရင် သူ့အနေနဲ့ တတိယပါတီဝင်ပြိုင်တာကို စဉ်းစားရလိမ့်မယ်လို့ ဆိုပါတယ်။

ဘရန်နန်တရားမျှတရေးဗဟိုအဖွဲ့ရဲ့ ထိပ်တန်းအရာရှိတဦးရဲ့ပြောစကားနဲ့ပဲ အဆုံးသတ်ပါမယ်။ 'ကျွန်တော်တို့ ဒီမိုကရေစီဟာ လူတကိုယ်မဲတမဲဆိုတာမျိုးပဲ ဖြစ်ချင်တာပါ။ ဒါပေမဲ့ ချမ်းသာပြီး ဒေါ်လာတသန်းချက်လက်မှတ်ရေးပြီး လှူနိုင်တဲ့သူက ရွေးကောက်ခံရသူအပေါ်မှာ သာမန်မဲပေးသူတယောက်ထက် အများကြီးသြဇာ ပိုညောင်းပါတယ်။'

## ကမ္ဘာ့စီးပွားရေးတုံ့ဆိုင်းမှုနဲ့ ကြောက်ဒူးတုန်နေတဲ့စီအီးအိုတွေ

သြဂုတ်လ ၁၄ ရက်နေ့ ဝေါလမ်းမ စတော့ဈေးကွက်တွေ ထိုးကျပြီး နောက်တရက်မှာ ကမ္ဘာတလွှားက စတော့ဈေးတွေလည်း လိုက်ကျခဲ့တယ်။ ကမ္ဘာ့စီးပွားရေးကြီးထွားမှုနှေးကွေးခြင်း၊ ကုန်သွယ်ရေးပဋိပက္ခဖြစ်မှုတွေနဲ့ ဥရောပသမဂ္ဂမှ ဗြိတန်နုတ်ထွက်ရေး အကျပ်အတည်းက ဖြစ်ပေါ်လာနိုင်မယ့် အန္တရာယ်တွေကြောင့် စိုးရိမ်ပူပန်မှုတွေ ဖြစ်နေကြတယ်။ နောက်ပြီး ငွေချေးစာချုပ်ဈေးကွက်နဲ့ ကုန်ထုတ်လုပ်မှုအချက်အလက်တွေက ကမ္ဘာ့စီးပွားရေးဟာ တုံ့ဆိုင်းမှုဆီ ဦးတည်နေတယ်လို့ ဖော်ပြနေတာကြောင့် အခုလို စတော့ဈေးတွေ ကျဆင်းကုန်တာပါ။

ကမ္ဘာ့စီးပွားရေးတုံ့ဆိုင်းမှု ဖြစ်တော့မယ်ဆိုတဲ့ နောက်လက္ခဏာရပ်တခုကတော့ အကျိုးရလဒ်မျဉ်းကွေးပြောင်းပြန်ဖြစ်ခြင်း (yield curve inverted) ပါ။ ပုံမှန်ဆို ကာလရှည်ငွေချေးစာချုပ်ဟာ ကာလတိုငွေချေးစာချုပ်ထက် အကျိုးအမြတ် ပိုရပါတယ်။ အဲဒီလိုမဟုတ်ဘဲ (ပြောင်းပြန်) ကာလတိုငွေချေးစာချုပ်က ကာလရှည်ငွေချေးစာချုပ်ထက် အတိုးပိုယူနေတာကို အကျိုးရလဒ်မျဉ်းကွေးပြောင်းပြန်ဖြစ်တယ်လို့ ဆိုတယ်။ ကာလတိုအတွင်း စီးပွားရေးအပေါ် ယုံကြည်မှု လျော့နည်းလာတာကြောင့် အခုလို ဖြစ်ရတာပါ။ လတ်တလောကာလ စီးပွားရေးဟာ အန္တရာယ်ပိုများတယ်လို့ ယူဆတာကြောင့် အတိုးပိုယူတဲ့ သဘောပါ။ ၂၀၀၈ စီးပွားပျက်ကပ်မတိုင်မီ ၂၀၀၆၊ ၂၀၀၇ တို့မှာ (yield curve inverted) ဖြစ်ခဲ့တယ်။ ၁၉၇၀ ခုနှစ် ကတည်းကဆိုရင် စီးပွားရေးအခြေအနေဆိုးတော့မယ် ဆိုတာကို (yield curve inverted) က မှန်မှန်ကန်ကန်ပြသနိုင်ခဲ့တာ ၇ ကြိမ် ရှိပြီဖြစ်တယ်။ အခုလောလောဆယ် အမေရိကန်နဲ့ဗြိတိန်တို့မှာ (yield curve inverted) ဖြစ်နေတယ်။

ဂျာမနီဒွိုက်ချ်ဘဏ်မှ ဗျူဟာမှူးဖြစ်သူ ဂျင်ရိဒ်ကတော့ အခုလို ပြောင်းပြန်ဖြစ်လာတာကို အစိုးရိမ်ဆုံးပဲလို့ ပြောပါတယ်။




စီးပွားရေးတုံ့ဆိုင်းမှုဖြစ်မဖြစ်ခန့်မှန်းရာမှာ (yield curve inverted) က အမှန်ဆုံးညွှန်ပြနိုင်တာကြောင့်လို့ ဆိုပါတယ်။

နောက်ပြီး အနုတ်ရလဒ် (negative yield) ဆိုတာ ရှိပါတယ်။ ဈေးကွက်မှာ အရောင်းအဝယ်လုပ်နေတဲ့ ငွေချေးစာချုပ်တွေ ဈေးမြင့်လာတဲ့ သဘောပါ။ ဗဟိုဘဏ်၊ အာမခံဘဏ်နဲ့ ပင်စင်ရန်ပုံငွေစတာတွေက ထုတ်တဲ့ငွေချေးစာချုပ်တွေပါ။ သက်တမ်းပြည့်တဲ့အခါ ပြန်ရမယ့် (အတိုးအရင်း) ငွေပမာဏထက် လက်ရှိဝယ်ရတဲ့ဈေးနှုန်းက မြင့်နေတာမျိုးပါ။ ဒီလိုဖြစ်ရတာ တခြားနေရာမှာ(ကုမ္ပဏီအစုရှယ်ယာ ဝယ်တာ) ရင်းနှီးမြှုပ်နှံရင် ပိုပြီး ဆုံးရှုံးနိုင်ခြေများတဲ့အတွက် ဖြစ်ပါတယ်။ အဲဒီ (negative yield) တန်ဖိုးဟာ ဒီလဆန်းပိုင်းမှာ အမေရိကန်ဒေါ်လာ ၁၅ ထရီလျံရှိရာက (၁၀) ရက်အတွင်းမှာ ဒေါ်လာ ၁၆ ထရီလျံ ဖြစ်သွားပါတယ်။ မနှစ်က နှစ်ကုန်ပိုင်းတုန်းကဆို ဒေါ်လာ ၈ ထရီလျံပဲ ရှိတယ်။

ဒီလိုဖြစ်နေတာတွေကို ကုစားဖို့ ဗဟိုဘဏ်တွေက ဘဏ္ဍာရေးဈေးကွက်ထဲ ငွေတွေ ထပ်လောင်းဖြည့်ထည့်ဖို့ ပြင်ဆင်လာကြတယ်။ ဘဏ်တိုးချတဲ့ နည်းနဲ့ ကယ်ဖို့ကြိုးစားတာပါ။ နိုင်ငံ ၃၀ ကျော်က ဗဟိုဘဏ်တွေဟာ ဒီနှစ်အတွင်းမှာ အတိုးနှုန်းတွေ ချခဲ့ပြီးဖြစ်တယ်။ အမေရိကန် ဗဟိုဘဏ်လည်း ပါတယ်။ လာမယ့်စက်တင်ဘာလမှာ အနည်းဆုံး ၀.၂၅% ထပ်ချဖို့ ရှိပါတယ်။ ဥရောပ ဗဟိုဘဏ်ကလည်း လာမယ့်စက်တင်ဘာ အစည်းအဝေးမှာ ငွေကြေးပေါ်လစီ အပြောင်းအလဲတွေ လုပ်ဖို့ရှိတယ်။ ဒါပေမဲ့ ဒီလိုနည်းနဲ့ ကမ္ဘာ့စီးပွားရေးကို ကြီးထွားလာစေမှာ မဟုတ်ပါဘူး။ ဒီငွေတွေဟာ အလောင်းအစားဆန်တဲ့ ဘဏ္ဍာရေးဈေးကွက် အရောင်းအဝယ်တွေဆီပဲ ရောက်သွားကြမှာပါ။

အခုလို စီးပွားရေးတုံ့ဆိုင်းမှု ဖြစ်တော့မယ့် အရိပ်အရောင်တွေ မြင်လာရတဲ့ အခါမှာ ကော်ပိုရေးရှင်းကြီးတွေရဲ့ အရာရှိချုပ် (CEO) တွေလည်း ထိတ်လန့်လာကြတယ်။ စီးပွားရေးကျဆင်းမှာကို ကြောက်တာတော့ မဟုတ်ပါဘူး။ စီးပွားပျက်ကပ်တွေကို ကြုံဖူးနေကျမို့ မစိုးရိမ်ကြပါဘူး။ စီးပွားကျလည်း သူတို့က ကြောင်ကျပဲ ကျကြတာမဟုတ်လား။ ၂၀၀၈ စီးပွားပျက်ကပ်တုန်းက အစိုးရက ပြည်သူ့ဘဏ္ဍာငွေတွေနဲ့ စီးပွားရေးထူမဖို့ လုပ်ခဲ့တယ်။ အဲဒီငွေတွေထဲက ဒေါ်လာသန်းပေါင်းများစွာကို (CEO) တွေက ဆုကြေးအဖြစ် ထုတ်ယူသွားကြတယ် မဟုတ်လား။

ဒီတခါ ကြောက်တာက အခြေအမြစ်ကျကျ ကြောက်နေတာပါ။

ဖော်ကျူန်းမဂ္ဂဇင်းကြီးရဲ့ (CEO) ဖြစ်သူ အလန်မာရေးက မဂ္ဂဇင်း မျက်နှာဖုံးဆောင်းပါးမှာ အခုလို ရေးလာပါတယ်။ 'သူတို့တတွေ လည်ပတ်နေတဲ့ စနစ်ကြီးအပေါ် လူထုရဲ့ထောက်ခံမှု ပျောက်ဆုံးတော့မယ့်အန္တရာယ် ရှိလာနေပြီဆိုပြီး စိုးရိမ်ပူပန်နေတဲ့ (CEO) တွေ ပိုပိုများလာနေတယ်။' ဒီတခါ စီးပွားတုံ့ဆိုင်းမှု ဖြစ်လာရင် တော်လှန်ရေး ဖြစ်လာလိမ့်မယ်လို့လည်း စိုးရိမ်နေကြပါသတဲ့။ ဝေါလမ်းမကို သိမ်းပိုက်ကြဆိုတဲ့ လှုပ်ရှားမှုမျိုးတွေ အရှိန်ပိုပြင်းပြင်းနဲ့ ဖြစ်လာမှာကို စိုးရိမ်နေကြဟန် တူပါတယ်။

ဒါပေမဲ့ တော်လှန်ရေးတွေကို ဟန့်တားဖို့ (CEO) တွေမှာ အခုတော့ စီမံကိန်းရှိနေပါပြီ။ ပန်းသီး (Apple)၊ အမေဇုံ၊ ဂျင်နရယ်မော်တော်နဲ့ ဝေါလ်မတ်တို့အပါ ကုမ္ပဏီကြီးပေါင်း ၂၀၀ နီးပါးပါတဲ့ (Business Roundtable) အဖွဲ့က မကြာသေးခင်ကပဲ ကြေညာချက်ထုတ်လာပါတယ်။ 'စာနာမှုမဲ့တဲ့ ကော်ပိုရေးရှင်းဝါဒ' ခေတ်ကုန်သွားပါပြီတဲ့။ 'ဘယ်သူသေသေ ငတေမာ' မဟုတ်တော့ဘူးပေါ့။ အရင်က




ကော်ပိုရေးရှင်းတွေရဲ့ 'အထွတ်တာဝန်' ဟာ သူ့ရဲ့ အစုရှယ်ယာရှင်တွေအကျိုး ဖြစ်တယ်။ အခုတော့ အစုရှယ်ယာရှင်တွေအကျိုးနဲ့ အခြားသက်ဆိုင်သူတွေ (စားသုံးသူ၊ အလုပ်သမားတွေ၊ ပံ့ပိုးသူတွေနဲ့ ဒေသအဝန်းအဝိုင်းစတာတွေ) ရဲ့ အကျိုးကို ထိန်းညှိသွားမယ်လို့ ဆိုပါတယ်။ ပျားရည်နဲ့ ဝမ်းချုပ်ဖို့ကြိုးစားလာတာပါပဲ။

စီးပွားပျက်ကပ်ဆိုတာ အရင်းရှင်စနစ်ရဲ့ သန္ဓေပါ ဖြစ်ပါတယ်။ အရင်းရှင်စနစ်ရှိနေသရွေ့ စီးပွားပျက်ကပ် ရှိနေမှာပါ။ နောက်ပြီး အရင်းရှင်စနစ်ကြောင့် အကျိုးအမြတ်ရနေသူတွေက ထိပ်ဆုံးက လက်တဆုပ်စာ လူတစုပဲ ဖြစ်ပါတယ်။ အများစုပြည်သူလူထုကြီးက ဆင်းရဲတွင်းနက်သထက် နက်နေကြတာပါ။ စီးပွားပျက်ကပ်ကို ရှောင်မရသလို အရင်းရှင်စနစ်ကို အပြီးတိုင် ဖျက်သိမ်းပစ်မယ့် ပြည်သူတွေရဲ့ တော်လှန်ရေးကိုလည်း ရှောင်လွှဲလို့ မရနိုင်ပါဘူး။ တနေ့မှာ ပေါ်လာမှာ ဖြစ်ပါတယ်။

## ဟာခူနာမာတာတာ၊ မူပိုင်ခွင့်နဲ့ လက်ဝါးကြီးအုပ်

၁၉၉၄ ခုနှစ်မှာ ဝေါ့ဒစ္စနီကုမ္ပဏီက ထုတ်လုပ်တဲ့ ခြင်္သေ့ဘုရင် (The Lion King) ကာတွန်းဇာတ်ကားဟာ ကမ္ဘာတဝှမ်းမှာ အောင်မြင်မှုတွေရခဲ့သလို ဝင်ငွေလည်း ကောင်းခဲ့တယ်။ အခု ၂၀၁၉ ခုနှစ်မှာ ရုပ်လုံးကြွသုံးဘက်မြင်အဖြစ် ထပ်မံရိုက်ကူးထုတ်လုပ်ပြန်တော့လည်း အလားတူ အောင်မြင်ဝင်ငွေကောင်းပြန်တယ်။ အဲဒီကာတွန်းကား နာမည်ကြီးသလို အဲဒီကားမှာပါတဲ့ တေးသီချင်းတပုဒ်ဖြစ်တဲ့ ဟာခူနာမာတာတာ (hakuna matata) ဟာလည်း ကျော်ကြားခဲ့တယ်။ အဲဒီစကားလုံးဟာ ကာတွန်းကား ဇာတ်အိမ်တည်ရာ အာဖရိကတိုက် ဆွာဟီလီဘာသာစကား ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ 'ပြဿနာမရှိဘူး' 'ပူစရာမရှိဘူး' လို့ အကြမ်းအားဖြင့် ပြောနိုင်ပါတယ်။

ကမ္ဘာမှာ ဒီစကားလုံး တွင်ကျယ်လာတော့ ဝေါ့ဒစ္စနီက လက်မြန်ခြေမြန်နဲ့ အမှတ်တံဆိပ်မူပိုင်ခွင့် (Trademark) မှတ်ပုံတင်လိုက်ပါတယ်။ ၁၉၉၄ ခုနှစ်မှာပါ။ သူကလွဲလို့ အခြားသူတွေ ဒီနာမည်နဲ့ ကုန်ပစ္စည်းတွေ (တီရှပ်၊ ဦးထုပ် စသဖြင့်) ထုတ်လို့ မရတော့ပါဘူး။ အာဖရိကတိုက်က ဌာနေတိုင်းရင်းသားတွေ ဒီစကားလုံးကို မပိုင်တော့ပါဘူး။ အမေရိကန်ဟောလီးဝုဒ် ဝေါ့ဒစ္စနီကုမ္ပဏီက ပိုင်သွားပါပြီ။ ဒီစကားလုံးသုံးချင်ရင် ဝေါ့ဒစ္စနီကို မူပိုင်ခွင့်ကြေးပေးရတော့မှာ ဖြစ်တယ်။

အခုတော့ ဇင်ဘာဘွေက တက်ကြွလှုပ်ရှားသူတဦးက ဦးဆောင်ပြီး ဒီမူပိုင်ခွင့် ရုပ်သိမ်းဖို့ ဝေါ့ဒစ္စနီကုမ္ပဏီကို တောင်းဆိုနေပါတယ်။ လက်မှတ်တွေစုဆောင်းတာ ၁၃၀, ၀၀၀ ရနေပါပြီ။ ဒီစကားလုံးကို ဝေါ့ဒစ္စနီက မူပိုင်ခွင့်မှတ်ပုံတင်ထားတာဟာ လောဘရမက်အပေါ်မှာပဲ လုံးဝအခြေခံပြီး ဒါဟာ ဆွာဟီလီလူမျိုးတွေကိုသာမက အာဖရိကတိုက်တတိုက်လုံးကို စော်ကားလိုက်တာပါပဲလို့ သူကဆိုပါတယ်။

ကမ္ဘာမှာ မူပိုင်ခွင့် (၃) မျိုးရှိပါတယ်။ ဉာဏပစ္စည်းမူပိုင်ခွင့် (Intellectual Property Rights) အနုပညာပစ္စည်းမူပိုင်ခွင့် (Copy Rights) နဲ့ အမှတ်တံဆိပ် မူပိုင်ခွင့် (Trademark) တွေ ဖြစ်ပါတယ်။ အရင်းရှင်ကြီးတွေဟာ နည်းပညာတွေအပေါ် သူတို့လက်ဝါးကြီးအုပ်ထားတာကို ကာကွယ်ဖို့ ဒီမူပိုင်ခွင့်တွေကို အသုံးချပါတယ်။ သူတို့မှတ်ပုံတင်ထားတဲ့ နည်းပညာ၊ အမှတ်တံဆိပ် စတာတွေကို အခြားလူတွေက သူတို့ကို အခကြေးငွေပေးပြီးမှ သုံးနိုင်တာ

## သတင်းနဲ့မှတ်ချက်

ဖြစ်တယ်။ နိုင်ငံစုံကော်ပိုရေးရှင်းကြီး (MNC) တွေ အဲဒီလို နည်းပညာစတာတွေ အသုံးပြုခွင့်မှ ရနေတဲ့ ဝင်ငွေဟာလည်း ကြောက်ခမန်းလိလိ ဖြစ်ပါတယ်။ ကုလသမဂ္ဂကုန်သွယ်ရေးနဲ့ဖွံ့ဖြိုးရေးအဖွဲ့ (UNCTAD) ရဲ့ ၂၀၁၇ ထုတ်ပြန်ချက်အရ (MNC) တွေရတဲ့ မူပိုင်ခွင့်လိုင်စင်ကြေးငွေဟာ ၁၉၉၀ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂၉ ဘီလျံ ရှိရာကနေ ၂၀၁၆ ခုနှစ်မှာတော့ ဒေါ်လာ ၃၂၈ ဘီလျံ ဖြစ်လာပါတယ်။ (MNC) တွေရဲ့ ထုတ်ကုန်ရောင်းရ ငွေတွေထက်တောင် ပိုများသွားပါတယ်။

(MNC) တွေရဲ့ ဈေးကွက်တန်ဖိုးမှာ ‘မမြင်ရတဲ့ရရန်ပိုင်ခွင့် (intangible assets)’တွေပါဝင်မှုက တိုးပွားလာနေတယ်။ (UNCTAD) ရဲ့ခန့်မှန်းချက်အရ (intangible assets) – အမှတ်တံဆိပ်တန်ဖိုး၊ ဉာဏပစ္စည်းတန်ဖိုး – စတာတွေက ကမ္ဘာ့ထိပ်တန်း (MNC) ၁၀၀ ရဲ့ ဈေးကွက်အရင်းအနှီးရဲ့ သုံးပုံတပုံ ရှိတယ်။

လက်ဝါးကြီးအုပ် အရင်းရှင်တွေဟာ ဒီနယ်ပယ်မှာ လက်ဝါးကြီးအုပ်ထားနိုင်ဖို့ ငွေတွေလည်း တိုးသုံးပါတယ်။ အမြတ်အစွန်းကလည်း ကြီးတာကိုး။ စတင်းဖို့တက္ကသိုလ်ရဲ့လေ့လာချက်အရ စမတ်ဖုန်းလုပ်ငန်းနယ်ပယ်တခုတည်းမှာကို ၂၀၁၀ နဲ့ ၂၀၁၁ ခုနှစ်အတွင်းမှာ မူပိုင်ခွင့်ဝယ်တာ၊ မူပိုင်ခွင့်အငြင်းပွားမှုအတွက် တရားရင်ဆိုင်တာတွေမှာ ဒေါ်လာ ၂၀ ဘီလျံ သုံးခဲ့တယ်။ ၂၀၁၂ ခုနှစ်မှာ ပန်းသီးနဲ့ဆမ်ဆောင်းကုမ္ပဏီတို့ဟာ သုတေသနနဲ့ဖွံ့ဖြိုးရေးအတွက်သုံးငွေထက် မူပိုင်ခွင့်ဝယ်တာနဲ့ တရားဆိုင်ရာတွေမှာ ပိုသုံးခဲ့တယ်။

(MNC) တွေ လက်ဝါးကြီးအုပ်ထားတဲ့ မူပိုင်ခွင့်တွေဟာ တကယ်ကတော့ အများပြည်သူတွေ သုတေသနပြုချက်ရဲ့ အထွက်ပစ္စည်းတွေပါ။ အများနဲ့သက်ဆိုင်တာတွေ ဖြစ်တယ်။ ဒီတီထွင်ဖန်တီးမှုတွေဟာ ပြည်သူ့ငွေနဲ့အကုန်အကျခံ သင်ပေးထားတဲ့ အခြေခံပညာရေးမရှိဘဲ မဖြစ်နိုင်ပါ။ လူအများ တဦးနဲ့တဦး အသိပညာနဲ့အချက်အလက်တွေ လွတ်လွတ်လပ်လပ် အပြန်အလှန်ဖလှယ်တာတွေ မရှိဘဲ မဖြစ်နိုင်ပါ။ မျိုးဆက်တဆက်ပြီးတဆက် လက်ဆင့်ကမ်းလာတဲ့ အသိပညာနဲ့ယဉ်ကျေးမှုအမွေအနှစ်တွေ မပါဘဲလည်း မဖြစ်နိုင်ပါ။ ဒါတွေဟာ ဖန်တီးမှုနဲ့အသစ်တီထွင်မှုတွေရဲ့ အရင်းအမြစ်တွေပဲ မဟုတ်ပါလား။ အဲဒီလို အများရဲ့ အထွက်ပစ္စည်းတွေကို (MNC) တွေက လက်ဝါးကြီးအုပ် ပုဂ္ဂလိကပိုင်လုပ်ပြီး မတရားအမြတ်ထုတ်နေတာပဲ ဖြစ်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်